

နန္ဒကျော်သူ
မရဏာစောင်ကြား
သွေးစွန်းပတ္တမြား
ဒုတိယပိုင်း၊ ဇာတ်သိမ်းပိုင်း၊

စာမူကြိုတင်ပုံနှိပ်ခွင့်အမှတ် ၁၂၈/၉၁(၃)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၂၆၀/၉၁(၆)

ပထမအကြိမ်
၁၉၉၁ ခုနှစ်၊ ဇူလိုင်လ၊
အုပ်ရေ (၅၀၀)
တန်ဖိုး ၃၉–ကျပ်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးဝိန် (မြဲ–၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
အမှတ် ၁၇၂၊ ၃၁–လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးကျော်ကျော်စိုး (မြဲ၀၁၄၃၈)
စိမ်းစိမ်းရည်နွယ်စာပေ
အမှတ် ၂၀၊ ၁၆၄ လမ်း
တာမွေ၊ ရန်ကုန်။

ပုံနှိပ်သူ ဦးပကြီး (မြဲ–၀၁၉၅)
ဆန်းသစ်ပုံနှိပ်တိုက်၊
အမှတ် (၅၀၂)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

**နန္ဒကျော်သူ**

---

# မရဏာတောင်ကြားသွေးစွန်းပဏ္ဏမြား

## ဒုတိယပိုင်း ဇာတ်သိမ်း

[ ၂–အုပ်တွဲသိုင်းဝတ္ထု ]

## အခန်း ၁၉။

### တောင်ကြားဂေဟာ

ဟိုကန်းစုအတွက် ကွိဂှား အလွန်အမင်း စိုးရိမ်နေသည်မှာ အကြောင်းရှိသည်။

ထိုအကြောင်းမှာ သခင်ကြီးကျူး ဆိုသူကြောင့်ပင် ဖြစ်သည်။

သခင်ကြီးကျူးဆိုသူကား အမည်သာ ဖိန့်ဖိန့်တုန်လောက်အောင် ကျော်ကြားနေသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ သခင်ကြီးကျူးကို မြင်ဖူး တွေ့ဖူးကြခြင်း မရှိပေ။

ဗူးဖန်တောင်တန်းဒေသ တစ်ခုလုံးကို သခင်ကြီးကျူးက လွှမ်းမိုးထားသည်။

သူ၏ တပည့်လက်သားများသည် လက်ညှိုးထိုး၍ မလွတ်အောင်ပင် များပြားသည်။

သို့သော်

တစ်ယောက်မှသည်း ဿကောင်း မရှိ။

ပြည်မမှ နှင်ထုတ်ခံရသူများ၊ ကမ်းကုန်အောင် ဆိုးသွမ်းခဲ့သူများသည် ဤဒေသ၌ သခင်ကြီးကျိုး၏ အသုံးတော်ခံများ ဖြစ်နေရတော့သည်။

အဘယ်ကြောင့် သခင်ကြီးကျိုးကို ဤမျှအထိ ကြောက်ရွံ့နေကြပါသနည်းဟူမူကား သခင်ကြီးကျိုး၏ အဆိပ်ကိုယ်ပွားများကြောင့် ဖြစ်သည်။

အဆိပ်ကိုယ်ပွား။

သခင်ကြီးကျိုးသည် အဆိပ်ဘုရင်တစ်ပါးဖြစ်သကဲ့သို့ သူ၏ ယုံကြည်စိတ်ချရသော ကိုယ်ပွားများကို အဆိပ်အပ်လက်နက်များ တပ်ဆင်ပေးထားသည်။

ပမာဆိုရလျှင် ဟိုကန်းစု သေဆုံးရခြင်းမှာ သခင်ကြီးကျိုး၏ ကိုယ်ပွားတစ်ယောက်က အဆိပ်အပ်နှင့် ပစ်သတ်ခဲ့ခြင်းကြောင့်ပင် မဟုတ်ပါလား။

သခင်ကြီးကျိုး၏ အဆိပ်လက်နက်သည်

အလွန်သိမ်မွေ့ပြီး ကြောက်စရာကောင်းသော လက်နက်တစ်ခုပင် ဖြစ်ပါတော့သည်။

ကွိဝှားသည် ထိုကိစ္စများကို ကောင်းကောင်းသိထားသည်။

ယခု ဟိုကန်းစုကို တောင်ကြားဂေဟာသို့ ပို့လိုက်သည်ဟု ကွိဝှား ကြားရသည်။

ထို့ကြောင့် ဟိုကန်းစု၏ ကံကြမ္မာသည် အဆိုးရွားဆုံးသော အခြေအနေသို့ ရောက်ရှိသွားရမည်သာ ဖြစ်တော့သည်။



ထိုကိစ္စနှင့် ပတ်သက်၍

ကွိဝှား လျစ်လျူရှုမထားနိုင်ပါ။

ချီလုယန်းလို အဖိုးတန် လူသားတစ်ယောက်၊ ဒုစရိုက်သမားများ၏ လက်ချက်နှင့် ရေတိမ်နစ်သွားရမည်မှာ အလွန်နှမြောစရာကောင်းသည် မဟုတ်ပါလား။

သို့ဖြစ်၍

ကွိဝှားသည် လူတစ်ယောက်ကို အလျင်အမြန် ရှာဖွေနေမိ၏။

သူမှ ရှာဖွေနေသည့် လူတစ်ယောက်ဆိုသည်မှာ

သူမနှင့်အပေတူ မိန်းကလေးတစ်ယောက်သာ ဖြစ်ပေသည်။

ဝဝဖိုင့်ဖိုင့်မို့ သူ့ကို ဘယ်သူကမှ ဆုရှိဟု မခေါ်ကြပါ။

'ဝက်မလေး' ဟုသာ ခေါ်ကြ၏။

ဖိမန်ကျေးရွာတွင် ဝက်မလေးလည်း အရေးပါအရာရောက်သည့် မိန်းကလေးတစ်ဦး ဖြစ်သည်။

တစ်နည်းဆိုရလျှင် ခုံးတီကျားဆိုသည့် စားသောက်ဆိုင် ပိုင်ရှင်ပင် ဝက်မလေးကို ခပ်လန့်လန့် ဖြစ်သည်။

ဝက်မလေးက ကွိဝှားကိုတော့ ခင်မင်သည်။

အခြားလုပ်ဖော်ကိုင်ဖက်များကို ခပ်တည်တည်၊ ခပ်ထန်း

တန်း နေတတ်သော်လည်း ကွ ိဝှားကို ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံတတ်သည်။

ကျီစယ်သည်၊ နောက်ပြောင်သည်။

တောင်ကြားဂေဟာ ဘယ်မှာရှိသည် ဆိုသည့်အကြောင်းကို ဝက်မလေး သိထားရမည်ဟု ကွ ိဝှား ယုံကြည်၏။

ထို့ကြောင့် သူမသည် ဝက်မလေးကို ရှာဖွေခြင်းဖြစ်သည် မဟုတ်ပါလား။

ကွ ိဝှားက အခန်းတစ်ခုသို့ ဝင်ရောက်လိုက်သည့် အခါ သူမ၏ မျက်နှာကို အစွမ်းကုန် ဖြဲယ်သနေသော ဝက်မလေးကို တွေ့လိုက်ရသည်။

'ဘာလဲဟဲ့ ကွ ိဝှား၊ စမ်းချောင်းမှာ ရေသွားချိုးဖို့ဆိုရင်တော့ ငါမအားဘူးနော်'ဟု လှမ်းပြောလိုက်၏။

ကွ ိဝှားသည် စမ်းချောင်း၌ ရေချိုးသွားသည့်အခါတိုင်း မိမိကို လာရောက်ခေါ်နေကျဖြစ်၍ ဝက်မလေးက ထိုသို့ လှမ်း၍ပြောလိုက်ခြင်း ဖြစ်သည်။

ကွ ိဝှားက ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူး ဝက်မရယ်၊ တခြားကိစ္စပါ'

ဝက်မလေးက ကွ ိဝှားကို လှည့်ကြည့်၍

'ဘာလဲ၊ တခြားကိစ္စဆိုတာက'

ကွ ိဝှားက ပေါ့ပေါ့ဆဆ အမူအရာမျိုးဖြင့်

'ငါ့ကို တစ်ယောက်က ညွှန်ကြားတယ်၊ တောင်ကြားဂေဟာကို လာခဲ့ပါတဲ့၊ ခက်တာက တောင်ကြားဂေဟာက ဘယ်မှာမှန်းမှ မသိဘဲ'



ဝက်မလေးခေါ် ဆုရှိသည် ကွ ိဝှားကို တစ်ချက် ခပ်စူးစူး ကြည့်၍

'ဘယ်သူက ညွှန်ကြားတာလဲ'

ကွ ိဝှားက မင်သေသေဖြင့်

'လူတစ်ယောက်က ပြောတာပဲ'

ဝက်မလေးသည် ဆက်မမေးတော့ပေ။

သူမကိုယ်တိုင်လည်း ဘာလုပ်ရမည်၊ ဘာကိုင်ရမည်ဟု တစ်စုံတစ်ယောက်က ညွှန်ကြားခဲ့ဖူးသည်ကို သတိရသည်။

'သူက ဘယ်နေရာမှာ တောင်ကြားဂေဟာ ရှိတယ်လို့ မပြောပြဘူးလား'

ကွ ိဝှားက ခေါင်းခါယမ်း၍

'အဲဒါကြောင့် ငါဒေါသဖြစ်နေတာပေါ့၊ စားသောက်ဆိုင်က စားပွဲမှာထိုင်နေတုန်း တောင်ကြားဂေဟာကို သွားပါလို့ တစ်ခွန်းတည်း ပြောပြီး ပျောက်သွားတယ်လေ'

ဝက်မလေးက စဉ်းစဉ်းစားစားနှင့်

'အင်း၊ တစ်စုံ တစ်ခု အရေးကြီးလို့နဲ့ တူတယ်၊ ကဲပါ ငါလမ်းညွှန်ပြလိုက်ပါ့မယ်'

ဝက်မလေးသည် တောင်ကြားဂေဟာ ဟု အမည်ရသည့် နေရာတစ်ခုဆီသို့ သွားရမည့်လမ်းကို အသေးစိတ် ပြောပြလိုက်သည်။

❀

## အခန်း ၂၀။

### သေတွင်း

'မင်း ခေါင်းမာလှချည့်လားကွ' ဟု နဂါးဟုတ်တူက ပြောလိုက်၏။

ဟိုကန်းစုက နဂါးဟုတ်တူကို ဆတ်ခနဲ မော့ကြည့်၍

'ကျုပ်က ဒီထက်ပိုပြီး ဘာမှ မပြောတတ်ဘူး'

နဂါးဟုတ်တူသည် သူ၏ညာခြေကို ကုလားထိုင်ပေါ်သို့ တင်လိုက်သည်။

ဘယ်ခြေကိုမြေကြီး၌ ရပ်တန့်ထား၏။ ကုလားထိုင်ပေါ်သို့ တင်ထားသည့်ညာခြေပေါ်သို့ သူ၏လက်နှစ်ဘက်ကိုခါးညွတ်၍ တင်ထားကာ ဟိုကန်းစု၏မျက်နှာကို စေ့စေ့ ကြည့်လိုက်၏။

'မင်း ငါ့ဂေဟာကို တိတ်တဆိတ်ဝင်လာတာဟာ ဘာ ရည်ရွယ်ချက်လဲ'



'ကျုပ် အဲဒီမေးခွန်းကို အဖြေပေးတာ သုံးခါရှိပြီ'

'မင်း အမှန်အကန် ထပ်ဖြေတာကိုပဲ ကြားချင်လို့'

'ကျုပ် ပြန်ကာနီး ကွဲဝှားကို နှုတ်ဆက်ချင်လို့ သူသွားတဲ့ နောက်ကို လိုက်လာပါတယ်လို့ ပြောနေသားပဲ၊ ခင်ဗျားမယုံတာ ဘာတတ်နိုင်မှာလဲ'

'မင်း အဲဒီအဖြေမျိုးကိုပဲ နောက်ထပ် ပေးမယ်ဆိုရင်တော့ ဂိုဏ်းချုပ်ရဲ့အမိန့်ကို ငါမစောင့်နိုင်တော့ဘူး'

ဟိုကန်းစုသည် မျက်နှာကို တစ်ဘက်သို့ လှဲလိုက်သည်။

သူသည် 'မယုံရင်လဲ မတတ်နိုင်ဘူးဗျာ' ဟု လက်နှစ်ဘက်ကို ခါ၍ ပြောလိုက်ချင်သော်လည်း သူ၏ လက်နှစ်ဘက်စလုံးမှာ မည်သို့မျှ အသုံးမဝင်တော့ပါ။

နဂါးဟုတ်တူ၏ အကြောပိတ်ပညာသည် ထိပ်တန်းရှိနေ၏။

သူ၏ လက်ညှိုးဖြင့် ပခုံးလက်ပြင် တစ်နေရာကို ထောက်လိုက်သည်နှင့် ဟိုကန်းစု၏ လက်မောင်း နှစ်ဘက်စလုံးသည် အသေးအသား အကြောမရှိတော့ သက်ရှိ ဘေးနှစ်ဘက်တွင် တွဲလောင်းကြီး ကျနေသည် မဟုတ်ပါလား။

သူသည် ယခုအခါ ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေရသော်လည်း သူ၏ လက်နှစ်ဘက်သည် ကုလားထိုင်လက်တန်းပေါ်သို့ ပစ်တင်နိုင်စွမ်းမရှိပါ။

ယုတ်စွအဆုံး ခြင်တစ်ကောင်ကိုပင် မောင်းထုတ်နိုင်စွမ်း မရှိတော့ပေ။

ဟိုကန်းစုသည် မနက်ပိုင်းက နဂါးဟုတ်တူ၏ ခြံဝင်းထဲသို့ အဆင်ခြင်ကင်းမဲ့စွာ ခုန်ဝင်လိုက်မိသဖြင့် နဂါး ဟုတ်တူ၏

တပည့်များက သူ့အား ဖမ်းဆီးလိုက်ပြီး ကွင်ဝှား ပြန်သွားသည်နှင့် သူ့ကို နဂါးဟုတ်တူထံသို့ ပို့လိုက်လေတော့သည်။

နဂါးဟုတ်တူရှေ့သို့ရောက်သောအခါ သူက ရုတ်တရက် တိုက်ခိုက်ရန် လှုပ်ရှားမှုပြုလိုက်သည်နှင့် နဂါးဟုတ်တူ၏ အံ့သြစရာကောင်းသော သွေးကြောပိတ်ပညာဖြင့် သွေးကြောပိတ်ခြင်းကို ခံလိုက်ရသည်။

ထို့နောက် သူ့ကို ရုတ်တရက် မေ့သွားစေသော အကြောတစ်နေရာသို့ ထပ်မံထောက်လိုက်ခြင်းကို ခံရပြီးနောက် ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်၏။

အပြင်လောကတွင် မည်သို့မည်ပုံရှိနေသည်ကို သူ မသိပါ။

ယခု သူရောက်ရှိနေရသည့် အခန်းသည် ကျောက်တုံးများဖြင့် သေသေသပ်သပ် ဆောက်လုပ်ထားသော အဆောက်အအုံကြီးတစ်ခု၏ အခန်းတစ်ခု၌ ဖြစ်သည်။

သူ သတိပြန်ရချိန်မှစ၍ နဂါးဟုတ်တူသည် မေးခွန်းပေါင်းမြောက်မြားစွာကို မေးမြန်းနေသော်လည်း ဟိုကန်းစုက ဝေ့လည်ကြောင်ပတ် ဖြေနေသဖြင့် သူသည် ဒေါသဖြစ်နေသည်။

နဂါးဟုတ်တူကို သူ့အနေဖြင့် အမှန်အကန်ပြော၍ မဖြစ်ပါ။

သူသည် အလွန် ရက်စက် ကြမ်းကြုတ်မည့် လူစား တစ်ယောက် ဖြစ်နိုင်ကြောင်း ဟိုကန်းစု ရိပ်စားမိသည်။

ယခု သူသည် အခြားသူများကဲ့သို့ မျက်နှာဖုံးပင် မစွပ်ဘဲ တိတိလင်းလင်း မျက်နှာဖော်၍ မေးမြန်းနေသည်မှာ ဟိုကန်းစုအတွက် ကောင်းသော လက္ခဏာ မဟုတ်ပေ။



ဟိုကန်းစုကို လောကကြီးမှ ဖယ်ရှားဖို့ အစီအစဉ်ချမှတ်ပြီးသား ဖြစ်နေပုံရသည်။

ဟိုကန်းစုသည် လက်နှစ်ဘက်စလုံး အသုံးပြု၍ မရသော်လည်း သူ၏ ခြေနှစ်ဘက်ကို အားကိုးထားသည်။

သူ၏ ခြေထောက် နှစ်ချောင်းသည် ဓားကိုင်လူဆိုး သုံးယောက်ကို ခုခံကာကွယ်ကာ ထွက်ပြေးနိုင်စွမ်း ရှိမည်ဟုလည်း ယုံကြည်ထားသည်။

ထို့ကြောင့် သူသည် အခြေအနေ အရပ်ရပ်ကို အလွတ်မပေးဘဲ သုံးသပ်နေ၏။

နဂါးဟုတ်တူ အပါအဝင် လူခြောက်ယောက်တိတိကို သူက တွေ့ထားရသည်။

လူခြောက်ယောက်စလုံးမှာလည်း လက်နက်ကိုယ်စီနှင့် ဖြစ်နေ၏။

နဂါးဟုတ်တူသည် ကုလားထိုင်တွင် လှမ်းတင်ထားသော သူ၏ ခြေထောက်ကို ရှုပ်လိုက်ပြီး သူ့ရှေ့၌ သုံးလေးခေါက် လျှောက်နေသည်။

ထို့နောက် သူသည် မည်သည့်စိတ်ကူးနှင့်မှန်းမသိ ညာဘက် အခန်းတစ်ခုဆီသို့ ဝင်သွားသည်ကို တွေ့ရသည်။

ဟိုကန်းစု၏ ရှေ့ခပ်လှမ်းလှမ်းတွင် လူသုံးယောက်တစ်တန်း၊ နှစ်ယောက်တစ်တန်းဖြင့် ငါးယောက် မျက်နှာချင်းဆိုင်၍ ရပ်တန့်နေ၏။

ခုနေ သူ၏ခြေကို အားကိုးအားထားပြု၍ တိုက်ခိုက်ပြီး ထွက်ပြေးလျှင် ကောင်းမည်လားဟု တွေးနေသည်။

ရှတ်တရက်

သူထိုင်နေသော ကုလားထိုင်သည် နိမ့်ဝင်သွားသည်ဟု ထင်လိုက်ရပြီး သူ၏ခန္ဓာကိုယ်သည် ရှေ့သို့ ငိုက်ကျသွားသည်။

ဟိုကန်းစုမှာ လေထဲတွင် စာဒင် လွင့်သွားပြီး

'ဗုန်း'

မြေကြီးပေါ်သို့ ကျရောက်သွားသည်။

တော်ပါသေးရဲ့၊ သူသည် ကျောကုန်းနှင့်ကျ၍ သက်သာသွားသည်။ အကယ်၍သာ သူ၏လက်နှစ်ဘက်သည် အကောင်းပကတိ ဖြစ်ခဲ့ပါမူ အရာဝတ္ထု တစ်ခုခုကို ဆွဲထားလိုက်ပါက ဤတွင်းထဲသို့ ကျလာနိုင်စရာ အကြောင်းမရှိတော့ပေ။

ဟိုကန်းစုက မိမိပြုတ်ကျလာသည့် ခေါင်းပေါ်သို့ မော့ကြည့်လိုက်သည်။

မိမိထိုင်ခဲ့သည့် ကုလားထိုင်နှင့်အတူ တံခါးရွက်ကြီးနှစ်ခုက တဖြည်းဖြည်း ပြန်၍ မြင့်တက်သွားပြီး ပိတ်သွားတော့သည်။

ယခုမှ ဟိုကန်းစုသည် မိမိအား အရှင်ပြုလုပ်ထားသည့် အံဝှက် တံခါးနှစ်ချပ်ပေါ်၌ ထိုင်ခိုင်းထားသည်ကို သိရှိလိုက်ရလေသည်။

ထိုအံဝှက်တံခါးကို ရှတ်တရက် ခလုတ်ဖြုတ်လိုက်သဖြင့် မိမိမှာ မြေအောက်တွင်းထဲသို့ ကျရောက်လာခြင်း ဖြစ်ပေသည်။



မြေတွင်းထဲ၌ မှောင်အတိ ကျနေသည်။

သူသည် ညဉ့်နက် သန်းခေါင်အချိန်တွင် မြေတွင်းထဲ ရောက်နေရသကဲ့သို့ ဖြစ်နေတော့၏။

ဟိုကန်းစုသည် စောစောပိုင်းကတည်းက ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ လူတွေ့ကိုမတိုက်ခိုက်မိခြင်းအတွက် နောင်တရမိသည်။

သခင်ကြီး ကျိုး၏ဂိုဏ်းသည် နှယ်နှယ်ရရ မဟုတ်ဘဲ စံနစ်တကျ ဖွဲ့စည်းထားပြီး ကြီးကျယ်သော လျှို့ဝှက်လုပ်ငန်း တစ်ခု ရှိနေပြီ ဆိုသည်ကို ဟိုကန်းစု သိရှိလိုက်ပြီ။

ဤမျှအထိ သေချာ၍ စံနစ်ကျလှသော ဂိုဏ်းမျိုးကို ဟိုကန်းစု ယခင်က မကြုံဘူးပါ၊ အတော် အတက်တန်းကျသော ဓားပြဂိုဏ်းများနှင့်သာ တွေ့ကြုံဖူးသည်။

ယခု သခင်ကြီး ကျိုးဆိုသူ၏ဂိုဏ်းသည် ဓားပြဂိုဏ်းတစ်ဂိုဏ်း ဟူ၍လည်း မကြားဘူးပါ။

ထို့ပြင် လူသတ်ဂိုဏ်းတစ်ဂိုဏ်းအနေနှင့်လည်း ကျော်ကြားခြင်း မရှိပါဘဲလျက် ယခုလို တပည့်ပေါင်းများစွာနှင့် ဖွဲ့စည်း၍ စံနစ်ကျလှသော လျှို့ဝှက်ခန်းများကို ဖွဲ့စည်းထားသည်မှာ အံ့ဩစရာ ကောင်းနေပေသည်။

သူသည် ပိန်းပိတ်၍ မှောင်နေသော တွင်းကြီးအတွင်း၌ အကျယ်အဝန်း မည်မျှရှိနေသည်ဟု တစ်လှမ်းနှစ်လှမ်း လျှောက်ကြည့်သည်။

သူသည် လက်ကို လုံးဝလှုပ်ရှား၍မရသည့်အတွက် ခြေထောက်ဖြင့် ဝေ့ယမ်းကာ သွားလိုက်၏။

အခန်းက အကျယ်ကြီးဖြစ်သည်ကို တွေ့ရ၏။

ထိုစဉ် ပျော့ပျောင်းသည့် အရာဝတ္ထုတစ်ခုကို သူ၏ခြေဖြင့် တစ်ချက်နင်းမိလိုက်ရာ

'ရှူး'

ဟူသော နှာမှုတ်သံကို ကြားရသည်နှင့် ဟိုကန်းစုသည် အမှောင်ထဲ၌ပင် ခုန်၍ နောက်သို့ဆုတ်လိုက်ရ၏။

ရင်ထဲ၌လည်း ထိတ်လန့်သွားလေတော့သည်။

'ဟာ ဒုက္ခပဲ၊ ဒီအထဲမှာ မြွေတွေရှိနေပြီ'ဟု စိတ်ထဲမှ တွေးလိုက်မိ၏။

သူသည် မြွေတစ်ကောင်ကို နင်းမိလိုက်၍ ထိုမြွေက ဒေါသထွက်ပြီး သူ့ကိုလှမ်းပေါက်လိုက်ခြင်းဖြစ်သည် မဟုတ်ပါလား။

ဟိုကန်းစု အသက်မရှူရဲတော့ပါ။

ခြေလှမ်းတစ်လှမ်းမျှ ထပ်မံမလှမ်းရဲတော့ပါ။

မည်သည့် လှုပ်ရှားမှုကိုမှ ဟိုကန်းစု မပြုလုပ်ရဲတော့ပါ။

သူသည် အခန်းထဲတွင် ငြိမ်သက်၍နေရသည်။

မျက်လုံးက တဖြည်းဖြည်း အမှောင်ထဲ၌ ကျင့်သားရလာ၏။

ထိုအခါ အမှောင်ထဲမှ—

စိမ်းဖန့်ဖန့် အဝိုင်းစက်ကလေးတစ်ခုကို တွေ့လာရ၏။

ထို့နောက်မှ နှစ်ခု၊ သုံးခု၊ လေးခု စသည်ဖြင့် တွေ့လာရ၏။

ထိုအစက်အပြောက်များသည် မြွေများ၏ မျက်လုံးများဖြစ်သည် မဟုတ်ပါလား။

'ဟာ မြွေတွေရဲ့မျက်လုံးတွေပါလား'ဟု စိတ်ထဲမှတွေးလိုက်သည်။



ဟိုကန်းစု အကြီးအကျယ် ထိတ်လန့်နေသည်။

သူသည် ရန်သူလေးငါးဆယ်ကို ရဲဝံ့စွာ ယှဉ်ပြိုင်ဝံ့၏။

ဤမျှလောက် ထိတ်လန့်စိုးရွံ့ခြင်း မရှိခဲ့ချေ။

ယခု သူ၏ရင်သည် တလှပ်လှပ်တုန်ယင်စွာ ခံစားနေရသည်။

မြွေများ လေးငါးကောင်ထက်မနည်း ရှိနေရမည်ဟု အကဲခတ်မိလေသည်။

ဒါက သူ့အထင်ဖြစ်သည်။

အခြားအဆိပ်ပြင်းသော မြွေစိမ်းကလေးများ မည်မျှအထိ ရှိနေမည်ကို မခန့်မှန်းနိုင်ပေ။

ထိုစဉ်အခိုက်…

မြွေတစ်ကောင် သူ့အနားသို့ ရောက်ရှိလာသည်ဟု သိလိုက်ရသည်။

ဟိုကန်းစု အသက်မရှူရဲပါ။

မြွေကြီးသည် အနည်းဆုံး သူ၏ လက်ကောက်ဝတ်လောက်ရှိလိမ့်မည်ဟု ထင်ရ၏။

သူ၏ဖိနပ်ပေါ်သို့ လျော၍တက်လာရာမှ ခြေသလုံးနေရာသို့ ရောက်လာ၏။

ဟိုကန်းစုမှာ နည်းနည်းကလေးမှ မလှုပ်ရဲဘဲ လိပ်ပြာလွင့်မတတ် ခံစားနေရ၏။

ဟိုကန်းစုသည် ထိုမြွေကြီး၏ဦးခေါင်းဟည်ရာကို သိထား၏။

မြွေ၏ဦးခေါင်းသည် သူ၏ခြေသလုံးပေါ်တွင် စူးစမ်းသည့်သဘောဖြင့် ဟိုရွှေ့သည်ရွှေ့ လုပ်နေ၏။

ရုတ်တရက် ဟိုကန်းစုက ထိုမြွေကို အမြန်ဆုံး ခတ်ထုတ်နိုင်ရန် ခြေထောက်ကို အားသွင်း၍ ခါထုတ်လိုက်၏။

'ဗုန်း'

ခြေအားက ပြင်းထန်လွန်းသဖြင့် မြွေကြီးသည် လွင့်စဉ်သွားပြီး မြေကြီးနံရံနှင့် ရိုက်ခတ်သွားသည့်အသံကို ကြားလိုက်ရသည်။

'ဟဲ'

ဟိုကန်းစု ယခုမှ လေပူတစ်ချက်ကို မောပန်းစွာ မှုတ်ထုတ်လိုက်နိုင်တော့သည်။

❀

ဟိုကန်းစု အသက်ကို ဝအောင်ရှူနေရသည်။

သူသည် ရပ်တန့်နေသည့်နေရာမှနေ၍ လုံးဝမလှုပ်ရှားရဲတော့ပါ။ မြွေသတ္တဝါ၏အကြောင်းကို သူကသိထားသည်။

အများအားဖြင့် မြွေများသည် လူသားကို တမင်တကာ ရန်ရှာ၍ ပေါက်သည်က နည်းပါသည်။

အကယ်၍ လူတစ်ယောက်သည် ငြိမ်သက်စွာ အိပ်နေပါက မြွေများသည် အနားသို့ ရောက်ရှိလာသည့်တိုင်အောင် တစ်ဘက်ရန်သူက လှုပ်လှုပ်ရှားရှား မရှိသဖြင့် ကျော်ဖြတ်၍သော် လည်းကောင်း၊ ဟိုတိုးသည်တိုးနှင့်သော်လည်းကောင်း တွားသွားနေတတ်သည့် အကျင့်ရှိလေ၏။



စောစောက ကန့်လိုက်မိသည့် မြွေသည် မည်သည့် အခြေအနေတွင် ရောက်ရှိသွားသည်မသိပါ။ ငြိမ်နေသည်။ သူ့ထံသို့ ပြန်လာသည့်အသံ မကြားရပေ။

အမှန်တော့ နဂါးဟုတ်ကူသည် မိမိကို စိတ်တိုစွာဖြင့် သေတွင်းသို့ ပို့လိုက်ခြင်းသာ ဖြစ်တော့သည်။

စောစောက ဟိုကန်းစုအရှိန်နှင့်ကန်လိုက်သဖြင့် လွင့်စဉ်သွားသောမြွေသည် မြေကြီးနံရံနှင့် ရိုက်မိသွားသည့်အခါ 'ဗုန်း' ခနဲအသံကြားလိုက်သည်။

ထိုနေရာသို့ ဟိုကန်းစု အာရုံပြုနေစဉ်

'ထုံ'

'ထုံ'

မြေကြီးကိုထုသံ။

အခြားတစ်ဘက်မှနေ၍ မြေကြီးကာခြားထားသည့် မြေနံရံကိုထုသည့် အသံမျိုးပေါ်လာသည်။

'ထုံ'

မှန်သည်။ အခြားတစ်ဘက်တွင် မိမိအခန်းကဲ့သို့ပင် ရှိနေရမည်။

အခန်းနှစ်ခု၏ အလယ်မှခြားထားသော မြေနံရံကို ထုနေသည့် အသံမျိုး ဖြစ်နေသဖြင့် ဟိုကန်းစုသည် သေချာစေရန် မြွေကို ကန်လွှတ်သည့်နေရာအနားသို့ ဖြည်းလေးစွာဖြင့် ကပ်သွားသည်။

နံရံကို ခြေဖြင့်စမ်းသပ်မိလိုက်သည်။

ဤအနားတွင် စောစောက မြွေကလည်း ရှိနေမည်မှာ ဖြစ်သည်။

ဟိုကန်းစုသည် ခြေဦးကို နေရာ အနှံ့ယမ်း၍ ကြည့်သည်။

ထိတွေ့သွားသည်။

ပျော့အိအိကြီးကို ထိတွေ့လိုက်သည်။ ရုတ်ခနဲ နောက်သို့ ခုန်၍ အမှောင်ထဲ၌ စိုက်ကြည့်နေမိသည်။

သူ၏ ခြေထောက်ပေါ်သို့ လာတက်ဦးမည်လားဟုလည်း ရင်တထိတ်ထိတ်နှင့် စောင့်စားနေသည်။

'ထုံ'

တစ်ဘက်မှ မြွေကြီးကို လက်သီးနှင့်သော်လည်းကောင်း၊ ခြေထောက်နှင့်သော်လည်းကောင်း ကန်လိုက် ထုလိုက်သည့် အသံက ပေါ်လာပြန်၏။

ဟိုကန်းစုက မျှော်လင့်ချက်ကလေးတစ်ခုဖြင့် မြေနံရံကို တအားကန်၍ အသံတစ်ချက်ပြုလိုက်သည်။

'ထု'

မြေနံရံကိုကန်ထည့်ပြီး နားစွင့်နေသည်။

'ထုံ'

သူက ပြန်ကန်သည်။

'ထုံ ထုံ'

နှစ်ချက်ကန်သည်။

တစ်ဘက်မှလည်း

'ထုံ ထုံ' ဟု

နှစ်ချက် အသံပြန်ပြုသည်။



သေချာပြီ။ တစ်ဘက်တွင် သူကဲ့သို့ပင် တွင်းထဲကျနေသူ ရှိရမည်ဟု အတတ် တွေးလိုက်မိသည်။

မြွေကြီး နံရံ၏ထုထည်မှာ အတော်ထူပုံရသည်။

အကယ်၍သာ သူ၏လက်နှစ်ဘက်ကလည်း ကောင်းနေမည်။ မာကျောသော အရာဝတ္ထုတစ်ခုကလည်း ရှိနေမည်ဆိုလျှင် မကြာမီအချိန်အတွင်း ဖောက်ထွင်း၍ ရနိုင်ပေသည်။

ယခုတော့

ဟိုကန်းစု အကြံထုတ်နေစဉ်

တစ်ဘက်မှ မြေကိုတူးဆွနေသည့် အသံမျိုး ကြားနေရ၏။

ဟိုကန်းစုသည် မြေနံရံကို နားနှင့်ကပ်၍ နားထောင်လိုက်သည့်အခါ မြွေကြီးကို တစ်စုံတစ်ယောက်က တူးဆွနေကြောင်း သေချာစွာ သိရ၏။

အကယ်၍သာ မိမိ၌သံတူရွင်းကဲ့သို့သော မာကျောသည့် အရာတစ်ခုခုရှိမည်ဆိုလျှင် တစ်ခဏချင်းပင် တစ်ဘက်မှလူနှင့် ဆက်သွယ်၍ ရသွားနိုင်သည်မဟုတ်ပါလား။

ယခုတော့ တစ်ဘက်မှလူက မြွေကြီးနံရံအား ခဲရာခဲဆစ် တူးဆွနေခြင်းကို သည်အတိုင်း နားစွင့်နေရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်ပါ။

အသံက ပျောက်သွားလိုက်၊ ပေါ်လာလိုက် ဖြစ်နေသည်။

မြေကြီးမှာ အစိုဓာတ်ရှိနေသဖြင့် တူးဆွရန် လွယ်ကူမည်ဟု ထင်ရသော်လည်း အလွန်မာကျောလှသဖြင့် ထုရထွင်းရသည်မှာ မလွယ်ချေ။

အပေါ်မှလည်း ကြားသွားနိုင်သဖြင့် တစ်ဘက်မှလူသည် ထိန်းထိန်းသိမ်းသိမ်းဖြင့် တူးဆွနေရမှန်း ဟိုကန်းစု သဘောပေါက်သည်။

သိပ်မကြာသောအချိန်မှာပင်

မြေကြီး တချို့သည် မိမိရှိရာဘက်သို့ လွင့်စဉ်လာကြောင်း ဟိုကန်းစု ခံစားရ၏။

အပေါက်ကြီးတစ်ပေါက် ဖြစ်သွားပြီး တဆက်တည်း တစ်ဘက်မှ အသံကို ကြားရသည်။

'ဟိုဘက်က ဘယ်သူလဲ'

'ခင်ဗျားကရော ဘယ်သူလဲ၊ ခင်ဗျားကိုရော သူတို့က ဖမ်းထားတာပဲလား'

ဟိုကန်းစုက ဘယ်သူဘယ်ဝါ ဖြစ်သည်ကို မဖြေသေးဘဲ ပြန်၍မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်တယ်၊ ခင်ဗျားရော'

တစ်ဘက်မှလူက ပြန်ပြောသည်။

'ကျုပ်ကိုလဲ သူတို့က ဖမ်းဆီးထားတာပဲ၊ ကျုပ်အခန်းထဲမှာ မြွေတွေရှိနေတယ်ဗျ'

တစ်ဘက်လူက

'ဟာ မြွေဟုတ်လား'

'ဟုတ်တယ်'



'ဒါဆို ခင်ဗျားက ဘာလုပ်နေတာလဲ၊ ဒီဘက်ကို ကူးလိုက်လေ'

တစ်ဘက်လူက အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သဖြင့် ဟိုကန်းစုသည် သူ၏ ခြေထောက်ဖြင့် မြေကြီးနံရံကို ထိုး၍ စမ်းကြည့်ရာ လူတစ်ကိုယ် ဝင်ရောက်နိုင်သည့် အပေါက်ကို တွေ့ရသဖြင့် သူသည် ခေါင်းကို ရှေးဦးစွာ ထိုးသွင်းရင်းမှ

'ကျုပ်လက်တွေ လှုပ်ရှားလို့ မရဘူး၊ နည်းနည်း ကူညီပေးပါ'

ဟိုကန်းစုသည် ခေါင်းကိုထိုးသွင်းပြီး ခြေထောက်နှင့်အားယူ၍ ယက်နေ၏။

အခြားတစ်ဘက်မှလည်း သူ၏ ဦးခေါင်းကို ခြေထောက်အစုံဖြင့်ညှပ်၍ ဆွဲဆုတ်သည်ကို ခံစားလိုက်ရသည်။

တစ်ဘက်မှလူသည် သူ၏ ခေါင်းနှင့် မျက်နှာကို လက်ဖြင့်မကိုင်ဘဲ ခြေထောက်နှင့် ဆွဲထုတ်သည်ကို သိရသောအခါ မိမိကဲ့သို့ပင် လက်နှစ်ဘက် အကြောပိတ်ခံထားရမှန်း သိရှိလိုက်သည်။

ဟိုကန်းစုသည် အခြားတစ်ဘက်သို့ ရောက်သွားသည်နှင့် မြေကြီးများကို ခြေထောက်ဖြင့်ပင် ယက်ယူ၍ အပေါက်ကို ပြန်ပိတ်နေကြသည်။ မြွေဝင်လာမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

'ခင်ဗျားလဲ လက်နှစ်ဘက်စလုံး သွေးကြောပိတ်ခံထားရတာပဲလား'ဟု ဟိုကန်းစုက အမှောင်ထဲမှာပင် ခပ်တိုးတိုး မေးလိုက်သည်။

'ဟုတ်တယ်၊ နဂါးဟုတ်တူရဲ့ လက်ချက်ပေါ့၊ ဒီကောင်က သွေးကြောပိတ်ပညာမှာ အင်မတန်ကျွမ်းကျင်တယ်'

သူတို့နှစ်ယောက်သည် အခြားစကားများ ဆက်ပြောဦးမည် ဟု ကြံစည်စဉ်မှာပင် သူတို့၏ ခေါင်းပေါ်မှ အသံအချို့ကို ကြားနေရသဖြင့် နှစ်ယောက်စလုံး ငြိမ်သက်စွာ နားထောင်နေသည်။

သူတို့၏ ခေါင်းပေါ်တည့်တည့်တွင် လှုပ်ရှားသံများ ကြားနေရသည်။

အံဝှက်တံခါးရှိနေသည့်နေရာတွင် ခြေသံအချို့ကို ကြားနေရသည်။ ထိုခြေသံများကို နားထောင်ခြင်းအားဖြင့် တစ်စုံတစ်ယောက်နှင့် တိုက်ခိုက်နေမှန်း သိသာထင်ရှားလှသည်။

ဟိုကန်းစုတို့နှစ်ယောက်သည် တခြားစကားများကို မပြောနိုင်သေးဘဲ အပေါ်မှခြေသံများကို အာရုံပြုနေရာမှ ဟိုကန်းစုက

'တိုက်ခိုက်နေတဲ့ အသံပဲ' ဟု ခပ်တိုးတိုး ပြောလိုက်၏။

အမှောင်ထဲမှ လူကလည်း

'ဟုတ်တယ်၊ ခင်ဗျားနောက်က လိုက်လာပြီး ကူညီမယ့် မိတ်ဆွေများလား' ဟု ပြန်မေးလိုက်သည်။

ထိုလူ၏ အမေးကြောင့် ဟိုကန်းစု တွေဝေသွားသည်။

မိမိကို မည်သူက ကူညီမည်နည်း။

ကူညီမည့်သူ တစ်စုံတစ်ယောက်မှ မရှိသည်ကို စဉ်းစားမိသည်။

အတန်ကြာမှ



'ကျုပ်ကို ကူညီမယ့်လူ မရှိပါဘူး၊ သူတို့အချင်းချင်း ဖြစ်တာလားမှ မသိဘဲ' ဟု ခပ်ညည်းညည်း ပြောလိုက်သည်။

ထိုစဉ်အခိုက်

အံဖုံးတံခါး ရုတ်တရက် ပွင့်သွားသည်ကို တွေ့လိုက်ရလေတော့သည်။

❀

ဤနေရာ၌

မြေကျင်း နှစ်ခု ရှိသည်။

ထိုမြေကျင်းနှစ်ခုလုံး၏ အထက်၌ အံဝှက်တံခါးများ ဆင်ထားခြင်း ဖြစ်လေသည်။

မြေကျင်းအပေါ်မှ အံဝှက်တံခါး ပွင့်သွားသဖြင့် အလင်းရောင်အချို့ မြေကျင်းထဲသို့ ရောက်လာသည်။

ဟိုကန်းစုတို့နှစ်ယောက်သည် မြေကျင်းထဲသို့ အလင်းရောင် အနည်းငယ် ကျရောက်လာသည်နှင့် သူတို့နှစ်ဦးကို ရုတ်တရက် မမြင်နိုင်အောင် ထောင့်အသီးသီးသို့ ပြေးကပ်လိုက်သည်။

ထိုစဉ် အပေါ်မှ ကြိုးတစ်ချောင်းကျလာ၏။ တဆက်တည်းမှာပင်....

'အောက်မှာ အစ်ကိုရှိသလား'

ဟူသော မိန်းကလေးတစ်ယောက် မေးသံကို ကြားလိုက်ရသည်။

ထိုအသံကို ဟိုကန်းစုမှတ်မိလိုက်သည်။

ထိုအသံသည်ကွမ်ဝှား၏အသံပင် ဖြစ်သည်မဟုတ်ပါလား။

ဟိုကန်းစုတို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် မှုန်ဝါးဝါးဖြင့် လူရိပ်သာမြင်နေကြရသည်။

ဟိုကန်းစုက

'ကဲ…မိတ်ဆွေ၊ ကြိုးစကို ခင်ဗျားခြေထောက်နဲ့ လိမ်ထားလိုက်ဗျာ၊ သူ ဆွဲတင်လိမ့်မယ်' ဟု ပြောလိုက်၏။

ထိုလူသည် တုံ့ဆိုင်းမနေတော့ဘဲ တွဲလောင်းကျနေသည့် ကြိုးစကို သူ၏ခြေထောက်ဖြင့် လိမ်ထားလိုက်သည်။

'ဆွဲ'

ဟိုကန်းစုက ပြောလိုက်စဉ်မှာပင် ထိုလူသည် ဇောက်ထိုး အနေအထားဖြင့် အပေါ်သို့ရောက်ရှိသွားသည်။

ကြိုးစ ပြန်လည်ရောက်ရှိလာသည်နှင့် ဟိုကန်းစုကလည်း စောစောကကဲ့သို့ပင် ကြိုးစကို ခြေထောက်ဖြင့်လိမ်လိုက်သည်။

'ဆွဲ'

ဟိုကန်းစုကပြောသဖြင့် အပေါ်မှဆွဲတင်ရာ မကြာမီမှာပင် ဟိုကန်းစုသည် အပေါ်သို့ ရောက်ရှိသွားသည်။

အပေါ်သို့ရောက်သောအခါ မိမိကိုဆွဲတင်သူမှာ မျက်နှာဖုံးစွပ်တစ်ဦးဖြစ်ကြောင်းတွေ့ရ၏။ သို့သော် ထိုသူသည် မျက်နှာဖုံးစွပ်ထားသော်လည်း ကွမ်ဝှားမှန်း ဟိုကန်းစု သိလိုက်သည်။

'ဟိုလူရော'



ဟိုကန်းစုက ဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး မေးလိုက်သည်။

'အစ်ကိုဟာ တော်တော် ခက်တာပဲ၊ သူများအတွက်ကို လိုက်ပူမနေနဲ့၊ အဲဒီလူပြေးပြီ၊ ကဲ…လာ၊ အချိန်မရှိဘူး'

ကွမ်ဝှားက ထိုသို့ပြောပြီးသည်နှင့် လဲကျနေသော လူနှစ်ယောက်ကိုကျော်လွှားပြီး အဆောက်အအုံအပြင်ဘက်သို့ ထွက်လာသည်။ အဆောက်အအုံအပြင်သို့ ရောက်သောအခါ…

'ဟော…ဒုက္ခပဲ' ဟု ကွမ်ဝှားက ရုတ်တရက်ဆိုလိုက်၏။

'ဘာဖြစ်လို့လဲ'

'ဒီမှာ ကျွန်မရဲ့မြင်း မရှိတော့ဘူး၊ အဲဒါ အစ်ကိုကြောင့်ပေါ့'

ဟု ပြောလိုက်၏။

စောစောက ကယ်တင်လိုက်သည့်လူက ထိုမြင်းကို ယူသွားခြင်းသာ ဖြစ်သည်မဟုတ်ပါလား။

❀

ကွမ်ဝှားသည် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်၏။

ပြီးမှ….

ကွမ်ဝှားသည် ဟိုကန်းစု၏ တွဲလောင်းကျနေသော လက်ကို ဆွဲ၍ ရှေ့မှ ပြေးလွှားသွားလေတော့၏။

သူတို့ နှစ်ဦးသည် မည်သည့်နေရာသို့ ရောက်ရမည်ဟု

ဦးတည်ချက်မရှိဘဲ ပြေးလွှားနေသောကြောင့် လမ်းပျောက်ပြီး တောထဲ၌ တဝဲဝဲ လည်လည်ဖြစ်နေ၏။

သူတို့နှစ်ဦး တစ်နာရီခန့်ပြေးလွှားပြီးသောအခါ ဟိုကန်းစုက ရပ်တန့်လိုက်သည်။

ကွဝ်ဝှားကလည်း မျက်နှာဖုံးချွတ်ပစ်လိုက်ပြီး ဟိုကန်းစုကို မှုန်ဝါးဝါးအလင်းရောင်တွင် လှမ်းကြည့်လိုက်၏။ ပြီးမှ.....

'ကျွန်မတို့ တစ်နေရာမှာ နားကြရင် ကောင်းမယ်နဲ့တူတယ်'

'တစ်နေရာမဟုတ်ဘူး၊ ကျုပ်တို့ ဒီနေရာမှာပဲ နားကြမယ်'

ဟိုကန်းစုက ထိုသို့ပြောပြီး အနည်းငယ် ရှင်းလင်းသောနေရာတွင် ထိုင်ချလိုက်တော့သည်။

မှိုတ်တုတ်မှိုတ်တုတ် ကြယ်ကလေးများ၏ အလင်းရောင်သည် ထူထပ်သောတောကြီးအတွင်းသို့ လုံးဝထိုးဖောက်ဝင်နိုင်ခြင်းမရှိပါ။

ကွဝ်ဝှားသည် သစ်ရွက်ခြောက်များကို စုစည်း၍ မီးရှို့ရန်ကြံလိုက်သော်လည်း ဟိုကန်းစုက ကန့်ကွက်လိုက်သည်။

'ကျုပ်တို့က အနိမ့်ပိုင်းမှာရောက်နေတာ၊ ရန်သူဟာ မီးရောင်နဲ့ မီးခိုးကိုမြင်ပြီး ရောက်လာနိုင်တယ်'

'ဟုတ်သားပဲ၊ ကျွန်မ အဲဒါကို မစဉ်းစားမိဘူး။ ရှင် ချမ်းနေမှာပဲ စိုးရိမ်မိတယ်'

'ကိစ္စ မရှိပါဘူး၊ သိပ်ပြီး အေးလာတော့လဲ နောက်တစ်ကြိမ်ထပ်ပြေးကြတာပေါ့'



ကွဝ်ဝှားသည် ရယ်မောလိုက်ပြီး ဟိုကန်းစုအနား ဝင်၍ ထိုင်လိုက်လေသည်။

'အစ်ကိုဟာ တော်တော်ဆိုးတဲ့လူပဲ၊ ကျွန်မ စကားဆိုရင် နည်းနည်းကလေးမှ နားမထောင်ဘူး'

ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ပြန်သွားရင် ဒီလို ဖြစ်မှာမဟုတ်ဘူး၊ မင်းကို စိတ်ပူလို့ ကျုပ်လိုက်ကြည့်တာ'

'ထင်သားပဲ၊ ရှင် ဟုတ်တူရဲ့ လူတွေနဲ့ တွေ့သွားတာ မဟုတ်လား'

'ကဲ အဲဒါထားလိုက်ပါဦး၊ မင်းက ဟုတ်တူ တို့ကိုတောင် တိုက်ခိုက်နိုင်တယ်ဆိုတော့ ဘယ်ဆိုးလို့တုန်း'

ကွဝ်ဝှားက တစ်ချက်မဲ့လိုက်ပြီး

'အစ်ကိုက ကျွန်မကို အထင်မကြီးနေနဲ့၊ ဟုတ်တူတို့က ဖိမန်ရွာကို ပြန်သွားကြပြီ၊ လောလောဆယ်ဆယ် အစောင့် နှစ်ယောက်ပဲရှိလို့ အလွယ်တကူ တိုက်ခိုက်သို့ရတာ'

မှန်ပေသည်။

ဟိုကန်းစုတို့ ကံကောင်းသည်ဟု ဆိုရမည်။ ကွဝ်ဝှားသည် ဝက်မလေးက လမ်းညွှန်လိုက်သဖြင့် တောင်ကြား ဂေဟာသို့ ရောက်ရှိလာခဲ့သော်လည်း ဟုတ်တူတို့ ခြောက်ယောက်ကို တိုက်ခိုက်နိုင်သည့် အားမရှိပါ။

သို့သော် ဟုတ်တူက အခြားသုံးယောက်နှင့်အကူရှုတ်တရက် ပြန်လည် ထွက်ခွာသွားသဖြင့် သူမသည် အစောင့်နှစ်ဦးကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဟိုကန်းစုက

'ကျုပ်ရဲ့လက်နှစ်ဘက်က သွေးကြောကို ဘယ်သူ့ ပြန်ဖွင့်ခိုင်းမလဲ'

ကွိဝှားက

'ဟုတ်တယ်၊ ကျွန်မလဲ အဲဒါပဲ စဉ်းစားနေတာ၊ ဟိုလူတစ်ယောက်က ဘယ်သူလဲ၊ သူလဲအစ်ကို့လိုပဲ လက်နှစ်ဘက်ကို သွေးကြောပိတ်ခံထားရတာ မဟုတ်လား'

'သူ ဘယ်သူဘယ်ဝါဆိုတာတော့ ကျုပ် မသိရပါဘူး၊ ဒါပေမယ့် အဆင့်မြင့် သိုင်းသမားတစ်ယောက် ဆိုတာတော့ သေချာတယ်၊ သူဟာ ခြေနှစ်ဘက်နဲ့ မြေကြီးတွေကိုတူးဖောက်နိုင်တဲ့ သတ္တိရှိတယ်'

ဟိုကန်းစု မြေတွင်းထဲတွင် မြွေများနှင့်တွေ့ရပုံနှင့်တစ်ဘက်လူက မြေကြီး နံရံကိုဖောက်ထွင်းပုံများကိုပြောပြလိုက်သည်။

ကွိဝှားမှာ အံ့သြနေပေသည်။

'ကျွန်မလဲ ခုမှ တော်တော်အံ့သြမိတယ်'

'ဘာကိုလဲ'

'သခင်ကြီး ကျိုးကိုပေါ့၊ ကျွန်မထင်ထားတာထက်ကြီးကျယ်တဲ့ ဂိုဏ်း တစ်ဂိုဏ်းဆိုတာ ခုမှသေသေချာချာသိရတယ်'

ဟိုကန်းစုက သူမဘက်ကို လှည့်၍ကြည့်ကာ

'သခင်ကြီးကျိုးရဲ့ အဓိကရည်ရွယ်ချက်ဟာ ဘာလဲဆိုတာရော မင်းသေသေချာချာ မသိဘူးလား'

'ကျွန်မသိတာကတော့၊ သခင်ကြီး ကျိုးဟာ အဖိုးတန်ရတနာတွေကို နည်းအမျိုးမျိုးနဲ့ ရှာဖွေနေတာပဲ၊ သူဟာ အဖိုးတန်



ကျောက်မျက် ရတနာကို ဈေးနည်းနိုင်သမျှနည်းအောင်ပေးပြီး ဝယ်တယ်၊ ပိုင်ရှင်က မရောင်းရင် တခြားနည်းနဲ့ ရအောင်ယူတယ်၊ ဆိုလိုတာက ခိုးယူတယ်၊ တိုက်ခိုက်ယူတယ်'

ကွိဝှားပြောသည်မှာ မှန်သည်။

သေသွားသော ဟိုကန်းစုသည် ထိုအဖြစ်မျိုးနှင့် ကြုံသွားခြင်း ဖြစ်ဖလသည်။

ထိုဒေသသို့ ရောက်ရှိလာသော ပတ္တမြားတစ်လုံးကို ကျူးရှုံးဆိုသူက အခချောင်ဝယ်ယူရရှိသွားသည်ကို သခင်ကြီး ကျိုးက သိရှိပြီး လိုက်လုရာမှ ဟိုကန်းစု သေရခြင်းဖြစ်သည်။

ထို့ပြင် ပတ္တမြားဝယ်ယူသူ ကျူးရှုံးနှင့်အတူ မြေစိမ်း မြွေဝါဆိုသူ နှစ်ယောက်သည်း သေသည်ရှင်သည်ဟု ယခုတိုင် မသိရသေးပေ။

ကွိဝှားသည် မိမိကို ကယ်ထုတ်ခဲ့သည့်အတွက် သူမမှာ အန္တရာယ် မသေးလှတော့ကြောင်း ဟိုကန်းစု စဉ်းစားမိလိုက်လေသည်။

'ဒါထက် မင်းအနေနဲ့ ကျုပ်ကို ခုလို ကူညီလိုက်တော့ မင်းမှာ အန္တရာယ်တွေ များမသွားဘူးလား'

ထိုစကားကြောင့် ကွိဝှားသည် ဟိုကန်းစုကို ဆတ်ခနဲပြန်ကြည့်ပြီး

'မေးမှမေးရက်တယ် အစ်ကိုရယ်၊ အစောင့်နှစ်ယောက်သေရတာရယ်၊ အစ်ကိုနဲ့ သူတို့ ဖမ်းထားတဲ့လူတစ်ယောက် လွတ်သွားရတာ ကျွန်မလက်ချက်ပဲဆိုတာ ဟုတ်တူနဲ့ ခုံးတိကျားက မသိဘဲနေမှာမဟုတ်ဘူး၊ မကြာခင် ကျွန်မနောက်မှာသေမင်း

တမန်တွေ တတန်းကြီး လိုက်နေကြတော့မယ်ဆိုတာ ပေဒွင် မေးစရာတောင် မလိုတော့ဘူး' ဟုပြောလိုက်၏။

ထိုစကားကြောင့် ဟိုကန်းစုသည် အမှန်ပင်သူမတဝအတွက် ရင်လေး သွားမိတော့သည်။

ထို့ကြောင့် ဟိုကန်းစုသည် ကွိဝှားအား ပြုံး၍

'ကျုပ်အတွက်ကြောင့် မင်း ခုလိုဖြစ်ရတာ ကျုပ်မှာ အများကြီး တာဝန်ရှိပါတယ်' ဟု လှိုက်လှိုက်လှဲလှဲပင် ပြောလိုက်မိ၏။

ကွိဝှားက မဲ့ပြုံးလေးပြုံးလိုက်ပြီး

'ကျွန်မကြောင့် အစ်ကို့မှာ တာဝန်မကြီးစေရပါဘူး ရှင်၊ ကျွန်မအကြောင်းနဲ့ကျွန်မ ရှိပါစေတော့' ဟု ပြောလိုက်၏။

ဟိုကန်းစုက ပျာပျာသလဲ

'ဒီလိုဘယ်ဟုတ်ပါ့မလဲ ကွိဝှားရယ်၊ ကျုပ်ဒုက္ခရောက်နေတာကို မင်းက မကြည့်ရက်တဲ့ လူတစ်ယောက်ပဲ၊ မင်း ဒုက္ခရောက်မှာကိုလဲ ငါက ဘယ်ကြည့်ရက်ပါ့မလဲ' ဟု ပြန်ပြောလိုက်၏။

ထိုစကားသည် ကွိဝှားကို အားရှိသွားစေသော စကားပင်ဖြစ်၏။

သူမအနေဖြင့် ဟိုကန်းစုကို ကူညီရသည်မှာ အချည်းအနှီး မရှိပါပေ။ ဟိုကန်းစုသည် ကျေးဇူးသိတတ်သောလူတစ်ယောက် ဖြစ်သဖြင့် ကွိဝှား လေးစားသွားမိသည်။

'အစ်ကို့ စေတနာကို ယုံကြည်တယ်၊ လေးစားတယ်၊ ဒါပေမယ့် ကျွန်မကြောင့်တော့ အစ်ကို့ရဲ့ တခြားလုပ်ငန်းတွေ



အပျက်မခံပါနဲ့၊ သူတို့ကို ကျွန်မ ဖြစ်တဲ့နည်းနဲ့ ရင်ဆိုင်ရဲပါတယ်'

သူမက ပြောနေစဉ် ဟိုကန်းစုသည် တိတ်တဆိတ်ငြိမ်သက်နေသဖြင့် သေသေချာချာ ကြည့်လိုက်ရာ မျက်စိစုံမှိတ်၍ အိပ်ပျော်နေပြီဖြစ်သည်ကို တွေ့လိုက်ရသည်။

ဘာတွေပဲ ဖြစ်နေဖြစ်နေ တစ်ရေးတစ်မောလောက်ကိုဖြင့် စိတ်အေးလက်အေး အိပ်စက်တတ်သူကိုကြည့်၍ ကွိဝှား သက်ပြင်းတစ်ချက် ချလိုက်မိလေတော့သည်။

အခန်း ၂၁။

## ချိုလုယန်း ဘယ်မှာလဲ

အသက်အားဖြင့် နှစ်ဆယ်ကျော်ဝန်းကျင်ခန့်သာ ရှိမည်ဟု ထင်ရပြီး ချောမောလှပလွန်းလှသည့် မိန်းကလေးတစ်ဦးသည် ပိုကျန်းမြို့ကြီး၏ လမ်းမကြီးတစ်ခုပေါ်တွင် သူမ၏ မြင်းကို မှန်မှန်ကလေး စီးလာရင်းမှ အဆောက်အအုံ တစ်ခုရှေ့တွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်တစ်ခုကို မြင်တွေ့သွားလေသည်။

'စေတနာ အာမခံဌာန'

ထိုဆိုင်းဘုတ်ကိုမြင်ရသည့်အပြင်၊ ယင်းဆိုင်းဘုတ်၏ အောက်၌ပင် သေးငယ်သော စာလုံးများဖြင့် ရေးသားထားသည့် စာတစ်ကြောင်းကိုပါ တွေ့ရှိရလေသည်။

'စိတ်အနှောင့်အယှက် လုံးဝမရှိစေဘဲ သင့်အကျိုးကို သယ်ပိုး ထမ်းဆောင်ပေးပါမည်။'



ဟူ၍ ရေးသားထားသည်ကိုလည်း တွေ့ရပေရာ မြင်းပေါ်မှ မိန်းကလေးသည် အတန်ကြာအောင်ပင် တစ်စုံတစ်ရာကို စဉ်းစားတွေးတောနေရာမှ ထိုအဆောက်အအုံဆီသို့ သူမ၏မြင်းကို ဦးတည်လိုက်လေသည်။

စေတနာ အာမခံ ပို့ဆောင်ရေး ဌာနသည် ပိုကျန်းမြို့၌ အောင်မြင်ကျော်ကြားနေပြီ ဖြစ်၏။

လက်ထောက်ဌာနမှူး ယုံဝှားသည် လုံးဝ နားရသည်မဟူ၍ မရှိပေ။

သူသည် မြို့တစ်မြို့မှ ပြန်ရောက်လာသည့်အခါ၊ အခြားမြို့သို့ ချက်ချင်းပင် ပြန်၍ ခရီးထွက်ရပြန်သည်။

ထို့အပြင်

ဟိုကျင်းမာသည်လည်း အလုပ်များလျက် ရှိနေပါသည်။ သူမသည် ရောက်ရှိလာသော ပစ္စည်းများကို လက်ခံသိမ်းသည်း၍ တူညီသော လမ်းကြောင်းများကို ရွေးချယ်နေရပေသည်။

ယန်စီမြို့သို့ သွားရောက်ရမည့်သူအတွက် ထိုလမ်းကြောင်းတစ်လျှောက်တွင် ပါဝင်သောမြို့များ၊ ကျေးရွာများသို့ ပေးပို့သည့် ပစ္စည်းများကို ရွေးချယ်ပြီး လူသုံးယောက်ကို တာဝန်ပေးလိုက်သည်။

ထိုကိစ္စ ပြီးဆုံးသွား၍ ဟိုကျင်းမာသည် ခေတ္တနားနေစဉ် မှာပင် လှပသော မိန်းကလေးတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

'ကြွပါရှင်၊ ပစ္စည်းပို့ချင်လို့လား'

ဝင်ရောက်လာသော မိန်းကလေးက ဟိုကျင်းမာ၏ အနားတွင် ရပ်လိုက်ပြီး

'ရှင်က အာမခံဌာနမှူးပဲလား' ဟု မေးလိုက်၏။

ဟိုကျင်းမာက ထိုမိန်းကလေးကို ပြုံးပြလိုက်ပြီး

'ဌာနမှူးက ကျွန်မ မောင်လေးပါ၊ သူက ခရီးသွားနေပါတယ်၊ ညီမက ဘာပစ္စည်းပို့ချင်လို့လဲ' ဟု ချော့ချော့ ပြောလိုက်သည်။

ညှို့သည်မိန်းကလေးမှာ ဟိုကျင်းမာထက် အသက်ငယ်ပုံရသောကြောင့် ညီမဟု ခေါ်ဝေါ်လိုက်ခြင်း ဖြစ်သည်။

မိန်းကလေးသည် ကုလားထိုင်၌ ဝင်ထိုင်လိုက်ပြီး

'ကျွန်မပစ္စည်းတော့ မပို့ပါဘူး၊ ဒါပေမယ့် အကူအညီတစ်ခု တောင်းမလို့ပါ'

ဟိုကျင်းမာက ထိုညှို့သည် မိန်းကလေးကို ဖော့ကြည့်မိလိုက်သည်။ ပြီးမှ—

'ဘယ်လို အကူအညီမျိုးလဲ၊ ပြောပါ၊ တတ်နိုင်ရင် ကူညီပါ့မယ်'

မိန်းကလေးက-

'အာမခံဌာနကလူတွေ နေရာဒေသ အမျိုးမျိုးကို ရောက်နေတယ်ဆိုတော့ လူတစ်ယောက်ကို စုံစမ်းချင်လို့ပါပဲ'



'ဟင် လူတစ်ယောက်ကို စုံစမ်းချင်လို့ ဟုတ်လား'

ဟု ဟိုကျင်းမာက အံ့သြစွာ ပြန်မေးလိုက်သည်။

'ဟုတ်ပါတယ်၊ အဲဒီအတွက် အာမခံဌာနအနေနဲ့ အကျိုးမယုတ်စေရပါဘူး'

ညှို့သည်မိန်းကလေးက ပါးစပ်မှပြောရင်း ငွေငါးရာထုတ်၍ စားပွဲပေါ် တင်လိုက်သည်။

ထပ်ဆက်တည်းမှာပင်-

'အကယ်၍ စုံစမ်းလို့ မှန်ကန်ရင် ထပ်ပေးပါဦးမယ်'

ဟိုကျင်းမာက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ ကျွန်မတို့ဆီကလူတွေကို ပြောထားလိုက်ပါ့မယ်၊ ညီမသိချင်တဲ့လူဟာ ဘယ်သူလဲဆိုတာသာ ပြောပါ'

ညှို့သည် မိန်းကလေးက စာရွက်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

'ကျွန်မ ဒီမြို့က တည်းခိုခန်းတစ်ခုမှာပဲ ရှိနေမှာပါ'

မိန်းကလေးသည် ထိုသို့ပြောဆိုကာ နှုတ်ဆက်၍ ပြန်ထွက်သွားတော့၏။

ဟိုကျင်းမာက ယင်းမိန်းကလေး၏ ကျောပြင်ကို ငေးကြည့်နေရာမှ သူမပေးခဲ့သောစာရွက်ကို ဖြန့်ကြည့်လိုက်၏။

စာရွက်ထဲ၌-

(အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ၍ခန္ဓာကိုယ်တောင့်တင်းသည်။ စူးရှသည့် မျက်လုံးရှိသည့်ပြင်၊ နန်ကင်းမြို့တော်၌ လူစွမ်းကောင်း စုံစမ်းရေးသမားတစ်ယောက် ဖြစ်သည်။ နာမည်က ချီလုယန်း)

ဟု၍ လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်အား ရေးသားထား သည်ကို တွေ့ရှိလိုက်ရလေသည်။

❀

ချီလုယန်း။

'ဒီနာမည် ကြားဖူးသလိုလိုပဲ'

ဟိုကျင်းမာသည် စာရွက်ထဲမှနာမည်ကို ဖတ်ရှုပြီး စိတ်ထဲမှ စဉ်းစားနေ၏။

ထိုစဉ် ဒုတိယဌာနမှူး ယုံဝှား ရောက်ရှိလာ၏။

ဟိုကျင်းမာက ယုံဝှားကို သူမလက်ခံထားသည့် အလုပ်နှင့် ပတ်သက်၍ ပြောပြလိုက်၏။

ဟိုကျင်းမာ၏စကား ဆုံးသောအခါ

ယုံဝှားသည် မျက်မှောင်ကြုတ်ပြီး အတန်ကြာအောင် စဉ်း စားနေ၏။

အတန်ကြာမှ

'ချီလုယန်းဆိုတာ လွန်ခဲ့တဲ့နှစ်က နေပြည်တော်မှာ ကျော် ကြားခဲ့တဲ့ စုံစမ်းထောက်လှမ်းရေးသမား တစ်ယောက်ပဲ၊ အခု သူ့ကို ဒီမိန်းကလေးက လိုက်ရှာနေတယ်ဆိုတော့ စဉ်းစားစရာပဲ'

ဟု စဉ်းစဉ်းစားစားဖြင့် ပြောလိုက်၏။

ဟိုကျင်းမာက ယုံဝှား၏စကားကြောင့် မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း



'ဘယ်လို စဉ်းစားစရာလဲ ဦးလေးယုံဝှား'

ဟု မေးလိုက်လေသည်။

ယုံဝှားက

'ထောက်လှမ်းရေးသမားဆိုတာ နေရာအနှံ့ လျှောက်သွား နေရတဲ့လူပဲ၊ ဒီလိုလူမျိုးဟာရှာရဖွေရသိပ်ခက်တာ၊ ဒီမိန်းကလေး က ဘာတွေအရေးကြီးလို့ ဒီလောက်ငွေကုန်ကြေးကျခံပြီး လိုက် ရှာနေရတာလဲ၊ အဲဒါကို စဉ်းစားတာပါ'

ဟိုကျင်းမာက ရယ်မောလိုက်ပြီး

'ဘာပဲဖြစ်ဖြစ် ဦးလေး ယုံဝှားရယ်၊ သူက ငွေပေါလို့ပေးခဲ့ တော့လဲ ကျွန်မတို့က ခရီးသွားရင်း စုံစမ်းပေးလိုက်ရုံပေါ့'ဟု ခပ်ပေါ့ပေါ့ပင် ပြန်ပြောလိုက်၏။

ယုံဝှားက ဟိုကျင်းမာကို တစ်ချက်ကြည့်ကာ

'ငါ့တူမက သိုင်းလောကအကြောင်း မသိသေးပဲကိုး၊ ဟိုကန်းစုဆိုရင် ဒီအလုပ်ကို လက်ခံမှာ မဟုတ်ဘူး'ဟု ဦးခေါင်း ကို ဘယ်ညာခါယမ်းရင်း ပြောလိုက်သည်။

ထိုစကားကြောင့် ဟိုကျင်းမာ၏ပြုံးရွှင်နေသောမျက်နှာသည် ရုတ်တရက် ညှိုးလျော်သွားသည်။

အတန်ကြာမှ

'ကျွန်မ ဒီကိစ္စ လက်ခံမိတာ မှားသွားပြီလား၊ ဘာဖြစ်လို့လဲ ဦးလေးယုံဝှား' ဟု မေးလိုက်သည်။

ယုံဝှားက သက်ပြင်းတစ်ချက်ချရင်း

'မှားတယ်လို့ မပြောနိုင်ပါဘူး၊ သူပေးခဲ့တဲ့ ငွေကလဲ မက် မောစရာပဲ မဟုတ်လား၊ ဒီချီလုယန်းဆိုတဲ့လူဟာ တမင်တကာ

ပုန်းကွယ်နေတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ အဲဒါကို တို့က တွေ့ပြီး ဒီမိန်းကလေးကို သတင်းပေးလိုက်ရင် ချီလုယာန်းက တို့ကို ကျေနပ်ပါ့မလား၊ ရန်မရှာဘူးလို့ရော ပြောနိုင်မသား'

ဟိုကျင်းမာ အနည်းငယ်သဘောပေါက်ဟန်ဖြင့် ပြုံးလိုက်ပြီး

'အင်း ဟုတ်တယ်နော်' ဟု ပြောလိုက်၏။

ယုံဝှားက လက်ယမ်းလိုက်ပြီး

'ကဲ ကဲ၊ ဒီကိစ္စ ခေါင်းထဲ မထားနဲ့၊ တို့ လိုက်ရှာတယ် မရှာဘူးဆိုတာ ဒီမိန်းကလေးက သိနိုင်တာမှတ်လို့၊ သူကျေနပ်အောင် ပြောလိုက်ရင် ပြီးတာပဲ မဟုတ်လား' ဟု နှစ်သိမ့်လိုက်၏။

ဟိုကျင်းမာက ဦးခေါင်း ညိတ်ပြလိုက်ပြီးမှ

'ဒါနဲ့ ဦးလေးယုံဝှား' ဟု အမေးစကားစလိုက်၏။

ယုံဝှားက ဟိုကျင်းမာကို ကြည့်ရင်း

'ပြောလေ၊ ဘာပြောမလို့လဲ' ဟု ခွင့်ပြုလိုက်၏။

'ဟိုကန်းစုံ သွားတာ ကြာလှချည်လား

ယုံဝှားက ပြုံးလိုက်ပြီး၊

'နင်တို့သားအမိကြောင့်တော့ ခက်တာပဲ၊ တစ်နေ့တစ်နေ့ အဲဒီအကြောင်းပဲ မေးနေကြတာပဲ၊ ဟိုကန်းစုဟာ လေးဘက်တွားသွားနေတဲ့ ကလေးအရွယ် မဟုတ်ဘူး၊ နင်တို့က အမြဲတမ်း စိတ်ပူနေတာပဲ'

ဟိုကျင်းမာက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး

'စိတ်ပူရတာပေါ့ရှင်၊ ကျွန်မတို့မှာ အားကိုးအားထားဆိုလို့ ဒီမောင့်ဒီသားပဲ ရှိတာ၊ ဟိုအငယ်ဆုံးကောင်က ပညာ



သွားသင်နေတာ၊ ဘာ အားကိုးရသေးလို့လဲ၊ ဟိုကန်းစုကိုပဲ အားကိုးပြီး နေရတော့ သူ တစ်ခုခုဖြစ်မှာ စိုးရိမ်တာပေါ့'

'မစိုးရိမ်ရဘူးလို့ မဆိုလိုပါဘူး၊ နင်တို့က လွန်လွန်းအားကြီးပါတယ်၊ ဘာမှ မစိုးရိမ်နဲ့၊ နင့်အမေကို ပြောလိုက်၊ ငါ တစ်ယောက်လုံး ရှိနေတာပဲ' ဟု ယုံဝှားက စပ်ဖြီးဖြီး ပြောလိုက်၏။

ဟိုကျင်းမာက မျက်စောင်းထိုးလိုက်သည်။

'ဟင်း -အမေကြားရင် ဦးလေးယုံဝှား သက်သက် အဆဲခံရဦးမယ်၊ ကျွန်မက တိုင်ပြောလိုက်မှာ'

ယုံဝှားက လက်နှစ်ဘက် ကာပြရင်း

'အို မလုပ်လိုက်ပါနဲ့၊ ဆူညံဆူညံ အသံတွေ ကြားနေရပါဦးမယ်၊ ဟား ဟား ဟား'

ယုံဝှားက အားရှိပါးရှိ ရယ်မောလိုက်လေသည်။

ဟိုကျင်းမာလည်း ရယ်မောလိုက်သည်။

စေတနာ အာမခံဌာနဥ္ဆီ ရယ်မောသံ လွှမ်းသွား၏။

## အခန်း ၂၂။

## ပတ္တမြားပိုင်ရှင်

ကျေးရွာကြီးတစ်ရွာ။

ခရီးဝေးလမ်းမကြီးပေါ်တွင်ရှိသည့် ကျေးရွာကြီးတစ်ရွာ။

အသက်သုံးဆယ်နီးပါးရှိ ပိန်ပိန်ရှည်ရှည်နှင့်မျက်ခုံးကော ကောင်း လူတစ်ယောက်သည် ထိုရွာရှိ အရက်နှင့် စားသောက် ဆိုင်တစ်ခုတွင် အပေါစား အရက်တစ်လုံးကို သောက်နေပေ သည်။

ထိုလူသည် ယခင်က အလွန် ကြံ့ခိုင် တောင့်တင်းပုံရသော် လည်း ယခုအခါ ကျန်းမာရေး ချို့တဲ့နေပုံရ၏။

သူ၏ မျက်လုံးအစုံမှာလည်း အရောင်စူးရှမှုမရှိဘဲ မှုံခြောက် ခြောက် ဖြစ်နေသည်။



သူသည် အပေါစားအရက်အိုးကို လက်နှစ်ဘက်ဖြင့် ကိုင်၍ မော့သောက်လိုက်သည်။

သူသည် အခြားသောအစားအသောက်များကို စားသောက် လိုဟန် ရှိသော်လည်း ငွေရေးကြေးရေးကြောင့် မစားနိုင်ဘဲ ရှိနေသည်။

ထို့ပြင် သူ၏ မျက်လုံးအစုံသည် မြင်မြင်သမျှသော လူ များကို ကြည့်ရှု၍ တစ်စုံတစ်ယောက်ကို ကြောက်ရွံ့နေသည့် လက္ခဏာ ပေါ်လွင်နေသည်။

ထိုစဉ်မှာပင် သူသည် အရပ်အမောင်း ကောင်းလှသည့် မိန်းကလေး တစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရလေသည်။

ယင်း မိန်းကလေးသည် သူသောက်နေသော အရက်ဆိုင် ရှေ့နားမှ ဖြတ်သန်း၍ ရွာထဲရှိ လမ်းကလေး တစ်ခုထဲသို့ ချိုးဝင်သွားသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့်သူသည် နောက်ဆုံးလက်ကျန်အရက်ကို မော့ သောက်လိုက်ပြီး ထိုမိန်းကလေးနောက်သို့ ခပ်သွက်သွက်လိုက် သွားလေတော့သည်။

❀

အရပ်အမောင်းကောင်းသည့် မိန်းကလေး။

သူမကား ကွီဝှားပင်ဖြစ်သည်။

ကွီဝှားသည် သူမအနေဖြင့် အန္တရာယ်များ ရှိနေသည်မှာ

မှုန်သော်လည်း ဟိုကန်းစုံအတွက်ကြောင့် ဤရွာထဲသို့ ရောက်ရှိလာရခြင်း ဖြစ်လေသည်။

ဟိုကန်းစု၏ လက်နှစ်ဘက်ကို သေးကြောဖွင့် ပေးနိုင်မည့် သမားတော်တစ်ဦး ရှိမရှိကို လာ၍စုံစမ်းခြင်းဖြစ်သည်။

ထိုစဉ် သူမနောက်မှ ခြေသံကြားလိုက်ရ၏။ သူမနောက်မှ ခပ်သွက်သွက်လိုက်လာသောသူကို ရုတ်တရက်လှည့်ကြည့်လိုက်သည်။

မိမိနောက်မှ ပါလာသူကို မြင်တွေ့သောအခါ

ကွ ဝ္ဝါးသည် ရုတ်တရက် အံ့ဩဝမ်းသာသည့် အသွင်မျိုး ဖြစ်သွားသည်၊ တဆက်တည်း ထိုသူကို တစ်စုံတစ်ခု ပြောရန်ကြံစဉ်မှာပင် ထိုသူက ကွ ဝ္ဝါးထံ အရှိန်နှင့် ခုန်ဝင်လာပြီး ရုတ်တရက် ရိုက်ချလိုက်သည်။

ထိုလူ၏ မထင်မှတ်သော အပြုအမူကြောင့် ကွ ဝ္ဝါးသည် အံ့ဩထိတ်လန့်စွာဖြင့် ရှောင်တိမ်းလိုက်ရသည်။ စိတ်ထဲ၌လည်း ဗလောင်ဆူ သွားသည်။

'ဘယ်လိုလုပ်တာပါလိမ့်'

'ငါကပဲ လူမှားတာလား'

ကွ ဝ္ဝါး တွေးလိုက်မိ၏။

ထိုစဉ်တစ်ဘက်လူသည် သူ၏ရိုက်ချက်ကို ရှောင်တိမ်းလိုက်သောကြောင့် မထိဘဲ လွဲချော်သွားသဖြင့် နောက်ထပ် တိုက်ကွက်ကို ပြင်ဆင်လိုက်ပြန်၏။

ကွ ဝ္ဝါးက လက်တားလိုက်ပြီး



'နေပါဦး၊ ရှင်က ကျွန်မကို ဘာရန်ငြိုးရှိလို့လဲ'ဟု ကပျာကသီ မေးလိုက်၏။

ထိုလူက မဲ့ပြုံးပြုံးလိုက်ပြီး

'နင် ငါ့ကိုမသိဘူးမဟုတ်လား၊ နင့်ကိုငါသိတယ်၊ နင်က ခိုးတိကျစ်ရဲ့လက်ကိုင်တုတ်တစ်ယောက်ပဲ၊ နင်အခု ဘယ်သူ့ကို ဒုက္ခပေးမလို့ လိုက်လာတာလဲ'

ထိုလူကပြောပြီး တိုက်ခိုက်ရန်ပြင်စဉ် ကွ ဝ္ဝါးကလက်တားလိုက်ပြီး

'ရှင် ဒေါသမကြီးပါနဲ့လေ၊ ရှင် မျက်စိ မှုန်နေသလား၊ ကျွန်မကို သေသေချာချာ ကြည့်စမ်းပါဦး' ဟု အော်ဟစ်လိုက်၏။

သူမ၏အော်သံကြောင့် တစ်ဘက်လူမှာ ရုတ်တရက်ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် ချက်ချင်းပင် သူကတင်းမာသော မျက်နှာထားဖြင့်

'မင်းနာမည် ကွ ဝ္ဝါးမဟုတ်လား၊ မင်းဟာ ဖိမန်က စားသောက်ဆိုင်မှာ ရှုပ်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ'ဟု ပြောလိုက်၏။

ကွ ဝ္ဝါးက ပြုံးလိုက်သည်၊ ပြီးမှ

'အေးလေ ရုတ်တရက်ဆိုတော့၊ ရှင် ကျွန်မကို ဘယ်သိပါ့မလဲ၊ ဖြော် ဒါထက် ရှင့်လက်နှစ်ဘက်စလုံး ကောင်းသွားပြီနော်၊ ရှေ့လျှောက် ကျွန်မက ကြိုးနဲ့ဆွဲတင်ပေးစရာမလိုတော့ဘူးပေါ့'ဟု ပြောလိုက်၏။

ထိုအခါမှ ထိုလူသည် မိမိကိုကြိုးချပေး၍ မြေတွင်းထဲမှ ကယ်တင်လိုက်သူမှာ ထိုမိန်းကလေးဖြစ်ကြောင်း စဉ်းစားမိသွားသည်။

သူက ထိုသို့စဉ်းစားနေစဉ် ကွီဝှားက ဆက်လက်၍ပြောသည်။

'ကျွန်မကလဲ ကူညီရသေးတယ်၊ ကျွန်မမြင်းကိုလဲ ယူသွားသေးတယ်၊ အခုလဲတိုက်ခိုက်တယ်ဆိုတော့ ရှင်မလွန်ဘူးလား'

ထိုလူက စိတ်ထိခိုက်သွားသလို ခေါင်းယမ်းပြီး

'ကျုပ် မှားသွားတယ်ဗျာ၊ စိတ်မရှိပါနဲ့၊ ဒါထက် ဟိုတစ်ယောက်ရော'

ကွီဝှားက မဲ့ပြုံးလေးပြုံးလိုက်သည်။

'ရှင် ခုလိုစောစောစီးစီး သတိရတာ တော်သေးတာပေါ့၊ ဒါထက်နေပါဦး၊ ရှင့် သွေးကြောကို ဘယ်သူ ဖွင့်ပေးသလဲ၊ သူ့အတွက်လဲ အရေးကြီးနေတယ်'

'အဲဒါမှဒုက္ခပဲ' ဟု ထိုလူက ရုတ်တရက်ညည်းတွား လိုက်၏။ ပြီးမှ

'ကျုပ်ကို သွေးကြောဖွင့်ပေးတဲ့ ပုဂ္ဂိုလ်က ခရီးသည်ကြီးတစ်ယောက်ဗျ၊ သူက ခရီးဆက်သွားပြီ၊ ဒါနဲ့ဟိုလူကဘယ်သူလဲ'

ကွီဝှားက

'ဟိုကန်းစုပါ၊ သူ့အတွက်'

ကွီဝှား၏စကားမဆုံးမီ ထိုလူက အံ့သြဟန်ဖြင့်

'ဟင် သူ သူ ဟိုကန်းစု ဟုတ်လား' ဟု မေးလိုက်၏။



ထိုသူက အကြီးအကျယ် အံ့သြဟန်ဖြင့် မေးလိုက်ခြင်းကြောင့် ကွီဝှားကသူ့ကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်တာ

'ရှင် သူနဲ့သိလို့လား' ဟု ပြန်မေးလိုက်၏။

'လာဗျာ.... သူ့ဆီကို သွားကြရအောင်' ဟု ထိုသူက ကွီဝှား၏ မေးခွန်းကိုမဖြေဘဲ အလောတကြီး ပြောလိုက်သဖြင့် ကွီဝှားလည်း ထိုသူကို ဟိုကန်းစုအား ထားခဲ့သည့် နေရာသို့ခေါ်သွားရတော့သည်။

ဤသို့ဆိုလျှင် ထိုလူသည် ဟိုကန်းစု၏ မိတ်ဆွေဟောင်းလော။

ဟိုကန်းစုကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ထိုလူသည် အံ့သြဝမ်းသာသွားကာ ဟိုကန်းစု၏ပခုံးကို ပြေး၍ ဖက်လိုက်လေ၏။

'ဟေး....ဟိုကန်းစု'

ထိုလူက ဝမ်းသာအယ်လဲဖြင့် ဖက်လဲတကင်း ပြုမူသဖြင့် ဟိုကန်းစုသည် ရုတ်တရက် မည်သို့ တုံ့ပြန်ရမှန်း မသိအောင် ပင် အခက်အခဲ တွေ့သွားလေတော့၏။

အဘယ်ကြောင့် ဆိုသော် ထိုသူကို သူမသိပါ။ သူ သည် ဟိုကန်းစု အစစ်မဟုတ်သောကြောင့် ဟိုကန်းစု၏ မိတ်ဆွေများကို မသိနိုင်ပါ။

သို့သော် သူက ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း တစ်ခဏချင်း ပင် ပြန်လည်၍ ပြုံးပြလိုက်သည်။ တဆက်တည်း…

'ခြေဖြ် လက်သတ်တော့ မြေတွင်းထဲမှာ တွေ့ရတာ မင်းကိုး၊ မှောင်မည်းနေတာကလဲ တစ်ကြောင်း၊ တို့ကလဲ လေသံနဲ့စကားပြောနေရတော့ မင်းအသံကို မမှတ်မိဘူး ဖြစ်သွားတယ်၊ တို့နှစ်ယောက်ပြန်ဆုံရတာ အံ့ဩစရာပဲဟော့' ဟု ခပ်တည်တည်ဖြင့် ဖြီးလိုက်၏။

ထိုလူက ဝမ်းသာအားရပြောနေသော်လည်း ဟိုကန်းစုက ခပ်ကြောင်ကြောင် ဖြစ်နေသည်ကို ကွ၀ီဝှား ရိပ်စားမိလိုက်သည်။

ဟိုကန်းစု၏အခြေအနေကို ကောင်းကောင်း သတိထားမိသောကွ၀ီဝှားက ထိုသူ မည်သူမည်ဝါဖြစ်ကြောင်း ဟိုကန်းစု သိအောင် မိမိကြားဝင်မှ ဖြစ်မည်ဟု စဉ်းစား မိလိုက်ပြီး—

'ဒီမှာ မြင်းယူသွားတဲ့ လူကြီးရဲ့၊ ရှင့်နာမည်လဲ ကျွန်မကို ပြောဦးမှပေါ့'ဟု ဖြတ်၍ မေးလိုက်၏။

ထိုအခါ ယင်းလူက လှည့်ကြည့်၍—

'ဟာ…ဟုတ်သားပဲ၊ ခင်ဗျားက ကျုပ်နာမည်ကို ဘယ်သိပါ့မလဲ၊ ကျုပ် ကျူးရှုံးလေ၊ ခင်ဗျားတို့အထက်ကလူတွေက ကျူးရှုံးဆိုတဲ့လူကို ဖမ်းထားမှန်း ခင်ဗျားတို့ကိုအသိမပေးဘူးလား'ဟု ပြောလိုက်၏။

ကျူးရှုံး။

ဟိုကန်းစု၏ မိတ်ဆွေ ကျူးရှုံး။



ထိုသူသည် သူဝယ်ယူထားသည့် ပတ္တမြားကို ဟိုကန်းစု လက်ထဲသို့ထည့်၍ ပြေးခိုင်းခဲ့သည့် ကျူးရှုံး ဖြစ်နေသည်ကို ဟိုကန်းစု သိရှိလိုက်၏။

'ကျူးရှုံး မင်းရဲ့လက်တွေကို ဘယ်သူက သေးကြောဖွင့်ပေးသလဲဆိုတာ အရင်ပြောစမ်းပါဦး'ဟု မေးလိုက်၏။

ဟိုကန်းစုက ကျူးရှုံးကို ရင်းရင်းနှီးနှီးအသွင်ဖြင့် ဆက်ဆံလိုက်ရတော့သည်။

ကျူးရှုံးက ဝမ်းသာနေသဖြင့် ဟိုကန်းစု ခဏ တဖြုတ် ကြောင်တက်တက်ဖြစ်သွားသော အပြုအမူကို ရိပ်စားမိခြင်း မရှိဘဲ။

'အဲဒီကိစ္စ ခက်နေတာပေါ့ကွ၊ အဲဒီ လူကြီးက ခရီးဆက်သွားပြီကွ၊ မင်း မပူပါနဲ့၊ သူ့ကို မတွေ့တော့လဲ တခြား တစ်ယောက်ကိုတွေ့အောင် ငါကူညီပါ့မယ်'ဟု ရင်းရင်းနှီးနှီး ပြောလိုက်၏။

သူက ထိုသို့ပြောပြီး ဟိုကန်းစုကို ပြုံး၍ကြည့်ကာ…

'ဟိုကန်းစု ငါ့ပစ္စည်း မင်းဆီမှာ ရှိတယ်မဟုတ်လား' ဟု မေးလိုက်၏။

ထိုမေးခွန်းကြောင့် ခေါင်းနပန်းကြီးသွားရသူမှာ ဟိုကန်းစု ပင်ဖြစ်တော့သည်။

ပြဿနာကိုဖြေရှင်းရန် နည်းလမ်းတစ်ခုရှိသည်။

ထိုနည်းလမ်းမှာ သူ၏ဘဝမှန်ကို ရှင်းပြရန် ဖြစ်သည်။

သို့သော် ကျူးရှုံးက ယုံပါမည်လား။

ကျူးရှုံး ယုံသည် မယုံသည်မှာ ကျူးရှုံး၏ အလုပ်ဖြစ်သည်။

မိမိအနေဖြင့် ကျူးရှုံးကို အမှန်အတိုင်း ရှင်းပြရမည်သာ ဖြစ်သည်။

သူက ထိုသို့ တွေးတောနေစဉ်မှာပင် ကျူးရှုံးကသူ၏အဖြစ်အပျက်များကို ရှေးဦးစွာ ပြောပြနေသည်။

'မင်းကို ငါ လွှတ်တာ လွှတ်လိုက်ရတယ် နည်းနည်းမှ စိတ်မချဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းနောက်ကို တခြား တစ်ယောက်လိုက်သွားတာကို ငါ တိုက်နေရင်းနဲ့ လှမ်းမြင်လိုက်တယ်'

ဟိုကန်းစုနှင့် ကွိးဝှားက နားထောင်နေသည်။

'မြွေစိမ်း ဖိလောက်ဟန်နဲ့ မြွေဝါရန်ဝူးကလဲ ရန်သူကို ကြုံးစားပမ်းစားပဲ ဝိုင်းဝန်းကူညီတိုက်ခိုက်ပါတယ်၊ ဒါပေမယ့် ရန်သူက အကူအညီတွေ ထပ်ရောက်လာတော့ တို့သုံးယောက် မတတ်သာလို့ ပြေးရတယ်၊ အဲဒီမှာတင် လူတွေလဲ ကွဲသွားတယ်၊ ငါ့နောက်ကိုလိုက်တဲ့ရန်သူတွေဟာ တော်တော် ဇွဲကြီးတဲ့ လူတွေပဲ၊ တစ်လ နှစ်လလုံးလုံး ရှောင်တိမ်း နေပေမယ့် နောက်ဆုံးတော့ သူတို့က ဖမ်းမိသွားပြီး ငါ့ပစ္စည်းကို မရမက တောင်းနေတယ်၊ နောက်ပိုင်းမှာ ငါကလဲ တင်းမခံနိုင်တော့ တာနဲ့ အမှန်အတိုင်း မင်းရဲ့ လက်ပါသွားတယ်လို့ ဖွင့်ပြော



တာကို နဂါးဟုတ်တူက မယုံကြည်တဲ့ လက်နှစ်ဘက်သွေးကြောဖိတ်ပြီး မြေတွင်းထဲမှာ ပိတ်လှောင်ထားခဲ့တာပဲ'

ကျူးရှုံးက သူ့ အဖြစ်များကိုပြောပြသည်မှာ စိတ်မကောင်းစရာပင် ဖြစ်တော့သည်။

'နေပါဦး၊ မင်းက ဖိခန့်ကို ဘယ်လိုရောက်လာတာလဲ၊ ငါ့ပစ္စည်းရော လုံလုံခြုံခြုံရှိရဲ့လား'

ကျူးရှုံး၏ အမေးစကားကြောင့်

ဟိုကန်းစုနှင့် ကွိဝှားတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။

အတန်ကြာမှ

ကွိဝှားက သက်ပြင်းချကာ ဟိုကန်းစုံကိုကြည့်ကာ

'အစ်ကို၊ သူ့ကို အမှန်အတိုင်း ပြောပြလိုက်ပါလား' ဟု တိုက်တွန်းလိုက်၏။

ကွိဝှား၏စကားကြောင့်

ကျူးရှုံးသည် သူတို့နှစ်ယောက်ကို ဆတ်ခနဲကြည့်၍

'ဘာလဲ၊ ငါအပ်ထားတဲ့ပစ္စည်းမရှိဘူးလား၊ ဟုတ်လား ဟိုကန်းစု'

အလေးတကြီး မေးလိုက်၏။

ဟိုကန်းစုက ခေါင်းညိတ်၍

'ပစ္စည်းဆိုတာလဲ မရှိဘူး၊ ဟိုကန်းစုံဆိုတာလဲ မရှိတော့ဘူးဗျ'

ဟု ပြောလိုက်၏။

ဟိုကန်းစု၏ စကားကြောင့် ကျူးရှုံးသည်

'ဘာ' ဟု မျက်နှာကြီး နီမြန်း၍ ဒေါသဖြင့် အော်ဟစ်လိုက်သည်။

ကွမ်ဝှားက ကြားဝင်၍

'ရှင် ခဏသည်းခံပြီး နားထောင်ပါ' ဟု ပြောလိုက်သော်လည်း ကျူးရုံးက လက်မခံဘဲ

'ဟိုကန်းစု မရှိတော့ဘူးဆိုတာက ဘာစကားလဲ'

ဟု ပြန်လည်၍ အော်ဟစ်လိုက်သည်။

ဟိုကန်းစုက

'ဒီလိုပါ ကျူးရုံး၊ ကျုပ် သေသေချာချာ ရှင်းပြပါ့မယ်'

ဟု ပြောလိုက်၏။

ထို့နောက်

ဟိုကန်းစုသည် ကျူးရုံးအား မိမိ ကြုံတွေ့ဖြတ်သန်းလာခဲ့ရသည့်အဖြစ်အပျက်အမှန်ကို ခရေစေ့တွင်းကျ ရှင်းပြပြောဆိုလိုက်လေတော့သည်။

'အဖြစ်ကတော့ အဲဒါပဲ'ဟု စကားကို အဆုံးသတ်လိုက်၏။

ဟိုကန်းစု၏ စကားဆုံးသွားသော်လည်း ကျူးရုံးသည် စိတ်ကျေနပ်ဟန် မပြပေ။

သူ၏စိတ်ထဲ၌ မိမိရှေ့တွင် ထိုင်နေသော ဟိုကန်းစုသည် မိမိကို ခပ်တည်တည်နှင့် လိမ်လည်နေသည်ဟု ထင်မြင်နေ၏။



ထို့ကြောင့်

'ခင်ဗျား ကျုပ်ကို ပိပိရိရိနဲ့ ညာနေတာတော့ မဟုတ်ပါဘူးနော်'

ဟု မေးလိုက်ရာ

ဟိုကန်းစု၏စိတ်ထဲ၌ ခံပြင်းသွားလေတော့၏။

ထို့ကြောင့် ဟိုကန်းစုသည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး

'ခင်ဗျားအနေနဲ့ ဟိုကန်းစုရဲ့ဘဝကို အသိဆုံးပါ၊ သူ့မိသားစုအတွက် ကျွန်တော် အနစ်နာခံပြီး သရုပ်ဆောင်ပေးနေရတယ်ဆိုတာ သဘောပေါက်ဖို့ကောင်းပါပြီ'

ဟု ပြောလိုက်၏။

ကျူးရုံးသည် ဟိုကန်းစုက မည်သို့ရှင်းပြနေစေကာမူ သူ၏စိတ်ထဲ၌ သံသယစိတ်များ ပျောက်သွားခြင်း မရှိပါ။

ထို့ပြင် အရက်ကို သောက်ထား သဖြင့်လည်း အတော်ကလေးမူးနေသောကြောင့် အပြောရခက်နေခြင်းလည်းဖြစ်၏။

ကြာသော် ကွမ်ဝှားက မခံချင်စိတ်များ ပြင်းထန်လာပြီး

'ဒီမှာ ကျူးရုံး၊ ရှင့်အနေနဲ့မယုံဘူးထင်ရင် သမားတော်ကြီးဟူစင်းကို သွားမေးလိုက်ဖို့ကောင်းတယ်၊ အဲဒီအခါကျရင် သမားတော်ကြီး ဟူစင်းက ဟိုကန်းစုရဲ့မြေပုံကိုလဲပြမယ်၊ ဟိုကန်းစု အဆိပ်သင့်ပုံကိုလဲ ပြောပြလိမ့်မယ်၊ ဒါဆိုရင် ရှင့်အနေနဲ့ ရှင်းသွားမှာပါ'ဟု ဝင်ပြောလိုက်၏။

ကျူးရုံးက မဲ့ပြုံးပြုံးလိုက်သည်။

'ဒါက မင်းတို့ ပါးစပ်ထဲရှိတာတွေ ပြောနေကြတာပဲ၊ အဖိုး

ထိုက်တန်တဲ့ ပတ္တမြားတစ်လုံးရဖို့ဆိုရင် ငါလဲ လိမ်လည်ဖို့ သိပ် ဝန်လေးမှာ မဟုတ်ဘူး'

ထိုစကားကြောင့် ကွီဝှားမှာ အလိုလိုနေရင်း ဒေါသများ ထွက်လာလေတော့သည်။

သို့ဖြစ်၍

'ရှင် မယုံဘူးဆိုလဲ မတတ်နိုင်ဘူး'ဟု ဘုဆတ်ဆတ် ပင် ပြောလိုက်လေတော့သည်။

ကျူးရှုံးက

'ကျုပ် မယုံဘူး ဆိုတာက ဟိုကန်းစု သေတာ မသေတာ ကျုပ်နဲ့ မဆိုင်ဘူး၊ မင်းတို့ရဲ့ စကားအရ မင်းဟာ ဟိုကန်းစု အတုဆိုတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ပတ္တမြားကတော့ မင်းလက်ထဲမှာပဲ ရှိနေရမယ်'

ဟု စွပ်စွဲလာသော စကားကို ပြောလိုက်၏။

ထိုစကားကြောင့် ဟိုကန်းစုသည် အတော်ပင် ဒေါသထွက် သွားသည်။

သူ၏ လက်နှစ်ဖက်သာ ဘောင်းနေပါက ကျူးရှုံး၏ မျက်နှာကို ထ၍ထိုးမိမှာ အမှန်ပင် ဖြစ်တော့သည်။

ကျူးရှုံးသည် မတ်တတ်ရပ်လိုက်ပြီး အံတစ်ချက်ကြိတ်ကာ ဟိုကန်းစုကို စူးစိုက်ကြည့်၍

'မင်းဟာမင်း ဟိုကန်းစု အစစ်ပဲဖြစ်ဖြစ်၊ အတုပဲဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူး၊ ဒါပေမယ့် ဟိုမြင်းညိုကြီးကတော့ ဟိုကန်းစုရဲ့မြင်းဖြစ်တာ အမှန်ပဲ၊ ဒါကို မင်း ငြင်းချင်သလား'ဟု ပြောလိုက်၏။



ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။

'ကျုပ် မငြင်းပါဘူး၊ အဲဒါ သူ့မြင်းပဲ၊ ခင်ဗျား လိုချင် သပဆိုလဲ ယူသွားပေါ့'

'ယူရမယ်၊ ယူရမယ်၊ သေသွားပါပြီဆိုတဲ့ ဟိုကန်းစုဆီက ပတ္တမြားကိုလဲ ငါ ရအောင်ပြန်ယူရမယ်'ဟု အော်ဟစ်လိုက်၏။

ထို့နောက် ကျူးရှုံးသည် အရူးတစ်ယောက်ကဲ့သို့ ဗျစ်တောက်ဗျစ်တောက် ပြောဆိုကာ မြင်းညိုကြီးကိုစီး၍ ထွက်သွားလေတော့၏။

'အင်း၊ ဒီလူ သူ့ရဲ့ ပတ္တမြားအတွက်နဲ့ စိတ်များ နောက်သွားပြီလား မသိဘူး'

ကွီဝှားက မှတ်ချက်ချလိုက်လေသည်။

ဟိုကန်းစုက ဘာမှမပြောဘဲ စိတ်ပင်ပန်းသလို ဦးခေါင်းကိုသာ တွင်တွင်ခါယမ်းမိလိုက်လေတော့သည် မဟုတ်ပါလား။

'ကွီဝှား၊ မင်း ဘာတွေတွေးနေတာလဲ'

ကျူးရှုံး ထွက်သွားသည်ကို ငေးမောကြည့်၍ ငိုင်နေသော ကွီဝှားကို ဟိုကန်းစုက မေးလိုက်ခြင်း ဖြစ်သည်။

'ကျွန်မ အစ်ကို့အတွက် စဉ်းစားနေတာပါ'

'ဘာလဲ၊ သွေးကြောဖွင့်ပေးမယ့်လူကိုလား'

သူမက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ အဲဒီကိစ္စက အရေးအကြီးဆုံးပဲ မဟုတ်လား၊ သူ့ထက် အရေးကြီးတာ ရှိသေးလို့လား'

ဟိုကန်းစုက ကွိဝါးကို ပြုံးပြလိုက်ရင်း

'မပူပါနဲ့၊ ကျုပ်တို့ သမားတော်ကြီး ဟူစင်းဆီကို ရောက်အောင်သွားမယ်၊ သူ့အနေနဲ့ တတ်နိုင်လိမ့်မယ်လို့ ထင်တာပဲ'

ကွိဝါးက

'သမားတော်ကြီး ဟူစင်းက ဘယ်မှာလဲ၊ အဝေးကြီးလား'

ဟိုကန်းစုက မျက်နှာကိုမော့၍ အနည်းငယ် စဉ်းစားလိုက်ပြီး

'အင်း သုံးရက်လောက်တော့ သွားရလိမ့်မယ်နဲ့ တူတယ်'

ကွိဝါး စိတ်ပျက်သွားသည်။

'ဟင်…ဒုက္ခပါပဲ၊ မြင်းသာ ရှိရင် ဒီလောက်ပင်ပန်းမှာ မဟုတ်ဘူး'

ဟိုကန်းစုက ပြုံး၍

'မပူပါနဲ့၊ ဒီကနေသွားရင် ပိုင်ချုံးမြို့က ဝေးတာမှ မဟုတ်ဘဲ၊ အဲဒီရောက်ရင် မြင်းနှစ်ကောင် ဝယ်လိုက်ရုံပေါ့'

'ငွေကရှိဦးမှကိုး၊ ကျွန်မမှာ'

ဟိုကန်းစုက

'ကျုပ်က အာမခံဌာနမှူး တစ်ယောက်ပါ၊ ဘယ်မြို့ကို ရောက်ရောက် ငွေမရှားပါဘူး၊ ကဲ သွားစို့'



သူတို့နှစ်ယောက် သုံးနာရီလောက် ခရီးပြင်းနှင်လိုက်ရာ ပိုင်ချုံးမြို့သို့ ရောက်ရှိလာ၏။

ချီလုယန်းက စားသောက်ဆိုင်တစ်ခုတွင် ဝင်ရောက် နားခိုနေခဲ့ပြီး ကွိဝါးကို မြင်းရရှိမည့် သူ၏မိတ်ဆွေထံသို့လွှတ်လိုက်သည်။

ခဏအကြာတွင် ကွိဝါးသည် မြင်းနှစ်ကောင်နှင့်အတူ ထမင်းဆိုင်ထဲသို့ ပြန်ရောက်လာခဲ့၏။

'ဘယ့်နှယ်လဲ အဆင်ပြေတယ် မဟုတ်လား'

ကွိဝါးက မောပန်းစွာဖြင့်ပင် ခေါင်းညိတ်လိုက်၍

'အဆင်ပြေပါတယ်၊ အစ်ကို့မိတ်ဆွေတွေက မဆိုးပါဘူး၊ မြင်းနှစ်ကောင်အပြင်လိုအပ်တဲ့ငွေတွေကိုပါ ပေးလိုက်သေးတယ်၊ ဆိုးတာက ကျွန်မ မိတ်ဆွေတွေပဲ'

ဟိုကန်းစုက မျက်မှောင်ကြုတ်၍ သူမကိုကြည့်ကာ

'ဘာ မင်းရဲ့မိတ်ဆွေတွေ ဟုတ်လား'

ကွိဝါးက အနားသို့ တိုးကပ်ပြီး လေသံတိုးတိုးဖြင့်

'ဟုတ်တယ်၊ ခုံးတိကျားရဲ့ လူတွေကို ကျွန်မ တွေ့ခဲ့တယ်၊ ဒီမြို့ထဲမှာ လမ်းလျှောက်ဖို့တောင် ခပ်ခက်ခက်ဖြစ်နေပြီ'

ဟိုကန်းစု သူမကို မျက်လုံးအနည်းငယ်ပြူး၍ ကြည့်လိုက်ပြီး

'ဟုတ်တာပေါ့၊ မင်းကို ခုံးတိကျားနဲ့ နဂါးဟုတ်တူတို့က လိုက်စုံစမ်းနေမှာ အမှန်ပဲ'

'သခင်ကြီးကျိုးရဲ့ လက်မရှိ လူသတ်သမားတွေက သူတို့ထက် ဆိုးလိမ့်ဦးမယ်'

'ဟူး'

ဟိုကန်းစုသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ကွမ်ဝိုင်း၊ အတွက် ရင်လေးသွားသည်။

ထိုစဉ် ဟိုကန်းစုသည် တစ်စုံတစ်ရာကို ရုတ်တရက် သတိရ လိုက်သည်။

ထို့ကြောင့် သူက

'ဟာ သတိရပြီ၊ ဒီလိုလုပ်'

ကွမ်ဝိုင်းက

'ဘယ်လိုလဲ'

ဟိုကန်းစုက ထိုင်ရာမှထ၍

'တို့ခရီးဆက်ကြမယ်၊ သမားတော်ကြီး ဟူစင်းဆီကို သွားရင်း လမ်းမှာ မင်းအတွက် အဆင်ပြေအောင် ငါစီစဉ်ပေးမယ်' ဟု ပြောလိုက်လေတော့သည်။

❀

အခန်း ၂၃။

## ဘဝအပြောင်းအလဲ

မြင်းနှစ်ကောင်သည် မောကြီးပန်းကြီးနှင့်ပင် သမားတော်ကြီး ဟူစင်း၏ ဂေဟာသို့ ဝင်ရောက်လာ၏။

သမားတော်ကြီးဟူစင်းက ချီလုယန်းကို မှတ်မိသွားသည်။

'ဩော် မောင်ရင်၊ ကျုပ်ဆီကို လာပြန်ပြီလား'

သမားတော်ကြီး ဟူစင်းသည် လှမ်း၍နှုတ်ဆက်ပြီးသည်နှင့် ချီလုယန်းနှင့်အတူ ပါလာသောလူငယ်ကို ကြည့်လိုက်ပြီး

'သူအရော လမ်းမှာ ဒုက္ခရောက်လာတဲ့လူပဲလား'

သမားတော်ဟူစင်းက ထိုသို့မေးမြန်းခြင်းမှာ ချီလုယန်းသည် ဟိုကန်းစုအား အဆိပ်ဒဏ်ရာနှင့် ခေါ်လာခဲ့ပုံကို သတိရ၍ မေး လိုက်ခြင်း ဖြစ်သည်။

ဟိုကန်းစု ခေါင်းယမ်း၍

'သူက လူမမာ မဟုတ်ပါဘူး၊ လူမမာက ကျွန်တော်ပါ'

သမားတော်ကြီးဟူစင်းသည် ယခုမှ ဟိုကန်းစုကို သေသေချာချာ ကြည့်လိုက်ရာ တွဲလောင်းကျနေသော လက်နှစ်ဘက်ကို သတိပြုမိလိုက်လေသည်။

'ဟင်၊ မင်း လက်နှစ်ဘက်က သွေးကြောပိတ်ခံလာရပြန်ပြီနဲ့ တူတယ်'ဟု မေးလိုက်သည်။

ဟိုကန်းစု ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် ဒီကိုလာရကျိုးနပ်မယ်လို့ ထင်ပါတယ်'

သမားတော်ကြီးဟူစင်းသည်သက်ပြင်းတစ်ချက်ချလိုက်ရင်းမှ ဟိုကန်းစု၏ အင်္ကျီကိုလည်း သူကိုယ်တိုင် ချွတ်လိုက်လေသည်။

ထို့နောက် သူ၏ပါးစပ်မှ ဗျစ်တောက်ဗျစ်တောက်နှင့် ပြောလိုက်သော စကားကြောင့် ဟိုကန်းစု အံ့ဩသွားရလေတော့၏၊

'အင်း ခုတလော လူတွေဘာဖြစ်နေကြတာလဲ၊ မနေ့ကလဲ လမ်းခရီးတစ်ခုမှာ လူငယ် တစ်ယောက် မင်းလိုပဲ ဖြစ်နေလို့ ငါလုပ်ပေးခဲ့ရပြီးပြီ'

ဟု သမားတော်ကြီးက ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစကားအရ ကျုံးရုံးကို သွေးကြော ဖွင့်ပေးလိုက်သည့် ခရီးသည်ကြီးမှာ သမားတော်ကြီး ဟူစင်းပင် ဖြစ်နေသည်ကို ဟိုကန်းစုတို့ သိလိုက်ရသည် မဟုတ်ပါလား။

သို့သော် ဟိုကန်းစုနှင့် ကွီဝှားသည် ထိုအကြောင်းနှင့် ပတ်သက်၍ ဘာမှမပြောဘဲ မသိဟန်ပြု၍ နေလိုက်၏။



သမားတော်ကြီး ဟူစင်းသည် သူ၏လက်မ၊ လက်ညှိုးတို့နှင့် ဟိုကန်းစု၏ ကျောပြင်နေရာအချို့ကို ထောက်လိုက်သည်။

မျက်ခနဲ တစ်ချက် ဖြစ်သွားပြီး ဟိုကန်းစု၏ လက်များ လှုပ်ရှား၍ ရသွားသည်။

ဟိုကန်းစု ဝမ်းသာသွားသည်။

ကွီဝှားက ဟိုကန်းစုထက် ပို၍ ဝမ်းသာသွားသည်။

'မင်းကရော၊ ဘာရောဂါရှိသေးလဲ'

သမားတော် ဟူစင်းသည် ကွီဝှားကို ယောကျ်ားလေး တစ်ဦးဟု ထင်မြင်သွားသည်။

ကွီဝှားက ခေါင်းယမ်းလိုက်သည်။

'ကျွန်တော် ဘာမှ မဖြစ်ပါဘူးဗျ'

ဟိုကန်းစု ပြုံးလိုက်သည်။

သူ ပြုံးခြင်းမှာ အခြားမဟုတ်ပေ။ ကွီဝှား၏ပြောပုံဆိုပုံကို သဘောကျ၍ ဖြစ်သည်။

ယခုဆိုလျှင်

ကွီဝှားသည် မိန်းကလေး တစ်ယောက် ဖြစ်ကြောင်း ဟိုကန်းစုမှ လွဲ၍ အခြားသူများ မသိရှိနိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော်၊ ချီလုယန်းအဖြစ်မှ ဟိုကန်းစုအဖြစ်သို့ မျက်နှာဖုံး တပ်ဆင်ပေးခဲ့ဖူးသော ပိုဂိုလ်ကြီးသည် ကွီဝှား

ကိုလည်း ကြမ်းတမ်းခက်ထန်သည့် အသွင်သဏ္ဍာန်မျိုး ရှိသည့် ယောကျာ်းတစ်ဦး၏ သဏ္ဍာန် ဖန်တီးပေးလိုက် သောကြောင့် ဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီးက မှာကြားလိုက်သည်မှာ

'ကျုပ်ကိစ္စကတော့ ပြီးပါပြီ၊ ကျန်တဲ့ ကိစ္စကတော့ မင်း ဟာမင်း ဖန်တီးရလိမ့်မယ်၊ စကားကို ယောကျာ်းတစ်ယောက်နဲ့ တူအောင် ပြောတတ်ဖို့ရယ်၊ နောက်တစ်ခုကတော့ မင်းခန္ဓာ ကိုယ်ကို မင်းပြန်ကြည့်ပေါ့၊ တချို့နေရာတွေကို ဖုံးဖိထားဖို့ လိုအပ်လိမ့်မယ်'

ထိုသို့ပြောစဉ်က ကွီဝှားခါ၏မျက်နှာသည် မဖော်ဝံ့ဘဲနေခဲ့ လေသည်။ ယခုတော့မည်း သူ့ဟာသူ အဆင်ပြေချောမော နေသည်ကို တွေ့ရသောအခါ ဟိုကန်းစု ကျေနပ်သွားမိသည်။

သူမကို ကွီဝှားပါဟု မည်သူကမှ မသိရှိနိုင်တော့ပါ။

နာမည်ကလည်း ချီဝှားဖြစ်သွားတော့သည်။

❀

ဟိုကန်းစုသည်

သူ့ကို အဆိပ်အပ်နှင့် လုပ်ကြံစဉ်က ရရှိထားသည့် အဆိပ် အပ်နှစ်ချောင်းကို ဘူးကလေးနှင့် ထည့်ထားခဲ့သည်။

ယခု ထို ဘူးကလေးကို သမားတော်ကြီး ဟူစင်းအား ပေးအပ်လိုက်သည်။



'ဟာ အတော်ပဲ၊ ငါ အဲ့ဒီအဆိပ်ကို လိုချင်နေတာကွ၊ ငါ ဖော်စပ်ထားတဲ့ ဖြေဆေးကို စမ်းသပ်ကြည့်ချင်လို့'

သမားတော်ဟူစင်းသည် ဝမ်းသာအားရနှင့် ပြောဆိုကာ အဆိပ်အပ်နှစ်ချောင်းအနက် တစ်ချောင်းကို ထုတ်ယူလိုက်၏။

ဆရာကြီး ဟူစင်းသည် သားရေလက်အိတ် စွပ်ထားသော ကြောင့် အဆိပ်အပ်ကို ရဲတင်းစွာကိုင်တွယ်၍ စစ်ဆေးကြည့်ရှု ပြီးနောက်၊ သူမွေးထားသည့် အဖြူရောင် ခွေးတစ်ကောင်ကို လှမ်းခေါ်လိုက်သည်။

အဖြူရောင် ခွေးပုမလေး သူ့အနားသို့ ရောက်လာသည်နှင့် အဆိပ်အပ်ကို ထိုးထည့်လိုက်သည်။

ခွေးမလေးမှာ ဟင်ကိန်ကိန် အော်ဟစ်ရင်းမှ တုံးလုံး လဲကျ သွားသည်။

ခွေးမလေး၏ နှုတ်သီးဖျားနှင့် လျှာများလည်း ညိုမည်း လာသည်ကို စိတ်မကောင်းစရာ တွေ့လိုက်ရလေသည်။

ဆရာဟူစင်းသည် သူ၏နဖူးမှ ချွေးသီးချွေးပေါက်များကို မသုတ်အားပါ။

သူသည် ခွေးကလေး၏ ရင်ညွန့်တွင် စိုက်ဝင် နေသော အပ်ကို ပြန်၍ ဆွဲနှုတ်လိုက်သည်။

ထို့နောက် စိမ်းဖန့်ဖန့်အမှုန့်များကို ဘူးကလေး အတွင်း မှ ထုတ်ယူကာ ထိုနေရာတဝိုက်သို့ သုတ်လိမ်းပေးလိုက်သည်။

ထိုအချိန်၌ ခွေးကလေး၏ ပါးစပ်မှ အမြှုပ်တစီစီ ထွက် နေပြီ ဖြစ်လေသည်။

သမားတော်ဟူစင်းသည် ခွေးပါးစပ်ထဲသို့ ဆေးလုံးတစ်လုံးကို ထိုးထည့်ပေးလိုက်ပြန်သည်။

ကွမ်ဝှားနှင့် ဟိုကန်းစုတို့သည် အသက်ရှူရန်ပင် မေ့လျော့ကာ ငေး၍ ကြည့်နေမိကြ၏။

ခွေးမလေးသည် မျက်လုံးအပြူးသားနှင့် အသက်ကို ခက်ခဲစွာရှူနေပေသည်။

ခွေးမလေးကို အားလုံး အာရုံစိုက်၍ ကြည့်နေစဉ်မှာပင် တုံးလုံးလဲနေသော ခွေးမလေးသည် တဖြည်းဖြည်းချင်းပြန်ထကာ ဒယီးဒယိုင်ဖြင့် ပြေးလွှားသွားလေတော့သည်။

သမားတော်ကြီး ဟူစင်းသည် ဝမ်းသာအားရဖြင့် ပါးစပ်ကြီးဟာသွားသည်။

'မသေဘူး၊ ငါ့ခွေးမလေးမသေတော့ဘူးကွ၊ ဒီအဆိပ်ကို ငါကောင်းကောင်းနိုင်ပြီ'ဟု ဝမ်းသာအားရအော်ဟစ်လိုက်၏။

ဟိုကန်းစုတို့မှာလည်း အလွန်အမင်း ဝမ်းသာသွားကြ၏။

'ဒီအဆိပ်က ဘယ်လိုအဆိပ်မျိုးလဲ ဆရာကြီး'

'အေး ငါလဲ အဲဒါပြောမလို့ပဲ၊ ဒီအဆိပ်ကို ဖော်စပ်တဲ့လူဟာ အင်မတန်စိတ်ကူးကောင်းပြီး ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲကွ၊ အထူးသဖြင့် သူ့အဆိပ်ထဲမှာမြွေအဆိပ်တွေကို အများဆုံး အသုံးပြုထားတယ်'

သမားတော်ကြီး ဟူစင်း၏စကားကြောင့် ဟိုကန်းစုသည် မိမိအား ပိတ်လှောင်ခံရသည့် မြေကျင်းထဲမှမြွေများကို သတိရလိုက်မိသည်။



သမားတော်ကြီးက ဆက်၍

'ငါ့အနေနဲ့ဒီအဆိပ်ဖြေဆေးကို ဖော်စပ်နိုင်လို့အဲဒီပုဂ္ဂိုလ်ကတော့ ငါ့ကို ကျေနပ်မှာမဟုတ်ဘူး၊ ဒါပေမယ့် ငါဂရုမစိုက်ပါဘူး၊ သူ့ဖြေဆေးကို ရရှိထားပြီပဲ'

ဟိုကန်းစုက

'မပူပါနဲ့ဆရာကြီး၊ ဒီဒုစရိုက်သမားကို ကျွန်တော်ဖော်ထုတ်ပါ့မယ်'

ဟူစင်းက ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

'ကောင်းတယ်၊ တိုင်းပြည်မှာ ဒီလိုဒုစရိုက်သမားမျိုး မရှိသင့်ဘူး၊ မင်းလဲ ဒီအဆိပ်ဖြေဆေးကို လိုရမယ်ရဆောင်ထားပါ'

ဟူစင်းက ဆေးဘူးကလေးကို ဟိုကန်းစု၏ လက်သို့အပ်လိုက်လေသည်။

ထိုစဉ်

'နောင်' ဟူသော မောင်းသံတစ်ချက်ကြားလိုက်ရ၏။

ထို့နောက်သမားတော်ကြီး ဟူစင်းက ပြုံးလျက်

'ကဲ တို့ညစာ စားကြရအောင်'ဟု သူတို့အား ဖိတ်ခေါ်လိုက်လေတော့၏။

သမားတော်ကြီး၏ခြံဝင်းက ကြည်နူးသာယာစရာကောင်းလှသည်။

ဆေးဝါးပင်များကို စနစ်တကျ စိုက်ပျိုးထားသည့် အပြင် ပန်းမန်များကလည်း စုံလင်လှပေသည်။

ပန်းခြံထဲရှိ ခုံတန်းလျားပေါ်၌ ဟိုကန်းစု ထိုင်နေစဉ် သူ့အနားသို့ ကွိဝှားရောက်ရှိလာ၏။

ကွိဝှား၏ မျက်နှာက စပ်ဖြီးဖြီး ဖြစ်နေသဖြင့် ဟိုကန်းစုက

'မင်း ဘာတွေသဘောကျလာသလဲ' ဟု မေးလိုက်၏။

ကွိဝှားက ခစ်ခနဲ တစ်ချက်ရယ်ကာ ခပ်လှမ်းလှမ်းတွင် ရှိနေသော အိမ်အပုကလေးတစ်လုံးကို သက်ညှိုးထိုးပြရင်း

'ဟိုအထဲမှာ ခြံအလုပ်သမားကလေး နှစ်ယောက်နေတယ်၊ သူတို့က ဒီညသူတို့နဲ့အတူ လာအိပ်ပါလားလို့ ဖိတ်ခေါ်နေလို့ပါ'

ဟိုကန်းစုက ပြုံးလိုက်သည်။

'ဟာ ကောင်းသားပဲ၊ မင်းသွားအိပ်သင့်တာပေါ့၊ သူတို့က ခင်မင်လို့ ခေါ်တာပဲ'

'အစ်ကိုနော်'

ကွိဝှားက ပြောပြီး ဟိုကန်းစု၏ ကျောကို မနာအောင် လှမ်းထုလိုက်သည်။

ထို့နောက် သူမသည် အတန်ကြာအောင် စကားမပြောဘဲ တိတ်ဆိတ်နေပြီးမှ သက်ပြင်းချလိုက်၏။

ဟိုကန်းစုက ကြားသွားပြီး

'မင်းဘာတွေ စဉ်းစားနေသလဲ'



သူမသည် သက်ပြင်းတစ်ချက်ကို ထပ်မံ၍ချလိုက်ပြန်၏။

ပြီးမှ

'ကျွန်မ'

ဟိုကန်းစုက လက်ကာပြရင်း

'ဟင်း ဟင်း မင်းမမေ့နဲ့လေ' ဟု သတိပေးလိုက်၏။

သူမက သတိရသွားပြီး ပြုံးလိုက်သည်။

ပြီးမှ

'အင်း ကျွန်တော်က ရှေ့လျှောက်မယ့်ခရီးကို စဉ်းစားနေရတာပေါ့ဗျာ' ဟု လေးလေးနက်နက် ပြောလိုက်၏။

ဟိုကန်းစုက သူမဘက်သို့ သေသေချာချာ လှည့်၍ ကြည့်လိုက်သည်။

'အင်း ဟုတ်သားပဲ၊ မင်း ငါ့အတွက်နဲ့ ထွက်လာခဲ့ရတယ်၊ ခုဘာဆက်လုပ်မယ် စိတ်ကူးသလဲ' ဟု မေးလိုက်၏။

ကွိဝှားက

'ကျွန်တော့် ရည်ရွယ်ချက် ပျက်သွားတယ်'ဟု ပြောလိုက်သဖြင့် ဟိုကန်းစု မျက်မှောင်ကြုတ်သွားပြီး

'ဘာ ဘယ်လိုရည်ရွယ်ချက်လဲ'ဟု ပြန်မေးလိုက်၏။

ကွိဝှား သက်ပြင်းချလိုက်သည်။

ထို့နောက် သူမသည် ဟိုကန်းစု၏ မျက်နှာကို မော့ကြည့်၍

'အစ်ကို၊ ကျွန်တော့်ကို ဘယ်လိုထင်ထားသလဲ'ဟု မထင်မှတ်သော မေးခွန်းကို မေးလိုက်၏။

ဟိုကန်းစုက လုံးဝ ပြန်မပြောပေ။ ပြန်ပြောရန်လည်း သူ့တွင် အဖြေအဆင်သင့် ရှိမနေချေ။

'အစ်ကို အထင်သေးမှာပါ။ မိန်းမပျက်တစ်ယောက်အနေနဲ့ အထင်သေးမှာ အမှန်ပါပဲ၊ တကယ်တော့ အထင်သေးတဲ့ လူတွေရဲ့အဖြစ် မဟုတ်ပါဘူး၊ ကျွန်မ ဖိမန်ရွာကို ဘာကြောင့် ရောက်လာရတယ်ဆိုတာ'

ကွီဝှားသည် ဤသို့ နိဒါန်းပျိုး၍

စီးဝဲလာသော မျက်ရည်များနှင့်အတူ သူမအကြောင်းကို ပြောပြလေတော့၏။

❀

ကွီဝှား၏ ဖခင်သည် ကွီဝှားနှင့် ကွီဝှား၏ အစ်ကို ရှူးဝှားတို့ ငယ်စဉ်ကတည်းကပင် အိမ်မှ ပျောက်ခြင်းမလှ ပျောက်ခဲ့လေသည်။

ပထမတွင် ဖခင်မှာ ဒုစရိုက်သမားများနှင့် ပေါင်းသင်းမိ၍ ထောင်ကျနေသည်ဟူသောသတင်းကို သဲ့သဲ့ ကြားရပြီးနောက် သူ၏ သတင်းသည် လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

မကြာခင်မှာပင် မိခင်ဖြစ်သူမှာလည်း ရောဂါဖိစီး၍ သေဆုံးခဲ့ရပြန်သည်။

သို့သော် အရွယ်ရောက်နေပြီဖြစ်သော ကွီဝှား၏ အစ်ကို ရှူးဝှားသည် ညီမလေးကို မျက်နှာမငယ်ရအောင် လုပ်ကိုင်ကျွေးမွေးခဲ့သည်။



ကွီဝှားကို သိုင်းပညာသင်ရန် ဆရာမကြီးတစ်ဦးထံအပ်နှံ၍ ထားခဲ့၏။

သူမသည် ရှစ်နှစ်တိတိ သိုင်းပညာကို ပူပင်ကြောင့်ကျမှု မရှိဘဲ သင်ကြားခဲ့ရလေသည်။

တစ်နေ့ ရှူးဝှားသည် သူ၏ မိတ်ဆွေ တစ်ဦးနှင့် အတူ အရောင်းအဝယ် လုပ်နေရမှ အသတ်ခံလိုက်ရသည် ဟူသော သတင်းကို ရှူးဝှား၏ မိတ်ဆွေထံမှ ကြားသိရသော အခါ ကွီဝှားမှာ အားကိုးရာမဲ့သွား၏။

သူမ၏ ပျော်စရာ ကမ္ဘာကလေး ပျောက်ကွယ်သွားသည်နှင့် အမျှ ရှူးဝှားကို သတ်သည့် ရန်သူကို သူမ အသည်းနာမိတော့သည်။

ရှူးဝှား၏ မိတ်ဆွေထံမှ ကြားသိရသည်မှာ

သူတို့နှစ်ဦးသည် အဖိုးတန်ရတနာတစ်ခုကို အရောင်းအဝယ်ပြုလုပ်နေစဉ် ဓားပြတစ်စုက အတင်းဝင်ရောက်၍ ထိုရတနာကို လုယူကြောင်း၊ ရှူးဝှားက ထိုလူများကို ပြန်လည်ခုခံသဖြင့် ရက်စက်စွာ သတ်ဖြတ် သွားခဲ့ကြောင်း၊ အားချင်းမမျှသည့်အတွက် မိမိလည်း မနည်းလွတ်အောင် ပြေးခဲ့ရကြောင်း၊ ထို ဓားပြများမှာ

'သခင်ကြီး ကျိုး' ဆိုသူ၏ တပည့်များ ဖြစ်ကြောင်း သိရှိရသည်။

ထိုအချိန်မှစ၍ သခင်ကြီးကျိုးဟူသော အမည်သည် ကွီဝှား၏ အသည်းနှလုံးထဲသို့ နာကြည်းစွာ ရိုက်ခတ်လာတော့သည်။

သူမသည် သခင်ကြီးကျိုးနှင့် နီးစပ်အောင် ချဉ်းကပ်လို၏။

ထို့ကြောင့် သူမသည် ဘဝကို အဆုံးခံ၍ ခုံးတိကျားနှင့် နဂါးဟုတ်တူထံသို့ ချဉ်းကပ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် လောလောဆယ်တွင် သူမ၏ ဘဝသာ ဆုံးရှုံးသွားရသည်။

သခင်ကြီးကျိုး မည်သူမည်ဝါ ဖြစ်သည်ကို ခုံးတိကျားသည်လည်းကောင်း၊ နဂါးဟုတ်တူသည်လည်းကောင်း မသိကြ၊ မမြင်ဖူးကြပေ။

သို့တိုင်အောင် ကွိဝှားသည် စိတ်ဓာတ်ကျခြင်း မရှိပါ။

သူမ ဒါနေဖြင့် သခင်ကြီးကျိုးဆိုသူကို တစ်နေ့နေ့၌ တွေ့ရမည်ဟု သန္နိဋ္ဌာန်ချထားဆဲပင်၊ ယခုကဲ့သို့ ဟိုကန်းစုနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်သည် မဟုတ်ပါလား။

ကွိဝှား၏ စကားဆုံးသောအခါ ဟိုကန်းစုက

'မင်းဘဝအတွက် ကျုပ် နည်းနည်းမှ စိတ်မကောင်းဘူး' ဟု ပြောလိုက်၏။

ကွိဝှားက မျက်ရည်စများကို သုတ်လိုက်သည်။

'မကျေပါဘူး၊ ကျွန်မ လုံးဝ မကျေနပ်သေးဘူး၊ ဒီကောင်ကြီးကို ကျွန်မ မတွေ့ တွေ့အောင်ရှာဖွေမှာပဲ' ဟု နှုတ်ခမ်းကိုကိုက်၍ ပြောလိုက်၏။

'ရှူးဝှားကို သတ်တာကရော ဘယ်သူလဲ' ဟု ဟိုကန်းစုက မေးလိုက်၏။



'အဲဒါလဲ ကျွန်မ တိတိကျကျ မသိသေးဘူး၊ ဒါပေမယ့် ရှူးဝှားရဲ့ မိတ်ဆွေကပြောတော့ ခေါင်းဆောင်ဟာ အမျိုးသမီးတစ်ယောက်လို့ ပြောတယ်၊ ပထမ ချူးချူးလို့ ကျွန်မ ထင်မိတယ်၊ ဒါပေမယ့် ချူးချူးကို အနီးကပ် လေ့လာလိုက်တဲ့အခါမှာ မဖြစ်နိုင်တာကို တွေ့ရတယ်၊ အခု အစ်ကိုနဲ့တွေ့တော့ ချူးချူးကိုသတ်လိုက်တဲ့ အမျိုးသမီးဟာ ရှူးဝှားကို သတ်တဲ့ ခေါင်းဆောင်ပဲဖြစ်ရမယ်'

ဟိုကန်းစုက ကွိဝှား၏ စကားကို လက်ခံသည့် အသွင်ဖြင့် ခေါင်းညိတ်လိုက်သည်။ တဆက်တည်း....

'မှန်တယ်၊ အဲဒီတွေးတောချက်ဟာ အများဆုံး မှန်ကန်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအမျိုးသမီးဟာ သခင်ကြီးကျိုးရဲ့ အားအထားရဆုံး လူတစ်ယောက် ဖြစ်ပုံရတယ်' ဟုလည်း ပြောလိုက်သည်။

ထိုစကားကို ကွိဝှားက နားမရှင်း၍…

'အဲ့ဒီအမျိုးသမီးဟာ ချူးချူးကို သတ်ရုံတင် မကတော့ဘူး၊ ရှေ့လျှောက် သခင်ကြီးကျိုးကိုရော၊ တခြားဂိုဏ်းသားတွေကိုပါ သတ်မှာပဲ၊ ကျုပ်အထင်ပြောရရင်တော့ သခင်ကြီးကျိုးရဲ့နေရာကို သူလိုချင်လို့ပဲပေါ့' ဟု ရှင်းပြလိုက်၏။

'အင်း…သူတို့ဟာသူတို့ ဘယ်အခြေအနေမျိုးပဲ ဆိုက်ဆိုက် ကျွန်မကတော့ သခင်ကြီးကျိုးဆိုတာရော၊ အဲဒီအမျိုးသမီးကိုပါရှာဖွေပြီး စာရင်းရှင်းရမှာပဲ' ဟု ကွိဝှားက ပြတ်ပြတ်သားသားပြောလိုက်၏။

ဟိုကန်းစုက

'စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့၊ ဒီကိစ္စတွေကို ကျုပ်လဲ ဝိုင်းပြီး ဖြေရှင်းပေးပါမယ်၊ လောလောဆယ် ကျုပ်ရဲ့အာမခံ ဌာနမှာ ကျုပ်နဲ့အတူတူ အလုပ်လုပ်ပေါ့၊ မကောင်းဘူးလား' ဟု ဖြေသိမ့်လိုက်၏။

ကွီဝှား ဝမ်းသာသွားသည်။

'အစ်ကို ကူညီတာတော့ ဟုတ်ပါပြီ၊ ကျွန်မက ဟိုမှာဘယ် လိုနေရမှာလဲ'

ဟိုကန်းစုက သူမကို ပြုံး၍ကြည့်ကာ

'မင်း ယောကျ်ားလေးတစ်ယောက်ဖြစ်နေပြီဆိုတာ မမေ့နဲ့လေ၊ အဲဒီတော့ ကျုပ် အသစ်ခေါ်ခန့်ထားတဲ့ အလုပ်သမား တစ်ယောက်ပေါ့၊ မကောင်းဘူးလား'

သူမက ခေါင်းညိတ်လိုက်သည်။

'အစ်ကို အခုလိုစီစဉ်ပေးတာ ကောင်းပါတယ်၊ အစ်ကို ပြောပြခဲ့တဲ့စကားအရဆိုရင် အစ်ကို့ အဖြစ်ကလဲ မလွယ်ပါ လား၊ ဟိုကျောင်းမာက အစ်ကို့ကို ပူးပူး ကပ်ကပ် နေတော့ စိတ်မလှုပ်ရှားဘူးလား'

ဟိုကန်းစုက ခပ်ပြုံးပြုံးဖြင့်

'ဘယ်မလှုပ်ရှားဘဲ နေပါ့မလဲဗျာ၊ တစ်ခါတလေ သူက အိပ်ရာထဲ ဝင်အိပ်နေလို့ ကျုပ်စိတ်တွေကို ဖြောင်းဆန်နေ တာပဲ'

ကွီဝှားက ခပ်ခနဲ တစ်ချက်ရယ်လိုက်ပြီး



'အခုနေအခါမှာ ဟိုကန်းစုမဟုတ်မှန်းသိသွားရင် အစ်ကို့ အပေါ်မှာ သူ ဘယ်လို သဘောထားမလဲဟင်'

ဟိုကန်းစုက ကွီဝှား မျက်နှာကို မြန်၍ စေ့စေ့ကြည့် ကာ

'အဲဒီ မေးခွန်းမျိုးကို ကျုပ်ကိုယ်ကျုပ် မကြာခဏ ပြန်ပြီး မေးခွန်းထုတ်ဖူးတယ်၊ ဒါပေမယ့် တိကျ ရေရာတဲ့ အဖြေမျိုး ထွက်ကိုမလာဘူး၊ မင်းအနေနဲ့ဆိုရင်ရော ဘယ်လို ဖြစ်မလဲ'

ကွီဝှားက ရယ်၍

'ကျွန်မအနေနဲ့ပြောရင်တော့ သူ့မောင်တစ်ယောက်မဟုတ် မှန်းသိတာနဲ့ တစ်ပြိုင်နက်'

ဟိုကန်းစုက သူမ၏စကားမဆုံးမီ ကြားဖြတ်၍

'နှင်ထုတ်မှာပဲမဟုတ်လား' ဟု ပြောလိုက်၏။

ကွီဝှားက ခေါင်းခါယမ်းပြလိုက်ပြီး ရယ်မောကာ

'သူ အမြန်ဆုံး လက်ထပ်မှာပဲလို့ ထင်တယ်' ဟု ပြော လိုက်၏။

'တာ... မဟုတ်တာဗျာ'

ကွီဝှားက ဟိုကန်းစုမျက်နှာကိုကြည့်၍ ရယ်မောနေသည်။

ဟိုကန်းစုက

'ကျုပ်က အကောင်းပြောတာ မှတ်လို့'

'ကျွန်မက အကောင်းပြောတာပဲ'

'ဒါတော့ မဖြစ်နိုင်ဘူး၊ သူက သူ့မောင်လေး ဟိုကန်းစုကို အမှန်တကယ် ချစ်မြတ်နိုးတာဗျ၊ အဲဒီတော့ ကျုပ်က အယောင် ဆောင်ထားမှန်းလဲသိရော၊ သူ့မှာ ရှက်တဲ့ စိတ် ရော၊ ဒေါသ

စိတ်ရောလွှမ်းမိုးသွားပြီး ပထမဆုံး သူတို့မိသားစုအနေနဲ့ဘာ ပြဿနာဝင်လာမလဲဆိုရင် သူ့သားအရင်းက ဘယ် ရောက် သွားသလဲ၊ ကျုပ်က ဘာရည်ရွယ်ချက်နဲ့ အယောင်ဆောင်လာ ရသလဲဆိုတဲ့ပြဿနာဝင်လာမှာ သေချာတယ်၊ဟုတ်တယ်မဟုတ် လား၊ ကျုပ်ပြောတာ'

ကွီဝှားက စဉ်းစား၍

'ဒါကတော့ သူ့အနေနဲ့ မေးသင့်မေးထိုက်တဲ့ မေးခွန်း တွေပဲ၊ မေးခွင့်ရှိတယ်၊ ဒါကို အစ်ကိုက အဖြစ်မှန်အတိုင် ရှင်းပြလိုက်ရင် အနစ်နာခံတဲ့အစ်ကို့ကို သူတို့ နှင်ထုတ်ရက်ပ မလား၊ အထူးသဖြင့်ကတော့ ကျင်းမာက အစ်ကို့ကို မခွဲနိုင် ဘူးဆိုတာ လောင်းရဲတယ်၊ အစ်ကိုက ကျင်းမာကို လက်မသပ် ချင်ဘူးလား'ဟု မေးလိုက်၏။

ထိုစကားကြောင့် ဟိုကန်းစု၏မျက်နှာညှိုးသွားပြီး ခေါင် ယမ်းလိုက်သည်။

ပြီးမှ သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်ရင်း

'ကျုပ် ဒီတစ်သက် အိမ်ထောင်ပြုဖို့ စိတ်မကူးချင်တော့ ပါဘူးဗျာ၊ ကျုပ်မှာလဲ နာကြည်းစရာကောင်းတဲ့အတိတ်တွေ ရှိခဲ့ပါတယ်' ဟု လေးလေးကန်ကန်ဖြင့် ပြောလိုက်၏။

ဟိုကန်းစု၏မျက်နှာသည် သိသိသာသာ ညှိုးလျော်သွာ သဖြင့် ကွီဝှားသည် နောက်ပြောင်သည့်စကားများကို မပြေ ရဲတော့ဘဲ ဟိုကန်းစုကိုသာ ငေး၍ ကြည့်နေမိ၏။

ဟိုကန်းစုသည် ရှည်လျားသော သက်ပြင်းရှည် တစ်ချက်ကို ချလိုက်လေသည်။



ထို့နောက် ဟိုကန်းစုက

သူသည် စိတ်လေလွင့်ပြီး တစ်ယောက်တည်း ခြေဦးတည့်ရာ သို့ လျှောက်သွားနေခဲ့ပုံ ။

ယခုကဲ့သို့ ဖြစ်ရသည်မှာ ကျင်းဖုံးကြောင့် ဖြစ်ခဲ့ရပုံ ။

ကျင်းဖုံးကို စတင်၍ တွေ့ခဲ့ရပုံနှင့် သူတို့နှစ်ဦး ချစ်ခင် ကြင်နာခဲ့ကြပုံများကို ပြောပြ၏။

ထို့နောက် လက်ထပ်၍ တစ်နယ်တစ်ကျေးသို့ သွားအံ့ဆဲဆဲ ပြဿနာတစ်ခုက မမျှော်လင့်ဘဲ ပေါ်ပေါက်ခဲ့ရပုံများကို ပြောပြလိုက်လေသည်။

ကွီဝှားက စိတ်မော ရင်မောစွာဖြင့် နားထောင်နေရင်းမှ

'အစ်ကိုကလဲ ဆက်ပြောပါဦး၊ ကျင်းဖုံးနဲ့ ဘာဖြစ်လို့ လက်မထပ်ဖြစ်တာလဲ ဟင်'

ဟိုကန်းစုသည် သက်ပြင်းချမိပြန်သည်။

အတန်ကြာအောင် ငေးငိုင်နေပြီးမှ ကွီဝှားအား မိမိနှင့် ကျင်းဖုံးလက်မထပ်ဖြစ်ခဲ့သည့်အကြောင်းကို ပြောလေတော့၏။

'ကျုပ်နဲ့ ကျင်းဖုံး လက်မထပ်ဖြစ်တာက'

## အခန်း ၂၄။

## ချစ် ကံ မ ဆုံ

ချီလုယန်း အလွန် အံ့အားသင့်သွားသည်။

သူတို့နှစ်ယောက် တဲအတွင်းမှ အထွက်တွင် မြင်တွေ့လိုက်ရသည့် မြင်ကွင်းက ချီလုယန်းကို တုန်လှုပ်ချောက်ချားသွားစေတော့သည်။

ထိုမြင်ကွင်းမှာ

ကိုယ်ရံတော် တပ်သားများ၏အလယ်တွင် ဝေါ ထမ်းစင်တစ်ခုကို တွေ့လိုက်ရခြင်း ဖြစ်၏။

ထို့အပြင် ကိုယ်ရံတော်တပ်သားများနှင့် ထို ဝေါထမ်းစင်ကို ချီလုယန်းက ကောင်းကောင်း သိရှိသည်။

ဘုရင့်ဘဏ္ဍာတော်ဆိုင်ရာ အကြီးအကဲတစ်ဦး၏ ကိုယ်ရံ



တော်တပ်သားများဖြစ်ပြီး ထိုဝေါထမ်းစင်မှာလည်း ထိုပုဂ္ဂိုလ်ကြီး၏ ဂေဟာမှ ဖြစ်ပေသည်။

ချီလုယန်း၊ ကျင်းဖုံး မျက်နှာကို ဆတ်ခနဲ ကြည့်လိုက်သည်။

'ညီမ၊ မင်း မင်းက ဘဏ္ဍာတော် အကြီးအကဲ လုရှောက်ဖုံးရဲ့သမီး ဟုတ်လား' ဟု အလွန်အမင်း အံ့သြသော လေသံဖြင့် မေးလိုက်သည်။

'အစ်ကို၊ အဲဒါတွေ ပြောမနေနဲ့၊ ကျွန်မတို့ ဒီဘက်ကပြေးမယ်' ဟု ပြောရင်း ကျင်းဖုံးက တစ်ဘက်သို့ လှည့်ပြေးရန် ချီလုယန်း၏လက်ကို ဆွဲလိုက်သည်။

သို့သော် အားလုံး နောက်ကျနေပြီဖြစ်၏။

မှင်တက်မိသော တဒင်္ဂအချိန်ကလေးအတွင်း

တပ်သားများက သူတို့နှစ်ဦးကို အဘက်ဘက်မှ ဝိုင်းဝန်းထားပြီး ဖြစ်သည် မဟုတ်ပါလား။

ထိုစဉ်

တပ်မှူးကြီးတစ်ဦးက

'သခင်မလေး၊ ဝေါယာဉ်ပေါ်တက်ပါ၊ သခင်ကြီး ဘယ်လောက်စိတ်ဆိုးနေတယ်ဆိုတာ သခင်မလေး မြင်စေချင်တယ်' ဟု ပြောလိုက်၏။

ကျင်းဖုံးက ဦးခေါင်း တွင်တွင်ခါယမ်းရင်း

'မတက်ဘူး၊ မတက်ဘူး၊ ရှင်တို့ ပြန်' ဟု ငြင်းဆန်နေ၏။

ကျင်းဖုံးက ခါးခါးသီးသီး ငြင်းဆန်လိုက်ခြင်းဖြစ်၏။

တပ်မှူးကြီးက

'သခင်မလေး၊ ကျုပ်တို့ကို သခင်ကြီးက ဖြစ်တဲ့နည်းနဲ့ ခေါ်ခဲ့ရမယ်လို့ အမိန့်ပေးလိုက်ပါတယ်'

'မတက်ဘူးရှင့်၊ မလိုက်ဘူး၊ မပြန်ဘူး' ဟု ကျင်းဖိုးက ခေါင်းမာစွာဖြင့် ငြင်းဆန်သောအခါ တပ်သားကြီး မောင်ငါးဦးသည် ကျင်းဖိုး၏လက်ကို ဆောင့်ဆွဲလိုက်၏။

ကျင်းဖိုးက ချီလုယန်းကိုကြည့်၍

'အစ်ကို အစ်ကို၊ ကျွန်မ မလိုက်ဘူး၊ ကျွန်မ့ကို ကယ်ပါဦး'

ကျင်းဖိုး၏အသံကြောင့်....

ချီလုယန်းသည် သူ့ရှေ့မှ ချိန်ရွယ်ထားသော ဓားများကို ရုတ်တရက် တွန်းဖယ်လိုက်ပြီး....

'ခင်ဗျားတို့ သူ့ကို အခုလွှတ်လိုက်' ဟု ဟစ်အော်လိုက်၏။

ချီလုယန်းက ဒေါသဖြင့် တပ်မှူးကြီးကို ပြောလိုက်သည့်အချိန်၌ အဝေးမှမြင်းခွာသံများ ရုတ်တရက် ပေါ်ထွက်လာပြီး သူတို့အနီးသို့ မြင်းသုံးကောင် အပြေးအလွှားရောက်ရှိလာသည်။

သို့ဖြစ်၍—

ချီလုယန်း လှည့်ကြည့်လိုက်ရာ မိမိမျက်သုံးများကို မယုံနိုင်အောင်ပင် အံ့သြထိတ်လန့်သွားလေတော့သည်။

ထိုမြင်းသုံးကောင်ပေါ်မှ လူများမှာ ချီလုယန်း၏ ဖခင်ကြီး ချီယုံဖေးနှင့် အခြားတပ်မှူးနှစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။



ချီလုယန်း၏ဖခင် ချီယုံဖေးသည် ဒေါသကြောင့် မီးဝင်းဝင်း တောက်နေသော မျက်လုံးများဖြင့် ချီလုယန်းအား တိုက်ခိုက်ရန် အသင့်ပြင်ထားသော တပ်သားများကို စူးစိုက်ကြည့်နေသည်။

မိမိတို့၏ကိစ္စထဲသို့ ဖခင်ဖြစ်သူ ပါလာတော့မည်ကို ချီလုယန်း စိုးရိမ်ထိတ်လန့်စွာဖြင့် ငေးကြည့်နေစဉ် ချီလုယန်းအား ဖခင်ဖြစ်သူ ချီယုံဖေးက စူးစိုက်ကြည့်လိုက်ပြီး

'ချီလုယန်း ,လောကမှာ မိန်းမ မရှားပါဘူး၊ ပြန်ခေါ်သွားပါစေ၊ မင်း ဘာဝမ်းနည်းစရာရှိလို့လဲ' ဟု ပြောလိုက်သည်။

သူ၏ဖခင်က ထိုကဲ့သို့ ပြောလိုက်ပြီး မကြာမီ ကျင်းဖိုးကို တပ်သားအချို့က ဝေါထမ်းစင်ပေါ်သို့ တွန်းတင်ကာ ထမ်းခေါ်သွားကြလေတော့၏။

ချီလုယန်းမှာ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိဘဲ အဝေးကို ရောက်သွားသော ဝေါယာဉ်ကိုကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ထိုစဉ်

'မင်း ခယာကျါး မဟုတ်ဘူးလား၊ အိမ်ကိုပြန်စမ်း'

ဖခင်၏အသံက မိုးခြိမ်းသံကဲ့သို့ ပေါ်ထွက်လာသဖြင့် ချီလုယန်းသည် ဆက်လက်၍ ရပ်တန့်မနေဝံ့တော့ပဲ မိမိအိမ်သို့ လေးလံသော ခြေလှမ်းများဖြင့် နှေးကွေးစွာ ပြန်လာခဲ့ရလေတော့သည် မဟုတ်ပါလား။

ချီလုယန်းသည် မိမိ၏အခန်းထဲ၌ အလှတွန်းညှိထားသော အနီရောင်မီးပုံးကို ငေးမောကြည့်နေမိ၏။

ချီယုံဖေးက သူ၏ နောက်ကျောဘက်မှနေ၍ အေးဆေး တည်ငြိမ်သော အသံဖြင့် ပြောဆိုနေသည်။

'ဒီမိန်းကလေးကို မရလို့ မင်း ဘာမှ ဝမ်းနည်းစရာမရှိဘူး၊ လောကမှာ သူ့ထက်သာတဲ့ အဆင့်အတန်း၊ သူ့ထက်လှတဲ့ မိန်းကလေးတွေ အများကြီးရှိတယ်ဆိုတာ မင်းသဘောပေါက် စမ်းပါ'

ချီလုယန်းသည် မိမိ၏ခံစားချက်များကို ခွန်းတုံ့ပြန်၍ ပြော ချင်သည်။

သို့သော် ဖခင်ကို အတိုက်အခံပြောရန် ဆန္ဒမရှိပါ။

'လုရှောက်ဖုံး ဆိုတဲ့အကောင်က အလိုလိုနေရင်း ဘဝင်မြင့် နေတာကို၊ ဒီကြားထဲ ဘဏ္ဍာရေးဌာန အကြီးအကဲ ဖြစ်လိုက် တော့ မိုးမမြင်လေမမြင် ဖြစ်သွားတာပေါ့၊ သူနဲ့ အဖေနဲ့က ဟိုအရင်ကတည်းကလဲ သိပ်ပြီး သင့်မြတ်တာ မဟုတ်ဘူး၊ ဒီတော့ သူ့သမီးကလဲပြီး မင်းဘာလုပ်လုပ် ငါ မကန့်ကွက်ဘူး၊ ဒါပေမဲ့ နောက်ဆုံးစကားပဲ'

ချီယုံဖေးသည် ထိုစကားလုံးကို နောက်ဆုံးပြောပြီး အခန်း ထဲမှ ထွက်သွားလေသည်။

ထိုညက ချီလုယန်းသည် တစ်ညလုံး အိပ်မပျော်ခဲ့ပါ။

ထိုညက ကျင်းဖုံးလည်း အိပ်ပျော်လိမ့်မည် မဟုတ် ချီလုယန်း ယုံကြည်၏။

သတင်းဆိုးတစ်ပုဒ်သည် နံနက်မိုးလင်းသည်နှင့် ချီလုယန်းထံ ရောက်လာသည်။

ထိုသတင်းကို ချီလုယန်း၏မိခင် မြွေငန်းမယ်တော်လန်းလန်း ကိုယ်တိုင် ချီလုယန်းအတွက် ဆောင်ကြဉ်းလာခြင်း ဖြစ်သည်။

သူမက ချီလုယန်းကို သနားကြင်နာစွာကြည့်ရင်း

'စိတ်မကောင်းစရာပဲ သားရယ်'ဟု ပြောလိုက်သည်။

ချီလုယန်းသည် မိခင်ကို လှမ်းကြည့်ကာ

'ဘာဖြစ်လို့လဲ အမေ'

'ဘဏ္ဍာရေးဌာန အကြီးအကဲ လုရှောက်ဖုံးရဲ့သမီး၊ ညက အဆိပ်သောက်ပြီး သေဆုံးသွားပြီတဲ့'

'ဗျာ'ဟု အာမေဍိတ်သံပြုရင်း

ချီလုယန်း ဝုန်းခနဲ ထခုန်လိုက်မိ၏။

ထို့နောက် သေချာစေရန်

'ကျင်းဖုံး အဆိပ်သောက်တယ် ဟုတ်လား'ဟု ထပ်၍ မေး လိုက်၏။

လန်းလန်းက ခေါင်းညိတ်လိုက်၍

'ဟုတ်တယ်သား၊ သတင်းလာပို့တဲ့လူက တိတိကျကျ လာ ပြောသွားတာ'

လန်းလန်း၏ စကားဆုံးသည်နှင့် ချီလုယန်းသည် အခန်း ထဲမှ ရုတ်တရက် ပြေးထွက်လိုက်၏။ သို့သော်

ချီလုယန်းက အခန်းထဲမှ လှမ်းထွက်စဉ် မိခင် လန်းလန်းက ဖမ်းဆွဲထား၍ ခေါင်းယမ်းပြလိုက်ပြီး

'သား ဘယ်သွားမလို့လဲ'ဟု ကပျာကယာ ဟန့်တားလိုက်၏။

ချီလုယန်းက

'ကျွန်တော် မယုံဘူး၊ ကိုယ်တိုင် သွားကြည့်ရမှ ကျေနပ်မယ်'

လန်းလန်းက

'သား သွားလို့ မသင့်တော်ဘူး၊ ခုနေခါမှာ သူတို့ ဂေဟာတစ်ခုလုံး ခေါင်းမီးတောက်ပြီး ယောက်ယက်ခတ်နေကြတယ်၊ နောက်ပြီး သားရဲ့ အဖေနဲ့ကလဲ သင့်မြတ်တာမှ မဟုတ်တဲ၊ မင်း ဆင်ခြင်သင့်တာပေါ့'ဟု ဖျောင်းဖျလိုက်၏။

'ကောင်းပါပြီ အမေ၊ ကျွန်တော် ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး၊ သူ့အလောင်းကို နောက်ဆုံးတစ်ကြိမ် မြင်ရရင် တော်ပါပြီ'ဟု တောင်းပန်စကား ဆိုလိုက်သည်။

✿

ချီလုယန်းသည် သူ၏ စကားကို ရပ်တန့်ပစ်လိုက်သည်။

ကွီဝှားသည် ချီလုယန်း၏ အဖြစ်ကို ကြားလိုက်ရသဖြင့် စိတ်မကောင်း ဖြစ်သွားသည်။

'ကျင်းဖုံး အဆိပ်သောက်တာ အမှန်ပဲ မဟုတ်လား အစ်ကို'

ချီလုယန်းက ဦးခေါင်း ညိတ်ပြလိုက်သည်။

'အမှန်ပါပဲ၊ ကျုပ်အနေနဲ့ စတွေ့ကာစကသာ လူရှောက်ဖုံးရဲ့သမီးမှန်း သိခဲ့ရင် ဒီလိုဖြစ်ချင်မှ ဖြစ်မှာပါ၊ သူကလဲ လုံးဝ ဖွင့်မပြောဘူး၊ ဒါပေမယ့် သူ ကျုပ်ကို ဘယ်လောက်ချစ်တယ်



ဆိုတာ အရိုက်အနှက်၊ အနှိပ်အစက်ခံပြီးတော့ကို ကျုပ်ကို လာတွေ့ရှာပါတယ်၊ အင်မတန် သနားစရာကောင်းတဲ့ မိန်းကလေးပါဗျာ၊ ကျုပ် သူ့ရုပ်ကလာပ်ကို တခြားဧည့်သည်တွေနဲ့ရောပြီး တစ်ကြိမ်ပဲ သွားကြည့်ခဲ့ပါတယ်၊ အဲဒီနေ့ကစပြီး နန်းကင်းမြို့တော်ကိုပါ ကျောခိုင်းလာခဲ့တာပါပဲ'

ကွီဝှားမှာ ရင်မောစွာ သက်ပြင်းချလိုက်မိသည်။

'ပြီးခဲ့တဲ့ကိစ္စက ပြီးပြီပဲ အစ်ကိုရယ်၊ အတိတ်မှာပဲ ထားလိုက်ပါတော့'

'မှန်ပါတယ်၊ ကျုပ်လဲ ကြိုးစားပြီး မေ့ပျောက်ထားခဲ့ပါတယ်၊ ဒါပေမယ့် အတော်ကို ကြိုးစားရဦးမှာပါဗျာ'

ကွီဝှားက ပြုံး၍ အားပေးလိုက်သည်။

'ဟိုကျင်းမာကလဲ သူ့လောက်တော့လှတာပဲ မဟုတ်လား အစ်ကို'

ဟိုကန်းစုက ကွီဝှားကို ခပ်ငေးငေး ကြည့်၍

'မိန်းကလေးတိုင်းမှာ အလှကိုယ်စီ ရှိနေကြတာပါပဲ၊ ကျုပ်ပြောတာ မှားသလား'

ကွီဝှားက ခပ်ယဲ့ယဲ့ ပြုံး၍

'ဒီအထဲမှာ ကျွန်မ မပါဘူး မဟုတ်လား'

'မိန်းကလေးတိုင်းလို့ ကျုပ် ပြောထားပါတယ်'

ကွီဝှား လုံးဝနှုတ်ဆိတ်သွားတော့သည်။

သူမ ဘာမျှ ပြန်မပြောတော့ပါ။

နေ့မှာပင် ကွီဝှားအတွက် ပြဿနာတစ်ခု ပေါ်ပေါက်လာရတော့သည်။

ထိုအချိန်တွင် ဂေဟာ၌ ဟိုကန်းစု ရှိမနေပါချေ။

သူသည် ခရီးသွားရာမှ ပြန်ရောက်ပြီးနောက် အိမ်ဂေဟာနှင့် ခြံကိုဝယ်ခြမ်း၍ ပြောင်းရွှေ့ရန် စီစဉ်နေစဉ် လူတစ်ယောက်၏ သတင်းကို စုံစမ်းရန် ငန်းဖြူ စားသောက်ဆိုင် သို့ ထွက်ခဲ့ခြင်းကြောင့် ဖြစ်သည် မဟုတ်ပါလား။

ငန်းဖြူ စားသောက်ဆိုင်။

ထိုစားသောက်ဆိုင်၌

သေဆုံးသူ ချူးချူး နေထိုင်ခဲ့၏။

သူမသည် ငန်းဖြူ၌ စားသောက် နေထိုင်စဉ်မှာပင် သူမ တာဝန်ယူ ရှာဖွေရသော ပစ်မှတ်ကို တွေ့ရှိခဲ့သည်။

ထိုသို့ တွေ့ရှိသည့် အကြောင်းကို သခင်ကြီး ကျူးထံသို့ တင်ပို့ခဲ့သည်။

သို့သော် ထိုနေ့မှာပင် သူမ အသတ်ခံခဲ့ရသည်။

ဤသို့ဆိုလျှင် သူမ တွေ့ရှိသောသူ၊ သို့မဟုတ် သူမကို သတ်သောသူသည် ငန်းဖြူ စားသောက်ဆိုင် ဝန်းကျင် အနီးတွင် ရှိနေမည်ဟု ဟိုကန်းစု စဉ်းစားမိ၏။

ထို့ကြောင့် ဟိုကန်းစုသည် ငန်းဖြူ စားသောက်ဆိုင်သို့ တစေ့တစောင်း လာရောက် စုံစမ်းနေခြင်း ဖြစ်သည်။

## အခန်း ၂၅။

## ဝမ်းသာစရာ

စေဘနာအာမခံလုပ်ငန်းသည် တစ်နေ့တခြား အောင်မြင် ကျော်ကြားလာသည်။

ဟိုကန်းစုမှာ မိမိ ခရီးထွက်နေသော်လည်း ယုံဝှားက ကြိ ကြပ်ခဲ့ရာ အဆင်ပြေသည့်အပြင် စီးပွားရေးအရလည်း တိုးတက် ကောင်းမွန်လာသည့်အတွက် လုပ်ငန်းဌာနနှင့် လူနေဂေဟာ ခွဲခြားထားလိုက်တော့သည်။

ဟိုကန်းစုသည် လက်ရှိလုပ်ငန်းဌာနနှင့် ကပ်လျက်ရှိသော ကျယ်ဝန်းသည့် ခြံကြီးနှင့် ဂေဟာတစ်ခုကို ဝယ်ယူလိုက် သည်။

အသစ်ဝယ်ယူသော ဂေဟာသို့ စတင်၍ ပြောင်းရွှေ့သော

ငန်းဖြူ ဆိုင်တာဝန်ခံကလည်း ဟိုကန်းစုကို အစစအရာရာ အကူအညီပေးသည်။

ချူးချူး သေဆုံးစဉ်က ဟိုကန်းစုနှင့် အတူရှိနေသည်မို့ ပထမတွင် ဆိုင်တာဝန်ခံက ဟိုကန်းစုကို မနှစ်သက်သော်လည်း လူဆိုးထိန်း ချီတန်းကိုယ်တိုင်က ဟိုကန်းစုအား အရေးမယူသည်ကို တွေ့ရသောအခါ ဆိုင်တာဝန်ခံကလည်း ယုံကြည်သွားသည်။

ချူးချူးသည် လွန်ခဲ့သော ဆယ်ရက်ကျော်က သေဆုံးသွားခဲ့ရခြင်း ဖြစ်သည်။

ထိုရက်ပိုင်း၌ လာရောက် တည်းခိုသော အမည်စာရင်းနှင့် လူများကို ဟိုကန်းစုက လေ့လာကြည့်သောအခါ

အမျိုးသမီးဧည့်သည်အမည် သုံးယောက် တွေ့ရပြီး တစ်ဦးမှာ မရှိတော့ဘဲ နှစ်ဦးကျန်နေသည်။

ထိုနှစ်ဦးကို လေ့လာကြည့်သောအခါ အသက်အရွယ်ကြီးမားသည့် အဘွားကြီးနှစ်ယောက် ဖြစ်နေသည်ကို တွေ့ရသဖြင့် ဟိုကန်းစု စိတ်ပျက်သွားရသည်။

'ဒီစာရင်းစာအုပ်ထဲက ကျိမာဆိုတဲ့ အမျိုးသမီးဟာ ချူးချူး သေဆုံးတဲ့ အချိန်တုန်းက ရှိနေတယ် မဟုတ်လား'

ဆိုင်တာဝန်ခံက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ အဲဒီအချိန်တုန်းက သူ ရှိနေပါတယ်'

'သူ့ အကြောင်း ခင်ဗျား ဘာသိသလဲ'

ဆိုင်တာဝန်ခံက စဉ်းစား၍

'ကျိမာဆိုတဲ့ အမျိုးသမီးက အသက် သုံးဆယ်လောက်ရှိမယ်ထင်တယ်၊ သူက တခြားမြို့နယ်က ရတနာ ကုန်သည် တစ်ယောက်လို့ ပြောတယ်၊ ချူးချူး သေပြီးတဲ့ နောက်တစ်ရက်မှာပဲ သူလဲ ပြန်သွားတယ်'

စာရင်းစာအုပ်ထဲ၌ သူမ နေထိုင်ရာ နေရပ် မပါသဖြင့် ဟိုကန်းစုမှာ စိတ်ပျက်ရပြန်သည်။

ကျိမာဆိုသော အမျိုးသမီးသည် ချူးချူးကို သတ်နိုင်ပါသလားဟု သူက စဉ်းစားနေမိသည်။

အကယ်၍ ချူးချူးကို သူမက သတ်သည် ဖြစ်သည့်တိုင် ယခုအခါ သူမကို မည်သည့်နေရာ၌ သွားရှာပါမည်နည်း။

ထို့ပြင် ကျိမာသည် ချူးချူးကို သတ်သည့် တရားခံဖြစ်လျှင် သူ့နောက်သို့ သခင်ကြီး ကျူးက လိုက်နေမှန်းသိ၍ ရှောင်ပြေးနေမည်မှာ မလွဲပေ။

ဆိုင်တာဝန်ခံက ဟိုကန်းစုကို တစ်ချက် မော့ကြည့်ကာ

'ခင်ဗျားအနေနဲ့ ကျိမာကို လူသတ်တရားခံ ဖြစ်နိုင်တယ်လို့ သံသယ ရှိနေသလား'

ဟိုကန်းစုက ဆိုင်တာဝန်ခံ၏ အမေးကို မဖြေဘဲ

'သူဟာ ရတနာ ကုန်သည်လို့ ခင်ဗျား ပြောတယ်နော်၊ အဖိုးတန်တဲ့ ရတနာ အရောင်းအဝယ် လုပ်တာရော ခင်ဗျား မြင်မိသလား' ဟု မေးလိုက်၏။

ဆိုင်တာဝန်ခံက ခေါင်းညိတ်လိုက်သည်။

'သူ့ဆီကို ရတနာ ကုန်သည်တွေ လာတာ တွေ့ရတယ်ဗျ'

'ဟုတ်လား၊ အဲဒီအထဲက ရတနာ ကုန်သည် တစ်ယောက်ယောက်ကို မြင်ရင် ခင်ဗျား မှတ်မိပါ့မလား'

ဆိုင်တာဝန်ခံက အနည်းငယ်စဉ်းစား၍ အတန်ကြာသော အခါ ခေါင်းကို တစ်ချက် ညိတ်ပြလိုက်သည်။

'ခင်ဗျား ရိအော့ဂေဟာကို သွားပါလား၊ သူက ဒီမြို့က ကျောက်ကုန်သည်ကြီး တစ်ယောက်ပဲ'

'ရိအော့'ဟူသော အမည်ကို ဟိုကန်းစု ကြားဖူးသလိုရှိ၍ အနည်းငယ် စဉ်းစားနေသည်။ ပြီးမှ

'ဟုတ်ကဲ့၊ ခုလိုကူညီတာကျေးဇူးတင်ပါတယ်၊ ကျွန်တော် အဲဒီကို သွားလိုက်ပါမယ်'ဟု ပြောရင်း

ဟိုကန်းစုသည် ငန်းဖြူမှ ခပ်သွက်သွက်ထွက်လာခဲ့တော့၏။

❀

ရိအော့၏ ဂေဟာသည် ကြီးကျယ်ခမ်းနားသော ဂေဟာကြီးတစ်ခုပင် ဖြစ်သည်။

ဟိုကန်းစုသည် လူကိုမသိသော်လည်း ထိုနာမည်ကိုကြားဖူးသလိုရှိ၍ တစ်လမ်းလုံး စဉ်းစားလာသည်။

ဟိုကန်းစုက တံခါးရှေ့မှ ခေါင်းလောင်းကလေးကို လှုပ်ယမ်းလိုက်သည်။

'ချွမ် ချွမ်'

လူခပ်ဝဝ မျက်နှာပေါက်ဆိုးဆိုး လူတစ်ယောက် ထွက်လာသည်။

'ဘာကိစ္စရှိပါသလဲ မိတ်ဆွေ'



'ကျွန်တော် သူဌေး ရိအော့နှင့် တွေ့ချင်လို့ပါ'

လူဝဝက

'ထိုင်ပါဗျာ၊ ကျုပ်အကြောင်းကြားပေးပါ့မယ်'

မကြာမီမှာပင် အခန်းတစ်ခုထဲမှ ပိန်ပိန်ပါးပါး အသက် ငါးဆယ်ကျော်ခန့်ရှိ လူတစ်ယောက်ကို တွေ့ရသည်။

ထိုလူသည် ရိအော့ပင်ဖြစ်သည်။

ရိအော့သည် ဟိုကန်းစုကို မြင်သည်နှင့် တစ်ပြိုင်နက်တည်း မျက်နှာပြုံးချိုစွာဖြင့်

'အို ဟိုကန်းစုပါလား'ဟု ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။

ရိအော့က ယခုကဲ့သို့ဖော်ဖော်ရွေရွေ နှုတ်ဆက်လိုက်သဖြင့် ဟိုကန်းစုသည် အံ့အားသင့်သွားလေတော့၏။

တဆက်တည်းမှာပင် ထိုရိအော့ ဆိုသူသည်၊ ဟိုကန်းစုနှင့် သိကျွမ်းနေသူ ဖြစ်ရမည်ဟု တွေးထင်လိုက်မိ၏။

ရိအော့က ဟိုကန်းစုအနားတွင် ဝင်၍ ထိုင်လိုက်သည်။ ပြီးမှ

သူသည် ဟိုကန်းစုကို ကြည့်လိုက်ပြီး

'မင်းရဲ့လုပ်ငန်းတွေ တိုးတက်အောင်မြင်နေတာကို မြင်ရတာ ဝမ်းသာပါတယ်၊ မင်းကိုမြင်ရတော့ မင်းအဖေကို ပြန်သတိရမိတယ်၊ အဲဒီတုန်းက ကျုပ်နေထိုင်မကောင်းလို့ မလိုက်သွားရတာ၊ ခုထိစိတ်မကောင်း ဖြစ်နေတုန်းပဲ'

ရိအော့စကားကြောင့်

ထိုလူသည် ဟိုကန်းစု၏ဖခင်၊ ဟိုချိုက်ဆုံနှင့် အတူတကွ အလုပ်လုပ်ခဲ့သည့် ဌာနမှ တာဝန်မှူး ရိအော့ဖြစ်ကြောင်း

ဟိုကန်းစု ပြောပြခဲ့သည်ကို ဟိုကန်းစုအယောင်ဆောင် ချီလုယန်းက ပြန်လည် သတိရမိလေတော့၏။

ယခုအာမခံဌာနမှူး ဝမ်းစီထိပင်လျှင် မည်သည့်နေရာသို့ ရောက်ရှိနေမှန်းမသိတော့ဘဲ၊ ရိုအော့က ကြီးပွားချမ်းသာနေသည်ကို တွေ့ရသောအခါ ဟိုကန်းစုစိတ်ထဲ၌ အံ့သြနေမိသည်။

'ဒါထက် မင်းအခု ဒီကိုလာတဲ့ကိစ္စက အလည်သက်သက်ပဲလား' ဟု ရိုအော့က မေးလိုက်၏။

ဟိုကန်းစုက ဣန္ဒြေဆည်ရင်း

'ဟုတ်ကဲ့၊ အလည်ဆိုလဲ ဟုတ်ပါတယ်၊ အဓိကအချက်ကတော့ အစ်ကိုကြီးမှာအဖိုးတန်တဲ့ ရတနာကျောက်များရှိလို့ ရှုဖြား ကြည့်ချင်လို့ပါ' ဟု ပြောလိုက်၏။

ရိုအော့က ဟိုကန်းစုကို တစ်ချက်အကဲခတ်လိုက်သည်။

ပြီးမှ သူက ဦးခေါင်းကို အနည်းငယ်ခါယမ်း၍

'ခုလောလောဆယ်တော့ ကျုပ်ဆီမှာ အဖိုးတန်တဲ့ ပစ္စည်း မရှိသေးပါဘူး၊ ဒါပေမယ့် မောင်ရင်ကြည့်ချင်လဲကြည့်ဦးလေ' ဟု ပြောလိုက်၏။

ထို့နောက်

ရိုအော့က ပတ္တမြား၊ မြနှင့်နီလာ ကျောက်အချို့ကိုထုတ်ပြသည်။

ဟိုကန်းစုသည် စိတ်မပါသော်လည်း စိတ်ဝင်စားသကဲ့သို့ ကျောက်ကလေးများကို သေချာစွာ ကြည့်နေသည်။

အတန်ကြာမှ ဟိုကန်းစုက ရိုအော့ကို ပြုံးပြလိုက်ပြီး

'ကျွန်တော်သိပ်မကြိုက်သေးဘူး အစ်ကိုကြီးရယ်၊ ပတ္တမြား



အလုံးချောချော တစ်လုံးလောက်ရရင်တော့ အကြောင်းကြားပါ'

ရိုအော့က ပြုံးလျက်

'စိတ်ချပါ ဟိုကန်းစု၊ ကျုပ်အကြောင်းကြားပါ့မယ်'

ဟိုကန်းစုထိုင်ရာက ထမည်ပြုပြီးမှ

'ကျွန်တော် သတင်းတစ်ခု ကြားမိလို့ပါ'

ရိုအော့က မျက်မှောင်ကြုတ်ကာ

'ဘာများပါလိမ့်'

'ငန်းဖြူမှာတည်းပြီး နေသွားတဲ့ ကျီမာဆီက အဖိုးတန် ရတနာများ တစ်ဆင့် ဝယ်ထားသသွားလို့ပါ' ဟု ရုတ်တရက် မေးလိုက်၏။

မထင်မှတ်သော ဟိုကန်းစု၏ အမေးကြောင့် ရိုအော့ မျက်နှာ သိသိသာသာပျက်သွားသည်ကို ဟိုကန်းစု သတိထားမိလိုက်လေသည်။

ရိုအော့သည် ဣန္ဒြေဆည်လိုက်ပြီး နှာခေါင်း တစ်ချက် ရှုံ့မဲ့ကာ

'အလကားပါ၊ ဒီအမျိုးသမီးဆီကလဲ ဘာပစ္စည်းကောင်းမှ မရပါဘူး၊ မောင်ရင်က သူ့ကို သိလို့လား' ဟု ပြန်မေးလိုက်၏။

ဟိုကန်းစုက ခေါင်းယမ်းလိုက်ပြီး

'သူ့ကို မသိပါဘူး၊ ငန်းဖြူဆိုင် တာဝန်ခံက ပြောပြလို့ပါ'

'ဪ'

'ကျွန်တော် ပြန်ပါဦးမယ်အစ်ကိုကြီး'

'ကောင်းပါပြီ'

ရှိအောင့်သည် တံခါးဝအထိ လိုက်ပို့သည်။

❀

စေတနာအာမခံဌာနမှပစ္စည်းအချို့ကို အသစ်ဝယ်ယူလိုက်သည့်ဂေဟာကြီးသို့ ပြောင်းရွှေ့နေသည်။

အလုပ်သမားအားလုံးက ကူညီ ပြောင်းရွှေ့ပေးနေသည့်အထဲတွင် 'ချီဝှား'ဟု အမည်ပြောင်းထားသော 'ကွဲဝှား' တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

ကွဲဝှားသည် ဟိုကျင်းမာ၏ပစ္စည်းအချို့ကို သူမ နေထိုင်သည့်အခန်းထဲသို့ သယ်ဆောင်ပေးလျက်ရှိ၏။

ဟိုကျင်းမာကလည်း ကူညီလုပ်ကိုင်ပေးသည်။

ထိုစဉ် ဟိုကျင်းမာသည် ချီဝှားဆိုသည့်လူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး သူမ၏ အလုပ်ကို ရပ်တန့်ကာ ချီဝှားကို ခါးထောက်၍ကြည့်လိုက်သည်။

သူမသည် ချီဝှားထံမှ တစ်စုံတစ်ရာကို အမှတ်မထင်တွေ့လိုက်ရသောကြောင့် ဖြစ်ပေသည်။

ထိုအကြောင်းကို…

ချီဝှားက ရုတ်တရက် မရိပ်မိပါ။

သူသည် သယ်စရာကျန်နေသည့် ပစ္စည်းများကို သယ်ယူရန် အခန်းထဲမှ ပြန်ထွက်သွား၏။



ဟိုကျင်းမာသည် အာမခံဌာနသို့ ချီဝှားရောက်သည့်အချိန်မှစ၍ ချီဝှားကို မကြာခဏ အကဲခတ်ကြည့်နေမိသည်။

'ဒီလူရဲ့ခန္ဓာကိုယ်က မိန်းမ တစ်ယောက်နဲ့ တူလိုက်တာ'ဟုလည်း သူမ စိတ်ထဲမှ မကြာခဏ တွေးနေမိသည်။

ယောကျ်ား တစ်ယောက်ဆိုလျှင် ချီဝှား၏ ထူးခြားမှုကို ရုတ်တရက်မသိနိုင်ပါ။

မိန်းမချင်းဖြစ်သောဟိုကျင်းမာကသာ အနည်းငယ်ရိပ်မိစားမိခြင်းဖြစ်သည်။ ပထမ၌ သူမသည် ချီဝှားကို မိန်းကလေးနှင့်တူသည်ဟု ထင်ခဲ့သော်လည်း သံသယ မရှိခဲ့ပေ။

ယခု ချီဝှားက ခါးကိုကုန်း၍ အလုပ်လုပ်သော အခါတွင် ယောကျ်ားတစ်ယောက်၌မရှိသင့်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို ရုတ်တရက် တွေ့လိုက်ရသည်။

ဒီအမျိုးသမီး ဘာကြောင့် ယောကျ်ားအသွင် ဆောင်နေပါလိမ့်။

ဟိုကန်းစုသည် ထိုအဖြစ်ကို သိရှိနေပါသလား။

ဒါမှမဟုတ်,

ဟိုကန်းစုသည် မိန်းမယူသာပြီး သိမ္မာစိုး၍ တမင်တကာ ယောကျ်ားလေးအသွင် ဆောင်ခိုင်းထားခြင်းလား။

သူမသည် အယောင်ဆောင်ထားသော ရန်သူ တစ်ယောက်ဖြစ်နိုင်သလား။

စသည့်စသည့်အတွေးများကို တွေးမိသည်နှင့် တစ်ပြိုင်နက်စိတ်ထဲမှလျှပ်ရှားလာကာ မီခင်ဖြစ်သူနှင့် ယုံဝှားကိုပါ လှမ်းခေါ်လိုက်လေတော့သည်။

ဟိုကျင်းမာက အကျိုးအကြောင်း မိခင်ဖြစ်သူနှင့်ယုံဝှားကို ပြောဆို၍ တိုင်ပင်သည်။

ယုံဝှားလည်း အံ့အားသင့်သွားသည်။

'အေး ... ဟုတ်တယ်၊ နင်ပြောမှ ငါသတိရတယ်၊ သူရောက်လာတာ နှစ်ရက်သုံးရက်ရှိပြီ၊ တခြား လုပ်ဖော်ကိုင်ဖက်တွေကို တောင် သိပ်အရောမဝင်တာ၊ ခုမှ စဉ်းစားမိတယ်'

ယုံဝှားက ပြောပြီး အနည်းငယ် စဉ်းစားလိုက်သည်။

'ဒီအမျိုးသမီးဟာ ဘာအကြံအစည်ရှိလို့လဲ၊ ဟိုကန်းစုရော ဒီလူ့အကြောင်းကို သိရဲ့လားမသိဘူး'

သူက ထိုသို့ပြောနေစဉ် ...

ပစ္စည်းအချို့ကို သယ်ဆောင်၍ ချီဝှား ဝင်ရောက်လာသည်။

သူမ ပစ္စည်းချပြီးသည်နှင့် ဟိုကျင်းမာက—

'ဒီမှာ'

'ဗျာ'

'ဗျာ လုပ်မနေနဲ့၊ ရှင့်အကြောင်း မသိဘူး မှတ်နေတာလား၊ ရှင်ဟာ ယောကျ်ားတစ်ယောက် မဟုတ်ဘူး၊ ရှင် အမှန်အတိုင်း ဖွင့်ပြောရင် ကောင်းလိမ့်မယ်နဲ့တူတယ်'

ချီဝှား မျက်နှာပျက်သွားသည်။

သူမသည် မည်ကဲ့သို့ ပြောရမှန်းမသိ ဖြစ်နေစဉ် ယုံဝှားက ဝင်၍

'ဒီမှာ မိန်းကလေး၊ မင်း ဟိုကန်းစုနဲ့ ဘယ်လို တွေ့လာတာလဲ၊ ဒီအကြောင်းတွေကိုရော သူသိရဲ့လား'



ထိုစဉ်

အခန်းထဲသို့ ဟိုကန်းစု ရုတ်တရက် ရောက်ရှိလာသည်။

အခန်းထဲမှလူများ၏ မျက်နှာရိပ်မျက်နှာကဲကိုခတ်၍ အခြေအနေကို ရိပ်စားမိလိုက်သည်။

ယုံဝှားက ဟိုကန်းစုကို မြင်သည်နှင့်

'ဟိုကန်းစု မင်း ခေါ်လာတဲ့လူက မိန်းကလေးတစ်ယောက် ဖြစ်နေပါလားကွ'ဟု တဲ့တိုး မေးလိုက်သည်။

'ဘာလဲ ခမောင်လေး၊ နင် သူနဲ့ လက်ထပ်မလို့ လူမသိအောင် ခိုးယူထားတာလား'

ဟိုကျင်းမာကလည်း ဝင်မေးသည်။

ဟိုကန်းစုသည် လက်ဝါးကာပြလိုက်ပြီး

'နေကြစမ်းပါဦး၊ အားလုံး အေးအေးဆေးဆေး ထိုင်ကြပါ၊ ကျွန်တော် ရှင်းပြပါ့မယ်'ဟု ပြောလိုက်၏။

ယခုမှ အကြံရခက်နေသော ချီဝှားလည်း စိတ်သက်သာရာ ရသွားတော့သည်။

ဟိုကန်းစုက ကွီဝှား၏အကြောင်းကို ပြောရာတွင် အချို့ကိစ္စများကို ထိန်ဝှက်၍ ရှင်းပြလိုက်၏။

တဆက်တည်းပင်

မိမိကို ဂိုဏ်းတစ်ဂိုဏ်းက ဖမ်းဆီးခဲ့ကြောင်း၊ ထိုသို့ဖမ်းဆီးထားသည်ကို ချီဝှားက ကယ်တင်ပေးခဲ့ကြောင်း၊ ချီဝှားသည် အားကိုးရာမဲ့သော မိန်းကလေးတစ်ယောက် ဖြစ်သည့်အပြင် အန္တရာယ်များ လောလောဆယ်တွင်ရှိနေ၍ ယခုလို ယောကျ်ား

ကလေးအသွင်မျိုး ဖန်တီး၍ ရုပ်ဖျက်ထားရကြောင်းများကို ပြောပြသောအခါမှ အားလုံးမှာ ရှင်းလင်းသွား၏။

ယခုအချိန်တွင်လည်း သူမ၌ အန္တရာယ်ရှိနေ၍ မိမိတို့အဖြင့် အခြားလူများ မသိရှိစေဘဲ ယခုအတိုင်း ဆက်လက်၍ထားရန် ဟိုကန်းစုက ပြောသည်။

ထိုစဉ် ယုံဝှားကဝင်၍ ချီဝှား၏အကြောင်းကို မေးသည်။

ချီဝှားက

မိမိမှာ မိဘများ မရှိတော့သည့်နောက် အစ်ကိုနှင့် နေရကြောင်း၊ အစ်ကို အသက်ခံရသည့်အတွက် စုံစမ်းနေခြင်း ဖြစ်ကြောင်း ပြောပြသည်။

'မိန်းကလေး မင်းရဲ့အဖေက ဘယ်သူလဲ'

ချီဝှားက

'ဟို့ ယုံဝှားပါ၊ ကျွန်မအစ်ကိုက ဟို့ရှူးဝှား ဖြစ်ပါတယ်'

ယုံဝှားသည် အံ့ဩသွားလေသည်။

သူသည် ချီဝှားကို အလန့်တကြားကြည့်လိုက်သည်။

'မင်းအမေနာမည်က ယန်းတိမ်း မဟုတ်လား'

ချီဝှားကလည်း ယုံဝှားကို အလန့်တကြား မော့ကြည့်၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ရှင်သိလို့လား'

ယုံဝှားသည် မျက်လုံးအစုံမှ မျက်ရည်များ ရစ်ဝဲလာသည်ကို တွေ့ရသည်။

'သမီးရယ်၊ သမီးလေးရယ်၊ အဖေက ဟို့ ယုံဝှားပါ'

'ဟာ'



'ဟင်'

အနားမှကြားရသူများမှာ အံ့အားသင့်သွားကြပြီးဟိုကန်းစု တို့ မိသားစုက ဝမ်းသာသွားကြသည်။

'ဟာ သူ သူက ဦးလေးရဲ့သမီး ဟုတ်လား'

ယုံဝှားသည် သမီးဖြစ်သူကို တစိမ့်စိမ့် ကြည့်ရင်းမှ သူ၏ မျက်နှာတွင် ကြေကွဲဝမ်းနည်းမှုများ ပေါ်လာတော့သည်။

'အဖေ ကိုခွင့်လွှတ်ပါ သမီးရယ်၊ အဖေ ဒုစရိုက်သမားတွေနဲ့ ပေါင်းဖက်မိပြီး အကျဉ်းကျခဲ့ရတယ်၊ သမီးအမေရဲ့မျက်နှာကို အဖေမကြည့်ရဲတော့ဘူး၊ သူက ဒါမျိုးကို နည်းနည်းမှ နှစ်သက်တာ မဟုတ်တော့၊ အကျဉ်းထောင်ထဲမှာ ငါးနှစ် နေခဲ့ပြီးတဲ့ နောက်ပိုင်း အဖေနေခဲ့တဲ့ရွာကို ရောက်လာပါသေးတယ်၊ ဒါပေမယ့် သတင်းစုံစမ်းလို့ မရတဲ့နောက်ပိုင်းမှာ ရွှေ့သွားပြီဆိုတာ သိတာနဲ့ အဖေ နောက်ထပ် မကြိုးစားတော့ဘူး'

ယုံဝှားက ခဏကြာပြီးမှ

'နောက်ဆုံးတော့ အဖေဟာ ဒီမြို့မှာပဲ ဝမ်းစီထီရဲ့အာမခံဌာနမှာ အလုပ်လုပ်ခဲ့တယ်၊ အဲဒီကမှတစ်ဆင့် ဒီကို ရောက်နေတာပဲ'

ဟိုကန်းစု ရယ်မော၍

'ဦးလေး ယုံဝှား၊ ဒါဟာ ဝမ်းနည်းစရာ မဟုတ်တော့ဘူး၊ ဝမ်းသာစရာပါ၊ ကဲ အခုသားအဖတွေလဲ ပြန်တွေ့ရပြီပဲ၊ ပျော်ပျော်သာနေပါ၊ ဒါထက် တစ်ခုတော့ရှိတယ်၊ သူ့မှာ အန္တရာယ်ရှိနေလို့၊ ခုလိုတိုင်းပဲ ဖုံးဖုံးဖိဖိနဲ့ နေပါဦး၊ အန္တရာယ်ကောင်ကိုလဲ မကြာခင် ဖော်ထုတ်နိုင်မှာပါ'

ယုံဝှားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါ့သားကို သတ်တဲ့လူကို ငါပါဝိုင်းပြီး ဖော်ထုတ်မယ်၊ သမီးဘာမှ အားမငယ်နဲ့တော့'

ယုံဝှားက အားရပါးရ ပြောလိုက်တော့သည်။

## အခန်း ၂၆။

## သစ္စာဖောက်

ပိုကျန်းမြို့၏ တည်နေရာ။

လုံခြုံသော ခြံဝင်းတစ်ခု၏ အဆောက်အအုံထဲတွင် ဖြစ်သည်။

အသက်သုံးဆယ်ကျော်ခန့်ရှိ အမျိုးသမီးတစ်ဦးမှာ လူသားအချို့၏ နှိပ်စက်ထားသည့်ဒဏ်ကို အလူးအလဲ ခံနေရသည်။

သူမ၏နှုတ်ခမ်းပါးများ ... ကွဲ ...

သူမ၏နှုညက်ဖြူဖွေးနေသောမျက်နှာတွင် ထိုးကြိတ်ရိုက်နှက်ထားသဖြင့် ညိုမည်းဖူးရောင်၍ နေပေသည်။

ထိုအမျိုးသမီးသည် ရုပ်လှသလောက် မျက်နှာက ခက်ထန် တင်းမာလွန်းလှသည်။

သူမ၏ အမူအရာမှာ မတတ်သာ၍ အနိုင်စက်ခံနေရသော်လည်း စိတ်ထဲမှ နည်းနည်းမှ ကျေနပ်ဟန် မတူပေ။

သူမအား ကြိုးနှင့်ချည်နှောင်၍ ဆွဲခေါ်လာသော လူနှစ်ယောက်သည် အဆောက်အအုံကြီး၏ စကြံ့ သမံတလင်းအတိုင်း လျှောက်လာခဲ့ရာမှ အခန်းတစ်ခုဆီသို့ ချိုးဝင်လိုက်သည်။

ထိုအခန်းမှာ သမံတလင်း ခင်းထားပြီး အုတ်နံရံများကာရံထားသည်ကို တွေ့ရ၏။

သူမကို ဆွဲခေါ်လာသည့် လူနှစ်ယောက်သည် အခန်းထဲသို့ရောက်ရှိသည်နှင့် ထူထဲ ခိုင်ခံ့သော တံခါးကြီးကို ပြန်၍ပိတ်လိုက်သည်။

ထို့နောက် သူမကို တစ်နေရာတွင် ရပ်တန့်ခိုင်းလိုက်၏။

အမျိုးသမီးသည် သူ၏ရှေ့တည့်တည့်ကွင် ရှိနေသော အုတ်နံရံကို မျက်နှာမူထားသည်။

ထိုအုတ်နံရံပေါ်၌ သေးငယ်သော အပေါက်ကလေးများဖောက်ထားသည်ကို တွေ့ရသော်လည်း တစ်ဘက်တွင် မည်သူမည်ဝါရှိနေသည်ကို မမြင်ရပါ။

မိမိရပ်တန့်နေသည့် အခန်းမှာလည်း တံခါးကြီး ပိတ်လိုက်သည်နှင့် ပြတင်းပေါက်ငယ်မှ အလင်းရောင်ကလေးတစ်ခုသာ ကျန်တော့သည်။

ထိုအခန်းထဲ၌ သူမကို ဆွဲခေါ်လာသည့် လူနှစ်ယောက်အပြင် ကုလားထိုင် အသီးသီး၌ ထိုင်နေသော အခြား လူနှစ်ယောက်ကိုလည်း တွေ့ရှိရပေသည်။



ကြိုးနှင့် အတုပ်ခံထားရသော မိန်းကလေးနှင့် ထိုလူတို့၏ မျက်နှာနှင့် မျက်လုံးများသည် အုတ်နံရံမှ အပေါက်ငယ်ကလေးများဆီသို့သာ အာရုံစူးစိုက်၍ ကြည့်နေကြသည်။

သူတို့သည် စကားတစ်ခွန်းမှ မပြောကြဘဲ ငြိမ်သက်၍ နေသောကြောင့် အခန်းထဲ၌ တိတ်ဆိတ်လွန်းလှသည်။

ထိုတိတ်ဆိတ်မှုကို စတင်၍ ဖြိုခွင်းလိုက်သော တစ်ဘက်အခန်းမှ အသံသည် အခန်းထဲသို့ အပေါက်ကလေးမှတစ်ဆင့် ဝင်ရောက်လာခြင်းပင်ဖြစ်သည် မဟုတ်ပါလား။

❀

'ကျီမာ'

အသံက ခပ်သြသြဖြစ်သော်လည်း သြဇာသံ လွှမ်းနေ၏။

သူမက မထူးသော်လည်း မော့ကြည့်လိုက်သည်။

သေးငယ်သော အပေါက်ကလေးများ၏ နောက်ကွယ်မှ လူကို မမြင်ရသော်လည်း အသံကိုတော့ မကြားရ၏။

'ငါ့လက်အောက်မှာ အားအကိုးရဆုံး အယုံကြည်ရဆုံး ဆိုလို့ မင်း တစ်ယောက်ကိုပဲ ငါ အားကိုးခဲ့တယ်၊ ငါ့ရဲ့ အဆိပ်လက်နက်ပုန်းကိုလဲ ယုံယုံကြည်ကြည်နဲ့ မင်းကို ပေးခဲ့တယ်၊ အခု မင်းက ဘာစိတ်ပေါက်ပြီး ငါ့ကို တော်လှန်တာလဲ မှန်မှန်ပြောပါ'

ကျီမာဆိုသည့် မိန်းကလေးက ငြိမ်သက်နေသည်။

‘ဟော့ မင်းကို ငါမေးနေတာ ပြောလေ၊ မင်းအခုနေနဲ့ စကြာဝဠာကြီးတစ်ခုလုံးမှာ ရှောင်ပုန်းနေလို့လဲ မလွယ်ဘူးဆိုတာ သိတယ်မဟုတ်လား’

‘ကျွန်မမှာ လွန်လွန်ကျူးကျူးအပြစ် ဘာရှိလို့လဲ’

‘မင်း ဘာတွေလျှောက်လုပ်နေသလဲဆိုတာ မသိဘူးမှတ်လို့လား၊ ဟော့ နဂါးဟုတ်တူ၊ မင်းက စပြောစမ်း’

ကုလားထိုင်တွင်ထိုင်နေသော လူနှစ်ယောက်အနက် တစ်ယောက်က မတ်တတ်ရပ်လိုက်သည်။

ထိုလူမှာ နဂါးဟုတ်တူ ဖြစ်သည်။

‘ကျွန်တော်က သူ့ကို ကျူးရှုံး ဆိုတဲ့ လူက ပတ္တမြားကို အချောင်ဝယ်ယူသွားတဲ့အတွက် ကျူးရှုံး နောက်ကို လိုက်ဖို့ တာဝန်ပေးပါတယ်၊ ဒါပေမယ့် သူ့ဆီက ဘာမှ အကြောင်း မပြန်ခဲ့ဘူး၊ သူ့ကို မသင်္ကာလို့ ချူးချူးကို လွှတ်လိုက်တော့လဲ ချူးချူးဟာ သူ့ကိုတွေ့တာနဲ့ သခင်ကြီးဆီကို အကြောင်းကြားစာ ပို့နိုင်သေးတယ်၊ ဒါပေမယ့် ချူးချူးကို သူ သတ်လိုက်တယ်ဆိုတာ သိရတယ်’

‘ကဲ မင်း ဘာတွေ လျှောက်လုပ်နေတယ်ဆိုတာ ပြောစမ်း ကျိမာ’

‘ကျွန်မကျူးရှုံးဆိုတဲ့လူနောက်ကို လိုက်ခဲ့ပါတယ်၊ ကျူးရှုံးက တိုက်ခိုက်နေရင်းက ပစ္စည်းကို လူတစ်ယောက်ကို ပေးလိုက်တယ်၊ အဲဒီလူနောက်ကို ကျွန်မ ဆက်လိုက်သွားတယ်’

‘အင်း ဆက်ပြော’

‘အဲဒီလူနာမည်က ဟိုကန်းစု ဖြစ်ပါတယ်၊ သူ့ကို ကျွန်မ အဆိပ်အပ်လက်နက်ပုန်းနဲ့ ပစ်ခတ်ပြီး ရှာဖွေပေမယ့် အဲဒီ ပတ္တမြားကို မတွေ့ရပါဘူး၊ ဒါနဲ့ ကျွန်မ ဆက်လက်ပြီး စုံစမ်းနေတာပါ’



‘ဟင်း ဟင်း၊ အဲဒီစကားဟာ မင်း လိမ်နေတာ၊ ဟုတ်တူ မင်း သိတာပြောလိုက်’

ဟုတ်တူက မတ်တတ်ရပ်လိုက်ပြန်သည်။

‘ကျိမာ၊ ကျုပ်တို့သိရတာ ဒီလိုမဟုတ်ဘူး၊ မင်းဟာ ဟိုကန်းစုဆိုတဲ့ လူဆီက ပတ္တမြားရသွားတယ်၊ ဟိုကန်းစုဟာလဲ သေသွားတယ်၊ အဲဒီနေရာမှာ ဟိုကန်းစုရဲ့အကြောင်း နည်းနည်းပြောရမယ်၊ ဟိုကန်းစုဟာ မသေခင်မှာ လူတစ်ယောက်နဲ့ တွေ့တယ်၊ အဲဒီလူက ဟိုကန်းစုကို သနားပြီး ဟိုကန်းစု အယောင်ဆောင်ပြီး ဟိုကန်းစုမိသားစုကို ကူညီနေတာပဲ ဖြစ်တယ်ဆိုတာ သိရတယ်’

နဂါးဟုတ်တူက ဆက်ပြောသည်မှာ

‘မင်းဟာ ဟိုကန်းစုဆီက ပတ္တမြားကိုယူပြီး ပိုကျန်းကို ရောက်လာတယ်၊ အဲဒီအခါမှာ အယောင်ဆောင်ထားတဲ့ ဟိုကန်းစုကိုရုတ်တရက်တွေ့ရတော့ ဒီလူမသေသေးဘူးဆိုပြီး ဒုတိယအကြိမ် သတ်ခဲ့သေးတယ် မဟုတ်လား’

သူမသည် ဘာမှမပြောနိုင်၊ ငြိမ်သက်၍ နားထောင်နေသည်။

ဟုတ်တူက သူ့အနားတွင် ထိုင်နေသောလူကို

‘ကဲ ရိအော့၊ ပြောပြလိုက်ပါ’

ရှိအော်က

'မင်း ညာလို့မရဘူးလေ၊ ကျုပ်ဟာ ကျောက်ကုန်သည်ဟန်ဆောင်နေတဲ့ ဂိုဏ်းသားတစ်ယောက်ပဲဆိုတာ မင်းက မသိလေတော့ မင်းယူလာခဲ့တဲ့ ပတ္တမြားကို ကျုပ်ဆီမှာ လာပြတယ်၊ ပထမတော့ မင်းကို ကျုပ်ကလဲ ဂိုဏ်းချုပ်ကြီးရဲ့ လက်ထောက်မှန်း မသိပါဘူး၊ ဒါပေမယ့် အယောင်ဆောင်နေတဲ့ ဟိုကန်းစုကို မင်း သွားလုပ်ကြံတာ ငါသိလိုက်တယ်၊ အဲဒီအချိန်မှာ ချူးချူးက ရောက်လာပြီး မင်းကို တွေ့သွားတယ်၊ အဲဒီနေ့က မင်းနဲ့ချူးချူးနဲ့ ဘာဖြစ်တယ်၊ ဘာပြောတယ်ဆိုတာ မင်းပဲ ပြောပြလိုက်ပါ'

ရှိအော့၏ စကားအဆုံးတွင် အတွင်းမှ ဂိုဏ်းချုပ်ကြီးရဲ့ အသံ ထွက်လာပြန်သည်။

'ကဲ ပြောစမ်းပါဦး၊ မင်းဟာ လုပ်ရဲရင်ခံရဲတဲ့သတ္တိရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊ မင်းရဲ့သတ္တိကို ငါက ချီးကျူးပါတယ်၊ ကဲ အမှန်အတိုင်းသာ ပြော၊ ခွင့်လွှတ်သင့်တာ ငါ ခွင့်လွှတ်မယ်'

ကျီမာ အနည်းငယ်ငိုင်၍ စဉ်းစားသည်။

သူမအနေဖြင့် ဆက်လက်၍ လိမ်ညာနေမည် ဆိုလျှင်လည်း မဖြစ်နိုင်တော့ပါ။ နေရာအနှံ့တွင် သခင်ကြီးကျူး၏ ဂိုဏ်းသားများရှိနေသည်ကို သူမ ယခုမှ သဘောပေါက်မိပါပြီ။

သူမသည် အမှန်ကို ပြော၍ ဂိုဏ်းချုပ်ကြီးကို အသနားခံလျှင် ရနိုင်မည်လားဟု စဉ်းစားမိပြန်သည်။



'ဟုတ်ပါတယ် သခင်ကြီး၊ ကျွန်မ အမှန်အတိုင်း ပြောပါ့မယ်'

'ကောင်းပြီ'

'ကျွန်မ ဟိုကန်းစုဆီက ပတ္တမြား ရခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုအတွက် ငွေတော်တော်ကလေး လိုအပ်နေတာနဲ့ အဲဒီပစ္စည်းကို ရောင်းထုတ်ပြီး သုံးစွဲမယ်လို့ စိတ်ကူးလိုက်ပါတယ်၊ အဲဒီအခါမှာ ကျွန်မနောက်ကို ချူးချူး လိုက်လာတာမြင်တော့ ကျွန်မ သူ့ကို ရှင်းပစ်လိုက်မိပါတယ်'

'ကဲ ငါ့တိုတိုနဲ့လိုရင်းကိုပဲ မေးမယ်၊ အဲဒီ ပတ္တမြား ဘယ်မှာလဲ'

'ကျွန်မ တစ်နေရာမှာ ထားပါတယ်၊ မရောင်းရသေးပါဘူး'

'မင်း နေရာ ပြောပါ'

'ကျွန်မ နေရာပြောပေမယ့် ရှာလို့လွယ်မယ် မထင်ပါဘူး၊ ကျွန်မ ကိုယ်တိုင်'

သူမ စကားမဆုံးမီ တစ်ဘက်မှ အသံက

'အို မင်းကိုလွှတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နေရာသာ ပြောပါ'

ကျီမာသည် အတန်ကြာ စဉ်းစားနေပြီးမှ

'ငန်းဖြူ စားသောက်ဆိုင် အခန်းနံပါတ်သုံး ခေါင်မိုးမျက်နှာကျက်'ဟု တစ်လုံးချင်း ပြောပြလိုက်လေတော့သည်။

ဒုတိယအာမခံဌာနမှူး ယုံဝှားသည် သမီးဖြစ်သူကိုမမျှော်လင့်ဘဲ ပြန်တွေ့ရသဖြင့် စိတ်ချမ်းသာ ပျော်ရွှင် သွားသော်လည်း သားဖြစ်သူကို သတ်ဖြတ်သွားသော ဂိုဏ်းကို စိတ်နာကြည်းနေသည်။

ယခုအခါ ယုံဝှားနှင့် ချီဝှားတို့သည် အာမခံ လုပ်ငန်းကိုတစ်ဘက်မှ လုပ်ကိုင်ရင်း ရန်သူကိုလည်း မျက်ခြည် မပြတ်စုံစမ်းနေ၏။

ဟိုကန်းစုသည် စာရင်းစာအုပ်တစ်အုပ်နှင့် သူ၏အခန်းထဲ၌ အလုပ်ရှုပ်နေစဉ် ဟိုကျင်းမာ ရောက်ရှိလာသည်။

'နှင့်ကိုငါ ပြောစရာ တစ်ခုရှိတယ်'

ဟိုကန်းစုက ဟိုကျင်းမာကို မော့ကြည့်၍

'ဘာလဲအစ်မ'

'လူတစ်ယောက်ကို ရှာဖွေခိုင်းတဲ့ကိစ္စ၊ ဦးလေးယုံဝှား နှင့်ကို ပြောပြီးပြီလား'

ဟိုကန်းစုက ခေါင်းယမ်း၍

'ကျွန်တော် မသိရသေးဘူး'

'မိန်းကလေးတစ်ယောက် အလုပ်လာအပ်ထားတာ ရှိတယ်၊ လူတစ်ယောက်ကို ရှာဖွေပေးဖို့ပဲ'

ဟိုကျင်းမာက ပြောရင်း စာရွက်တစ်ရွက်ကို ရှာဖွေ၍ ဟိုကန်းစုကို လှမ်းပေးရင်း

'အဲဒီအမျိုးသမီးက ငွေငါးရာပေးသွားတယ်၊ အကယ်၍ သတင်းရရှိရင် ထပ်ပေးမယ်လို့ ပြောသွားသေးတယ်'

ဟိုကန်းစုသည် စာရွက်ကို ဖတ်ကြည့်မိလိုက်ရာ



ရုတ်တရက် စိတ်များ လှုပ်ရှားသွားရလေတော့သည်။

'မောင်လေး ဘာဖြစ်လို့လဲ'

ဟိုကျင်းမာက ဟိုကန်းစုမျက်နှာကိုကြည့်၍မေးလိုက်သည်။

ဟိုကန်းစုက ခေါင်းယမ်း၍

'ဘာမှမဖြစ်ပါဘူး၊ ဒီအမျိုးသမီးကအရူးပဲ၊ တို့လုပ်ငန်းက လူတွေကိုရှာဖွေတဲ့ အလုပ်မှမဟုတ်တဲ့၊ ဘယ်လိုလုပ်ပြီး စုံစမ်းပေးနိုင်မှာလဲ'

ဟိုကျင်းမာက

'ငါကလဲ အဲဒီလိုပဲ ပြောပြပါတယ်၊ ဒါပေမယ့် သူက အာမခံဌာနကလူတွေဟာ အနယ်နယ်အရပ်ရပ်ကို သွားနေရတာကြောင့် ချီလူယန်းဆိုတဲ့ နာမည်ကို ကြားမိခဲ့ရင် သူ့ကို အကြောင်းကြားပါလို့ ပြောတယ်'

'သူက အခုဘယ်မှာလဲ'

'တိတိ ကျကျတော့ မပြောနိုင်ဘူး၊ ဒီမြို့မှာပဲ ရှိမယ်လို့ ပြောတယ်၊ သူ မကြာမကြာသတင်းလာမေးမယ်လို့ ပြောသွားတယ်'

ဟိုကန်းစုသည် ယခုကဲ့သို့ ငွေကုန်ကြေးကျခံပြီး မိမိကို စုံစမ်း ရှာဖွေနေသည့်သူသည် မည်သူမည်ဝါ ဖြစ်နိုင်သနည်း ဟု အပြေးအလွှား စဉ်းစားနေသည်။

သူ၏မိခင်က စိတ်ပူ၍များ လိုက်ရှာနေသလား။

သို့မဟုတ် မိမိ၏ရန်သူပင် ဖြစ်နိုင်သလား။

'သူက ဘယ်အရွယ်လောက်ရှိပြီလဲ'

'ခပ်ငယ်ငယ်ပဲ၊ လှတော့ အတော့်ကိုလှတဲ့ မိန်းကလေးပဲကွယ့်'

အသက်ငယ်ငယ် ချောချောလှလှ။

ဟိုကန်းစု တွေး၍ စဉ်းစားနေသော်လည်း အဖြေမရပါ။

ထိုစဉ် ယုံဝှားနှင့် ချီဝှားတို့ ရောက်ရှိလာသည်။

ယုံဝှားက ဟိုကန်းစုလက်ထဲမှ စာရွက်ကိုကြည့်ပြီး

'ဟော အဲဒီကိစ္စက မလွယ်ပါဘူးကွာ၊ ငါလဲ တော်တော်စုံစမ်းပြီးပြီ၊ ချီလုယန်းဆိုတဲ့လူက နေပြည်တော်က ထောက်လှမ်းရေး တစ်ယောက်ပါ၊ ဒီမိန်းကလေးက ဘာဖြစ်လို့ မျှားတွေ့ချင်နေရတာလဲမသိဘူး'

ယုံဝှားစကားကြောင့် မိမိ၏အကြောင်းကို သိထားသော ချီဝှားကို တစ်ချက် လှမ်းကြည့်မိလိုက်သည်။

ချီဝှားက ဟိုကန်းစုကို လှမ်းကြည့်လိုက်ပြီး ဘာသိဘာသာပင် မသိဟန်ပြု၍ နေလိုက်သည်။

ဟိုကျင်းမာက ယုံဝှားကိုကြည့်၍

'ဦးလေးယုံဝှား၊ ဒီ ချီလုယန်းဆိုတဲ့လူက နေပြည်တော်က ထောက်လှမ်းရေးသမား တစ်ယောက် မဟုတ်လား၊ သူက ဘာလို့ ပျောက်နေရတာလဲ'

ယုံဝှားက ပခုံးနှစ်ဘက်ကို တွန့်လိုက်သည်။

'ဘာလို့ ပျောက်နေရသလဲ ဆိုတာတော့ ဘယ် ပြောနိုင်ပါမလဲ၊ စုံစမ်း ထောက်လှမ်းရေးသမားတွေ ဆိုတာက တစ်ခါတလေ သူတို့ရဲ့ဘဝကို သူတို့ ရုပ်ဖျက်ပြီး နေတတ်ကြတာ၊ စုံစမ်းလို့ ဘယ်လွယ်ပါ့မလဲ'



'ကဲဗျာ စုံစမ်းလို့ မရတော့လဲ ဘာတတ်နိုင်မှာလဲ၊ ဒီကိစ္စကို တာဝန်တစ်ခုအနေနဲ့ မထားစမ်းပါနဲ့'

သူသည် ထိုကဲ့သို့ ပြောပြီး ချီဝှားနှင့် ဟိုကျင်းမာတို့ကို မော့ကြည့်လိုက်သည်။

'အစ်မ ကွဲဝှားကို အိမ်မှာပဲ ခေါ်ထားလိုက် ပါလား၊ ဒီအလုပ်ထဲမှာ နည်းနည်း အန္တရာယ်များတယ်'

ယုံဝှားက ဝင်၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဟိုကန်းစုပြောတာ မှန်တယ်'

သို့သော် ကွဲဝှားက

'ကျွန်မ အလုပ်မရှိဘဲ မနေချင်ဘူး၊ နေခက်ပြီး'

ဟိုကန်းစုက

'ခင်ဗျား ကျုပ်ပြောတာ နားထောင်စမ်းပါ၊ ခင်ဗျား အန္တရာယ်က ဒီမြို့ထဲမှာ ရှိနေတယ်လို့ ကျုပ်ထင်ထားလို့ပါ'

'ကျွန်မကလဲ အန္တရာယ်ကို ရင်ဆိုင်ချင်လို့ပဲ'

'လိုအပ်ရင် မင်းကို အသိ ပေးပါ့မယ်၊ လောလောဆယ်မှာတော့ အစ်မတို့ အမေတို့နဲ့ အတူတူ သွားမနေလိုက်ပါဦး'

ဟိုကန်းစုက ထိုသို့ပြောလိုက်မှ ကွဲဝှားနှင့် ဟိုကျင်းမာတို့ အခန်းထဲမှ ထွက်သွားကြသည်။

'မင်း အန္တရာယ်ကို သိနေတယ် ဟုတ်လား'

သူမတို့ထွက်သွားပြီးမှ ယုံဝှားကမေးသည်။

ဟိုကန်းစုက

'ဦးလေးယုံဝါး ရှိအောင်ကို သိတယ်မဟုတ်လား'

'အို ဒီလူကို ဘာလို့မှသိရမှာလဲ၊ မင်းအဖေနဲ့အတူ စီထိ အာမခံဌာနမှာ အတူတူ လုပ်ခဲ့ကြတာပဲ'

'သူ့ ရဲ့စိတ်သဘောထားဘယ်လိုရှိတယ် ဆိုတာရော ဦးလေးယုံဝါး အကဲခတ်မိလား'

ယုံဝါးသည် ခေါင်းငဲ့၍ စဉ်းစားနေသည်။

'တို့နဲ့အတူ အလုပ်လုပ်ခဲ့တုန်းကတော့ သူကပထမ တာဝန်မှူး၊ မင်းအဖေက ဒုတိယတာဝန်မှူးပဲ၊ သူ့ စိတ်သဘောကိုတော့ သေသေချာချာ မလေ့လာ မိဘူး၊ ဘာဖြစ်လို့လဲ၊ မင်းအနေနဲ့ သူ့ကို မသင်္ကာစရာအချက် တွေ့နေလို့လား'

ဟိုကန်းစုသည်၊ ဟိုချိုက်ဆုံ အသတ်ခံရသည့်ကိစ္စကို ပြန်၍ အစကောက်လိုက်သည်။

'အဖေနဲ့ အတူ ခါးပြတိုက် ခံရစဉ်က ဦးလေး ယုံဝါး တစ်ယောက်ပဲ အသက်ချမ်းသာတယ်နော်'

'ဟုတ်တယ် အင်အားချင်းမမျှတော့ ငါကဆက်တိုက်နေမယ် ဆိုရင်လဲ သေဖို့ပဲ ရှိတာပဲ'

ဟိုကန်းစု ခေါင်းညိတ်လိုက်သည်။

'ထားပါတော့လေ၊ အဲဒီခါးပြတွေဟာ ဘယ်ဂိုဏ်းကလဲ အဲဒါကော နည်းနည်းပါးပါး မရိပ်စားမိဘူးလား'

'တိုက်ရည်ခိုက်ရည်ကတော့ တော်တော်ထက်မြက်တဲ့ ခါးပြတွေပဲကွ၊ သူတို့က မျက်နှာဖုံးတွေစွပ်ထားတော့ ဘယ်သူ ဘယ်ဝါ ဆိုတာတော့ မသိဘူး'



'အဲ့ဒီအချိန်တုန်းက ရှိအောင်က ဖျားနေတယ်ဆိုတာ အမှန်ပဲလား'

ယုံဝါးသည် အတန်ကြာအောင်ပင် စဉ်းစားနေသည်။

'ခက်သားပဲကွာ၊ အဲဒီနေ့က သူလိုက်ဖို့ ကြိုးစားပါသေးတယ်၊ မင်းအဖေကိုယ်တိုင်က ဖျားနေရင်မလိုက်ပါနဲ့လို့ တားခဲ့တာ'

'အဲဒီနေ့က ပို့တဲ့ပစ္စည်းဟာ ပတ္တမြားမဟုတ်လား'

'ဟုတ်တယ်၊ အင်မတန် အဖိုးတန်တဲ့ ပတ္တမြား တစ်လုံးပါတယ်'

'အဲဒီပတ္တမြားကို ပို့ဆောင်ဖို့ လာအပ်တဲ့ ပိုင်ရှင်ကိုကော သိသလား'

'ဟာ သိတာပေါ့၊ ဘုံကျောင်း လူကြီး တာလျန်းရဲ့ ပစ္စည်းပါ'

ဟိုကန်းစု ယုံဝါးကို မော့်ကြည့်ကာ

'လာဗျာ၊ ကျွန်တော်တို့ အဲဒီကိုသွားရအောင်'

## အခန်း ၂၇။

## နောက်ကြောင်း

ဘုံကျောင်းလူကြီး တာလျှန်းသည် အသက်ကိုးဆယ်နီးပြီ ဖြစ်သော အဘိုးအိုကြီးတစ်ယောက်ဖြစ်သည်။

ဟိုကန်းစုနှင့် ယုံဂွားတို့ကို ထိုသူသည် သိပ်ပြီး စကား ပြော ချင်ပုံ မရသော်လည်း ဟိုကန်းစု၏စကားများကို ကြားလိုက်ရ သောအခါ သူသည် ချက်ချင်း စိတ်ထား ပြောင်းလဲသွား တော့သည်။

'ဒီလိုပါဘဘ၊ ဘဘပစ္စည်း သွားရောက် ပို့စဉ်တုန်းက ကျွန်တော့်အဖေလဲ့ ခါးပြတွေ သတ်လို့ သေသွားရတာ ပါ၊ ဒီကိစ္စကို ကျွန်တော် နည်းနည်းလိုက်ပြီး စုံစမ်းနေတာ



တရားခံကို ရှာနေတာပါ၊ အကယ်၍ တရားခံကို တွေ့လာခဲ့ရင် ဘဘပစ္စည်း ကံကောင်းထောက်မပြီး ပြန်ရနိုင်ပါတယ်'

အဘိုးကြီး တာလျှန်း၏ မျက်လုံးများသည် ချက်ချင်း အရောင်လက်သွားပြီး ဝမ်းသာသွားပုံ ရလေသည်။

'မောင်ရင်တို့ ဘာသိချင်တာလဲ'

ဟိုကန်းစုက

'အဲ့ဒီတုန်းက ဘဘ ပစ္စည်းပေးပို့ခဲ့တာ ပတ္တမြားတစ်လုံး နော်'

'ဟုတ်တယ်၊ အဲဒီပတ္တမြားဟာ ကျုပ်ရဲ့ ဆွေစဉ်မျိုးဆက် ပိုင်ဆိုင်ခဲ့တဲ့ အဖိုးတန်ပစ္စည်းပဲ၊ ကန်တုံမှာ ရှိနေတဲ့ ကျုပ်ရဲ့ မြေးကို ထိန်းသိမ်းဖို့ ပို့ပေးလိုက်တာပါ'

'တန်ဖိုးဘယ်လောက် ခန့်မှန်းပါသလဲ'

'ငါးသောင်း'

ဟိုကန်းစုသည် ယုံဂွားကို ကြည့်လိုက်မိသည်။

'ဒီလောက်တန်ဖိုးကြီးတဲ့ ပစ္စည်းကို ပို့တော့ ဝမ်းစီသိက ပျောက်ဆုံးရင် လျော်ကြေးပေးပါ့မယ်လို့ အာမမခံဘူးလား'

အဘိုးအိုတာလျှန်းက

'သူ အာမခံတာက ခြွင်းချက်နဲ့ပါ'

'ဘယ်လိုခြွင်းချက်လဲ'

'မတော်တဆ ပျောက်ဆုံးသွားရင် သူ လျော်ကြေး ပေးပါ မယ်လို့ ပြောတယ်၊ ရန်သူမျိုးငါးပါးထဲက သူခိုးဓားပြတွေက တိုက်ခိုက်လို့ သူ့လူတွေ အသက် ဆုံးရှုံးရတာမျိုး ဆိုရင်တော့ သူက မပေးနိုင်ဘူးလို့ ပြောပါတယ်၊ ဒါပေမယ့် ကျုပ်ကလဲ

လမ်းခရီးမှာ ခါးပြတိုက်ဘတ်တယ်လို့ တစ်ခါမှ မကြားဖူး တော့ ရှိရှိသမျှငွေပဲ ပို့ပေးဖို့ အပ်နှံလိုက်ပါတယ်'

ဟိုကန်းစုက

'ဒါဖြင့် ဘာ လျော်ကြေး တစ်ပြားမှ မရဘူးပေါ့'

အတိုးအိုဘာလျှန်းက မျက်စောင်းထိုး၍

'သူ့လူတွေသေသွားတာ ငါ့ကြောင့်ဆိုပြီး လျော်ကြေး လာမတောင်းတာပဲ ကျေးဇူးတင်ရမလို ဖြစ်နေတယ်'

ဟိုကန်းစုသည် ယုံဝှားကို မေးငေါ့လိုက်သည်။

'ဘယ့်နှယ်လဲ ကျွန်တော့် အဖေဆီမှာတော့ ပိုင်ရှင်ကို အလျော်ပေးရမယ်ဆိုပြီး အသက်လဲ အသေ ခံရသေးတယ်၊ ငွေလဲတောင်းခဲ့သေးတယ်၊ ဝမ်းစီထိဟာ အင်မတန် သေဘာ ကြီးပါလား'

ယုံဝှား ဘာမှ မပြောနိုင်တော့ပါ။

ဟိုတုန်းက ယုံဝှားမှာ ငယ်သားတစ်ယောက်သာ ဖြစ်သည့် အတွက် ဝမ်းစီထိတို့၏လုပ်ငန်းကို သေသေချာချာ မသိခဲ့ပေ။ ထို့နောက် ဘာလျှန်းက

'အဲဒီတုန်းက ကျုပ်ဆီမှာ အာမခံ ငွေနှမျိုး ရှိအောင် တောင် ဝယ် ခဲ့သေးတယ်၊ ဈေးနည်းတာက တစ်ကြောင်း၊ ဘိုးဘွားပိုင်ပစ္စည်းမို့ မရောင်းချင်တာကလည်းတစ်ကြောင်းမို့ ငြင်းဆန်လိုက်တယ်'

ထိုစကားသည် ဟိုကန်းစု အလွန်ကြားချင်နေသော စကား တစ်ခွန်းဖြစ်ပေသည်။

'ဟာ ဟုတ်လား၊ သူက ဘယ်လောက် ပေးသလဲ'



'ကျုပ်က ခုနစ်သောင်းပြောတာကို သူက တစ်သောင်း ပေးတယ်'

'ဟာ'

ဈေးကို မတန်တဆနှိမ်၍ ဝယ်ခြင်းပင်ဖြစ်သည်။

ထိုသုပ်ရပ်သည် သခင်ကြီး ကျိုး၏ ဂိုဏ်းသားများလုပ်ရပ်နှင့် တစ်ထပ်တည်း တူညီနေပေသည်။

'ကျေးဇူးတင်ပါတယ် ဘဘ၊ ကျွန်တော်တို့ ကြိုးစားပါ့မယ်၊ ကံကောင်းပါစေလို့ ဆုတောင်းပါ'

သူတို့နှစ်ယောက် ဘာလျှန်းကို နှုတ်ဆက်၍ ထပြန်ခဲ့ကြသည်။

'ဦးလေးယုံဝှား၊ ကျွန်တော်တင်စားတာတွေ မလွဲတော့ဘူးဗျ'

ယုံဝှားမှာ သိပ်ပြီး သဘောမပေါက်သေးပေ။

'မင်း ဘာတွေလုပ်နေတယ်ဆိုတာ၊ ငါသိပ်သဘောမပေါက် သေးဘူး'

ဟိုကန်းစုက လေသံအေးအေးဖြင့် ပြောသည်။

'ကျွန်တော်တို့ စဉ်းစားရမယ့် အချက်တွေက သခင်ကြီး ကျိုးဆိုတဲ့ဂိုဏ်းသားတွေရဲ့ လုပ်ဆောင်ချက်ပဲ၊ သူတို့ဟာ အဖိုး တန်ကျောက်မျက်ရတနာ ပိုင်ဆိုင်တဲ့သူ မှန်သမျှကို ရှာဖွေ တယ်၊ တွေ့တဲ့အခါမှာ ဈေးကို မတန်တဆ အနည်းဆုံး ပေးပြီး

ဝယ်တယ်၊ ရောင်းလိုက်ရင်တော့ ပိုင်ရှင်ဟာ အန္တရာယ် သိပ်
မရှိဘူး၊ မရောင်းရင် ဓားပြတိုက်ပြီး ယူတယ်'

ယုံဝှားက ခေါင်းညိတ်လိုက်သည်။

'အေး ဟုတ်တယ်၊ ကွိဝှား ပြောပြတာလဲ အဲဒီ သဘော
ပဲ၊ ရှူးဝှားဆီမှာ သူတို့ ဝယ်တယ်၊ ရှူးဝှားက မရောင်းတော့
သူတို့က သတ်ပစ်လိုက်တယ်'

'ဟုတ်တယ်၊ နောက်တစ်ခု ကြည့်ဦး၊ ကျူးရုံးက ပတ္တမြား
ကို ရလာတော့ သူတို့ လိုက်သတ်တယ်၊ ခုလဲ တာလျန်းပြောပြ
ချက်အရဆိုရင် ရိအော့ကတောင် ဝယ်သေးတယ်လို့ ပြော
တယ်၊ ကောင်းပြီ၊ အဲဒီအချက်ကို ကျွန်တော်တို့ စဉ်းစားရ
တော့မယ်'

ယုံဝှား အနည်းငယ် သဘောပေါက်လာပြီး သေချာစွာ
နားစွင့်၍ ထောင်နေသည်။

'ရိအော့က ရောင်းဝယ်တာဟာ ဂိုဏ်းချုပ်ကြီးကျိုးရဲ့ ညွှန်
ကြားချက်ပဲ ဖြစ်ရမယ်၊ အဲ့ဒီအခါမှာ တာလျန်းက မရောင်း
တော့ သူကိုယ်တိုင်လိုက်ပြီးဓားပြတိုက်ယူတာ မဖြစ်နိုင်ဘူးလား'

ယုံဝှားက

'ဒါဆိုရင် အာမခံဌာနမှူး ဝမ်းစီထိနဲ့ သူနဲ့ ပူးပေါင်းပြီး
ကြံစည်တာပေါ့ ဟုတ်လား'

'အဲဒီအချက်ဟာလဲ စဉ်းစားစရာ ဖြစ်လာတယ်၊ ဝမ်းစီထိ
နဲ့ ရိအော့ဟာ တစ်ဂိုဏ်းတည်းသား ဖြစ်ချင်လဲ ဖြစ်နိုင်တယ်၊
ခက်တာက ဝမ်းစီထိဟာ ကျွန်တော်နဲ့အမှုဖြစ်ပြီး ကတည်းက
ပျောက်သွားတယ်၊ ရိအော့က ထူးထူးခြားခြား သူဌေးကြီး



တစ်ယောက်ဖြစ်သွားတယ်ဆိုတော့ သခင်ကြီး ကျိုးဟာ ရိအော့
များ ဖြစ်လေမလား၊ ဒါမှမဟုတ် သခင်ကြီးကျိုးရဲ့လက်အောက်
က လူပဲ ဖြစ်မလား၊ စဉ်းစားစရာ ဖြစ်နေပြီ'

ယုံဝှားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီကောင် ရတနာ ကုန်သည်ကြီး တစ်ယောက်
ဖြစ်နေတယ်ဆိုတော့ စဉ်းစားစရာပဲ'

'ကျွန်တော် နောက်တစ်ခု ထပ်ပြောဦးမယ်၊ ငန်းဖြူ
စားသောက်ဆိုင်မှာ ကျိမာဆိုတဲ့ ရတနာ ကုန်သည်တစ်ယောက်
ရောက်လာတယ်၊ ရိအော့က ကျိမာကို သွားတွေ့သေးတယ်လို့
သိရတယ်၊ အခု ကျိမာဟာ ငန်းဖြူမှာ မရှိတော့ဘူး'

ယုံဝှားက

'သူက ကုန်သည်ဆိုတော့ အခြားတစ်မြို့ကို ပြန်သွားတာ
ရော မဖြစ်နိုင်ဘူးလား'

'ရိအော့ကို ကျွန်တော်တွေ့တော့ ကျိမာဆီကရော အဖိုး
တန်ပစ္စည်း မရဘူးလားလို့ မေးတဲ့အခါ သူ့မျက်နှာ ပျက်
သွားတာကို တွေ့လိုက်ရတယ်'

ယုံဝှားက

'မင်း သူ့ဂေဟာကို ရောက်ဖူးတယ်ဆိုတော့ အခြေ
အနေ ဘယ်လို အကဲခတ်မိသလဲ'

ဟိုကန်းစုက

'ကျွန်တော် အဲသည်ဂေဟာကို သိပ်မသကာဘူး'

သူတို့နှစ်ယောက် စကားတပြောပြောနှင့်ငန်းဖြူစားသောက်ဆိုင်ရှေ့သို့ ရောက်လာကြသည်။

သူတို့နှစ်ယောက် စားသောက်ဆိုင်ထဲသို့ မဝင်မီကတည်းက ဟိုကန်းစုသည် တစ်စုံတစ်ယောက်ကို လှမ်းမြင်လိုက်လေသည်။

ဟိုကန်းစု မြင်တွေ့ရသူမှာ ပုပုဝဝလူတစ်ယောက်ပင် ဖြစ်လေသည်။

ထိုသူ၏ ခပ်ဆိုးဆိုးမျက်နှာပေါက်ကို ဟိုကန်းစုသကောင်းကောင်းကြီး မှတ်မိနေပေသည်။

ထိုသူမှာ ဆိုင်တာဝန်ခံနှင့် စကားပြောနေသည်ကိုတွေ့ရ၏။

သူတို့နှစ်ယောက်က စားပွဲတစ်လုံးတွင် ဝင်ထိုင်၍ စားစရာမှာချို့ကို မှာကြားလိုက်ပြီး စကားပြောနေသည်။

မကြာမီ သူတို့စားပွဲနားသို့ ဆိုင်တာဝန်ခံက လျှောက်လာရင်း ဟိုကန်းစုကို မြင်သွားသည်နှင့်

'ဩော် ဟိုကန်းစုပါလား' ဟု နှုတ်ဆက်လိုက်သည်

ဟိုကန်းစုက ပြုံးပြလိုက်သည်။

'ဟုတ်ပါတယ်၊ ဩော် ဒါထက် စောစောက ခင်ဗျားနဲ့ စကားပြောနေတာ ဘယ်သူလဲဗျ'

ဆိုင်တာဝန်ခံက

'ဩော် ဟိုလူဝကြီးကို ပြောတာလား'

'ဟုတ်ပါတယ်'

'သူက သူဌေး ရိအော့ရှဲဂေဟာမှူးလေ၊ ဒီည တစ်ည ဒီမှာတည်းခိုဖို့ အခန်းတစ်ခန်း လာငှားတာ၊ ဘာဖြစ်လို့လဲဗျ



ဆိုင်တာဝန်ခံက ပြောရင်းမှ ဟိုကန်းစုအနားတွင် ဝင်ထိုင်လိုက်သည်။

ဟိုကန်းစုသည် သူ၏ဦးနှောက်ကို အလုပ်ပေးနေ၏။

ဒီလူက ဘာကြောင့် ဒီညတစ်ည အခန်းလာငှားပါလိမ့်။

'သူ ခါတိုင်းရော ဒီလိုပဲလာငှားတတ်သလား'

ဆိုင်တာဝန်ခံက ခေါင်းယမ်းလိုက်ပြီး ခပ်ပြုံးပြုံးဖြင့်

'ခါတိုင်းတော့ ဒီလိုမငှားပါဘူး၊ ခု သူက တစ်ယောက်တည်းမဟုတ်ဘူးဗျ၊မိန်းကလေးတစ်ယောက်ပါပါတယ်ဆိုတော့ ဟဲ ဟဲ'

ဟိုကန်းစုကလည်း ပြုံးလိုက်မိသည်။

တဆက်တည်းပင် ဆိုင်တာဝန်ခံ၏စကားကြောင့် ဟိုကန်းစု၏ အတွေးဝယ် တစ်မျိုးဖြစ်ပေါ်လာ၏။

ရိအော့ဂေဟာ၏ဂေဟာမှူးတစ်ယောက်အနေဖြင့် လွတ်လပ်စွာပျော်ပါးနိုင်သည့် နေရာများစွာရှိပါလျက် မည်သည့်အတွက်ကြောင့်လူသူများလှသည့် ဤကဲ့သို့သော နေရာမျိုးကို လာ၍ငှားပါသနည်း။

ထိုစဉ် သူ့ခေါင်းထဲသို့ အသိတစ်ခု လက်ခနဲရောက်ရှိသွားသည်။

ထို့ကြောင့်

'သူငှားတဲ့အခန်းနံပါတ်ဘယ်လောက်လဲဗျ' ဟု မေးလိုက်၏။

ဆိုင်တာဝန်ခံက ဟိုကန်းစုကို ဆတ်ခနဲ ကြည့်လိုက်သည်။

ဟိုကန်းစုသည် ဤဆိုင်၌သေဆုံးခဲ့သော ချူးချူး၏ကိစ္စ၌

ပါဝင်ပတ်သက်ခဲ့ဖူးသောကြောင့် ဆိုင်တာဝန်ခံသည် ဟိုကန်းစုကို ယခုကဲ့သို့ သင်္ကာမကင်း ကြည့်လိုက်မိခြင်း ဖြစ်၏။

‘ခင်ဗျားက စုံစမ်းလှချည့်လား၊ ဘာများ မသင်္ကာလို့လဲ’

ဟိုကန်းစုက

‘ကျုပ်စုံစမ်းနေတာ အားလုံးအတွက်ဆိုတာ ခင်ဗျား ယုံထားစမ်းပါ’

ဆိုင်တာဝန်ခံက တစ်ချက်စဉ်းစားလိုက်ပြီး

‘သူက အခန်းနံပါတ်သုံးကို ငှားတယ်ဗျ’ဟု ပြောလိုက်၏။

ဟိုကန်းစုက ရုတ်တရက် တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့်

‘ကျီမာနေသွားတာ အဲ့ဒီအခန်းလား’ဟု မေးလိုက်၏။

ဆိုင်တာဝန်ခံက ဦးခေါင်းညိတ်ကာ

‘အဲ့ဒီ အခန်းနံပါတ်သုံးပဲ’

‘ဦးလေး ယုံပါ၊ ကျွန်တော်တို့နှစ်ယောက် အခန်းနံပါတ်လေးမှာ ဖြစ်စေ၊ ဒါမှမဟုတ် အခန်းနံပါတ် နှစ်မှာဖြစ်စေ ငှားကြရအောင်’

ထိုစကားကြောင့် ဆိုင်တာဝန်ခံက မျက်လုံးဝိုင်းသွားကာ

‘ဘာ ခင်ဗျားတို့ ဘာလုပ်ဦးမလို့လဲ’

ဟိုကန်းစုက ရယ်၍

‘ကျုပ်တို့ နှစ်ယောက်က အဲဒါမျိုး ချောင်းကြည့်တာ ဝါသနာပါတယ်ဗျ’ဟု ပြောလိုက်၏။

ဆိုင်တာဝန်ခံသည် ဟိုကန်းစုနှင့်ယုံဝှားကိုတစ်ချက်ကြည့်ပြီး



သူ့စားပွဲဆီသို့ ထသွားကာ ဟိုကန်းစုနှင့် ယုံဝှားတို့၏နာမည်ကို အခန်းနံပါတ်လေး၌ ရေးသွင်းလိုက်တော့သည်။

ဟိုကန်းစုသည် အခန်းနံပါတ်(လေး)၏ ဖွဲ့စည်းပုံ အခန်းအနေအထားကို လှည့်ပတ်ကြည့်လိုက်သည်။

တစ်ခန်းနှင့်တစ်ခန်းအကြား၌ ထူထဲသော ပျဉ်ချပ်ကြီးများ ကာရံခြားနားထားသည်ကို တွေ့ရ၏။

ထိုအဆောင်၌ အခန်းရှစ်ခန်း တိတိရှိပြီး အလယ်၌ စင်္ကြံထားကာ တစ်ဘက်လေးခန်းစီ မျက်နှာချင်းဆိုင် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

နံပါတ်လေးအခန်းမှာ အစွန်ဆုံးအခန်း ဖြစ်သည်။

သူသည် ကပ်လျက်ရှိသော အခန်းနံပါတ်သုံးကို မြင်နိုင်ရန် အခန်းထရံကို ဓားဦးဖြင့် အပေါက်ငယ်ကလေးတစ်ပေါက် ဖန်တီးထားလိုက်သည်။

ထိုသေးငယ်သော အပေါက်မှ နေ၍ တစ်ဘက်ခန်းသို့ ကောင်းစွာ တွေ့မြင်ရမည် ဖြစ်သည်။

ယင်းကိစ္စပြီးသည်နှင့် ယုံဝှားကိုခေါ်၍ အပြင်သို့ ထွက်ခဲ့၏။

ယုံဝှားသည် ဟိုကန်းစုလုပ်သမျှကို ဘာမှ နားမလည်ပေ။

‘ဒီလူဝကြီးရဲ့အခန်းကို ချောင်းကြည့်ရုံနဲ့ မင်းအဖို့ အကျိုးထူးခြားချက်တွေ ရှိနိုင်မလား’

သူတို့နှစ်ဦးသည် လူရှင်းသော လမ်းတစ်ခုၟ ခပ်ဖြည်းဖြည်း လျှောက်လှမ်းရင်းမှ ယုံဝှားက စတင်၍ စကားပြောလိုက်ခြင်း ဖြစ်သည်။

ဟိုကန်းစုက

'ကျွန်တော်ထင်တာ မမှားဘူးဆိုရင် သဲလွန်စ တစ်ခုခုတော့ ရမှာဘဲဗျ'

'သဲလွန်စ ဟုတ်လား'

ယုံဝှားက သူ့မျက်နှာကိုကြည့်၍ ပြန်မေးသည်။

'ဒီဇေဟာမှူး လူဝကြီးဟာ ရိအေဒ့ရဲ့ တပည့်တစ်ယောက် ဖြစ်နိုင်တယ်၊ သူဟာ မိန်းကလေးတစ်ယောက်နဲ့ လာမယ်ဆိုတာ ကျွန်တော် သိပ်မသကာဘူး၊ အဲဒီမိန်းကလေးဟာ ကျီမာဆိုတဲ့ ကျောက်ကုန်သည်များ ဖြစ်နေမလား၊ ဒါမှမဟုတ် တစ်နည်း နည်းနဲ့များ ပတ်သက်နေမလားဆိုတာ၊ သူတို့ပြောတဲ့ စကား တွေကို ကြားရဖို့ သိပ်အရေးကြီးတယ်'

ယုံဝှားက

'သူတို့က ဘယ်အချိန် လောက် လာမှာလဲ'

'ဒါတော့ အမှန်မပြောနိုင်ဘူး၊ တော်တော်လေး ညဉ့်နက်မှ လာရင်လဲလာမှာပဲ၊ ဒါပေမယ့် ကျွန်တော်တို့ဟာ ပိပိရိရိနဲ့ အသံ မကြားအောင်နေဖို့ အရေးကြီးတယ်'

'သူက မရိုးမသားနဲ့ လာတာဆိုရင်တော့ ဘေးအခန်းတွေကို သူဂရုမစိုက်ပဲနေမှာ မဟုတ်ဘူး'

ဟိုကန်းစု ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ ဒါကြောင့် ကျွန်တော်တို့ နည်းနည်းတော့သတိ ထားရလိမ့်မယ်၊ အကယ်၍ လိုအပ်မယ်ဆိုရင် ပွဲကြမ်းချင်ကြမ်း သွားနိုင်တယ်'

ငန်းဖြူစားသောက်ဆိုင်သည် ထုံးစံအတိုင်း စကားပြောသံ များ၊ ရယ်မောသံများ၊ ဇွန်းသံ ပန်းကန်သံများဖြင့် ဆူညံလျက် ရှိသည်။

အခန်းနံပါတ်သုံး၌ ထိန်လင်းသော မီးအိမ်ကြီးများထွန်းညှိ ထားသည်ကို တွေ့ရပြီး လူဝကြီးနှင့်အတူ မိန်းကလေး တစ် ယောက်သည် အရက်ထိုင်သောက်ရင်း စကားပြောနေသည်ကို တွေ့ရသည်။ ထိုအချိန်တွင်

ယုံဝှားက အခန်းနံပါတ်လေး အတွင်းမှ ထွက်လာပြီး သူ၏ အခန်းကို တံခါးပိတ်ကာ သော့ခတ်လိုက်တော့သည်။

ယုံဝှား၏လုပ်ဆောင်ချက်မှာ အခန်းလေးထဲ၌ မည်သူမျှမရှိ သည့် ပုံစံမျိုး ဖန်တီးယူလိုက်ခြင်း ဖြစ်သည်။

သူသည် သော့ကိုယူ၍ ဆိုင်ဘာဝန်ခံထံသို့ ပြန်လည်အပ်နှံ လိုက်သည်။

တဆက်တည်းမှာပင် စာရင်းစာအုပ်ထဲမှ သူတို့၏ အမည် နှစ်ခုကိုလည်း ပယ်ဖျက်ခိုင်းလိုက်သည်။

'ဆိုင်ဘာဝန်ခံက အံ့သြစွာဖြင့်

'ဘယ်လိုလဲ၊ ခင်ဗျားတို့နှစ်ယောက် ငွေအပြည့်အဝပေးပြီး ညမအိပ်တော့ဘူးလား' ဟု မေးလိုက်သည်။

ယုံဝွားက ဦးခေါင်းခါယမ်းလိုက်ပြီး

'ကျုပ်တို့ အစီအစဉ်ဖျက်လိုက်ပြီ၊ မအိပ်တော့ဘူး' ဟု ပြောလိုက်သည်။

ဆိုင်တာဝန်ခံက ဘာမှဆက်မပြောတော့ပါ။ သော့ကိုနံရံ၌ ဆွဲချိတ်လိုက်လေသည်။

အခန်းနံပါတ်လေးမှ သူတို့၏အမည်ကို ပယ်ဖျက်လိုက်သည်။

ထိုသို့ပြောပြီးသည်နှင့် ယုံဝွားသည် စားသောက်ခန်းမကို ဖြတ်ကျော်၍ ထွက်သွားလေတော့သည်။

ထို့နောက် မိမိကို စားသောက်ဆိုင်မှ မမြင်တွေ့နိုင်သည့် မျက်ကွယ်အရပ်သို့ ရောက်သောအခါ စားသောက်ဆိုင်သို့ တိတ်တဆိတ် ပြန်လာပြီး စားသောက်ဆိုင်၏ ခေါင်မိုးပေါ်သို့ ခုန်တက်သွားကြောင်း မည်သူမျှ မသိလိုက်ချေ။

ထို့ပြင် အခန်းနံပါတ်လေးထဲ၌ ဟိုကန်းစု တစ်ယောက် ကျန်ရှိနေသည်ကိုလည်း မည်သူမျှ မသိပါ။

ဘေးအခန်း၏ အရိပ်အခြည်ကို တစ်စေ့တစ်စောင်းကြည့်နေသည့် လူဝကြီးသည် ယုံဝွား အခန်းသော့ ပြန်အပ်သွားသည်ကို မြင်တွေ့လိုက်သည်နှင့် မိမိ၏အခန်းတံခါးကိုပိတ်ပြီး အရက်အတူ သောက်နေသော မိန်းကလေးကို အချက်ပြလိုက်တော့သည်။

ထိုအခါ မိန်းကလေးသည် ပေါ့ပါးစွာဖြင့် ခေါင်မိုး မျက်နှာကျက်ပေါ်သို့ ခုန်တက်သွား၏။

သူမ၏လှုပ်ရှားမှုများက မြန်ဆန်လွန်းလှသည်။ တစ်ခဏ



ချင်းပင် မျက်နှာကျက်တစ်ခုလုံးနေရာအနှံ့ ပွသရောင်း သွားလေတော့သည်။

သို့သော် သူမသည် ထိုမျက်နှာကျက်ထဲမှ အပ်တစ်ချောင်းပင် ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပါ။

စိတ်လှုပ်ရှားနေဟန်ဖြင့် လူဝကြီးနဖူးမှချွေးသီးချွေးပေါက်များ ကျနေသည်ကို တွေ့ရလေသည်။

ထိုစဉ် မိန်းကလေးသည် မျက်နှာကျက်အပေါ်မှ ပေါ့ပါးစွာခုန်ဆင်းလာပြီး-လူဝကြီးကိုလက်ခါပြရင်း တိုးတိုးပြောလိုက်လေသည်။

'မျက်နှာကျက်ထဲမှာ ကြွက်သိုက်ကလွဲပြီး ဘာမှမရှိဘူး'

လူဝကြီးသည် အရက်အနည်းငယ်ကို မော့လိုက်၏။

ထို့နောက် မိန်းကလေးကို လှည့်ကြည့်ကာ

'မင်း သူ့ဆီသွားပါ၊ အကျိုးအကြောင်း ပြောလိုက်'

လူဝကြီး စကားဆုံးသည်နှင့် မိန်းကလေးသည် အခန်းထဲမှ ရှုံ့ခြွေရဖြင့် ထွက်ခွာသွားတော့သည်။

ထိုမိန်းကလေး အပြင်သို့ထွက်ခွာသွားပြီး မရှေးမနှောင်းမှာပင်.....

အခန်းနံပါတ်(လေး)မှ ပြတင်းပေါက်တံခါး ရုတ်တရက် ပွင့်လာသည်။

ထိုပြတင်းပေါက်မှ ဟိုကန်းစုသည် ပေါ့ပါးစွာ ခုန်ဆင်း၍ စားသောက်ဂေဟာ၏ အနောက်ဘက်ရှိ ပန်းမန်များ စိုက်ပျိုးထားသည့်နေရာသို့ ဣန္ဒြေမပျက် ခပ်တည်တည် လျှောက်သွားလေတော့သည်။

ထိုနောက် သူသည် ချုံကွယ်တစ်ခု၌ ရပ်တန့်လိုက်၏။ ထိုစဉ် သူ့အနားသို့ ယုံဝှား ရောက်ရှိလာလေသည်။

ယုံဝှားက ပိုးစဖြင့် ချုပ်လုပ်ထားသော အိတ်ငယ်ကလေး တစ်ခုကို ဟိုကန်းစု လက်ထဲသို့ ထည့်ပေးလိုက်သည်။

'ကျွန်တော်ထင်တာ လုံးဝ မလွဲဘူး'

ဟိုကန်းစုက ပါးစပ်မှပြောရင်း အိတ်ကလေးထဲမှ အရာဝတ္ထုကိုထုတ်ယူလိုက်သည်။

နီရဲနေသော အလုံးကလေး။

သို့မဟုတ် အဖိုးတန်ပတ္တမြား။

ဟိုကန်းစုက သူ့စကားကို ပြန်ဆက်သည်။

'ကျွန်တော် ပထမထင်ထားတာက ကျီမာကိုယ်တိုင် လူဝကြီးနဲ့လိုက်လာပြီး အလုပ်လုပ်မယ်လို့ ထင်ထားတာ၊ ဒါပေမယ့် အခု မိန်းကလေးက ကျီမာ မဟုတ်ဘူးဗျ၊ ဒီတော့ သူတို့တစ်တွေ ကျီမာကို ဖမ်းဆီးထားပြီး ကျီမာက ထုတ်ဖော်ပြောလို့ လူဝကြီးနဲ့ မိန်းကလေးက ဒါကို လာရှာတာ ဖြစ်မယ်၊ သူတို့ခေါင်မိုးက မျက်နှာကျက်ကို ဖွင့်နေကတည်းက ဦးလေး ယုံဝှားနဲ့တော့ ပက်ပင်းတိုးတော့မှာပဲလို့ ကျွန်တော် စိုးရိမ်နေတာ'

ယုံဝှားက ခပ်ပြုံးပြုံးဖြင့်



'ငါကလဲ မင်းပြောထားတဲ့အတိုင်းပဲ ခေါင်မိုးက အုတ်ကြွပ်တွေကိုဖွင့်ပြီး သူတို့ရဲ့ အခြေအနေကို မျက်နှာကျက်ပေါ်က ချောင်းကြည့်ဖို့လုပ်နေတုန်း မမျှော်လင့်တဲ့ အဲဒီပစ္စည်းကို တွေ့တာနဲ့ မျက်နှာကျက်ပေါ်ကနေ ခေါင်မိုးပေါ် ပြန်တက်သွားလိုက်တယ်၊ ပြီးမှ အုတ်ကြွပ်မိုးကိုမသိမသာဟပြီး ကြည့်နေတုန်း မိန်းကလေးတစ်ယောက် ရှာဖွေနေတာကို မြင်တော့တာပဲ'

ဟိုကန်းစုက

'တော်သေးတာပေါ့၊ လက်မတင်ကလေးတဲ့၊ ဦးလေး ယုံဝှားသာ ဒီပစ္စည်းကို မမြင်ရင် ကျွန်တော်တို့ ခဲရာခဲဆစ် တိုက်ခိုက်ယူရမှာ'

ယုံဝှားက

'တို့ကိစ္စ ပြီးပြီမဟုတ်လား'

'မပြီးသေးဘူး၊ ဟိုမိန်းကလေးဟာ အပြင်ကို ထွက်သွားတာ အကောင်းမဟုတ်ဘူး၊ သူတို့ရဲ့ခေါင်းဆောင်ကို အကျိုးအကြောင်းသွားပြောတာပဲ၊ ကျွန်တော်တို့ သူတို့လာလမ်းက သွားစောင့်နေရင် အခြေအနေ သိရလိမ့်မယ်'

ယုံဝှားသည် ဟိုကန်းစုကို အံ့သြသလို တစ်ချက်ကြည့်လိုက်သည်။

'ငါတော့ မင်းကို အံ့သြမိတယ်၊ မင်းရဲ့ လုပ်ပုံကိုင်ပုံတွေဟာ စုံစမ်းထောက်လှမ်းရေးသမားတစ်ယောက်နဲ့ သိပ်တူနေတယ်'

ဟိုကန်းစုက အသံမထွက်ဘဲ ရယ်သည်။

'အို ဦးလေးကလဲ လုပ်တော့မယ်၊ သိပ်လဲမမြောက်ပါနဲ့ဦး၊ တော်ကြာ ကျွန်တော် ဘဝင်တွေ မြင့်နေပါဦးမယ်'

ထိုသို့ပြောပြီး သူကိုသည်အမှောင်ရိပ်ကို အကာအကွယ်ပြု၍ လမ်းမကြီးဘက်သို့ ထွက်လာခဲ့သည်။

ငန်းဖြူသို့လာရောက်သူတိုင်းသည် ဤလမ်းမကြီးမှပင် လာ ရမည် ဖြစ်သည်မဟုတ်ပါလား။

အချိန်က ညဉ့်နက်သန်းခေါင် မဘိုင်သေးသဖြင့် လမ်းမ ပေါ်တွင် လူသွားလူလာရှိနေသေးသည်။

ထိုအခိုက်

လမ်းမကြီးအတိုင်း မြင်းတစ်ကောင် ခြေကျမှန်မှန်ဖြင့်လာ နေသည်ကိုတွေ့ရလေသည်။

ဟိုကန်းစုသည် ထိုမြင်းကို သေသေချာချာ ဂရုစိုက်၍ကြည့် လိုက်ရာ မြင်းပေါ်၌ လူနှစ်ယောက်လိုက်ပါလာသည်ကို တွေ့ ရ၏။

အမျိုးသမီးနှစ်ယောက်ဖြစ်သည်။

ဟိုကန်းစုသည် လမ်းပေါ်မှ လူသွား လူလာများကို တစ် ချက် အကဲခတ်၍ကြည့်ရင်း ယုံဝှားကို အရေးတကြီးလှမ်းပြော လိုက်သည်။

'ဦးလေး ယုံဝှား၊ မြင်းပေါ်ကကျသွားတဲ့ မိန်းကလေးကို အခြေအနေကြည့်ပြီး ဆုံးမလိုက်ပါ'ဟု ပြောလိုက်၏။

ယုံဝှားက ခေါင်းညိတ်လိုက်သည်။

ဟိုကန်းစုသည် မိမိအနီးသို့ ထိုမြင်း ရောက်လာသည်နှင့် တစ်ပြိုင်နက်တည်း မြင်းပေါ်မှမိန်းကလေး နှစ်ယောက်အနက်



နောက်မှ မိန်းကလေးကို ရုတ်တရက် တွန်းချလိုက်ပြီး မြင်း ပေါ်သို့အသာအယာခုန်တက်ကာ မြင်းကို ဒုန်းစိုင်းမောင်းနှင် သွားလေတော့သည်။

ထိုအဖြစ်အပျက်များသည် ယုံဝှား၏ရှေ့၌ အလွန်လျင်မြန် စွာဖြစ်ပျက်ခဲ့၏။ ယုံဝှားသည် မြင်းပေါ်မှ ပြုတ်ကျကျန်ရစ်ခဲ့ သည့် မိန်းကလေး၏ အခြေအနေကို ဟိုကန်းစု ပြောခဲ့သည့် အတိုင်း ခဏမျှစောင့်ကြည့်လိုက်သည်။

သို့သော်

ဟိုကန်းစု၏ လက်သီး တစ်ချက်က မည်မျှ ပြင်းထန်သည် မသိပါ။

မိန်းကလေးမှာ တုတ်တုတ်မျှမလှုပ်ဘဲ လမ်းပေါ်တွင် ငြိမ် သက်စွာ မေ့နေသည်ကိုတွေ့ရသည့်အတွက် ယုံဝှားသည် သူမ အနားသို့ မသွားတော့ဘဲ ခြေလှမ်း ခပ်မှန်မှန်ဖြင့် မသိဟန် ပြု၍ လမ်းမကြီးအတိုင်း လျှောက်သွားလေတော့သည် မဟုတ် ပါလား။

## အခန်း ၂၀။

### ဟိုကန်းစု၏ ဘဝအမှန်

ဟိုကန်းစုသည် မြင်းကို မြို့စွန်သင်္ချိုင်းအနီး တစ်နေရာသို့ မောင်းနှင်သွားလေသည်။

သူ၏ရှေ့တွင်လိုက်ပါလာသောအမျိုးသမီးမှာ ဟိုကန်းစုကို တစ်ချက်မော့ကြည့်၍ အံ့အားသင့်ကာ မြင်းပေါ်မှ ခုန်ဆင်းရန် ကြိုးစားလိုက်သည်။

ဟိုကန်းစုက မညှာနိုင်ပါ။

'ငြိမ်ငြိမ်သက်သက်နေပါ၊ ခင်ဗျား လှုပ်တာနဲ့ ကျုပ်က ဓားမြှောင်ကို ထိုးသွင်းလိုက်မှာပဲ'

ဟိုကန်းစုက ပါးစပ်မှပြောရင်း ဓားမြှောင်ဦးဖြင့် မိန်းကလေး၏ ခါးကို ထောက်ထားလိုက်သည်။



သင်္ချိုင်းအနီးသို့ရောက်သောအခါ ဟိုကန်းစုက မြင်းပေါ်မှ ဆင်းပြီး သူမကို သေသေချာချာ ကြည့်လိုက်ရင်း...

'ဟာ... ခင်ဗျားလက်တွေ'ဟု တအံ့တသြ မေးလိုက်၏။

သူမက မဲ့ပြုံးပြုံး၍ မျက်စောင်းထိုးကာ

'လက်နှစ်ဘက်စလုံး သွေးကြောပိတ်ထားလို့ပေါ့၊ နို့မို့ ရှင့်ကို သတ်ပစ်တာ ကြာလှပြီ'

ဟိုကန်းစုက

'ကျုပ်က မင်းအသက်ကိုကယ်လာတယ်ဆိုတာလဲ ပြန်သတိရပါဦး'

ထိုစကားကြောင့် သူမ ပါးစပ်ပိတ်သွားသည်။

ဟိုကန်းစုက သူမကိုဖေးမ၍ အောက်သို့ ချလိုက်သည်။

'ရှင်-ကျွန်မကို ဘာကြောင့် ဒီနေရာ ခေါ်လာတာလဲ'

'ဒီနေရာက လူရှင်းတယ်လေ၊ လူရှင်းတဲ့နေရာမှာ ခင်ဗျားနဲ့ စကားရှင်းရမှာပေါ့'

အမှန်ပင် သင်္ချိုင်းဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေ၏။

ထိုအခိုက် သူတို့အနီးသို့ ယုံဝှား အပြေးအလွှား ရောက်ရှိလာသည်။

'ဘယ် နှယ်လဲ ဟိုအမျိုးသမီး'

ဟိုကန်းစုက ဆီး၍ မေးလိုက်သည်။

'အိပ်ပျော်နေတယ်ကွ'

ယုံဝှားက ခပ်ပြုံးပြုံးဖြင့်ဖြေကာ ဟိုကန်းစုရှေ့မှ မိန်းကလေးကိုကြည့်လိုက်လေသည်။

'သူက'

ဟိုကန်းစုက

'သူဘယ်သူရှိဦးမှာလဲဗျာ၊ ရတနာကုန်သည် ကျီမာပေါ့၊ ကျုပ်ပြောတာ မမှန်ဘူးလား မိန်းကလေး'

ကျီမာသည် မျက်စောင်းထိုး၍ အံ့ဩသလို ဟိုကန်းစုကို ကြည့်လိုက်သည်။

'ဒီမှာ ကျီမာ၊ မင်းကို ရိအောင့်တို့ ဖမ်းဆီးထားတယ် မဟုတ်လား'

'ရှင်ဘယ်သူလဲ၊ ရှင်ဘာတွေမေးနေတာလဲ'

'မင်း တခြားလူကို သွားလိမ်ပါ၊ ဟိုကန်းစုကို လိမ်လို့ မရဘူး'

ကျီမာ မဲ့၍ကြည့်လိုက်သည်။

'ရှင်၊ ဟိုကန်းစုမှ မဟုတ်ဘဲ'

ထိုစကားကြောင့် ဟိုကန်းစု ရုတ်တရက် အံ့ဩသွားသည်။

ဟိုကန်းစုထက်ပို၍ အံ့ဩသွားသူမှာ ယုံဝှားဖြစ်လေသည်။ ယုံဝှားသည် ဟိုကန်းစု၏မျက်နှာကို ရုတ်တရက်ကြည့်၍ ငေး ကြောင်နေသည်။

ဟိုကန်းစုက ယုံဝှား အံ့ဩမှုကို ဂရုမစိုက်နိုင်အားပါ၊ ကျီမာ၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍

'ကျုပ် ဟိုကန်းစုမဟုတ်ဘူးလို့ ခင်ဗျား ပြောတယ်နော်၊ ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

မိမိ စကားတစ်ခွန်း မှားသွားကြောင်းကို ကျီမာ သတိပြု မိလိုက်သဖြင့် ဟိုကန်းစုကို မည်သို့မှ ပြန်မပြောနိုင်ပေ။

ဟိုကန်းစုက ပြုံး၍



'မင်းမပြောနိုင်ဘူး မဟုတ်လား'ဟု မေးလိုက်၏။

ကျီမာက ဟိုကန်းစုကို မကြည့်ဘဲ မျက်နှာလွှဲလျက်

'ဟိုကန်းစုဆိုတဲ့လူကို အသတ်ခံရတယ်လို့ ကျွန်မသတင်း ကြားမိလို့ပါ' ဟု ဖြေပြော ပြောလိုက်၏။

ဟိုကန်းစု ပြုံးလိုက်သည်။

'ဟုတ်တာပေါ့၊ ဟိုကန်းစုဆိုတဲ့လူက အသတ်ခံရတယ်လေ၊ အဲဒီသတ်တဲ့လူကလဲ ကျီမာဆိုတဲ့မင်းပဲမဟုတ်လား'

ကျီမာ ပါးစပ် လုံးဝပိတ်ပစ်လိုက်တော့သည်။

ယုံဝှားမှာ မည်သို့မှ ဆက်စပ်စဉ်းစား၍ မရသောကြောင့် ကြောင်အမ်းအမ်းဖြင့်သာလျှင် သူတို့ကို ငေးကြည့်ရင်း နားထောင်နေမိသည်။

'ဒီမှာ ကျီမာ၊ မင်းအမှန်အတိုင်းပြောမယ်ဆိုရင် သက်သာမယ်၊ မင်းလိမ်နေမယ်ဆိုရင်တော့ သခင်ကြီးကျူးက အပြစ်ဒဏ်ပေးတာထက် ဆိုးသွားလိမ့်မယ်'

ကျီမာ ထိုအမေးကိုမဖြေဘဲ ဟိုကန်းစုကို ဆတ်ခနဲကြည့်ကာ—

'ရှင်ဘယ်သူလဲ မှန်မှန်ပြော၊ ဘာရည်ရွယ်ချက်နဲ့ ခေါ်လာတာလဲ၊ ရှင့်မှာ ရန်သူတွေ ဘယ်လောက်ရှိနေပြီဆိုတာ စဉ်းစားမိရဲ့လား'ဟု ခြိမ်းခြိမ်းခြောက်ခြောက်လေသံဖြင့် ပြန်မေးလိုက်၏။

ဟိုကန်းစုက ရယ်လိုက်သည်။

'မင်းက ငါ့ကိုပြန်ခြိမ်းခြောက်နေတာလား၊ ငါအားလုံးသိတယ်၊ ခုဆိုရင် ငါ့အနားမှာ ရိအောင့်တို့ နဂါးဟုတ်တူတို့

ရှိနေပြီဆိုတာ သိသားပဲ၊ ဒီမှာအမိ ကိုယ့်ကိုယ်လဲပြန်ကြည့်ဦး၊ အဲဒီကောင်တွေ နှိပ်စက်ထားလို့ မင်းမျက်နှာတစ်ခုလုံးဒဏ်ရာတွေရနေတယ်မဟုတ်လား၊ မင်းဆီမှာရှိတဲ့ ပတ္တမြားသာ သူတို့ပြန်မရရင် မင်းကိုသတ်ဖို့ပဲ ကျန်တော့တယ်မဟုတ်လား

ကျိမာသည် ဟိုကန်းစုကိုအံ့သြခြင်းကြီးစွာဖြင့် ငေးကြည့်နေမိသည်။

'ရှင်က အားလုံးသိနေတာပါပဲလား၊ ဒါပေမယ့် ကျွန်မက အခုသူတို့လိုချင်တဲ့ ပစ္စည်းကို သွားယူလိုက်ရင် ပြီးနေတာပဲ၊ ရှင်က ဘာလို့ လမ်းတစ်ဝက်က ဖမ်းဆီးရတာလဲ'

'မင်းတွက်ကိန်းတွေမှားနေပြီ၊ မင်းက အဲ့ဒီပတ္တမြားကို ပြန်ပေးသည့်တိုင်အောင်လဲပဲ၊ မင်းကို သခင်ကြီးကျူးက ခွင့်လွှတ်မယ်ထင်နေသလား၊ အဲ့ဒါကို ကျုပ်သိလို့ မင်းအသက်ကို ကယ်ခဲ့တာပဲ'

ဟိုကန်းစုက ပြောရင်းမှ ပတ္တမြားထည့်ထားသော အိတ်ကလေးကို ပြလိုက်လေသည်။

'မင်းရဲ့ပတ္တမြားက ငါ့လက်ထဲရောက်နေပြီ'

ကျိမာ အလွန်အမင်း ထိတ်လန့်သွားတော့သည်။

အံ့လည်း အံ့သြနေသည်။

သူသည် ဟိုကန်းစုကိုကြည့်၍ သာမန်လူတစ်ယောက်မဟုတ်မှန်းလည်း သဘောပေါက်သွားလေသည်။

'ဒါ ကျွန်မပစ္စည်းပဲ၊ ပြန်ပေးပါ'

ဟိုကန်းစုက ပြုံး၍



'ခင်ဗျားပစ္စည်းဟုတ်လား၊ ကျူးရှုံးဆိုတဲ့လူကို ခေါ်ပြီး ခင်ဗျားရှေ့မှာ မေးမယ်လေ ဘယ့်နှယ်လဲ'

ကျိမာ လုံးဝခွန်းတုံ့မပြန်နိုင်တော့ပါ။

ဟိုကန်းစု ဆက်ပြီးပြောသည်။

'ဒီမှာ ကျိမာ၊ ခင်ဗျားဟာ ကျူးရှုံးရဲ့ ပတ္တမြားကိုလိုချင်လို့ အဲ အဲ ဂိုဏ်းချုပ်ကြီး ကျူးရဲ့ ညွှန်ကြားမှုနဲ့ လိုက်လာတယ်၊ ပတ္တမြားက ဟိုကန်းစုဆီ ရောက်သွားတဲ့အခါမှာဟိုကန်းစုကို အဆိပ်အပ်နဲ့သတ်ပြီးလုယူလာခဲ့တယ်၊ ဒီပတ္တမြားကိုခင်ဗျား ဂိုဏ်းချုပ်ကြီးကို မပေးချင်လို့ ဟိုကန်းစုဆီက ပတ္တမြားမရခဲ့ပါဘူးလို့ ခင်ဗျားသတင်းလွှင့်လိုက်တယ်'

ဟိုကန်းစုက ပြောပြီး သူမမျက်နှာကို မထင်ရှားသော အလင်းရောင်နှင့်ပင် စူးစိုက်၍ ကြည့်နေသည်။

သူမက ငြိမ်သက်စွာ နားစိုက်နေ၏။

'ဒါပေမယ့် ခင်ဗျားရဲ့ အထက်က နဂါးဟုတ်တူက မယုံကြည်လို့ ချူးချူးကို အစုံစမ်းခိုင်းတဲ့အခါ ခင်ဗျား ချူးချူးကို သတ်လိုက်တယ်၊ တစ်ခါ ကျုပ်ကိုလဲ ခင်ဗျားက ပြန်မြင်တဲ့ အခါမှာ ဟိုကန်းစု မသေသေးဘူးဆိုပြီး အဆိပ်အပ်နဲ့ လာလုပ်ကြံသေးတယ်၊ မှန်တယ် မဟုတ်လား'

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံ၏ ဆိုသော စကားကဲ့သို့ သူမ ဘာမှ ပြန်မပြောပါ။

'ဒါပေမယ့် ခင်ဗျား သတိမထားမိတာတွေက ဒီမြို့မှာ ရှိနေတဲ့ ရိအော့ဟာ မင်းတို့ဂိုဏ်းက ခေါင်းဆောင်တစ်ယောက် ဆိုတာ မင်းမသိခဲ့တာရယ်၊ ချူးချူးက မင်းကို မြင်ရပါပြီလို့

ဂိုဏ်းချုပ်ဆီ အကြောင်းကြားစာ ပို့တာရယ်၊ အဲဒါတွေကိုတော့ မင်းမသိလိုက်ပါဘူး၊ ဒါကြောင့် အခု နဂါးဟုတ်တူတို့ပါ ရောက်လာပြီး မင်းကို ဖမ်းထားတယ် မဟုတ်လား၊ မင်းဆီက ပတ္တမြားကို တောင်းတဲ့အခါမှာ မင်းက ငန်းဖြူမှာ ဝှက်ထားတဲ့အကြောင်း ပြောလိုက်တယ်၊ ဒါကြောင့် ဟိုမိန်းကလေးနဲ့ လူကြီးက မင်းနေခဲ့တဲ့ အခန်းမှာ လာရှာတယ်၊ သူတို့ ရှာမတွေ့တော့ မင်းကို ပြခိုင်းဖို့ ခေါ်ခဲ့တာပဲ၊ ကဲ မင်း ဘာပြောချင်သေးသလဲ’

ကျီမာမှာ ဆွံ့အ သူကဲ့သို့ ငြိမ်သက်နေပေတော့သည်။

အတန်ကြာမှ သူမက

‘နေပါဦး၊ ရှင်က ဘယ်ဂိုဏ်းကလဲ’

‘ကျုပ် ဘယ်ဂိုဏ်းကမှ မဟုတ်ပါဘူး၊ မင်းသိပါတယ်၊ ဟိုကန်းစုပါ’

သူမ သက်ပြင်းချလိုက်သည်။

‘မဟုတ်ပါဘူး၊ ရှင် ဟိုကန်းစု မဟုတ်ပါဘူး၊ ရှင် ဟိုကန်းစု မဟုတ်တဲ့အကြောင်း ရှိအော့နဲ့ နဂါးဟုတ်တူကလဲ သိနေပါတယ်’

ယခုတစ်ကြိမ် အံ့သြသွားရသူမှာ ဟိုကန်းစုပင် ဖြစ်တော့သည်။

‘သူတို့က ဘယ်သူလို့ ပြောလဲ’

‘ရှင် ဘယ်သူဘယ်ဝါဆိုတာတော့ ဘယ်သူမှ မသိဘူး၊ ဒါပေမယ့် ရှင်ဟာ ဟိုကန်းစုဆိုတဲ့လူ ဟုတ်ကို မဟုတ်ဘူး’



‘ကျုပ် ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ်၊ အခု မင်းအသက်ကို ကယ်ခဲ့ပြီပဲ၊ ကျေးဇူးမတင်ဘူးလား’

သူမသည် တွေဝေ ငေးမောသွားပြီး ဟိုကန်းစုကို ကြည့်လိုက်သည်။

အမှန် တော့ ယခုအတိုင်းဆိုလျှင် ဟိုကန်းစုကို သူမက ကျေးဇူးတင်ရမည်သာ ဖြစ်ပေသည်။

သူမ၏ ဘဝမှာ ယခုအခါ ကျဉ်းသဲကျပ်ထဲ ရောက်ရှိနေသူ ဖြစ်သည်။

‘ရှင် ကျွန်မကို အမှန်တကယ် ကယ်ဆယ်ခဲ့တာလား၊ ဒါဆို ရှင် ကျွန်မကို ကလဲ့စား မချေတော့ဘူးပေါ့ ဟုတ်လား’

ဟိုကန်းစုက ခေါင်းယမ်း၍

‘ကျုပ် မင်းကို ဒုက္ခပေးဖို့ စိတ်မကူးပါဘူး၊ အမှန်တော့ မင်း သတ်တာ ကျုပ်ကိုမှ မဟုတ်ဘဲ၊ ဟိုကန်းစုကို မဟုတ်လား၊ ဒါပေမယ့် ဟိုကန်းစုရဲ့ မိသားစုကို ကျုပ်က ကျေနပ်အောင် ပြောပေးပါ့မယ်’

သူမက ဝမ်းသာသွားပုံ ရသည်။

သို့သော် ဟိုကန်းစုက ဆက်၍

‘ဟောဒီ ဦးလေး ယုံဝှားကလဲ မင်းကို ခွင့်လွှတ်မှာပါပဲ’

ထိုစကားကြောင့် ကျီမာသည် ယုံဝှားကို ဆတ်ခနဲ ကြည့်လိုက်ပြန်သည်။

‘ကျွန်မက ဒီဦးလေး ယုံဝှားကို ဘာလုပ်ခဲ့လို့လဲ’

ဟိုကန်းစုက

'မင်းကတော့ ဘယ်သိမလဲ၊ မင်း ဖိမန်ရွာ စားသောက်ဆိုင်က ကုဋိဝှားကို သိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ သိတာပေါ့'

'သူဟာ မင်းတို့ အဖွဲ့သားပဲ မဟုတ်လား'

'ဟုတ်တယ်'

ဟိုကန်းစုက အနည်းငယ် ပြုံးလိုက်ပြီး

'ကုဋိဝှားက မင်းတို့ဂိုဏ်းထဲကို ဝင်လာတာ၊ သူ့ အစ်ကို ရှူးဝှားကို သတ်တဲ့ တရားခံ လာရှာတာပဲ၊ ရှူးဝါးကိုသတ်ပြီး ရတနာကို ယူလိုက်တာ မင်းပဲ မဟုတ်လား'

သူမသည် မငြင်းဆန်နိုင်ဘဲ ဝန်ခံရတော့သည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ'

ဟိုကန်းစုက လက်ကာ၍

'တော်ပြီ၊ ဝန်ခံတာ ကျေနပ်တယ်၊ အဲဒီ ရှူးဝှားရဲ့ ဖခင်ဟာ ဟောဒီ ဦးလေး ယုံဝှားပဲ'

ထိုစကားကြောင့် ယုံဝှားသည် ရှေ့သို့တစ်လှမ်းတိုးလာကာ 'ဟင် ငါ့သားကို သတ်တာ မင်း မင်း ဟုတ်လား'ဟု ပြောရင်း ကျိမာကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ဟိုကန်းစုက ယုံဝှားကို လှမ်းဆွဲထားလိုက်ပြီး

'ဦးလေးယုံဝှား သတိထားပါ၊ ခုနေအခါမှာ သူ့ကို ဦးလေးယုံဝှားက ပြန်သတ်လိုက်သော့ရော ဘာထူးလာမှာလဲ တကယ်တမ်း စဉ်းစားရမှာက သူ့ကို ညွှန်ကြားနေတဲ့သူက သာ အဓိက တရားခံပဲ မဟုတ်လား'



ယုံဝှား တန့်သွားသည်။ ဟိုကန်းစု၏ စကားသည် နည်းမှန်လမ်းမှန် ဖြစ်၏။

ကျိမာက မျက်နှာငယ်လေးဖြင့် ယုံဝှားကို လှမ်းကြည့်နေ၏။

ဟိုကန်းစုက ကျိမာကို ပြုံးပြလိုက်ပြီး

'မင်းကို တို့က ခွင့်လွှတ်ပါမယ်၊ ခေါင်းဆောင်ကြီးကျူး ဆိုတာ ဘယ်သူလဲ၊ အဲဒါပဲပြော'

'အဲ အဲ ဒါတော့ ကျွန်မ မသိတာ အမှန်ပါပဲရှင်'

'မင်း တကယ်ပြောတာလား'

'ကျွန်မ ရှင့်ကို လိမ်မပြောတော့ပါဘူး'

'ရိုအွေဒ့ဟာ ခေါင်းဆောင်လား'

သူမက ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး'

'နဂါးဟုတ်တူရော'

'သူလဲ မဟုတ်ပါဘူး'

'သူတို့ရော ခေါင်းဆောင်ကို သိသလား'

သူက အနည်းငယ် စဉ်းစား၍

'ကျွန်မ စိတ်ထင်ပြောရရင်တော့ ခေါင်းဆောင်ကြီးကျူးကို ဘယ်သူမှ သိမယ်လို့ မထင်ဘူး'

ဟိုကန်းစု သက်ပြင်းချလိုက်သည်။ ထိုစကားအမှန်ဟုလည်း ယုံကြည်မိ၏။

ယုံဝှားသည် ကျိမာအပေါ် စိတ်ဆိုးပြေဟန် မရှိပါ။

'ငါ့သားကို နင် ရက်ရက်စက်စက်သတ်တာ ငါခွင့်မလွှတ်နိုင်ဘူး'

ကျီမာသည် ယုံဝှားကို မော့ကြည့်လိုက်သည်။

'ဦးလေးက ကျွန်မကို သတ်ချင်တယ်ဆိုရင်လဲ သတ်ပေါ့၊ ကျွန်မက ဦးလေးတို့ရဲ့ တရားခံ ဖြစ်နေပြီပဲ၊ ဒါပေမယ့် ရှူးဝှားကို တကယ်တမ်း သတ်ပစ်တာ ကျွန်မ မဟုတ်ဘူး၊ ကျွန်မက ပစ္စည်းကို ဝယ်တယ်၊ သူက မရောင်းဘူး။ ကျွန်မတို့ အခြေအတင် ပြောနေတုန်းမှာ ရှူးဝှားက စတင်ပြီး တိုက်ခိုက်တဲ့အတွက် ကြားက လူတစ်ယောက်က လက်လွန်သွားတာပဲ ဖြစ်ပါတယ်'

'ဒီလိုပြောလိုက်ရုံနဲ့ ငါက ကျေနပ်ရတော့မှာလား'

ဟိုကန်းစုက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ကြားဝင်တောင်းပန်သည်၊

'ဦးလေး ယုံဝှား၊ လူတစ်ယောက်ကို ပြန်သတ်ရတဲ့ အပြစ်ဟာ ကျွန်တော်တို့အဖို့ ကြီးမားပါတယ်ဗျာ၊ သူ့ကံအတိုင်း ထားလိုက်ပါ'

ဟိုကန်းစုက ထိုကဲ့သို့ပြောပြီး ကျီမာအား-

'ကဲ—ကျုပ်တို့သွားစို့'

ကျီမာက

'ကျွန်မကို ဘယ်ခေါ်သွားဦးမလို့လဲ'

ဟိုကန်းစုက

'ခင်ဗျား အပြင် လျှောက်သွားနေလို့ ဘယ်လောက် အန္တရာယ်များတယ်ဆိုတာသိရဲ့လား၊ လုံခြုံတဲ့နေရာကို ပို့ထားပါမယ်'



ဟိုကန်းစု၏ လုံခြုံသောနေရာဆိုသည်မှာအခြားမဟုတ်ပေ။ မြို့အုပ်ချုပ်ရေးရုံး၏ အချုပ်ခန်းပင်ဖြစ်တော့သည်။

ဟိုကန်းစု အား ယောင် ဆောင်ထားသည့် ချီလုယန်းသည် ဥပဒေဘက်တော်သားတစ်ဦးဖြစ်သည်။

သူ၏ဆန္ဒသည် လူတစ်ယောက်၏ပြစ်ဒဏ်ကို ဥပဒေအတိုင်းသာ စီရင်ပိုင်ခွင့်ရှိသည်ဟု ယူဆထားသူဖြစ်သည်။

သူ၏ဘဝတစ်လျှောက်၌လည်း ဖမ်းဆီးမိသူကို မည်သည့်အခါမှ ညှဉ်းပန်းသတ်ဖြတ်သည့်အလုပ်မျိုး မလုပ်ခဲ့ပေ။

ယခုလည်း သူသည် လူဆိုးထိန်း ချီတန်းကို ညတွင်းချင်းနှိုး၍ သူမကို အချုပ်ခန်းထဲပို့ခဲ့သည်။ သူမကို လူဆိုး ထိန်း ချီတန်းမှ ဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်ရန် ဖြစ်သည်။

ဟိုကန်းစု၏အပြုအမူကြောင့် ကျီမာမှာ ဒေါသ ချောင်းချောင်းထွက်နေသည်။ ဟိုကန်းစုကိုလည်း ဒေါသ ဖြစ် သော မျက်လုံးများဖြင့်ကြည့်၍ ဆဲဆိုကြိမ်းမောင်းနေတော့သည်။

'ဒီမှာ အမိ၊ မင်း ကျုပ်ကို ဒေါသမဖြစ်နဲ့၊ အပြင်မှာ မင်း နေရင် သုံးရက်အတွင်း ဒုစရိုက်သမားတွေလက်ချက်နဲ့သေမှာပဲ၊ ဒီမှာကတော့ မင်းကျူးလွန်ခဲ့တဲ့ ပြစ်ဒဏ် အရတော့ ခံသင့်သလောက်တော့ ခံစားရမှာပဲ၊ အဲဒါ မင်းအတွက်ကောင်းတယ်လို့မှတ်ပါ'ဟု ဟိုကန်းစုက ပြောလိုက်၏။

ကျီမာက

'ဒါကို ကျွန်မ ဝမ်းမနည်းပါဘူး၊ ဒါထက် နေပါဦး၊ ရှင် ဘယ်သူလဲဆိုတာ ကျွန်မကို ပြောခဲ့စမ်းပါ'

သူမသိချင်နေသောထိုအချက်သည် ယုံဂွားကလည်း အလွန်အမင်းသိချင်နေသော အချက်ပင်ဖြစ်သည်။

ဟိုကန်းစုက တစ်ချက်ပြုံး၍

'အေး–အဲဒါတော့ မင်းသိသင့်ပါတယ်၊ ကျုပ်နာမည် ချီလုယာန်းတဲ့၊ ဒါဆိုရင် မင်းကောင်းကောင်း သဘောပေါက်ပါပြီ'

ကျီမာက ဟိုကန်းစုကို အံ့ဩစွာ မျက်လုံးပြူးကြည့်ရင်း

'ဪ–လက်စသတ်တော့ ရှင်က နေပြည်တော်ကထောက်လှမ်းရေးသမားတစ်ယောက်ကိုး၊ ရှင်လဲ ဒီနယ်မှာသတိထားပြီး နေပါလို့ ကျွန်မက မှာလိုက်ပါရစေ'

ဟိုကန်းစုက ခေါင်းညိတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်၊ မင်းကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ကျုပ်မှတ်သားမိသလောက် သေွးကြောဖြေပေးခဲ့ပါ့မယ်'

ဟိုကန်းစုကပြောပြီး ဆရာကြီးဟူစင်း၊ သူ၏သွေးကြောကို ဖြေပေးစဉ်က မှတ်သားထားသော အကြောများကို လိုက်လံ၍ ထောက်ကြည့်လိုက်သည်။

ကျီမာ၏ညာလက်က အလွယ်တကူ လှုပ်ရှား၍ ရသွားသော်လည်း ဘယ်လက်မှာ တော်တော်နှင့် မရပေ။

သူသည် ကြိုးစားပမ်းစား ထောက်ပေးလိုက်မှ အခန့်သင့်ပင် အကြောမှန်သွားပြီး ပွင့်သွားတော့သည်။

'ရှင့်ကို ကျေးဇူးတင်ပါတယ်'

ဟိုကန်းစုက ပြုံးပြ၍ မြို့ပြ အုပ်ချုပ်ရေးရုံးမှ ယုံဂွားနှင့် အတူ ထွက်လာခဲ့ကြတော့သည်။



သူသည်–

ဟိုကန်းစုမဟုတ်ဘဲ ချီလုယန်းဖြစ်နေသည်ကို အလွန်အမင်းသိချင်နေသည့်ယုံဂွားအား မိမိ၏ဘဝမှန်ကို လမ်းလျှောက်ရင်း ပြောပြခဲ့ရလေတော့သည်။

## အခန်း ၂၉။

## ပတ္တမြားပိုင်ရှင်

ရှိအော့ ဂေဟာ၏ဂေဟာမှူး လူဝကြီး။

သူ၏အမည်မှာ တိတ်စိန်ဖြစ်သည်။

တိတ်စိန်သည် သူခိုင်းစေလိုက်သည့် မိန်းကလေးက အချိ
အတန်ကြာသော်လည်း ပြန်မလာသောအခါ သူသည် အခန်
တံခါးကိုပိတ်၍ ငန်းဖြူမှ ထွက်ခဲ့သည်။

လူသွားလူလာက အတော်ရှင်းလင်းနေပြီ ဖြစ်သည်၊

တိတ်စိန်သည် လမ်းမကြီးအတိုင်း ခပ်သွက်သွက် လျှော
လာခဲ့ရာ လမ်းဘေးတစ်နေရာတွင် တုံးလုံးလဲအိပ်ပျော်နေသေ
လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။



သူက အသေအချာ ကြည့်လိုက်ရာ မိမိ စေခိုင်းလိုက်သည့် မိန်းကလေးဖြစ်နေသည်ကို တွေ့ရလေသည်။

'နင်က ဘယ်လိုဖြစ်တာလဲ'

တိတ်စိန်က ပါးစပ်မှပြောရင်း ခြေထောက်နှင့် လှမ်းကန်လိုက်သည်။

မိန်းကလေး ညည်းညူ၍ထလာသည်။

'နင် ဘာဖြစ်တာလဲ၊ မြန်မြန်ပြောစမ်း'

'ဆရာတိတ် ကျွန်မ သူ့ကို ခေါ်လာခဲ့တယ်၊ ရန်သူ တစ်ယောက်က ကျွန်မကို တိုက်ခိုက်ပြီး သူ့ကိုခေါ်သွားတယ်'

'ဟင် အဲဒါမှ ဒုက္ခပဲ'

တိတ်စိန်မှာ အံ့သြထိတ်လန့်သွားသည်။

ထို့နောက် သူက မိန်းကလေးကို ကြည့်၍

'ကဲ လာ၊ ဒီကိစ္စကို ရှိအော့ကို အမြန်ဆုံးပြောမှ ဖြစ်မယ်'

❀

မိန်းကလေး၏ပြောပြချက်များကိုကြားရသောအခါ ရှိအော့နှင့် နဂါးဟုတ်တူသည်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ စိုးရိမ်ထိတ်လန့် သွားလေတော့သည်။

ရှိအော့က ဟုတ်တူကို ကြည့်နေရာမှ

'မင်း ဘယ်လိုသဘောရသလဲ'

'ကျုပ်မှာ သူ့ကို ကယ်မယ့်မိတ်ဆွေ ရှိနေတာလဲ ဖြစ်နိုင်

တယ်၊ ဒါကြောင့် သူမကို လမ်းတစ်ဝက်က လုသွားတာ ဖြစ်မှာပေါ့'

ရိအော့ စဉ်းစား၍ ခေါင်းယမ်းသည်။

'ငါတော့ ဒီလိုမထင်ဘူး'

'ပြောပါဦး၊ မှင်းရဲ့ ထင်မြင်ချက်'

ရိအော့သည် သူ၏မေးစေ့ကို အချိန်အဘန်ကြာအောင် ပွတ်သပ်၍ စဉ်းစားနေသည်။

'ဒီအချိန် ဒီလမ်းက လာမယ်ဆိုတာ သူ့မိတ်ဆွေက ဘယ်လိုလုပ် သိနိုင်သလဲ'

ဟုတ်တူ ငိုင်သွားပြီး မိန်းကလေးကို လှမ်းကြည့်လိုက်သည်။

'ဟော့ လုယူသွားတာဘယ်နှစ်ယောက်လဲ၊ အဲ့ဒီလူရဲ့ မျက်နှာကို ရော မြင်မိလိုက်သလား'

မိန်းကလေး ခေါင်းခါယမ်း၍

'ဘယ်လိုမှ မမျှော်လင့်ပဲ ဖြစ်ခဲ့တာပါ၊ အနားကိုဘယ်အချိန်က ရောက်လာမှန်းတောင် မသိလိုက်ရဘဲ လက်သီးနဲ့ အထိုးခံလိုက်ရတယ်'

နဂါးဟုတ်တူက တိတ်စိန်ကို ကြည့်လိုက်သည်။

'တိတ်စိန် ခင်ဗျား ဟိုအခန်းမှာ အလုပ်လုပ်တော့ ဘေးပတ်ဝန်းကျင်ကို သတိထားမိရဲ့လား'

တိတ်စိန်က ကုလားထိုင်ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ရင်းမှ ပြန်ပြောသည်။

'ငါက မသေချာဘဲနဲ့ ဘယ်တော့မှ အလုပ်မလုပ်ဘူး၊ ဘယ်



ဘက် အခန်းရော ညာဘက်အခန်းရော ငါ့မျှော်မှာတင်သော့ခတ်ပြီး ထွက်သွားကြမှ အလုပ်လုပ်တာကွ'

'တခြားပတ်ဝန်းကျင်က လူတွေကရော'

'အခန်းတံခါးပိတ်လိုက်ကတည်းက ဘယ်သူမှ မမြင်နိုင်ပါဘူးကွာ'

ရိအော့သည် ဟိုလျှောက် သည်လျှောက် လျှောက်နေရာမှ ရပ်တန့်လိုက်ပြီး ဟုတ်တူကို ကြည့်လိုက်သည်။

'ဒီကိစ္စ ဂိုဏ်းချုပ်ကြီးကို အမြန်ဆုံး အကြောင်းကြားမှဖြစ်မယ်'

'ဂိုဏ်းချုပ်ကြီးကို ဘယ်လိုတွေ့နိုင်မယ်ဆိုတာ မင်း စီစဉ်ပေါ့'

ဂိုဏ်းချုပ်ကြီးကျိုးဆိုသူကို သူတို့က တွေ့ရှိရန်မှာ လွယ်ကူသော အလုပ်တစ်ခု မဟုတ်ပါ။

သို့သော်လည်းမိမိတို့ကလိုက်ရှာရသည့်အခါမှာ၍မရှိခဲ့ပါချေ။ ကိစ္စမှန်သမျှကို သူ [illegible] သူသိရှိပြီး မိမိတို့ကို တွေ့ဆုံရမည့်နေရာတစ်ခုသို့ ညွှန်ကြားသည်သာ ဖြစ်သည်။

ယခုကိစ္စတွင်လည်း မကြာခင်မှာ ဂိုဏ်းချုပ်ကြီးကညွှန်ကြားလိမ့်မည်ဟု ရိအော့က ထင်ထားလိုက်သည်။

ထို့ကြောင့်လည်း ထိုညအဖို့ သူတို့သည် အေးအေးဆေးဆေး စွာပင် အိပ်စက် အနားယူလိုက်ကြတော့သည်။

အချိန်ကားသန်းခေါင်ကျော်၍ နောက်တစ်နေ့သို့ပင်ချဉ်းကပ်စပြုနေပြီ မဟုတ်ပါလား။

နံနက် မိုးလင်းသည်နှင့် တစ်ပြိုင်နက်

ချိုဝှားသည် နံနက်စောစော စားသောက်ရန် အဆင်သင့် ပြုလုပ်ထားပြီး ဖြစ်လေသည်။

ဟိုကျင်းမာအဖို့ ချိုဝှားတစ်ယောက် ရောက်ရှိ နေခြင်းမှာ ဂေဟာကြီး တစ်ခုလုံးအတွက် အဆင်ပြေလှပေသည်ဟု ထင်မှတ်မိ၏။

တစ်အိမ်လုံးရှိ လုပ်ငန်းတာဝန်များကို ချိုဝှားက အားလုံး ကုန်စင်အောင် စီစဉ်လုပ်ကိုင်သွားပေသည်။

ဟိုကန်းစု၏ မိခင်နှင့် အစ်မဖြစ်သူ ဟိုကျင်းမာတို့မှာ ချိုဝှား အပေါ်တစ်နေ့တခြား သံယောဇဉ် ပိုမိုကြီးမားလာသည်။

ထို့ကြောင့် သူမကိုမိမိတို့၏ မိသားစု စာရင်းထဲ သွင်းပြီး အရာရာကို မျက်နှာလွှဲထားလိုက်သည်။

နံနက်စာစားသောက်ရင်း ဟိုကျင်းမာက ဟိုကန်းစု ပခုံးကို သွားရောက်ဖက်၍ နားတွင်ကပ်ပြီး တစ်စုံတစ်ရာကိုပြောနေပေရာ ချိုဝှားက ဟိုကန်းစုကို မသိမသာကြည့်၍ ပြုံးနေသည်။

ဟိုကန်းစုကရုတ်တရက် ဟိုကျင်းမာကို မော့ကြည့်ကာ

'ဟာ အစ်မကလဲဗျာ၊ မဟုတ်တာ'

မိခင်ဖြစ်သူက

'ဒီမောင်နှမတွေ ဘာတိုင်ပင်တာလဲ'

'အမေ၊ ကျွန်မက မောင်လေးအတွက် ယောက်မရှာထားတာ တွေ့ပြီလို့ ပြောတာပါ'

'အစ်မရယ်၊ မဟုတ်က ဟုတ်ကတွေ မပြောစမ်းပါနဲ့'



ဟိုကန်းစုက ချိုဝှားကို အားနာသွားဟန်ဖြင့် ရှက်ကိုး ရှက်ကန်း ပြောလိုက်သည်။

'နင်က ခေါ်တော့ခေါ်လာပြီးတော့ အခုမှ ဘာငြင်းနေတာလဲ'

သူတို့က ဤကဲ့သို့ မိမိကိုစောင်း၍ပြောနေသဖြင့် ချိုဝှားမှာ အနေရခက်နေသည်။

မိခင်ဖြစ်သူ စွာအန်းက ကြားဝင်၍

'သမီးကလဲကွယ်၊ ချိုဝှားရှက်နေပါဦးမယ်'

'ဘာလို့ရှက်ရမှာလဲ၊ ကျွန်မကတော့ မောင်လေးလက်ထပ်ရင် ချိုဝှားကိုပဲ လက်ထပ်ရမယ်၊ ဒါပဲ'

'အစ်မကြောင့် ခက်တယ်'

ဟိုကန်းစုက ပြောပြီး အပြင်သို့ ထွက်သွားသည်။

ဟိုကျင်းမာ ရယ်မောကာ

'ဟေး ကောင်လေးတစ်ယောက်ရှက်ပြီး ထွက်သွားပြီဟေ့'

ဟု လှမ်း၍ ကျီစယ်လိုက်သေးသည်။

စွာအန်းက သမီးဖြစ်သူကို မျက်စောင်းထိုး၍

'နင်တို့ သိပ်မကျီစယ်ကြနဲ့၊ ငါ့သားက မိန်းမ ယူဦးမှာ မဟုတ်ဘူး'

'အို အမေကပြောနိုင်လား၊ သူက ကုမာလန်းကို လက်ထပ်ရင် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်မက ကုမာလန်းနဲ့တော့ သဘောမတူဘူး၊ ချိုဝှားနဲ့ပဲ သဘောတူတယ်'

'နင်တို့ တယ်ခက်ပါလား'

စွာအန်းက စားသောက်ပြီးသည်နှင့် ညည်းညူကာထသွားတော့သည်။

ဟိုကန်းစုအကြောင်းကို ဘာမှမသိရှာသေးသော သားအမိနှစ်ယောက်အတွက် ချိဝ့ားမှာ ရင်လေးမိတော့သည်။

သူမတို့၏ မိသားစုဖြစ်သူ ဟိုကန်းစုမှာ သေဆုံးသွားခဲ့ပြီးယခု ဟိုကန်းစုဟု ထင်နေသူမှာ သူမတို့နှင့် မည်သို့မှ သွေးမတော် သားမစပ်သည့် ချိလုယန်းဖြစ်သည်ကို သိသည့်နေ့တွင် မည်ကဲ့သို့ သဘောထားကြမည်နည်းဟု ချိဝှားခေါ် ကွ ိဝှားက စဉ်းစားနေမိသည်။

'ကွ ိဝှား ဘာတွေစဉ်းစားနေတာလဲ'

ဟု ိကျင်းမာက မေးသည်။

ကွ ိဝှားက လူမမြင်အောင်သက်ပြင်းတစ်ချက် ချလိုက်သည်။

ကွ ိဝှားက တစ်စုံတစ်ရာကို ဖွင့်ပြောချင်သော်လည်း မိမိအနေဖြင့် ဖွင့်ပြောလျှင် မသင့်ဟု စဉ်းစားမိသောကြောင့်

'တခြားမဟုတ်ပါဘူး၊ နင်က ငါ့ကိုသာပြောနေတာ၊ခုထက်ထိ ဘာကြောင့် အိမ်ထောင်မပြုသေးတာလဲ'

ဟု ိကျင်းမာက ရယ်၍

'မလုပ်ပါနဲ့ ကွ ိဝှားရယ်၊ မိသားစုထဲမှာ တခြားထစ်မ်းဖက်လာရင် စိတ်ဝမ်း ကွဲသွားတတ်ကြတယ်မဟုတ်လား၊ ငါ့မှာ မောင်လေးတစ်ယောက်ကလဲ ရှိသေးတယ်၊ ဒီအမေနဲ့ ဒီမောင်နှစ်ယောက်နဲ့ပဲ ဥမကွဲ သိုက်မပျက်နေချင်သေးတယ်'

'ဒါဖြင့် ဟိုကန်းစုကျတော့ ဘာဖြစ်လို့ မိန်းမပေးစားချင်ရတာလဲ'



ဟု ိကျင်းမာက ကွ ိဝှား၏ ပခုံးနှစ်ဘက်ကို ကိုင်၍

'ဒီလိုအဘက်ဘက်က တော်တဲ့ယောက်မမျိုးကျတော့လိုချင်တာပေါ့၊ ဘာလဲ နင်က ငါ့ကိုယောက်မ မတော်ချင်ဘူးလား'

'ငါက လက်ထပ်ပြီး တစ်နေရာကို ခေါ်သွားမှာ'

ဟိုကျင်းမာက လက်ကာလိုက်ပြီး

'ဟာ ဒီလိုတော့ မလုပ်ရဘူး၊ အတူနေရမယ်'

သူတို့နှစ်ဦးက ထိုကဲ့သို့ ရယ်မောပြောနေစဉ် တစ်ဘက်လုပ်ငန်းဌာနမှ အလုပ်သမားတစ်ယောက် ရောက်ရှိလာသည်။

'ဟိုကျင်းမာ၊ ညွှဲသည်မိန်းကလေးတစ်ယောက် စောင့်နေတယ်'

ဟိုကျင်းမာက

'အို အဲဒီမှာ ဟိုကန်းစု မရှိဘူးလား'

'ဆရာလေး မရှိပါဘူး၊ ညွှဲသည်မိန်းကလေးက တခြားမဟုတ်ပါဘူး၊ တစ်ခါအလုပ်လာအပ်ထားတဲ့ မိန်းကလေးပါ'

ဟိုကျင်းမာက သတိရသွားသည်။

'ဪ လူပျောက်စုံစမ်းခိုင်းထားတဲ့သူနဲ့တူတယ်'

'ဟုတ်ပါတယ်'

'ဟိုကန်းစု မရှိရင်လဲ ဒီကိုလွှတ်လိုက်လေ၊ သူဘာပြောချင်လို့လဲ မသိဘူး'

'ဟုတ်ကဲ့၊ လွှတ်လိုက်ပါ့မယ်'

❀

အလွန်လှပချောမောလှသည့် မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ကွိဝှားက သတိထားမိလိုက်သည်။

တဆက်တည်းမှာပင် ဤ လှပသော မိန်းကလေးသည် ဘာကြောင့် ချီလုယန်းကို သဲကြီး မဲကြီး ရှာနေပါသနည်းဟု တွေးလိုက်မိသည်။

မိန်းကလေးသည် ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာကာ ဟိုကျင်းမာတို့ကို ပြုံးရွှင်စွာပင် နှုတ်ဆက်လိုက်သည်။

'ကျွန်မကိစ္စ ဘာများ အခြေအနေ ထူးခြားပါသလဲရှင်'

ဟိုကျင်းမာက

'ခုချိန်ထိတော့ မထူးခြားသေးပါဘူး၊ ဒါပေမယ့် ဌာနမှူးဖြစ်တဲ့ ကျွန်မ့ မောင်လေးလဲ ပြန်ရောက်နေပါပြီ၊ သူက တွေ့အောင် စုံစမ်းပေးပါ့မယ်လို့ အာမခံထားပါတယ်'

ဧည့်သည် မိန်းကလေးက ဝမ်းသာသွားသည်။

'ဟုတ်လား၊ ဒါဖြင့် ဝမ်းသာစရာပဲပေါ့'

သူမကပြောပြီး ကုလားထိုင်၌ ဝင်ထိုင်သည်။ ကွိဝှားက စားစရာအချို့နှင့် ဧည့်ခံလိုက်၏။

'သုံးဆောင်ပါရှင်၊ အေးအေး ဆေးဆေး စကားပြောတာပေါ့'

ကွိဝှားအနေဖြင့် ထိုမိန်းကလေးသည် မည်သည့် အတွက်ကြောင့် ချီလုယန်းကို ရှာဖွေနေကြောင်း သိချင်နေသည်။

ဟိုကျင်းမာ၏ စိတ်ထဲမှာလည်း သိချင်သောဆန္ဒရှိနေသောကြောင့် ထိုဧည့်သည် မိန်းကလေးကို ဧည့်ခံကျွေးမွေးပြီး



နည်းနည်းပါးပါး မေးမြန်းမည်ဟု စဉ်းစားထားကြသည်မဟုတ်ပါလား။

ဟိုကျင်းမာက

'ကျွန်မတို့က မကြာခဏ လာမလားလို့တောင် စောင့်နေကြသေးတယ်'

ဧည့်သည် မိန်းကလေးက

'ကျွန်မ တခြားမြို့နယ်တွေကို လျှောက်သွားနေလို့ပါ'

ကွိဝှားကဝင်၍

'အဲဒီ ချီလုယန်းဆိုတဲ့လူက ညီမအတွက် သိပ်အရေးကြီးနေလို့လား'

'ဟုတ်ကဲ့၊ ကျွန်မ သူ့ကိုအမြန်ဆုံး တွေ့ချင်တာပါပဲ'

ဟိုကျင်းမာက

'အရင်က သူဘယ်မှာနေလို့လဲ'

ဧည့်သည်မိန်းကလေးက

'နန်ကင်းမြို့တော်မှာနေပါတယ်၊ နောက်ပြီး သူဟာ တပ်မှူးကြီးတစ်ဦးရဲ့သားဖြစ်သလို အရေးပါအရာရောက်တဲ့ စုံစမ်းထောက်လှမ်းရေးသမားတစ်ယောက်ပါ'

ကွိဝှားက

'ညီမတို့ရဲ့ မိသားစုလား'

'မဟုတ်ဘူး၊ ကျွန်မ သူ့ကို သတ်ချင်လို့ လိုက်ရှာနေတာ'

ကွိဝှားနှင့် ဟိုကျင်းမာတို့မှာ အံ့သြ တိတ်လန့်သွားပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။

ကွိဝှားက အနည်းငယ် ရှေ့နားတိုး၍

'ဒီလူကို ညီမကသတ်ချင်လောက်အောင် သူ ဘာတွေများ နာကြည်းအောင်လုပ်ခဲ့သလဲဟင်'

ညှော်သည်အမျိုးသမီးကလေးက ခပ်ပြုံးပြုံးဖြင့်

'မိန်းကလေး တစ်ယောက်ဟာ သူ့ကြောင့် သေခဲ့ရတယ်ရှင့်၊ ဒါကို ကျွန်မ ဘယ်တော့မှ မမေ့ဘူး၊ သူ့ကို မတွေ့တွေ့အောင် ရှာရမှာပဲ'

ချီလုယန်းက သူ၏ ဘဝအမှန်ကို ကွီဝှားအား ပြောပြထားခဲ့သဖြင့် ကွီဝှား အနေဖြင့် သိသင့်သလောက်သိထားပြီးဖြစ်သည်။

ချီလုယန်းသည် မိမိ အလွန်အမင်း ချစ်ရသော လက်ထပ်မည့်ဆဲဆဲ မိန်းကလေး သေဆုံးသွားသဖြင့် စိတ်ဓာတ်ကျကာ ခြေဦးတည့်ရာသို့ လျှောက်သွားနေသူ ဖြစ်သည်။

ထိုမိန်းကလေး သေရသည်မှာလည်း သူမ ဘာသာ သူမ အဆိပ်သောက်၍ သေရခြင်း ဖြစ်သည်။

ယခု ဤမိန်းကလေးက ချီလုယန်းကို ကလဲ့စားချေ၍ သတ်ချင်သည်ဆိုခြင်းမှာ မတရားသော အလုပ်တစ်ခုဟု ကွီဝှား စဉ်းစားမိသည်။

ထို့ကြောင့်

ကွီဝှားက ဆက်၍ မေးသည်။

'စပ်စုတယ်လို့တော့ မထင်ပါနဲ့ရှင်၊ အဲဒီ မိန်းကလေးကို သူက ဘာကြောင့်သတ်ရကာလဲ'

'သူက ကိုယ်ထိလက်ရောက် သတ်ခဲ့တာတော့ မဟုတ်ပါဘူး၊ သူ့ကြောင့် ကျွန်မ ညီမလေးက အဆိပ်သောက်ပြီး



သေရတာ မဟုတ်လား၊ ဒီတော့ ဒီလူကိုလဲ ကျွန်မက လူ့လောကမှာ မထားချင်ဘူး'

ဟိုကျင်းမာက

'သြော် သေသွားတာက ရှင့်ရဲ့ညီမကိုး'

'ဟုတ်ပါတယ်၊ ကျွန်မ ညီမနာမည်က ကျင်းဖုံးလို့ ခေါ်ပါတယ်၊ ကျွန်မနာမည်က ကျင်းယန်းပါ'

'သူ အဆိပ်သောက်တာ ဘာဖြစ်လို့ပါလဲရှင်'

ကျင်းယန်းက

'ချီလုယန်းကို ကျင်းဖုံးက သိပ်ချစ်တာရှင့်၊ ဒါပေမယ့် မိဘချင်းကတော့ သိပ်အဆင်မပြေကြဘူး၊ သူက တပ်မှူးကြီးတစ်ယောက်ရဲ့သား ဖြစ်သလို ကျင်းဖုံးကလဲ ဘဏ္ဍာတော်ထိန်းအကြီးအကဲတစ်ယောက်ရဲ့ သမီးပဲ၊ ကျွန်မ မိဘတွေက ဒီကိစ္စကို သိသွားလို့ ကျင်းဖုံးက တစ်နယ်တစ်ကျေးကို ခေါ်သွားဖို့ ပြောတာကို သူက သတ္တိမရှိဘူးလေ၊ ဒီတော့ ကျင်းဖုံးဟာ စိတ်ညစ်ပြီး အဆိပ်သောက်လိုက်တာပေါ့'

ကွီဝှားက

'သူက နောက်ပိုင်း ဘယ်ရောက်သွားလို့လဲ'

'အဲဒါပေါ့ရှင်၊ သူ့ကြောင့် အဆိပ်သောက်သေရတဲ့ ချစ်သူရဲ့ ဈာပနကိုတောင် လာပို့ဖော်မရတဲ့ လူတစ်ယောက်ကို ကျွန်မ အသည်းမနာသင့်ဘူးလား'

ကွီဝှားက

'သူလဲ စိတ်ထိခိုက်ပြီး လျှောက်သွားနေတာနဲ့ တူပါတယ်'

ကျင်းယန်းက မဲ့ပြုံးပြုံး၍

‘ကျွန်မကတော့ အဲဒီဆင်ခြေမျိုးကို လက်မခံဘူး၊ ကိုယ့်ရဲ့ချစ်သူတစ်ယောက်ဟာ ကိုယ့်အတွက် အသက်ပေးသွားသေးတာပဲ၊ သူ့အနေနဲ့ အုတ်ဂူမှာ ပန်းတစ်စည်းတော့ အမှတ်တရ ထားပေးသင့်တာပေါ့ မဟုတ်ဘူးလား’

ဟိုကျင်းမာက

‘အင်း ညီမဘက်က ကြည့်တော့လဲ မှန်တာပါပဲလေ’

ဟု မှတ်ချက်ချလိုက်လေသည်။

‘ကဲ အစ်မတို့ ကျွန်မကို ခွင့်ပြုပါဦး၊ နောက် ကျွန်မ လာခဲ့ပါဦးမယ်’

‘ကောင်းပါပြီ ညီမ’

ကျင်းယန်း ထွက်သွားသည့်အခါ ဟိုကျင်းမာတို့မှာ ကိုယ်ထင်ရာကိုယ်တွေး၍ တီးတိုးဝေဖန်နေကြ ပေတော့သည်။

ထိုအချိန်၌

ဟိုကန်းစုမှာ တစ်ချိန်က ပတ္တမြားကို အာမခံဌာနသို့ ပေးပို့ခဲ့သည့် ဘုံကျောင်းလူကြီး တာလျန်း၏အိမ်သို့ ရောက်ရှိနေသည်။

ယုံဝှားက ခရီးထွက်သွားပြီဖြစ်၍ သူတစ်ဦးတည်းကျန်သည့် ကိစ္စများကို လှုပ်ရှားနေခြင်း ဖြစ်သည်။



အဘိုးအိုကြီး တာလျန်းသည် သူ၏ ပတ္တမြားကို တွေ့ရသည်နှင့် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

‘ကျုပ် လုံးဝ မမျှော်လင့်တော့တဲ့ ပစ္စည်းတစ်ခု၊ အခုလို ပြန်ရတာ ဝမ်းသာလိုက်တာ မောင်ရင်ရယ်၊ မောင်ရင်လိုချင်တဲ့ ငွေကြေးကို ကျုပ် ပေးပါ့မယ်’

ဟိုကန်းစုက လက်ကာလိုက်သည်။

‘ကျွန်တော် မလိုချင်ပါဘူး ဘဘ၊ ဘဘ ပစ္စည်း အမှန်အကန် ဖြစ်တယ်ဆိုတာကိုသိရလို့ ခုလိုပြန်ပေးရတာကိုပဲ ဝမ်းသာလှပါပြီ၊ ဒီပစ္စည်းဟာ လူတွေကို တော်တော်ဒုက္ခပေးခဲ့ပါတယ်’

အဘိုးအို တာလျန်း ခေါင်းညိတ်လိုက်သည်။

‘အေး ဟုတ်ပေမှာပေါ့ မောင်ရင်ရယ်၊ လောဘသားတွေ မဟုတ်လား၊ သူတစ်ပါးပစ္စည်းကို အချောင်လိုချင်ကြတဲ့လူမိုက်တွေကြောင့် လောကကြီး ပျက်စီးနေတာပေါ့၊ ကျုပ် ဒီပစ္စည်းကြောင့် စိတ်ဆင်းရဲခဲ့ရပေမယ့် အမျက်ဒေါသ မထွက်ခဲ့ပါဘူး၊ ဒါပေမယ့် ဥစ္စာရှင်းမှန်ကန်တော့လဲ မောင်ရင်တို့လို ပုဂ္ဂိုလ်ချီးတွေ ပေါ်ပေါက်လာရတာပေါ့’

‘ကျွန်တော်ကတော့ ပစ္စည်းပြန်ရရုံနဲ့ စိတ်မကျေနပ်ဘူး၊ ဒီလူတွေကို ဖော်ထုတ်နိုင်မှ နောက်ကို ဒါမျိုး လျော့ပါးသွားမယ် မဟုတ်လား’

‘ဟုတ်တာပေါ့ ဟုတ်တာပေါ့၊ ကျုပ် မောင်ရင့်ကို အားပေးပါတယ်၊ လိုအပ်တဲ့ အကူအညီမျိုးရှိရင် ကျုပ် ကူညီပါ့မယ်’

ဟိုကန်းစု ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့ ဘဘကူညီမယ်ဆိုတာယုံပါတယ်၊ ကျွန်တော်ကလဲ အကူအညီတောင်းမယ့်ဆဲဆဲပါပဲ'

'ပြောပါ မောင်ရင်၊ ပြောပါ'

'ကျွန်တော် ဒီပစ္စည်းနဲ့ ရန်သူကိုပြန်ပြီး မျှားခေါ်ဖို့ စိစဉ်ထားပါတယ်၊ ဒါကြောင့် ကျွန်တော့်လက်ထဲမှာ ခဏထားပါရစေလို့'

'အိုး…ဖြစ်ပါတယ် မောင်ရင်၊ ကျုပ်က ဘာစိတ်မချစရာလိုသလဲ၊ အမှန်ပြောရရင် ကျုပ်က ဒီပစ္စည်းနဲ့ ပတ်သက်ပြီး ဘယ်လိုမှ မျှော်လင့်ချက်မထားခဲ့တာပါ၊ မောင်ရင်လိုပုဂ္ဂိုလ်မျိုးလို့ ပြန်ပေးတာပေါ့၊ ယူသွားပါ ယူသွားပါ၊ နောက်တစ်ခု မောင်ရင့်ကို ပြောချင်တာက'

'ပြောပါ ခင်ဗျာ'

'အဲဒါကို လိုချင်တယ်ဆိုရင်လဲ ယူသွားနိုင်ပါတယ်၊ ဒါမှမဟုတ်လို့ တာဝန်ကြီးမယ်ဆိုရင် အဲဒီပစ္စည်းနဲ့ ခွဲခြားမရတဲ့ အတုတစ်လုံးလဲ ရှိပါတယ်၊ မောင်ရင် အသုံးပြုလို့ ဖြစ်မယ်ဆိုရင်'

'ဟာ ဒါဆို ပိုကောင်းတာပေါ့ဘဘုရယ်၊ ကျွန်တော် စိတ်ချ လက်ချ အလုပ်လုပ်ရဲတာပေါ့'

❀

## အခန်း ၃၀။

### အချုပ်ခန်း ထမင်းပွဲ

ဟိုကန်းစုသည် အဘိုးကြီးတာလျန်း ပေးလိုက်သောပတ္တမြားအတုကို သေသေချာချာကြည့်လိုက်သည်။

စောစောက ပတ္တမြားအစစ်နှင့် အလွန်ပင် တူလှသည်။

တာလျန်းကိုယ်တိုင်က အတုဟူ၍ ပြောလိုက်သဖြင့် သူသိရသော်လည်း သူ့အနေဖြင့် ခွဲခြား၍မရနိုင်ပါ။

သူသည် ထိုပတ္တမြားအတုကို ပိုးအိတ်ကလေးဖြင့် အသေအချာ ထည့်ထားလိုက်ပြီး သေသေချာချာ စဉ်းစားနေသည်။

ထိုပတ္တမြား၏မူလပိုင်ရှင်မှာ ယခုဘုံကျောင်းလူကြီးတာလျန်းဖြစ်သည်။

တာလျှန်းက သူ၏သားချင်းတစ်ဦးဆီသို့ ပို့ပေးရန်ဝမ်းစီထိ အာမခံဌာနသို့ ရောက်ရှိလာသည်။

ဝမ်းစီထိအာမခံဌာနက ထိုပစ္စည်းကို တာဝန်ယူ၍ပေးပို့သူမှာ ဟိုကန်းစု၏ဖခင် ဟိုချိုက်ဆုံ ဖြစ်သည်။

ဟိုချိုက်ဆုံသည် ထိုပစ္စည်းကို ဓားပြတိုက်ခံရပြီး သေဆုံးသွားရသည်။

ဤပစ္စည်းက ဓားပြလက်ထဲ ပါသွားသည်။

ထိုဓားပြသည် မည်သူဖြစ်နိုင်သနည်း။

အဘယ်ကြောင့် ဤပတ္တမြားသည် ကျူးရုံးထံသို့ ရောက်ရှိလာရသနည်း။

ဤကဲ့သို့ ပြန်တွေးလိုက်သောအခါ ကျူးရုံးထံသို့ ရောက်ရှိလာသည်မှာ ဖိမန်ကျေးရွာကြီးတွင် ဆာမူးကျိ ဆိုသည့် လူဆိုးကြီး တစ်ဦးထံမှ ကျူးရုံးက အချောင်ဈေးဖြင့် ပေးဝယ်ခဲ့ခြင်း ဖြစ်သည်။

ကျူးရုံးထံမှ ဟိုကန်းစုက ရခဲ့သည်။ ဟိုကန်းစု လက်ထဲမှ ကျိမာက တိုက်ယူခဲ့သည်။

ဤသို့ဆိုလျှင် လူဆိုးကြီး ဆာမူးကျိသည် ဟိုကန်းစု၏ဖခင်ကို တိုက်ခိုက်သည့် ဓားပြတစ်ဦးပင် ဖြစ်မည်လား။

ဤသို့ဆိုလျှင် ဟိုကန်းစု၏ဖခင်ကို တိုက်ခိုက် သတ်ဖြတ်သွားသည့် ဓားပြသည် ဝမ်းစီထိတို့ အာမခံဌာနနှင့် လုံးဝမပတ်သက်သကဲ့သို့ ရိအော့နှင့်လည်း ပတ်သက်မည် မထင်ပါ။

ဤကိစ္စကို တစ်စိတ်တစ်ဒေသ သိရှိနိုင်မည့်သူမှာ အချုပ်



ခန်းထဲတွင် ရောက်ရှိနေသည့် ကျိမာသာ သိလျှင်သိနိုင်မည်ဟု ဟိုကန်းစု စဉ်းစားမိလိုက်သည်။

သူသည် ကျိမာနှင့် ထပ်တွေ့ရန် လိုအပ်လာသဖြင့် မြို့ပြအုပ်ချုပ်ရေးရုံးသို့ ခြေဦးလှည့်လိုက်လေတော့သည်။

ရှေးဦးစွာ တွေ့ဆုံရသူမှာ လူဆိုးထိန်း ချိုတန်းပင် ဖြစ်လေသည်။

ချိုတန်းက ဟိုကန်းစု လာသည်ကို မြင်သည်နှင့်

'ခင်ဗျားလာတာ အတော်ပဲ၊ ကျွန်တော်ကလဲ တွေ့ချင်နေတာနဲ့'

ဟိုကန်းစုက

'ခင်ဗျား အထူးပြောစရာ ရှိလို့လား'

ချိုတန်းက

'ရိအော့ဟာ ဒုစရိုက်သမား တစ်ယောက်မဟုတ်လား၊ သူက အရေခြုံထားတဲ့ လူဆိုးတစ်ယောက်ဆိုတော့ သူ့ကို ဖမ်းဆီးလိုက်ရင် အားလုံး ပေါ်သွားနိုင်တာပေါ့၊ မဟုတ်ဘူးလား'

ဟိုကန်းစု ခပ်ပြုံးပြုံးဖြင့် ခေါင်းယမ်းပြလိုက်သည်။

'အဲ့ဒီလိုလုပ်ရင် ကျွန်တော်တို့ မှားသွားလိမ့်မယ်လို့ ထင်တယ်'

'ဘာဖြစ်လို့လဲ'

‘အခု ခင်ဗျား ကျိမာကို စစ်ဆေးသေးလား’

ချိုတန်းက ခေါင်းညိတ်လိုက်သည်။

‘ကျွန်တော် အချိန်အတော်ကြာ စစ်ဆေးပါတယ်၊ ဒါပေမယ့် သူလုပ်ခဲ့တာတွေကိုပဲ ဝန်ခံတယ်ဗျာ၊ ရိအော့တို့၊ ဟုတ်တူတို့ဟာလဲ သူတို့ဂိုဏ်းသားတွေဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် ဘယ်သူက ညွှန်ကြားတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာ တိတိကျကျ မေးလို့ မရဘူး’

ဟိုကန်းစုက

‘အဲဒါ ကျိမာက လိမ်နေတာ မဟုတ်ဘူးဗျ၊ အမှန်တကယ်လဲ သူ ဘာမှမသိဘူး၊ ရိအော့တို့လဲ ဒီအတိုင်းပဲ နေမှာပဲ၊ ကျုပ်တို့က သူတို့ကို ဖမ်းဆီးမယ်ဆိုရင် လက်ရှိ သဲလွန်စတောင် ပျောက်သွားနိုင်တယ်’

ချိုတန်းသည် အနည်းငယ် စဉ်းစား၍

‘ခင်ဗျားက သူတို့ကို ဒီအတိုင်းပဲ လွှတ်ထားမလို့လား’

ဟိုကန်းစုက ခေါင်းယမ်းလိုက်သည်။

‘ဘယ် လွှတ်ထားမှာတုန်းဗျာ၊ သူတို့ရဲ့ လှုပ်ရှားမှုတွေကို အမြဲကြည့်နေရမှာပေါ့၊ ကျွန်တော်လိုချင်တာက သူတို့ရဲ့ ဂိုဏ်းချုပ်ဟာ ဘယ်သူလဲဆိုတာဗျ၊ အဲဒါကို သိရရင် ကိစ္စက ပြီးသလောက် ရှိသွားပြီ’

‘ခင်ဗျား ဘာလုပ်မယ် စိတ်ကူးထားသလဲ၊ အကယ်၍ အလုပ်လုပ်မယ်ဆိုရင် ကျုပ်ကိုလဲ အသိပေးပါ’

ဟိုကန်းစုက စဉ်းစားရင်းမှ

‘သတိတော့ ထားရလိမ့်မယ်ဗျ၊ ကျိမာ ဒီကိုရောက်နေတာ



ရိအော့တို့ သိရင် ခင်ဗျားအတွက် ပိုပြီး အန္တရာယ် ကြီးလာမယ်နော်၊ ချိုတန်း’

ဟိုကန်းစုက သတိပေးသည်။

ချိုတန်းက ပြုံးလိုက်၏။

‘ကျုပ်က သူတို့ မသိ့သိအောင် တမင်တကာ ကလိဖို့ စိတ်ကူးထားဘာယ်၊ ဒါမှ သူ့နောက်ကွယ်က လူတွေပါ ပေါ်ထွက်လာမလားလို့’

‘ခင်ဗျားစိတ်ကူး မဆိုးပါဘူး၊ ခင်ဗျား အသိမပေးလဲ သူတို့က သိချင်သိနေမှာပဲ၊ သတိတော့ ထားပေါ့ဗျာ’

‘ဖြစ်ပါတယ်၊ ခု ခင်ဗျား ကျိမာနဲ့ တွေ့မလို့လား၊ သူ့ကို ပိုပြီး လုံခြုံတဲ့ အခန်းထဲမှာ ထည့်ထားရတယ်’

‘ကောင်းပါတယ်၊ ကျွန်တော် သူ့ကို သွားတွေ့ချင်တယ်’

ချိုတန်းက သူ၏ လက်အောက်ငယ်သား တစ်ယောက်ကို ခေါ်၍ ဟိုကန်းစုကို ကျိမာထံ ပို့ခိုင်းလိုက်သည်။

ကျိမာမှာ မျက်နှာ သိသိသာသာ ချောင်ကျသွားပြီး စိတ်ဓာတ်လဲ ကျဆင်းနေပုံရသည်။

ဟိုကန်းစုအား တွေ့တွေ့ချင်း လိုလားချက်ကို တောင်းဆိုတော့၏။

‘ဘယ်လိုလဲ ချီလုံယန်း၊ ကျွန်မဟာ အကျဉ်းသမား တစ်ယောက်တော့ မှန်ပါတယ်၊ လူလိုသူလိုတော့ ထားဦးမှပေါ့၊ ဒီလောက် မွန်းကျပ်ပြီး အနံ့အသက်တွေ ဆိုးတဲ့ နေရာမှာ လာထားတာကတော့ ရှင်တို့ ရက်စက်လွန်းရာ ကျပါတယ်’

ကျိမာ ပြောမည်ဆိုလျှင် ပြောစရာပင်။

အခန်းက ကျဉ်းလွန်းပြီး ဆိုးရွားသော အနံ့အသက်များကို ရှူရှိုက်နေရပေသည်။

'ခင်ဗျား တစ်မျိုးမထင်ပါနဲ့ဗျာ၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းအကြောင်းလဲ ခင်ဗျားအသိဆုံးပါ၊ ကျုပ်စိတ်ထင် ပြောရရင် မင်းကို လာကယ်မှာတော့ မဟုတ်ဘူး၊ လာပြီး နှုတ်ပိတ်မှာ သေချာတယ်'

'အို--ခုလိုနေရတာထက် သေသွားတာကမှ ကောင်းပါသေးတယ် ရှင်'

ဟိုကန်းစုက စိတ်မကောင်းဖြစ်သွားပြီး အနားတွင် ရှိနေသော အစောင့်တစ်ယောက်အား ချီတန်းထံသို့ သူမကို ကျယ်ဝန်းသော နေရာသို့ ရွှေ့ပြောင်းပေးရန် အပြောခိုင်းလိုက်သည်။

ချီတန်းကိုယ်တိုင် လိုက်လာပြီး အခြား ကျယ်ဝန်းသည့် အခန်းဆီသို့ သူမကို ရွှေ့ပြောင်းပေးလိုက်မှ ကျီမာမှာ ကျေနပ်သွားတော့သည်။

သို့မှလည်း ဟိုကန်းစု မေးမြန်းသည်ကို သူမက ကောင်းမွန်စွာ ဖြေကြားမည် မဟုတ်ပါလား။

'အာဏာသားတွေ ဝိုင်းရံထားတဲ့ အချုပ်ခန်းပဲ ဆိုပြီး ခင်ဗျား သတိတော့မလစ်ပါနဲ့ဗျာ၊ ခင်ဗျားတို့ရဲ့ အဆိပ်အပ်အကြောင်း ခင်ဗျားသိမှာပေါ့'

ကျီမာသည် မဲ့ပြုံးတစ်ချက်ပြုံး၍ ဟိုကန်းစုကို ကြည့်လိုက်လေသည်။

'ရှင်ဟာလေ၊ ကျွန်မ ကြုံတွေ့ခဲ့တဲ့ ထောက်လှမ်းရေးသမား



တွေထဲမှာတော့ အတော်ဆုံးနဲ့ အစေ့စပ်ဆုံး လူတစ်ယောက်ပဲ၊ ကျွန်မတို့ ဂိုဏ်းထဲမှာ အဆိပ်အပ်ကိုသုံးတဲ့လူဟာ ကျွန်မ တစ်ယောက်နဲ့ အခြားတစ်ယောက်ပဲရှိပါတယ်၊ အဲဒီလူကိုယ်တိုင် လာသတ်မှပဲ ကျွန်မ သေမှာ'

ဟိုကန်းစုက မျက်မှောင်ကြုတ်လိုက်သည်။

'အခြားတစ်ယောက်ဆိုတာက မင်းတို့ ဂိုဏ်းချုပ်ပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ သူက ကျွန်မကိုတော့ လုပ်ကြံဖို့အထိ မရက်စက်ဘူးလို့ ထင်ပါတယ်၊ သူ့ရဲ့ အကျိုးစီးပွားအတွက် ကျွန်မ အများကြီး ဆောင်ရွက်ပေးခဲ့တာပဲ'

'မနေ့က မင်းကို နှိပ်စက်ထားတာကရော သူ့အမိန့်နဲ့ပဲ မဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒါ သူက အသက်ညှာဆုံး ဆက်ဆံထားတာပဲ၊ တချို့လူတွေကို ဒီလိုနှိပ်စက်မနေဘူး၊ တစ်ခါတည်း ရှင်းပစ်တာက များတယ်'

'မင်းစိတ်ထဲမှာ သူတို့က တနည်းနည်းနဲ့ လာကယ်မယ်လို့ ထင်သလား'

'ဒါက ကျွန်မအပေါ် မူတည်တာပဲ၊ ကျွန်မဟာ ဂိုဏ်းချုပ်အပေါ် ဘယ်လောက်အထိ သစ္စာရှိဘယ်ဆိုတာ စောင့်ကြည့်နေမှာပဲ၊ သူ့အကျိုး ထိခိုက်လာမယ်ဆိုရင်တော့ ဘာအကူအညီမှ ပေးမှာမဟုတ်တော့ဘူး'

သူမ၏စကားလမ်းကြောင်းကို ကြည့်ရသည်မှာ ဂိုဏ်းကိစ္စနှင့် ပတ်သက်၍ အတော်များများကို သိထားပုံရနေသည်။

ထိုအချက်ကို မိမိသိရှိအောင် မေးမြန်းနိုင်ဖို့ လိုအပ်ကြောင်း ဟိုကန်းစု စဉ်းစားမိသည်။

သူသည် ကျီမာပြောနေသည့်စကားများကို သိပ်ပြီး ဂရုမထားသည့် ပုံစံမျိုး ဖန်တီးထားသည်။

သူမကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံ၍ ရမည်မဟုတ်သည်ကိုလည်း ဟိုကန်းစုက ကြိုတင်တွက်ထား၏။

'မင်း မနက်က ဘာစားရသလဲ ကျီမာ'

'ဘာစားရမှာလဲရှင့်၊ ကျွန်မက တရားခံပဲ၊ တရားခံအစားအသောက်ပဲ စားရတာပေါ့၊ ဘာလဲ ရှင်က ကျွန်မကို စားသောက်ဆိုင်ခေါ်ပြီး ကျွေးမွေးချင်လို့လား'

'မင်း ကျုပ်အကြောင်းကိုသိရင် ကျုပ် စိတ်ထားကိုလဲ သိမှာပါပဲ၊ ကျုပ်ရဲ့ ရန်သူပင်ဖြစ်ပါစေ၊ ကျုပ်က လူသားတစ်ယောက်လိုပဲ သဘောထားတယ်၊ အဓိကအချက်က ကျုပ်စေတနာကိုသိဖို့အရေးကြီးတယ်၊ မင်းကို ကျုပ်ဥပမာတစ်ခုပြောမယ်၊ လွန်ခဲ့တဲ့တစ်နှစ်ကျော်က ကျုပ် လူသတ် ဓားပြတိုက်တဲ့ တရားခံတစ်ယောက်ကို ဖမ်းမိခဲ့တယ်၊ သူက အချုပ်ခန်းထဲက ထွက်ပြေးဖို့ကြိုးစားတယ်၊ သူ့ကို မပြေးပါနဲ့၊ ဆယ်နှစ်အကျဉ်းထောင်ထဲမှာ နေရမှာကို တစ်နှစ် နှစ်နှစ်ပဲနေရအောင် ကျုပ်ကြိုးစားပေးပါ့မယ်လို့ ကတိပေးတယ်၊ အပြင်လောကမှာ ကောင်းမွန်စွာလုပ်စားဖို့ အရင်းအနှီးကို ကျုပ်ပေးပါ့မယ်လို့ ကတိပေးတာတောင် သူက ထွက်ပြေးဖြစ်အောင် ထွက်ပြေးသေးတယ်ဗျာ'

'သူ ဘာဖြစ်သွားလဲ'



ကျီမာက စိတ်ဝင်စားစွာ နားထောင်ရာမှ မေးလိုက်သည်။

'ဘာဖြစ်သွားသလဲ ဆိုတော့ဗျာ၊ စိတ်မကောင်းစရာပေါ့၊ သူက မဟားတရားတိုက်ခိုက်ပြီး ထွက်ပြေးတော့ အာဏာသားတွေကလဲ လက်လွန်သွားတာပေါ့၊ ဒါပေမယ့် သူသေသွားတဲ့တိုင်အောင် ကျုပ် သူ့မိသားစုကို သွားထောက်ပံ့ခဲ့ပါတယ်'

'ရှင့်စေတနာကို လေးစားပါတယ်၊ အခွင့်အရေးတောင်းဆိုတာတော့ မဟုတ်ပါဘူး၊ ကျွန်မ အစားအသောက်ကောင်းကောင်းနဲ့ အရက်တော့ သောက်ချင်တာအမှန်ပဲ'

ဟိုကန်းစုက

'ဟဲ ဟဲ၊ တရားခံတစ်ယောက်ကို ဒီအခွင့်အရေးမျိုးမပေးရပါဘူး၊ ကျုပ်ကတော့ မင်းအတွက် ဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်'

သူကပြောပြီး အာဏာသား တစ်ယောက်ကို ဒီနေ့ညစာအတွက် အရက်အကောင်းစားနှင့် စားသောက်စရာများကို မှာကြားခိုင်းလိုက်သည်။

❀

ထိုအချက်များသည်ကား

ချီလုယန်း၏ ကြောက်စရာကောင်းသော စိတ်ဓာတ်ရေးရာ ပရိယာယ်များပင် ဖြစ်တော့သည်။

အာဏာသားက အခန်းထဲ၌ပင် အရက်နှင့် စားသောက်စရာများ အစုံအလင် ပြင်ဆင်ပေးလိုက်သည်။

စားသောက်စရာများမှာ စားပွဲအပြည့်ပင်ဖြစ်သည်။

'ကဲ ခင်ဗျား အေးအေးဆေးဆေး စားသောက်ပါ၊ နောက်နေ့တွေလဲ ခင်ဗျားအတွက် စီစဉ်ပေးပါ့မယ်'

ကျီမာက အံ့ဩသလို မော့ကြည့်၍

'အို မဟုတ်တာ၊ ဒီလောက်များတဲ့ စားစရာတွေကို ရှင်ပါ စားမှဖြစ်မှာပေါ့၊ ရှင်က တရားခံတစ်ယောက်နဲ့အတူ မစားချင်ဘူးလား'

ဟိုကန်းစုက ပြုံးလိုက်သည်။

'ကျုပ် မင်းကို တရားခံလို့ သဘောမထားပါဘူး၊ မင်းက ခွင့်ပြုမယ်ဆိုရင် စားတာပေါ့'

ဟိုကန်းစုက လုံးဝ ဟန်ဆောင်မှုမပြုဘဲ စားပွဲသို့ ဝင်ထိုင်လိုက်လေသည်။

သူမအတွက် အရက်ငှဲ့ပေး၍ သူကိုယ်တိုင်လည်း သောက်လိုက်လေသည်။

တစ်ခွက်—

နောက်တစ်ခွက်။

အချုပ်ခန်း၏ထမင်းဝိုင်းမှာ ပျော်စရာ ကောင်းနေတော့သည်။

ဟိုကန်းစု၏ပရိယာယ်ကိုသိထားသော လူဆိုးထိန်း ချုပ်တန်းက မသိလိုက်မသိဘာသာ ခွင့်ပြုထားလိုက်သည်။

'အမှန်ပြောရရင် ကျွန်မ အချုပ်ခန်းထဲ ရောက်နေတယ်ဆိုတာတောင်မေ့နေတယ်၊ ဒီတစ်သက် ရှင့်ကို ကျွန်မ ကျေးဇူးမမေ့တော့ပါဘူး၊ ကျွန်မပေးတဲ့အပြစ်ဒဏ်ကို ရဲရဲခံဝံ့ပါတယ်'



ကျီမာ မူးလာသည်။

သူမသည် မြိန်ရေယှက်ရေပင် စားသောက်နေသည်ကိုတွေ့ရသောအခါ ဟိုကန်းစုလည်း စိတ်ချမ်းသာသွားမိသည်။

'မင်း ဘာမှ မစိုးရိမ်ပါနဲ့၊ မင်းအတွက် အပြစ် နည်းနိုင်သမျှနည်းအောင် ကျုပ်ဆောင်ရွက်ပေးပါ့မယ်၊ အချို့တရားခံတွေဟာ အာဏာသားတွေဘက်က ဆောင်ရွက်ပေးတဲ့အတွက် လုံးဝအပြစ်မခံရဘူးဆိုတာတွေလဲ မင်းကြားဖူးမှာပေါ့'

သူက ရယ်လိုက်သည်။

ထို့နောက် အရောင်လက်နေသောမျက်လုံးဖြင့် ဟိုကန်းစုကို ကြည့်လိုက်သည်။

'ရှင်ဘာလိုချင်တယ်ဆိုတာ ကျွန်မ သဘောပေါက်ပါပြီ၊ ရှင်....ဂိုဏ်းချုပ်ကြီး ဘယ်သူဘယ်ဝါဆိုတာ သိပ်သိချင်တယ်မဟုတ်လား၊ အဲဒီလိုသိရရင် ကျွန်မအပြစ်တွေကို လျော့ပေါ့ပေးမယ်ဆိုတာလဲ ကျွန်မ ယုံတယ်၊ ဒါပေမယ့် ဝမ်းနည်းပါတယ် ချီလုယန်း၊ ကျွန်မ အမှန်ပဲမသိတာပါ'

ဟိုကန်းစုက ခေါင်းယမ်းလိုက်သည်။

'ကိစ္စမရှိပါဘူး ကျီမာ၊ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ပြောရမယ်လို့ အတင်းအကျပ်မတိုက်တွန်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ ကိုယ့်အမှားကို ကိုယ်မသိသေးသမျှ ဘယ်တော့မှလဲ အမှန်ပြောမှာမဟုတ်ဘူးဗျ၊ အမှားသိတဲ့ လူဟာ သူ့ဟာသူ အလိုလို ဖော်ထုတ်လာတာပဲ'

သူမက ရယ်လိုက်ပြန်သည်။

'ကျွန်မ နောင်တရနေပြီလို့ ရှင်ထင်သလား'

ကျီမာသည် အရက်ကို မက်မက် မောမောပင် ထပ်မံ၍ သောက်ချလိုက်သည်။

ထို့နောက် သူမ၏လှပသော လက်ချောင်းကလေးများဖြင့် တူကိုကိုင်ကာ စားစရာများကို စားသောက်နေ၏။

သူမ၏မျက်နှာကို ဟိုကန်းစု အကဲခတ်၍ ကြည့်သည်။

သူ၏ အတွေ့အကြုံအရ ကျီမာ၏မျက်နှာတွင် နာကြည်းမှုများရှိနေသည်ဟု ထင်လိုက်ရသည်။

'ကျွန်မ မှားခဲ့ပါတယ်'

'ဗျာ'

'ဝန်ခံလို့ ရှင် အံ့သြသလား'

'အမှားကိုသိတဲ့လူဟာ အမှန်ရဲ့လမ်းစကို စပြီး ပြောင်းတာပဲ၊ အံ့သြစရာမဟုတ်ပါဘူး၊ ချီးကျူးစရာပါ'

'ဟင်း... ဟင်း... ရှင့်စကားတွေဟာ အဖိုးတန်ပါတယ်၊ ကျွန်မပြောမယ်၊ ဂိုဏ်းချုပ်ကြီးဟာ ဘယ်သူဘယ်ဝါဆိုတာ မသိတာတော့ အမှန်ပဲ၊ ဒါပေမယ့် သူ့ရဲ့ အကြံ အစည်တွေ တော့ သိပ်ကြီးကျယ်တယ်'

'ဘယ်လိုကြီးကျယ်တာလဲ'

'ဂိုဏ်းချုပ်ကြီးကျီးဟာ အမှန်တော့ ဥစ္စာရှာကြီး တစ် ယောက်လို့ပဲဆိုရမလား၊ ဒါမှမဟုတ် ကမ္ဘာကို လွှမ်းမိုးဖို့ပဲ ကြံ နေတာလားတော့ မသိဘူး၊ တရုတ်ပြည်မှာ ရှိနေတဲ့ အဖိုးတန် ကျောက်မျက်ရတနာမှန်သမျှကို သူဟာ အားလုံး ပိုင်ဆိုင်ချင် တယ်'

'အင်း...အတော်ကို စိတ်ဝင်စားစရာပဲ'



ကျီမာက ဆက်၍–

'ဒီတော့ သူဟာ တပည့်လက်သားတွေနဲ့ ဘယ်နေရာမှာ အဖိုးတန် ကျောက်မျက်ရတနာ ရှိသလဲ ဆိုတာ စုံ စမ်း တယ်၊ သတင်းကြားရင် အဲဒီရတနာကို ရအောင် နည်းမျိုးစုံနဲ့ ယူတယ်၊ ပထမ အဖိုးသက်သက်သာသာနဲ့ ဝယ်တာပါပဲ၊ ဒါ ပေမယ့်သူပေးတဲ့ဈေးနဲ့မရောင်းရင်တော့ တိုက်ခိုက်ပြီးယူတာပဲ'

'အင်း အင်း ကျုပ် နည်းနည်းသဘောပေါက်လာပြီ'

'နောက် သူ့ရဲ့ ရည်ရွယ်ချက် တစ်ခုက ဒီရတနာတွေကို တစ်နေရာမှာ မြတ်မြတ်နိုးနိုး သိမ်းဆည်းထားတယ်လို့ သိရတယ်၊ ဘယ်လိုရည်ရွယ်ချက်ကြောင့် ခုလို စုဆောင်း သိမ်းဆည်းထား တယ်ဆိုတာတော့ ကျွန်မလဲ မသိဘူး'

ဟိုကန်းစုမှာ အတော်ကလေး ဝမ်းသာသွားသည်။

'ခုလို ပြောပြတာကိုပဲ အင်မတန် ကျေးဇူးတင်လှပါပြီဗျာ၊ ကျုပ်မှာ မရှင်းတဲ့ အချက်တစ်ခုကိုတော့ ခင်ဗျား ပြောပြနိုင် ပါလိမ့်မယ်'

'ဘာများပါလိမ့် ရှင်'

'အခုနောက်ဆုံး ကျူးရုံးဆီက ပတ္တမြားရဲ့ ရာဇဝင်ကို မင်း သေသေချာချာ သိသလား'

သူမက အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပြီး ပြန်ကြည့် သည်။

'ရှင် ပြောတာ ကျွန်မ သိပ်နားမရှင်းဘူး'

'ဒီပတ္တမြားကို ဟိုကန်းစု ဖခင်က ဝမ်းစီထိ အာမခံဌာန အတွက် တာဝန်ယူပြီး ပို့ပေးတုန်း လမ်းမှာ ဓားပြတိုက်ခံရ

ပြီး ဟိုကန်းစုဖခင် အသတ်ခံရတယ်၊ အဲဒီပတ္တမြားကို ဓားပြ တိုက်သွားတာ ဘယ်သူလဲဆိုတာ မင်းများ သိမလားလို့ပါ'

'အို ရှင်က ဒီကိစ္စသိချင်နေတာကိုး၊ ရှင် စုံ စမ်း နေတဲ့ အကြောင်းရင်းက ဟိုကန်းစုရဲ့ကိုယ်စား သူ့ ဖခင်ကိုသတ်သွားတဲ့ တရားခံကို မဟုတ်လား'

'အဲဒီသဘောပါပဲ၊ ဒါပေမယ့် အဲဒီပတ္တမြားဟာ ဟိုကန်းစုရဲ့ ဖခင်တင် မကပါဘူး၊ ဟိုကန်းစုပါ မင်းရဲ့ လက်ချက်နဲ့ သေ တယ် မဟုတ်လား'

သူမမျက်နှာ သိသိသာသာ ညှိုးသွားသည်။

'ကျွန်မ ဟိုကန်းစု ဆိုတဲ့လူကို သတ်ဖို့ မရည်ရွယ်ပါဘူး၊ ကျွန်မ အဲဒီ ပတ္တမြားကိစ္စ ပြောပါ့မယ်'

သူမသည် တော်တော်ကလေး မူးနေသော်လည်း အရက် အနည်းငယ်ကို ထပ်မံ၍ သောက်လိုက်ပြန်၏။

ပြီးမှ သူမ၏စကားကို ပြန်ဆက်သည်။

'ပထမတော့ ဒီပတ္တမြားကိစ္စ ကျွန်မ မသိဘူး၊ ဒီ ပိုကျွန်း မြို့ကို ရောက်လာပြီးမှ သိရတယ်၊ ဒီလိုပါ၊ ဟိုကန်းစုရဲ့ အဖေကို တိုက်ခိုက်တဲ့ ဓားပြဟာ ရိအော့ပါပဲ'

'ဘာ ရိအော့ ဟုတ်လား'

'ဟုတ်တယ်၊ ရိအော့ဟာ သူ့တပည့်တွေနဲ့ ဟိုကန်းစုရဲ့ အဖေကို လမ်းခုလတ်ကဖြတ်ပြီး တိုက်ခိုက်ယူပါတယ်၊ ဒါကလဲ သခင်ကြီးက ညွှန်ကြားတာပါ'

'ဩော် ဩော် ဆက်ပြောပါဦးဗျာ'

'ဒါပေမယ့် ရိအော့က ကံဆိုးချင်တော့ သူ့လက်ထဲက



ဆာမူးကျီဆိုတဲ့ ဓားပြက ပြန်ပြီး တိုက်ခိုက်ယူသွားတယ်၊ သခင်ကြီးကျူးဟာ ဒီကိစ္စသိသိချင်း ကျွန်မကို တာဝန်ပေးပေမယ့် ကျွန်မ ရောက်ရှိသွားတဲ့အချိန်မှာ ဆာမူးကျီက ကျူးရှုံးကို ရောင်းလိုက်တယ်၊ အဲဒီမှာတင် ကျွန်မက ကျူးရှုံးနောက်ကို လိုက်ရတာပဲ၊ ဒါပေမယ့် ဆာမူးကျီဆီမှာ ကျန်ရှိနေတဲ့ အခြား ကျောက်တစ်လုံးကိုလဲ ကွိဝှားက တာဝန်ယူလိုက်တယ်လို့ သိရပါတယ်'

ဟိုကန်းစုံအဖို့ တော်တော်ကလေး ရှင်းသွားပါပြီ။

ရိအော့ လက်ချက်ကြောင့် ဟိုကန်းစုံဖခင် သေရခြင်း ဖြစ်သည်။

ရိအော့ကို ညွှန်ကြားနေသူမှာ မည်သူနည်း။

ထိုအချက်ကိုပင် ဟိုကန်းစုက စဉ်းစားရတော့မည် ဖြစ်သည်။

'ရိအော့ဟာ အဲဒီအချိန်တုန်းက ဝမ်းစီထိဆီမှာ အလုပ်လုပ်နေတယ် မဟုတ်လား၊ ဒီကိစ္စထဲမှာ ဝမ်းစီထိရော မပါနိုင်ဘူးလား'

'အဲဒီကိစ္စကိုတော့ ရိအော့ ပိုသိမယ်၊ ကျွန်မ သိရတာကတော့ ဝမ်းစီထိဟာလဲ ဂိုဏ်းသားတစ်ယောက်ပဲ၊ ရိအော့ကို သူက ညွှန်ကြားတာပဲ၊ ဒါပေမယ့် အဲဒီကိစ္စမှာပဲ အဆင်မပြေလို့ ဝမ်းစီထိကို ဂိုဏ်းချုပ်က မသုံးတော့ဘူး၊ အခု ဝမ်းစီထိ ထမ်းပေါ်မှာ တေလေကြမ်းပိုး ဖြစ်နေတာ ရှင် သတိထားမိမှာပေါ့'

ဟိုကန်းစုက လက်ခံလိုက်သည်။

သူသည် အမှုဖြစ်ပြီးကတည်းက ဝမ်းစီထိတို့ ပြောင်းရွှေ့သွားသည်ဟု ထင်လိုက်သော်လည်း လူဆိုးထိန်း ချိတန်း၏ ပြောပြချက်အရ ဝမ်းစီထိမှာ အတော်ဆင်းရဲပြီး ကလေကချေ ဖြစ်နေသည်ဟု ပြောဖူးသည်။

'ကျွန်မကတော့ ဒါပဲ သိပါတယ်၊ ရှင် ဘာသိချင်သေးသလဲ'

သူမက အတော်မူးနေပြီ ဖြစ်သည်။

'ကျေးဇူးတင်ပါတယ် ကြီမာ၊ မင်း အပြစ်ဒဏ်က သက်သာခွင့်ရပါစေမယ်လို့ ကျုပ် ကတိပေးပါတယ်'

သူမက ခပ်ယဲ့ယဲ့ ကလေး ပြုံးပြလိုက်တော့သည်။

အခန်း ၃၁

## တန်ပြန်အဆိပ်

အလုံပိတ်ထားသော အခန်း။

သို့မဟုတ် နံရံတွင် အပေါက်ကလေးများရှိသော အခန်း။

ထိုအခန်းမထဲတွင် လူငါးယောက်ရှိနေသည်။

တိတိကျကျ ပြောရလျှင်

ထို ငါးယောက်မှာ ရီအော့၊ နဂါး ဟုတ်တူ၊ လူဝကြီးတိတ်စိန်၊ အခြား ခေါင်းတုံးနှင့် လူတစ်ယောက်၊ ထိုခေါင်းတုံးနှင့်လူမှာ ကျိုး၏ ဂိုဏ်းသားတစ်ယောက် ဖြစ်ပြီး ရီအော့နှင့် နဂါးဟုတ်တူတို့လည်း မသိကြပေ။

သူသည် ဂိုဏ်းချုပ်ကြီး ညွှန်ကြားချက်နှင့် ဤ လျှို့ဝှက်အဆောက်အအုံအတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

နောက်တစ်ဦးမှာ မနေ့က ဟိုကန်းစု မြင်းပေါ်မှ တွန်းချခဲ့သော မိန်းကလေးဖြစ်သည်။

သူ့အမည်မှာ မာမာချူးဖြစ်သည်။

သူတို့ငါးဦးသည် အလင်းရောင် အားနည်းသော အခန်းထဲ၌ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ ထိုင်နေကြသည်။

တစ်ခါတစ်ရံ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်မှအပ မည်သည့်စကားမှ မဆိုမိကြပါ။

ထိုစဉ်အခိုက်

အုတ်နံရံပေါက် ကလေးများဆီမှ လှုပ်ရှားသံ တစ်ခုနှင့် မရှေးမနှောင်းပင် ခပ်သြသြအသံတစ်ခုကို ကြားလိုက်ရသည်။

'ပိုက်မှုရှန်း'

လူတစ်ယောက်၏အမည်ကို ခေါ်လိုက်သည်။

'ရှိပါတယ်ဂိုဏ်းချုပ်'

ခေါင်းတုံးနှင့်လူ၏ အမည်မှာ ပိုက်မှုရှန်းဟု သိလိုက်ရ၏။

ထိုအခါမှ ရိအော့နှင့် ဟုတ်တူတို့မှာ အံ့အားသင့်သွားကြသည်။

ပိုက်မှုရှန်းဟူသောအမည် ကြားဖူးသော်လည်း လူကို မမြင်ဖူးကြပါချေ။

ပိုက်မှုရှန်းသည် နာမည်ရ ကြေးစား လူသတ်သမားတစ်ယောက်ဖြစ်သည်။ သူတို့သည် အေးတိအေးစက်နှင့် ထိုင်နေသော ခေါင်းတုံးနှင့်လူကို ပိုက်မှုရှန်းဖြစ်လိမ့်မည်ဟု မည်သူကမှ မထင်မိခဲ့ကြပါ။



ဂိုဏ်းချုပ်၏အသံကခပ်သြသြဖြစ်သော်လည်း အေးတိ အေးစက်နှင့် ပေါ်ထွက်လာသည်။

'ပိုက်မှုရှန်း မင်းရဲ့တာဝန်က တို့ရှေ့မှာရှုပ်နေတဲ့ အမှိုက်တွေကို ရှင်းပေးဖို့ပဲ'

'ဟုတ်ကဲ့ ပြောပါ ဂိုဏ်းချုပ်'

'လူဆိုးထိန်းချုပ်တန်းဟာ ခုရက်ပိုင်းအတွင်းမှာ တော်တော်ကလေး လှုပ်ရှားနေတယ်၊ နောက် တစ်ယောက် ကတော့ စေတနာ အာမခံဌာနမှူး ဟိုကန်းစုဆိုတဲ့ အကောင်ပဲ'

'ဟုတ်ကဲ့ နောက်ထပ်ရော အမိန့်ရှိပါဦး'

လူသတ်ရမည့်ကိစ္စကို ရွှေတုံးငွေတုံးရမည့်သဘောနှင့် လိုလိုချင်ချင် တောင်းဆိုနေသော ခေါင်းတုံးနှင့် ပုဂ္ဂိုလ်ကို ရိအော့ မသိမသာ ကြည့်မိလိုက်သည်။

ဂိုဏ်းချုပ်ကြီးအသံက ထပ်မံထွက်ပေါ်လာသည်။

'သစ္စာဖောက် နံပါတ်ဆယ့်ရှစ်နဲ့ သုံးဆယ့်ငါးကို မင်းရှင်းခဲ့ပြီ မဟုတ်လား'

'နှစ်ယောက်စလုံး ကိစ္စပြတ်သွားပါပြီ'

ပိုက်မှုရှန်း၏ အေးတိအေးစက်စကားသံမှာ ကြားသူများ၏ ရင်ကို ထိတ်ခနဲတုန်လှုပ်ပြီး ကြက်သီးမွေးညင်း ထသွားစေ၏။

ဂိုဏ်းချုပ်ကြီး ကျိုးသည် သူ့ကို ဆန့်ကျင်သူ များအား ကြေးစားထား၍ ရက်စက်စွာ သတ်ဖြတ်ခိုင်းနေသည်ကို သူတို့ သိနေကြားနေသည်။

ထိုသို့ ပြောဆိုနေခြင်းမှာ မိမိတို့ကိုလည်း သစ္စာ မဖောက် ရအောင် သတိပေးနေသည့် သဘောမျိုးပင် ဖြစ်လေသည်။

ပိုက်မုရှန်းမှလွဲ၍ ရိအော့တို့လေးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြသည်။

သို့သော်လည်း ထင်ရှားစွာ မတွေ့မြင်ကြရပါ။

'မင်းသွားနိုင်ပြီ ပိုက်မုရှန်း'

'ဟုတ်ကဲ့'

ပိုက်မုရှန်းသည် အခန်းထဲမှ ထွက်၍သွားသည်။

ရိအော့မှာ ဘာမှန်းမသိဘဲ သူ၏မျက်စိထဲ၌ လူဆိုးထိန်းချီတန်နှင့် ဟိုကန်းစုတို့၏မျက်နှာများကို မြင်ယောင် မိလိုက်သည်။

အခန်းကြီးထဲ၌ ရိအော့တို့ လေးဦးသာ ကျန်တော့သည်။

'ရိအော့'

ရုတ်တရက် ခေါ်လိုက်သောအသံကြောင့် အတွေးများနှင့် လွင့်ပါးနေသော ရိအော့ ဆတ်ခနဲ ဖြစ်သွားသည်။

'အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး'

'မင်း စဉ်းစားကြည့်စမ်း၊ အခုဆုံးရှုံးသွားတဲ့ ပတ္တမြားတစ်လုံးဟာ ငါ့အတွက် ဘယ်လောက်ဆုံးရှုံး နေတယ်ဆိုတာ'

ရိအော့ ငြိမ်သက်နေသည်။

'ဒါတွေဟာ မင်းရဲ့အရည်အချင်း ညံ့ဖျင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ကွင်းဆက်တွေပဲ၊ အဲဒီပတ္တမြားကို မင်းစတင်လု



ယူတဲ့အချိန်ကစပြီးမင်းလက်ထဲကတစ်ဆင့်ပြန်ပြီးအလုခံရတယ်၊ ဒုတိယ အဲ့ဒီပတ္တမြားဟာ ကျိုမာဆီကို ရောက်သွားတယ်၊ ကျိုမာက ငါ့အပေါ်သစ္စာဖောက်လို့ မင်းကိုယ်တိုင် ဆုံးမနိုင်အောင် မင်းလက်ထဲအပ်လိုက်တယ်၊ အခု ဘာဖြစ်သွားသလဲ၊ မင်းရဲ့စီစဉ်ညွှန်ကြားချက်တွေ ညံ့ဖျင်းတာကြောင့် ပတ္တမြားမရတဲ့အပြင် တရားခံပါ လက်လွှတ်ရတယ်မဟုတ်လား'

ရိအော့သည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နားထောင် ာစ်
ှထဲမှ
သည်။

ကျန်သုံးယောက်လည်း ခေါင်းငုံ့၍ အသံကိုသာ နား ကိုယ်
နေရသည်။ ာက်

'ဒီမှာ ရိအော့' င်

'ဗျာ'

'ကျိုမာ ဘယ်မှာလဲ မင်းသိသလား'

ရိအော့က ခေါင်းယမ်း၍

'စုံစမ်းဆဲပါပဲ'

ဂိုဏ်းချုပ်ကြီးထံမှ မကျေမနပ်ရယ်သည့် အသံမျိုး ပေါ်ထွက်လာသည်။

'ဟင်း ဟင်း၊ မင်းဟာ တော်မလိုလိုနဲ့ အရည်အချင်းအင်မတန် ညံ့ဖျင်းတဲ့အကောင်ပဲ၊ မင်းကိုတခမ်းတနားဝါထားပေးထားတာ အခုတော့ အလကားပဲပေါ့'

ရိအော့ တုတ်တုတ်မျှမလှုပ်ပေ။

ဂိုဏ်းချုပ်ကြီးဆိုသူ၏ ပြောစကားများမှာ အမှန်အကန်ပင်ဖြစ်သည်၊ စိတ်ထိအာမခံဌာန ပျက်စီးသွားသည်နှင့်၊ ဂိုဏ်းချုပ်

သည် ရိအောအတွက် ခမ်းနားသော ဂေဟာတစ်ခုနှင့် ရတနာ ကုန်သည်ကြီးအဖြစ် ဖန်တီးထားပေးခဲ့သည်။

'မင်းကို ကုန်သည် သူဌေးကြီးအဖြစ် စည်းစိမ်နဲ့နေရအောင် ဖန်တီးထားပေးတာ အကြောင်းမဲ့ စည်းစိမ်နဲ့နေဖို့မဟုတ်ဘူး၊ ထိုက်တန်တဲ့အလုပ်ကို လုပ်ဖို့ဆိုတာ မင်းမေ့နေပြီလား'

'မမေ့ပါဘူး သခင်ကြီး'

ရိ ချိတ ... အော၏အသံမှာ တုန်ယင်နေပုံရသည်။

... ကောင်းပြီလေ၊ မင်းရဲ့အစွမ်းအစကို ဆက်လက် ကြည့်ရ သည်။ ... ာပေါ့၊ မင်းရဲ့ပတ္တမြားဟာ အခု ဟိုကန်းစုလက်ထဲမှာ ... နေတယ်ဆိုတာ ငါအခိုင်အမာသိထားရတယ်၊ ဒီကောင်က ... နရောင်းဖို့ စီစဉ်နေတယ်၊ အဲဒါကို ပြန်ရအောင် ပြန်လုပ်ပါ၊ သူ့ကိုရှင်းဖို့က မင်းဟာဝန်မဟုတ်ဘူး၊ ဒါပေမယ့် ပီရိမယ်၊ သေသပ်မယ်၊ အခြေအနေကလဲ ပေးမယ်ဆိုရင်တော့ ရှင်းခဲ့ နိုင်တယ်၊ ဒါပေမယ့် ငါလိုချင်တာက သူ့အသက်မဟုတ်ဘူး၊ ပတ္တမြားပဲ'

'ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါပြီ'

'ဒုတိယအချက်'

'ဟုတ်ကဲ့ အမိန့်ရှိပါ'

'ကျ ံမာဟာ မြို့ပြအချုပ်ခန်းထဲမှာ ရှိနေတယ်၊ သူ့ကို လောကမှာ ငါမကြည့်ချင်တော့ဘူး၊ မင်းရဲ့ အစွမ်းအစကို ကြည့်ချင်တယ်၊ မင်းဟာမင်း ဘယ်နည်းနဲ့ပဲလုပ်လုပ်၊ ဒီအမျိုး သမီး ပါးစပ်ပိတ်သွားဖို့ပဲ အရေးကြီးတယ်'

'ဟုတ်ကဲ့'



'တဲ့ ... တော့ ငါပြောလိုက်မယ်၊ အစစအရာရာ ပိပိရိရိလုပ် ပါ၊ တို့ဂိုဏ်းဟာ ပိုကျန်းမှာ နာမည်မထွက်ချင်ဘူး ဒါပဲ'

သူတို့လေးဦးသည် အသံကွယ်ပျောက်သွားသည်နှင့် တစ် ယောက်ချင်း တစ်ယောက်ချင်း အဆောက်အအုံကြီးတစ်ခုထဲမှ ထွက်ခွာခဲ့ကြလေသည်။

ဟုတ်တူ၊ တိတ်စိန်နှင့် မာမားချူးတို့က ကိုယ့်လမ်း ကိုယ် အလျှိုလျှိုထွက်သွားကြသော်လည်း ရိအောသည် ဤအဆောက် အအုံကြီးရှေ့သို့ရောက်သည်နှင့် အဆောက်အအုံကြီးကို သမင် လည်ပြန်၍ ကြည့်လိုက်မိသည်။

ထိုအဆောက်အအုံကြီးမှာ

ပိုကျန်းမြို့၏ မြင်းကုန်သည် တစ်ယောက် ပိုင်ဆိုင်သော အဆောက်အအုံတစ်ခုဖြစ်မှန်း လူတိုင်းကသိထားကြသည်။

မြင်းစာများ သိုလှောင်ထားခြင်း။

မြင်းတစ်ကောင်၏ တန်ဆာပလာများ စုပုံရောင်းချခြင်းနှင့် တစ်ခါတစ်ရံ မြင်းများသိုလှောင်ထားသည့် အဆောက်အအုံ ပင် ဖြစ်တော့သည်။

ရိအောသည် ထိုအဆောက်အအုံကိုကြည့်၍ သူ၏ခေါင်းထဲ သို့ မေးခွန်းပေါင်းများစွာ ဝင်ရောက်သွားတော့သည်။

ရီအော့သည် သူ၏ဂေဟာကို ပြန်လည်ရောက်ရှိသည့်တိုင်အောင် ထိုမေးခွန်းများသည် သူ၏စိတ်ကို စိုးမိုးထားဆဲပင် ဖြစ်လေသည်။

ယခင်က သူ ဤသို့ နည်းနည်းမျှ မစဉ်းစားခဲ့ပါ။

သခင်ကြီး ကျိုး သို့မဟုတ် မိမိတို့၏ ဂိုဏ်းချုပ်ကြီး ဆိုသူသည် မည်သူ ဖြစ်နိုင်ပါသနည်း။

ထိုအတွေးသည် ပထမဆုံးဝင်လာသော အတွေးဖြစ်သည်။

ဒုတိယ ဆက်လက်တွေးမိသည်မှာ သခင်ကြီး ကျိုးသည် အလွန် ရက်စက်သော လူသားတစ်ယောက် ဖြစ်နေပါလားဟူသော အတွေးများနှင့်အတူ မိမိသည် သူ၏ တာဝန်ကိုသာ ကျေပွန်စွာ မထမ်းဆောင်ပါလျှင် ပိုက်မှုရှန်းကဲ့သို့သော ကြေးစား လူသတ်သမားများသည် မိမိထံသို့ ရောက်ရှိလာမည်မှာ မလွဲပေ။

မိမိသည် လူသားတစ်ယောက် ဖြစ်သည်။

လူသားတိုင်းသည် အသေဆိုးနှင့် သေရမည်ကိုတော့ ကြောက်ရွံ့ကြသည်သာ ဖြစ်ပေသည်။

ထိုအခါ

ရီအော့သည် မိမိ၏ဘဝကို ပြန်ဆန်းစစ်လိုက်သည်။

ဤမျှ ခမ်းနားသော ဂေဟာကြီးနှင့် သူဌေးတစ်ယောက်ကဲ့သို့ နေရခြင်းမှာ မိမိ၏ကြိုးစားမှုနှင့် ရရှိလာသည့် စည်းစိမ်များ မဟုတ်ပါ၊ သခင်ကြီးကျိုး ဖန်တီး ပေးထားခြင်းသာ ဖြစ်သည်။

သူက ဖန်တီးပေးထားခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်၊



သူ၏ အသုံးချရေးအတွက်သာ ဖြစ်သည်။ အကယ်၍ မိမိက မထမ်းဆောင်နိုင်ပါလျှင် မိမိသည် လူ့လောက၌ ကြာရှည်စွာ အသက်ရှင်ခွင့် ရှိမည် မဟုတ်ပါ။

လူသားတိုင်းသည် စည်းစိမ်နှင့် နေချင်ကြသည်။

မိမိသည် ထိုကဲ့သို့သော စည်းစိမ်နှင့် နေနိုင်ရန် နည်းလမ်း တစ်လမ်းသာ ရှိသည်။

ထိုနည်းလမ်းကား

ခေါင်းဆောင်ကြီး ကျိုးသည် မည်သူနည်း။

ခေါင်းဆောင်ကြီးကျိုး လောကကြီးက ကွယ်ပျောက်သွားခဲ့လျှင် မိမိသည်....

ရီအော့သည် အိမ်ရှေ့ ဝရန်တာ၌ အတွေးကောင်းနေစဉ် စိတ်ပျက်ဖွယ်ရာ လူတစ်ယောက်က ရောက်ရှိလာပြန်တော့သည်။

တစ်ချိန်က သူ၏အလုပ်ရှင် သူဌေးကြီး ဝမ်းစီထိပင်ဖြစ်လေသည်။

ဝမ်းစီထိသည် ဟိုကန်းစုနှင့် တရား ဘက်ပြိုင်ပြီးကတည်းက သူ့ဘဝပျက်ခဲ့ရသည်။

သူသည် လွန်ခဲ့သော လပိုင်းများက ပိုကျန်းမြို့မှ ထွက်ခွာသွားခဲ့သော်လည်း ယခု ပိုကျန်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့်

အခါတွင် အရက်သမားလုံးလုံးဖြစ်ပြီး လမ်းပေါ်အိပ် လမ်းပေါ်စား ဖြစ်နေသည်။

ဝမ်းစီထိမှာ သူ၏လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ရိအော့ထံ၌ မကြာခဏလက်ဖြန့်၍ တောင်းခံနေရပေသည်။

ရိအော့ကလည်း သူ၏အလုပ်ရှင်တစ်ဦးဖြစ်ခဲ့သော ဝမ်းစီထိကို ငွေကြေးအထောက်များများပင် ထောက်ပံ့ခဲ့ပါသည်။

သို့သော် ကြာတော့လည်း ရိအော့ မတတ်နိုင်တော့ပါ။

ယခုလို စိတ်ရှုပ်ထွေးနေသော အချိန်အခါမျိုး၌ ရိအော့အဖို့ ဝမ်းစီထိကို ကူညီလိုစိတ် မရှိတော့ပေ။

'ဟေး ရိအော့၊ ငါ့မှာ အရက်ဖိုး မရှိတော့ဘူးကွာ'

ရိအော့ ခေါင်းကုတ်လိုက်လေသည်။

'ခက်တယ်ဗျာ ဆရာစီထိ၊ ကျုပ်မှာလဲ'

ဝမ်းစီထိက လက်ကာလိုက်သည်။

'မင်း အပိုစကားတွေ မပြောစမ်းပါနဲ့ကွာ၊ ငါက တောင်းရမယ့်လူမို့ တောင်းတာပေါ့ကွ၊ ဒီလောက်မှ မင်း မကူညီချင်တော့ဘူးလား'

ရိအော့သည် သက်ပြင်းချ၍ ဝမ်းစီထိမျက်နှာကိုလှမ်းကြည့်လိုက်သည်။

ထို့နောက် လေသံခပ်ဘိုးတိုးဖြင့်

'ဆရာစီထိ၊ ကျုပ်မှာ ငွေရေးကြေးရေးမချမ်းသာဘူးဆိုတာ ခင်ဗျားသိပါတယ်၊ ကျုပ်ဘယ်သူ့ကိုမှိုပြီး ရပ်တည်နေရတယ်ဆိုတာ ခင်ဗျားလဲ သိပါတယ်၊ ဒါထက် နေပါဦး၊ ခင်ဗျားကို သူက ဘာဖြစ်လို့ ခုလို လျစ်လျူရှုထားလိုက်တာလဲ'



'အို မင်းက ခုထိ မသိသေးဘူးလား၊ ငါဟာ အကိုင်အတွယ် ညံ့တယ်၊ အုပ်ချုပ်မှုညံ့တယ်၊ ဟိုကန်းစုလို လူတစ်ယောက်ကိုတောင် မသုံးမနိုင်ဘူးဆိုပြီး ပြစ်ဒဏ်ခတ်တာကိုခံရတာ မင်းလဲ အသိသားပဲ၊ ဒါတွေ အန္တရာယ် များတယ်ကွာ၊ မပြောချင်ဘူး၊ ငါအသက်ရှည်ရှည်လေး နေချင်သေးတယ်'

ရိအော့က တစ်စုံတစ်ရာကို သတိရသွားသဖြင့်

'ဒီမှာ ဆရာစီထိ၊ မြင်းပိုင်ရှင်သူဌေးဟာ ကျုပ်တို့နဲ့ အဆက်အသွယ် ရှိသလား'

ဝမ်းစီထိက

'ဟာ မင်းက ငါ့ကို ဒါတွေဘာလို့ မေးရတာလဲကွာ၊ ငါ ဒီကိစ္စတွေ ခေါင်းထဲမှာ မရှိတော့ဘူး၊ ငါ့ခေါင်းထဲမှာ အရက်သောက်ဖို့ပဲရှိတယ်'

'ဒီကိစ္စလေးမေးတာ ခင်ဗျားမှာ အပြစ်မရှိပါဘူးဗျာ'

ဝမ်းစီထိက အနည်းငယ် တွေးတော၍

'မြင်းမွေးမြူရောင်းဝယ်တဲ့ သူဌေးကွမ်ဖုဟာ သူ့ဟာသူနေတဲ့ လူအေးကြီး တစ်ယောက်ပဲ၊ မင်းက ဘာဖြစ်လို့ သိချင်တာလဲ'

ရိအော့ စဉ်းစားလိုက်သည်။

မြင်းသူဌေးကွမ်ဖု၏ ခွင့်ပြုချက်မရဘဲ သခင်ကြီး ကျိုးဟာသူ့ရဲ့အဆောက်အအုံကို အသုံးချခွင့် ရှိမည်မဟုတ်ပေ။

ယခု သခင်ကြီးကျိုးနှင့် လျှို့ဝှက် တွေ့ဆုံသည့် နေရာသည် သူဌေးကြီးကွမ်ဖု၏ အဆောက်အအုံဖြစ်သည်။

သူဌေးကြီးကွမ်ဖုသည် သခင်ကြီးကျိုးနှင့် ဆက်သွယ်မှု ရှိနေသည်မှာ သေချာပေသည်။

ထို့ပြင် သူဌေးကြီးကွမ်ဖုသည် သခင်ကြီးကျိုးများ ဖြစ်လေမလားဟူသောအတွေးက ချက်ချင်းပင် သူ့ခေါင်းထဲသို့ ဝင်ရောက်သွားတော့သည်။

ရိအော့က ထိုကဲ့သို့တွေးတောနေပြီး ဝမ်းစီထိကို ငွေအနည်းငယ် ထုတ်ပေးနေစဉ်မှာပင် သူတို့အနီးသို့ ဟိုကန်းစု ရောက်ရှိလာပေသည်။

ဟိုကန်းစုသည် ရိအော့က ငွေအနည်းငယ်ထုတ်ပေးနေသောသူကို ပထမ မမှတ်မိပေ။

ဟောင်းနွမ်းစုတ်ပြဲသော အထူစားအင်္ကျီကို ဝတ်ဆင်ထားသောကြောင့် သူတောင်းစား တစ်ယောက်ဟုပင် ထင်မိလိုက်သည်။

နောက်မှ အသေအချာ ကြည့်လိုက်သောအခါ ဝမ်းစီထိ ဖြစ်နေသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

ဝမ်းစီထိကလည်း သူ့ကိုတစ်ချက်မော့ကြည့်၍ မျက်နှာတွင် နာကြည်းချက်များ ပေါ်လာသည်ကို တွေ့လိုက်ရသည်။

'ခင်ဗျား ဝမ်းစီထိနော်'

ဟိုကန်းစုက စိတ်မကောင်းစွာဖြင့် နှုတ်ဆက်သည်ကို ဝမ်းစီထိက မဲ့ပြုံးတစ်ချက်ပြုံး၍

'မှတ်ပါတယ်၊ သူဌေးလေး ဟိုကန်းစု၊ ဟဲ ဟဲ မင်းက ကျုပ်ကို နှုတ်ဆက်ဖော်ရသေးတာကိုး'

ဟိုကန်းစု စိတ်မကောင်းဖြစ်သွားသည်။



ရိအော့က ဝင်၍

'ကဲ-ဆရာစီထိ သွားတော့ဗျာ'

ရိအော့သည် ထိုသို့ပြောပြီးသည်နှင့် ဟိုကန်းစုကိုခေါ်ကာ ဧည့်ခန်းထဲသို့ ဝင်ရောက်သွားသည်။

ဝမ်းစီထိသည် ခြံဝင်းထဲမှ အရက်ဆိုင်သို့ တန်းတန်းမတ်မတ်ပင် လျှောက်သွားတော့သည်။

'အလကားဗျာ တစ်ချိန်တုန်းက သူဟာ သူဌေး ဖြစ်ခဲ့ပေမယ့် ခုတော့ သူတောင်းစား တစ်ယောက်လိုပဲ ခဏ ခဏ တောင်းနေတော့ ကျုပ်လဲ သိပ်မတတ်နိုင်တော့ဘူး'

'အင်း…သူ့အဖြစ်က ရင်နာစရာပါဗျာ၊ ဒီလောက်အထိ စီးပွားရေးကျဆင်းသွားလိမ့်မယ်လို့ ကျွန်တော် နည်းနည်းမှ မထင်ခဲ့မိဘူး'

'အို-ဒါဟာ သူ့ရဲ့ အရည်အချင်း ညံ့ဖျင်းမှု တွေပေါ့၊ ကျုပ်က သူ့အတွက်တော့ ဝမ်းမနည်းပါဘူး၊ သူ့လက်ထက်တုန်းက အာမခံအလုပ်သမားတွေ ဘယ်လိုခံစားရတယ်ဆိုတာ ပြန်တွေးရင် မောင်ရင့် အဖေအတွက် ကျုပ် စိတ်မကောင်းတောင် ဖြစ်ခဲ့ရသေးတယ်'

ဟိုကန်းစုစိတ်ထဲမှ ကျိတ်၍ ပြုံးနေမိသည်။

ယခုအခါ သူတို့သည် မာယာပြိုင်နေကြခြင်းသာဖြစ်သည်။

'ပြီးခဲ့တာတွေပြီးပါစေတော့အစ်ကိုကြီးရယ်၊ ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့တော့ပါဘူး'

ရိအော့က–

'ဪ…ဒါထက် သူ့အကြောင်း ပြောနေ လိုက် တာ

မောင်ရင်လာတဲ့ကိစ္စကိုလဲ ပြောပါဦး၊ အလည် သက်သက်ပဲလား’

‘ဒီလိုပါ အစ်ကိုကြီး၊ ကျွန်တော်က အစ်ကိုကြီးကို ပစ္စည်းတစ်ခုပြချင်လို့ပါ၊ ကျွန်တော် အဲဒီပစ္စည်းကိုဝယ်မယ့်ကိစ္စမှာ အစ်ကိုကြီး ဈေးနှုန်းကို တန်ဖိုးဖြတ်ပေးနိုင်မလားလို့ပါ’

ဟိုကန်းစု မိမိထံသို့ ရောက်ရှိလာသည်မှာ သွေးရိုးသားရိုး မဟုတ်မှန်း ရိအော့ ချက်ချင်းသိလိုက်သည်။

မကြာမီအချိန်ကပင် ဂိုဏ်းချုပ်ကြီးက မိမိအား သတိပေးသွားပြီမဟုတ်ပါလား။

ဂိုဏ်းချုပ်ကြီး၏စကားထဲ၌ ဟိုကန်းစုကို သတိထားဖို့လိုကြောင်း၊ ကြောက်စရာကောင်းကြောင်း၊ အမှားအယွင်း မရှိစေအောင် ဆောင်ရွက်ရမည်ဟု မှာထားသည်။

ထို့ပြင် ဟိုကန်းစုကို ရှင်းရမည့်ကိစ္စကို ပိုက်မုရှန်းအား တာဝန်ပေးထားသဖြင့် မိမိက သူ့ကို ရှင်းလင်းသုတ်သင်ရန် အဓိကမဟုတ်ပေ။

မိမိအနေဖြင့် သူ့ထံသို့ရောက်နေသောပတ္တမြားကြီးကို ရယူရန်သာရှိပေသည်။

နောက်တစ်ချက် ရိအော့ စဉ်းစားမိသည်မှာ မိမိ မည်သူမည်ဝါဖြစ်သည်ကို ဟိုကန်းစုသည် သိရှိနေသလော၊ သို့မဟုတ် မသိရှိသေးဘဲ သွေးရိုးသားရိုးနှင့်လာမေးခြင်းလောဆိုသည်ကို ရိအော့က စဉ်းစားနေသည်။

ဟိုကန်းစုက သူ၏အိတ်ထဲမှ ‘ပတ္တမြားကို ထုတ်ပြလိုက်လေသည်။



ရိအော့သည် ပြူးကျယ်သောမျက်လုံးများနှင့် ပတ္တမြားကိုကြည့်ကာ အံ့အားသင့်နေသည်။

သူ အလိုရှိနေသောပတ္တမြားသည် ယခု သူ၏ မျက်စိရှေ့၌ ရောက်ရှိနေပြီဖြစ်သည်။

ထိုပတ္တမြားကို အလွယ်တကူ ပြန်ရအောင် မည်ကဲ့သို့ကြံဆောင်ရမည်နည်း။

‘ဟာ—ဒီပတ္တမြားက အင်မတန် အဖိုးတန်တဲ့ ပတ္တမြားပဲ၊ ကျုပ်အနေနဲ့ တန်ဖိုးဖြတ်ရမှာ အတော်ပဲခက်ပါတယ်’

‘ကျွန်တော့်အနေနဲ့ ငါးသောင်းလောက် ပေးမယ်ဆိုရင်သင့်တော်ပါ့မလား’

‘ပိုင်ရှင်က ဘယ်သူလဲ’

ရိအော့သည် ငန်းဖြူစားသောက်ဆိုင်ထဲမှ ပတ္တမြားကို ရယူသွားသူအား သိသလိုဖြင့် မေးခြင်းဖြစ်သည်။

‘ကျွန်တော့်မိတ်ဆွေတစ်ယောက်ပါပဲ’

‘ငါးသောင်းတော့မတန်ဘူးလို့ ကျုပ်ထင်တာပဲ၊ ကျုပ်ဒီလိုပြောတာကို ပိုင်ရှင်သိရင်တော့ စိတ်ဆိုးမှာပဲဗျ၊ အဲဒီပိုင်ရှင်ဘယ်သူလဲဆိုတာ မသိရဘူးလား၊

ရိအော့သည် ပိုင်ရှင်ကိုသာ မရမကမေးနေသည်ကို ဟိုကန်းစုက ကျိတ်၍ရယ်နေသည်။

‘ကျွန်တော့် မိတ်ဆွေပါ၊ ခု သူက မရှိဘူး၊ ကျွန်တော့်ဆီမှာထားခဲ့ပြီး ခရီးထွက်သွားတယ်’

ရိအော့သည် ဟိုကန်းစုစကားကို ယုံရခက်မယုံရခက် တွေးတောနေဟန်ရှိသည်။

သူသည် အတွေးထဲတွင် ထိုပစ္စည်းကို ဘယ်လိုနည်းနှင့်ယူရလျှင်ကောင်းမည်လဲဟု တွေးတောနေခြင်းဖြစ်သည်။

ဂေဟာထဲ၌ သူ၏လူများ အသင့်ရှိနေသော်လည်း လုယက်တိုက်ခိုက်၍ယူရန်မဖြစ်နိုင်သည်ကို တွေးမိသည်။ အကြောင်းမှာ ဟိုကန်းစုသည် မိမိထံသို့ ရောက်လာသည်ကို အခြားသူများ မသိလျှင် တော်ပါသေး၏။ တစ်စုံတစ်ယောက်က သိနေလျှင် အခက်တွေ့ရမည်။

ယခုအချိန်တွင် ပိုက်မှုရှန်းသာ သိရှိလိုက်မည်ဆိုပါက ကိစ္စနှပ်ရပ်စလုံး ပြီးပြတ်သွားမည်ဟု ရိအော့ တွေးနေခြင်း ဖြစ်၏။ ယခု လောလောဆယ်အချိန် ပိုက်မှုရှန်းက မည်သည့် နေရာသို့ ရောက်ရှိနေသည်ကို မသိရ။

ရိအော့မှာ စိတ်များလှုပ်ရှားပြီး ချီတုံချတုံ ဖြစ်နေသည်။

ထိုစဉ် ရုတ်တရက်

ဟိုကန်းစု၏လှုပ်ရှားမှုမှာ လျင်မြန်လှပေသည်။

သူ၏ညာလက်ကို ရုတ်တရက် ခါလိုက်သည်။

သေးငယ်သောအရာတစ်ခု လက်ခနဲဖြစ်သွားသည်ကို ရိအော့ တွေ့လိုက်ရ၍ ရှောင်တိမ်းသော်လည်း မလွတ်ပါ။

သူသည် လည်ချောင်းတွင် မျက်ခနဲဖြစ်သွားပြီး မျက်လုံးများ ပြူးဝေသွားသည်ကို ခံစားလိုက်ရလေသည်။



'မင်း မင်း ငါ့ကို'

ရိအော့မှာ စကားမပီမသပြောရင်း သူ၏လည်ချောင်းကို လက်ဖြင့် ပြန်၍ ဆုပ်ကိုင်ထားသည်။

'ဟုတ်တယ် အဲဒါ မြွေမင်းရာဇာ အဆိပ်ပဲ'

ဟိုကန်းစုသည် ထိုသို့ပြောရင်း ပါးလွှာသော သားရေလက်အိတ်ကို ချွတ်လိုက်လေသည်။

ဟိုကန်းစုသည် ထို အဆိပ်အပ် နှစ်ချောင်းကို ဂျီမာသူ့ကို လုပ်ကြံခဲ့စဉ်က ရရှိထားခြင်း ဖြစ်သည်။

ရိအော့သည် ဟိုကန်းစုကို မျက်လုံးပြူး၍ ကြည့်နေ၏။

ထိုအဆိပ်အပ်ကို သုံးနိုင်သူမှာ ဂျီမာနှင့် ဂိုဏ်းချုပ်ကြီးသာ ဖြစ်သည်ဟု သိထားရသဖြင့် ရိအော့သည် ဟိုကန်းစု၏ အပြုအမူကို ကြည့်၍ ထိတ်လန့် အံ့သြသွားခြင်းဖြစ်သည်။

သူ၏မျက်နှာသည် ချက်ချင်းပင် စိမ်းဖန့်ဖန့် အရောင်များ သမ်းလာတော့သည်။

'မင်း မင်းငါ့ကို လုပ်ကြံတယ်ဟုတ်လား၊ မင်း ဘယ်သူလဲ ငါ့ကို မှန်မှန် မပြောခဲ့စမ်းပါ'

ဟိုကန်းစုက မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျား အံ့သြနေသလား၊ ကျုပ်မသတ်လဲ ခင်ဗျားက ကျုပ်ကို သတ်မှာပဲ မဟုတ်လား၊ ဒီမှာရိအော့ ဟိုကန်းစုရဲ့ အဖေကို သတ်ခဲ့တာလဲ ခင်ဗျားပဲ၊ ခင်ဗျားခုကျမှတော့ ဘာမှ ငြင်းမနေနဲ့၊ အကယ်၍ ကျုပ် သိချင်တာကို ပြောရင်တော့ အဲဒီအဆိပ်ဖြေဆေး ပေးမယ်'

ရိအော့မှာ ထိုစကားကြောင့် အနည်းငယ် စိတ်သက်သာရာ

ရသွားသည်။ မြေမင်းရာဇာအဆိပ်သည် ဖြေဆေးမရှိဟု သူက သိထားသဖြင့် မိမိမှာ မလွဲမသွေ သေတော့မှာပဲဟု ထင်မြင်မိထားရာမှ ယခုကဲ့သို့ ဖြေဆေးရှိသည်ဟု ကြားရသော အခါ အနည်းငယ် ဝမ်းသာသွားသည်။

‘ဖြေဆေးရှိတယ်ဟုတ်လား၊ လုပ်ပါဗျာ၊ ကျုပ်ရင်ထဲမှာ ပူပြီး မျက်လုံးတွေပြာနေတယ်’

ဟိုကန်းစုက

‘ခင်ဗျား မသေနိုင်ပါဘူး၊ ဖြေဆေး မရသည့်တိုင်အောင် နှစ်နာရီသုံးနာရီနဲ့တော့ အသက်မထွက်နိုင်ပါဘူး၊ ကျုပ် မေးတာကို အမှန်အတိုင်း ပြောပါ’

ထိုအခိုက် အခန်းထဲမှ ရုတ်တရက် ခုန်ထွက်လာသူမှ နဂါး ဟုတ်တူနှင့် တိတ်စိန်ပင်ဖြစ်သည်။

သူတို့နှစ်ယောက်သည် ရိအော့၏ ညိုမည်းနေသော မျက်နှာကို မြင်တွေ့ရသည်နှင့် ထိတ်လန့်အံ့ဩသွားကာ

‘သေပေတော့’

ဟုတ်တူက သူ၏လက်ထဲမှဓားဖြင့် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

‘ဟေ့ ရပ်လိုက်ပါ’

ရိအော့၏အသံ ထွက်ပေါ်လာသည်။

ဟိုကန်းစု သေဆုံးသွားပါက၊ ရိအော့အဖို့ ဖြေဆေး မရမည်မှာ သေချာသောကြောင့် ဝင်ရောက် ဟန့်တားလိုက်ခြင်း ဖြစ်၏။

ဟုတ်တူနှင့်တိတ်စိန်သည် ရပ်တန့်သွားသည်။



သူတို့သည် မကျေမနပ်နှင့် ရိအော့ကို ကြည့်လိုက်၏။

‘ကျုပ်ကိစ္စကျုပ်ရှင်းမယ်၊ မင်းတို့ထွက်သွားကြပါ’

ရိအော့က ထပ်မံပြောလိုက်မှ ဟုတ်တူနှင့် တိတ်စိန်သည် ဧည့်ခန်းထဲမှ ပြန်ထွက်သွားကြသည်။

ရိအော့သည် ဟုတ်တူတို့ အပေါ် ဩဇာ လွှမ်းမိုးထားနိုင်သည်။

‘ဒီလိုတော့လဲ ခင်ဗျားလူတွေက လိမ္မာသားပဲ’

‘မင်း ငါ့ကို ဖြေဆေးထုတ်ပေးပါ၊ ကျုပ် ရင်ထဲမှာ သိပ်ပူပြင်းနေပြီ’

‘အဲဒီဖြေဆေးက ခင်ဗျားရဲ့ ဂိုဏ်းချုပ်ကြီးဆီမှာ ရှိမှာပေါ့’

ရိအော့သည် ရင်ထဲမှ ပူလောင်လွန်းသဖြင့် မျက်နှာရှုံ့မဲ့နေသည်။

‘ဆရာကျီးဆိုတာ ဘယ်သူလဲ’

‘အဲဒါတော့ ကျုပ် တကယ်မသိဘူးဆိုတာ မင်းယုံပါ’

‘ခင်ဗျား သူ့ရဲ့ ညွှန်ကြားမှုတွေ ဒါရိုက်ရနေတယ် မဟုတ်လား’

‘ကျုပ်တို့ အသံပဲ ကြားရတာပါ၊ ဒီမှာ ဟိုကန်းစု၊ မင်း ကျုပ်ကို ဒီလိုလုပ်ခြင်းအားဖြင့် မင်းအတွက် အန္တရာယ်တွေကို ရော မင်း စဉ်းစားပြီးပြီလား’

‘ကျုပ် ဒါတွေကို မကြောက်လို့ ခင်ဗျားကို ပြောင်ပြောင် တင်းတင်း လာတိုက်ခိုက်တာ ခင်ဗျား မသိဘူးလား၊ ခင်ဗျား

အသက်ချမ်းသာချင်ရင် ခင်ဗျားတို့ ဘယ်မှာတွေ့ဆုံတယ်ဆိုတာ ပြောပါ'

ရိအော့မှာ ဝေဒနာခံစားရင်း ငေးငိုင်နေပေသည်။

'ပြောလေဗျာ၊ အချိန်သိပ်မရှိဘူး'

'ကျုပ် ကျုပ်တို့ကို ညွှန်ကြားတာကတော့ မြင်းကုန်သည် သူဌေးကြီး ကွမ်ဖုရဲ့ မြင်းစာတွေထားတဲ့ အဆောက်အအုံမှာပါ'

'သူက ဘာတွေ ညွှန်ကြားသလဲ ပြောပါ၊ ဒီမှာ ရိအော့၊ ခင်ဗျားတို့ဂိုဏ်းကိုဖြိုဖို့ နည်းနည်းပဲလိုတော့တယ်၊ ခင်ဗျားက ခေါင်းမာနေမယ်ဆိုရင်တော့ ဘာမှအကျိုးရှိမှာမဟုတ်ဘူး'

သူ၏စကားဆုံးသည်နှင့် ရိအော့မှာ ဘာမှပြန်မပြောနိုင်ဘဲ တုံးခနဲ လဲကျသွားတော့သည်။

ဟိုကန်းစုသည် စိတ်ပူသွားမိ၏။

သူ၏ စိတ်ထဲတွင် ဤမျှ မြန်မြန်ဆန်ဆန် သတိလစ်သွားလိမ့်မည်ဟု မထင်မိပေ။

သူသည် အိတ်ထဲမှ ဆေးမှုန့်အချို့ကို ထုတ်ယူ၍ အပ်ကို ဆွဲနုတ်ပြီး သုတ်လိမ်းပေးလိုက်သည်။

ထို့နောက် ဆေးလုံးနှစ်လုံး သုံးလုံးကို ပါးစပ်ထဲသို့ ထည့်ပေးလိုက်ပြီးနောက် အခြေအနေကို ခဏစောင့်ကြည့်လိုက်သေးသည်။

ရိအော့ ညည်းညည်းညူညူနှင့် သတိပြန်ဝင်လာသည်။



'မင်း မင်းပြန်ပါ၊ ဒီမှာ အန္တရာယ်များတယ်၊ ကျုပ် လာတွေ့ပါ့မယ်'

ရိအော့ နောင့်တရနေမှန်း ဟိုကန်းစု သိလိုက်သည်။

ထို့ကြောင့် သူသည် ရိအော့၏ အခြေအနေ အနည်းငယ် စိတ်ချရသည်နှင့် ခပ်သွက်သွက်ပင် ထွက်လာခဲ့တော့သည်။

တစ်နေ့ သူသည် ဟိုကန်းစုထံ၌ ပတ္တမြားတစ်လုံးရှိသည်ဟု ကြားရပြီး ထိုပတ္တမြားသည် မိမိ၏ ပစ္စည်းသာ ဖြစ်ရမည်ဟု စိတ်ထဲ၌ စွဲမြဲယုံကြည်ကာ အရက်မူးမူးဖြင့် ဟိုကန်းစုဂေဟာသို့ ရောက်ရှိလာတော့သည်။

ကျူးရှုံးသည် ဟိုကန်းစုတို့ မိသားစုနေထိုင်ရာ ဂေဟာသို့ ဒယီးဒယိုင်ဖြင့် ဝင်ရောက်လာလေသည်။

ကျူးရှုံး ရောက်ရှိလာသည်ကို ပထမဆုံး တွေ့မြင်ရသူမှာ ဟိုကျင်းမာနှင့် ကွီဝှားတို့ပင် ဖြစ်သည်။

ကွီဝှားသည် ကျူးရှုံးကို မြင်သည်နှင့် ရင်ထဲထိတ်သွားတော့သည်။

ဟိုကန်းစု၏ လျှို့ဝှက်ချက်များ ထွက်ပေါ်လာလေမလားဟု စိုးရိမ်သွားသောကြောင့် ဖြစ်သည်။

ကျူးရှုံးနှင့် တွေ့ဆုံစဉ်တုန်းက ကွီဝှားမှာ မိန်းကလေး အသွင်နှင့်ဖြစ်ပြီး၊ ယခုအခါ ယောကျ်ားကလေးအသွင်ဖြစ်နေ သဖြင့် ကွီဝှားကို ကျူးရှုံးက သိပ်ပြီးမမှတ်မိပေ။

ကွီဝှားကလည်း မိမိအား မှတ်မိသွားမည်ကိုစိုး၍ အသာ ပင် အကဲခတ်နေလိုက်လေသည်။

ဟိုကျင်းမာက ကျူးရှုံးကို ယခင်ကတည်းက သိပြီးသား ဖြစ်သည်။

သို့သော်

ကျူးရှုံးနှင့် ဟိုကန်းစုတို့၏ ကြုံတွေ့ခဲ့ရသောပြဿနာကိုမသိ ရှာပါ။

အခန်း ၄၂။

## ကြေးစားလူသတ်သမား

ဟိုကန်းစုထံ၌ အဖိုးတန်ပတ္တမြားတစ်လုံး ရှိနေသည်ဆိုသည့် သတင်းသည် တဖြည်းဖြည်းနှင့် ပိုကျန်းမြို့၌ ပျံ့နှံ့နေ၏။

အမှန်တော့ ဟိုကန်းစုက ထိုပတ္တမြားနှင့် ရန်သူများကို များနေခြင်းသာ ဖြစ်သည်။

သို့သော် ဟိုကန်းစုအဖို့ အချိန်မတန်မီ ပြဿနာ တစ်ခုက ပေါ်ပေါက်လာတော့သည်။

ထိုပြဿနာမှာ အခြားမဟုတ်။

ဟိုကန်းစု၏မိတ်ဆွေဖြစ်သူ ကျူးရှုံးသည် သူ၏ ပတ္တမြား ဆုံးရှုံးမှုနှင့်စိတ်လေလွင့်ကာ နေ့ညမပြတ် အရက်သောက်ရင်း ယစ်ထုပ်ကြီး ဖြစ်နေ၏။

'ဩော် ကျူးရုံးမပါလား၊ ထိုင်ပါရှင်၊ ရှင်ကပျောက်နေလိုက်တာ ခုမှပေါ်လာတော့တယ်'

ကျူးရုံးသည် ဂေဟာ ခန်းမများကို လှည့်ပတ် ကြည့်လိုက်၏။

ထို့နောက် သူက တစ်ချက်ပြုံးကာ

'ဩော် နင်တို့က တော်တော်ကြီးပွားနေတာကိုး'ဟု ခနဲ့လိုက်၏။

ဟိုကျင်းမာက သဘောရိုးဖြင့် ပြုံးလိုက်ပြီး

'ဒါ ရှင့်သူငယ်ချင်း၊ မောင်လေးရဲ့ကြိုးစားမှုကြောင့်ပေါ့'

'ဘာ နင့်ရဲ့မောင်လေး ဟိုကန်းစုရဲ့ ကြိုးစားမှုဟုတ်လား'

ကွီဝှားမှာ ကျူးရုံးက ဖွင့်ပြောတော့မည်ကို သိသော်လည်း မိမိအနေဖြင့် တားဆီးရန် မလွယ်ကူပါ။ ပို၍ရှုပ်ကုန်မည်စိုးသောကြောင့် အသာပင် အကဲခတ်နေလိုက်ရ၏။

ဟိုကျင်းမာက ကျူးရုံးအပေါ် ခါတိုင်းကဲ့သို့ပင် ရင်းရင်းနှီးနှီးဖြင့်

'ကျူးရုံး၊ ရှင်တော်တော်မူးနေပြီနဲ့တူတယ်၊ဟိုကန်းစုလာမှ ရှင့်ကို တိုင်ပြောရဦးမယ်'

'ဘာ ဟိုကန်းစုဟုတ်လား၊ ခု ဒီကောင်ဘယ်မှာလဲ၊သူ့ဆီမှာ ငါ့ပတ္တမြားရှိတယ်၊ ဒီကောင်က သူများပစ္စည်းနဲ့ကြီးပွားနေတာ'

ကျူးရုံး၏စကားကြောင့် ဟိုကျင်းမာသည် သိသိသာသာ မျက်နှာပျက်သွားတော့သည်၊ ပြီးမှ



'ကျူးရုံး၊ ရှင်တို့ဟာ သူငယ်ချင်းတွေပါ၊ ဘာလို့ ဒီလိုပြောရတာလဲ၊ ကျွန်မမောင်လေးမှာ ဘာအပြစ်ရှိလို့လဲ'

'ဒီမှာ ဟိုကျင်းမာ'

'ရှင်'

ကျူးရုံးသည် ရုတ်တရက်ထိုင်ရာမှထ၍ ဒေါသဖြင့်

'နင်တို့ လူလိမ်ခံနေရတာ၊ နင်တို့အလိမ်ခံရသလို၊ ငါလဲ အလိမ်ခံနေရတယ်၊ ဒီနေ့ ဒီကောင့်ကို စာရင်းရှင်းမယ်'ဟု ကြိမ်းဝါးလိုက်၏။

ဟိုကျင်းမာက မျက်မှောင်ကြုတ်လိုက်သည်။ ထို့နောက်

'ရှင်က ဘာကိုအလိမ်ခံနေရတာလဲ'

ဟိုကျင်းမာသည် ဒေါသထွက်လာသဖြင့် ကျူးရုံးအား အသံမာမာဖြင့် ပြန်မေးလိုက်လေသည်။

ထိုကဲ့သို့ မေးနေစဉ် အခန်းထဲမှ စွာအန်းထွက်လာသည်။

ကျူးရုံးက အမှန်ကိုထုတ်ပြောလျှင် စွာအန်းသည် သားဖြစ်သူသတင်းကို ကြားရပြီး ဒုက္ခရောက်မည်ကို စိုးရိမ်သဖြင့် ကွီဝှားသည် ကျူးရုံးကို မည်သို့မည်ပုံ နှင်ထုတ်ရမှန်း မသိအောင် ဖြစ်နေတော့သည်။ အတန်ကြာမှ

'ဒီမှာ၊ ခင်ဗျား ဟိုကန်းစုနဲ့ စကားပြောပါလား၊ ဘာကြောင့် မဆိုင်တဲ့သူတွေကို လာပြီး ဒုက္ခပေးနေတာလဲ' ဟု မလွှဲမရှောင်သာတော့သဖြင့် ဝင်၍ ဟန့်တားရတော့သည်။

ကွီဝှားက ဝင်ရောက်ဟန့်တားလိုက်သဖြင့်

ကျူးရုံး၏ မျက်လုံးများသည် ယောကျ်ားကလေး တစ်ဦးအသွင်ဖြစ်နေသော ကွီဝှားထံသို့ ရောက်ရှိသွားပြီး

'ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ဒီကိစ္စက ဟိုကျင်းမာရဲ့ မိသားစုနဲ့ပဲဆိုင်တယ်၊ နေပါဦး၊ ခင်ဗျားကဘယ်သူလဲ'

ဟိုကျင်းမာက

'ဒါ ကျွန်မတို့မိသားစုထဲကပဲ၊ ဒီမှာကျူးရုံးရှင်ပြောစရာရှိတာပြောပါ'

ကွိဝှားက

'ဟိုကျင်းမာ၊ ဒီလူက မူးနေပုံရတယ်၊ ကျွန်မစကားကိုနားထောင်စမ်းပါ၊ သူ ဟိုကန်းစုနဲ့တွေ့ပါစေ'

ထိုစဉ် စွာအန်းက ကျူးရုံးကိုကြည့်၍

'ကျူးရုံး၊ မင်းဘယ်လိုဖြစ်လာတာလဲ၊ အဒေါ်ကိုပြောပါ'

ဟု ဝင်ရောက်ပြောလိုက်၏။

ထိုသို့ စွာအန်းက ဝင်ရောက်ပြောလိုက်သဖြင့် ကွိဝှားမှာ ဟန့်တားရန် မလွယ်ဖြစ်သွားသည်။

ကျူးရုံးက စွာအန်းကိုကြည့်ပြီး

'ကျွန်တော်ရှင်းရှင်းပဲ ပြောမယ်၊အခုဒီမှာရှိနေတဲ့ဟိုကန်းစုဟာ အဒေါ်ရဲ့သားမဟုတ်ဘူး'

'ဟင်'

'ဟာ'ဟူသော အာမေဍိတ်သံများနှင့်အတူ သားအမိ နှစ်ယောက်စလုံး မျက်လုံး ပြူးကျယ်သွားလေတော့သည်။

'ရှင် မူးမူးနဲ့ ပြောနေတာမဟုတ်လား'ဟု ကွိဝှားက ဝင်ရောက်၍ ကျူးရုံး၏စကားကို ပျက်ပြယ်စေရန် ပြောလိုက်၏။

ကျူးရုံးက ကွိဝှားကို

'ခင်ဗျားက ဘာသိလို့လဲ' ဟု လှမ်းဟောက်လိုက်၏။



ဟိုကျင်းမာက

'ကျူးရုံး ရှင် စကားကို ကောင်းကောင်းပြောပါ'

ကျူးရုံးက ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြန်သည်၊

'ဒီမှာ ဟိုကျင်းမာ၊ ကျုပ် မူးလို့ ပြောနေတာမဟုတ်ဘူး၊ ဟိုကန်းစုကို ငါဘယ်လောက် ခင်မင်ရင်းနှီးတယ်ဆိုတာ နင်သိပါတယ်'

'ဟုတ်တယ်လေ၊ ရှင်တို့က သူငယ်ချင်းတွေပဲ'

ဟိုကျင်းမာက ခေါင်းညိတ်ပြ၍ ပြောလိုက်ခြင်းဖြစ်သည်။

ကျူးရုံးက ဆက်၍

'ငါတိုတိုနဲ့ လိုရင်းပဲပြောမယ်၊ သူနဲ့ငါ လုပ်ငန်းကအတူပြန်လာခဲ့တယ်၊ သူသာ ဒီမြို့ကိုရောက်လာပြီး ငါက ရောက်မလာခဲ့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတာ နင်တို့ မစဉ်းစားမိဘူးမဟုတ်လား'

ထိုစကားကြောင့် သားအမိနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ကျူးရုံးက

'သူနဲ့ငါ အတူတကွ ဝယ်လာခဲ့တဲ့ ပတ္တမြားတစ်လုံးကို လမ်းမှာ ဓားပြအတိုက်ခံရတော့ ငါက သူ့ကိုပေးလိုက်တယ်၊ ငါက ရန်သူတွေ အဖမ်းခံခဲ့ရတယ်၊ သူ့ကို လွတ်မြောက်သွားတယ်လို့ ငါကထင်ပေမယ့် နောက်ဆုံး သူအသတ်ခံရတယ်ဆိုတာ ငါ သိခဲ့ရတယ်၊ အဲဒီအကြောင်းတွေကို အခု မင်းတို့ဆီမှာရောက်နေတဲ့ အတုက ပြောပြခဲ့လို့ မကြာသေးခင်က ငါ သိခဲ့တာ'

'ဟင် ဒါဆို ငါ့သားက သေသွားပြီပေါ့ ဟုတ်လား'

စွာအန်းမှာ ပြောရင်း ကြုံကြုံပါအောင် ငိုတော့သည်။

'ကျွန်တော် စိတ်မကောင်းပါဘူး အဒေါ်၊ အခု ဟိုကန်းစု အယောင်ဆောင်ထားတဲ့လူဆီမှာ ပတ္တမြားရှိတယ်လို့ သိရတော့၊ ဒီလူဟာ ဟိုကန်းစု အစစ်ဆီက ရလာခဲ့တာပဲ ဖြစ်ရမယ်၊ အဲဒီ ပတ္တမြားဟာ ကျွန်တော့်ပတ္တမြားပဲ ဖြစ်ရမယ်'

ဟိုကျင်းမာမှာလည်း ငိုရှိုက်၍

'ဒီလူဟာ ဘယ်သူလဲ ရှင် သိသလား ကျူးရိုး'

'သိတာပေါ့၊ သူဟာ နေပြည်တော်က ထောက်လှမ်းရေးသမား ချီလုယန်းပဲ'

ဟိုကျင်းမာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားလေတော့သည်။

ချီလုယန်း။ အမျိုးသမီးတစ်ယောက်က လက်တုံ့ပြန်လို့ လိုက်ရှာနေသည့် ချီလုယန်း။

ဟိုကျင်းမာ ဆက်စပ် တွေးတောမိလိုက်တော့သည်။

သားအမိနှစ်ယောက်မှာ ဟိုကန်းစု သေဆုံးသည်ဟု သိရှိရသည့်အတွက် ဝမ်းနည်းပက်လက်ငိုကြွေးနေမိ၏။

ကျူးရိုးက တစ်ချက်စိတ်မကောင်းတော့ ဖြစ်သွားမိသည်။

'ကဲ ကျုပ်သူနဲ့မဲ ရှင်းမယ်ဗျာ၊ ခုလိုထုတ်ပြောမိတာ ကျုပ် စိတ်မကောင်းပါဘူး' ဟု ပြောရင်း ကျူးရိုး ပြန်ထွက်သွားတော့သည်။

ထိုကိစ္စများကြောင့် အနေရကျပ်နေသူမှာ ကွိဝှားပင်ဖြစ်တော့၏။

❀



ကွိဝှားထင်ထားသည့်အတိုင်းပင် လောလောဆယ် အခြေအနေတွင် မြားဦးက သူ့ဘက်သို့ လှည့်လာတော့၏။

ဟိုကန်းစု၏ မိခင်ဖြစ်သူ စွာအန်းသည် မျက်နှာကို လက်နှစ်ဘက်နှင့် အုပ်၍ငိုကြွေးရင် သူမအခန်းထဲသို့ ဝင်သွားတော့သည်။

ဟိုကျင်းမာက ကွိဝှားကို တစ်ချက်လှမ်းကြည့်လိုက်ပြီး

'ကဲ ဒီကိစ္စ ရှင်သိတယ်မဟုတ်လား၊ ဘာလို့ ဝိုင်းညာနေကြတာလဲ၊ ဘာရည်ရွယ်ချက်နဲ့ ညာနေရတာလဲ'

ကွိဝှားက စိတ်မကောင်းစွာဖြင့် ခေါင်းကိုမော့၍ဟိုကျင်းမာကို ကြည့်လိုက်ပြီး

'ဟိုကျင်းမာ၊ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ငါသိထားတာတွေအများကြီးပါ၊ ဒါပေမယ့် ဟိုကန်းစုနဲ့ပဲ ရှင်းတာက ပိုကောင်းပါလိမ့်မယ်'

ဟိုကျင်းမာက ဦးခေါင်းခါယမ်း၍

'အို ကျွန်မ၊ သူ့ကိုမျက်နှာချင်းမဆိုင်ချင်တော့ဘူး၊ သူဟာ ဟိုကန်းစုလဲ မဟုတ်ဘူး၊ သူ့ကို ဟိုကန်းစုလို့ ခေါ်စရာလဲမလိုဘူး'

ကွိဝှားက

'ဒါကတော့ ရှင့်တို့သဘောပါ၊ အမှန်တော့ သူဟာ ဟိုကန်းစုအဖြစ် ဟန်ဆောင်ထားခဲ့တာမှန်ပါတယ်၊ ဒါပေမယ့် သူဟာ ရှင့်တို့မိသားစုအတွက်အနစ်နာ ခံနေတဲ့ လူတစ်ယောက်ဆိုတာ ယုံထားပါ၊ အခုသူလုပ်ကိုင်နေတာဟာ သူ့ကိုယ်ကျိုး တစ်ခုမှ မပါဘူး'

ဟိုကျင်းမှာ ဒေါ်သဖြစ်နေသည်မှာ အခြားမဟုတ်ပါ။ သူ၏ မောင်တစ်ယောက်အနေဖြင့်ရင်းရင်းနှီးနှီး ဖက်လဲတကင်း နေ ထိုင်ခဲ့မိခြင်းအတွက် ရှက်နေခြင်းလည်းပါရှိပေ၏။

'ဘာပဲဖြစ်ဖြစ်၊ သူကူညီချင်တယ်ဆိုရင်လဲ အမှန်အတိုင်း ဖွင့်ပြောဖို့ ကောင်းတာပေါ့၊ နောက်ပြီး ကျူးရုံးရဲ့စကားအရ၊ သူ့လက်ထဲကို ပတ္တမြားရောက်နေတယ်ဆိုတော့၊ ဟိုကန်းစုကို သူကပဲ သတ်ခဲ့သလားဆိုတာ ဘယ်သူသိနိုင်မှာလဲ'

'အို နင်အဲဒီလိုအပြစ်တင် မစောပါနဲ့၊ သူလာတော့ပြော ပြပါလိမ့်မယ်'

'ကောင်းပြီလေ၊ ရှင်တို့နဲ့ စာရင်းရှင်းမှပဲ ဖြစ်တော့မှာပါ'

ထိုအချိန်အခါတွင်

ဟိုကန်းစုမှာ လူဆိုးထိန်း ချီတန်းနှင့် နှစ်ယောက်သား ခေါင်းချင်းဆိုင်နေကြသည်။

ချီတန်းက **ကျီ**မာအတွက် စိုးရိမ်ပြီး အစောင့်အကြပ်များ ကို ထူထပ်စွာချထားသည်။

ဟိုကန်းစုကို မြင်သည်နှင့် ချီတန်းက

'ကျုပ်ကတော့ရန်သူတွေနေရင် တာရှည်မထားချင်ဘူးဗျာ၊ ဒီကောင်တွေကို ဖမ်းချင်တယ်'

ဟိုကန်းစုက

'နည်းနည်းလေးသည်းခံပါဦးဗျာ၊ ရှိအောင့်တို့ ဟုတ်တူတို့ကို



ဖမ်းရုံနဲ့ ဘာမှ အကျိုးမထူးသွားဘူးဗျ၊ ဒီကောင်တွေဟာ အခက်အလက်ကလေးတွေပါ၊ ပင်စည်တယ်သူဘယ်ဝါဆိုတာ နည်းနည်းတော့ သိဖို့နီးစပ်လာပါပြီ'

ချီတန်းက

'ကျီမာကိုရော ဒီအတိုင်းပဲ ထားမှာလားဗျ၊ သူ့တာဝန် က ကြီးတယ်'

'သူ့ကို လောလောဆယ် နေပြည်တော်အကျဉ်းစခန်းကို ပို့ ရင်လဲ လုပ်ကြံခံရမှာပဲဗျ'

ချီတန်းကပြောရင်းမှ တစ်စုံတစ်ခု သတိရသွားသည်။

'ဟာ ခင်ဗျားကိုပြောဖို့ မေ့နေတယ်'

'ဘာလဲ'

'နေပြည်တော်ဘုရင်မင်းမြတ်ဆီက အကြောင်းကြား စာနဲ့ လူအချို့ ရောက်ရှိနေတယ်'

'ဟုတ်လား၊ ပြောပါဦး'

ချီတန်းက ဆက်၍

'သူတို့က နေပြည်တော်က ရောက်လာတဲ့လူတွေပဲ၊ နေပြည် တော်မှာလဲ အဖိုးတန်ပတ္တမြားတွေ အခိုးခံရလို့ အပူတပြင်း စုံစမ်းနေကြတဲ့သူတွေပါ၊ စုံစမ်းထောက်လှမ်းရေးသမား နှစ် ယောက်လဲ ပါလာတယ်၊ ခင်ဗျားလဲ သိချင်သိမှာပါ'

ဟိုကန်းစုက စဉ်းစားလိုက်သည်။

နေပြည်တော်တွင် အခိုးခံရသော ရတနာများ ကိစ္စသည် သခင်ကြီးကျိုး၏ဂိုဏ်းနှင့်ပတ်သက်နေသလားဟု တွေးနေခြင်း ဖြစ်သည်။

ဟိုကန်းစုက

'ခင်ဗျားအနေနဲ့ မြင်းကုန်သည် သူဌေးကြီး ကွမ်ဖုကို သိသလား'

ချီတန်းက ခေါင်းညိတ်လိုက်သည်။

'ဟာ...သိတာပေါ့၊ ဘာဖြစ်လို့လဲ'

'သူဟာ မြင်းကုန်သည် တစ်ယောက် သက်သက်ပဲလား၊ တခြား စီးပွားရေးဘာရှိသလဲ'

ချီတန်းက ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းရင်းမှ

'ကျုပ်သိရသလောက်တော့ သူဟာ တခြား လုပ်ငန်းကို မလုပ်ပါဘူး၊ မြင်းကုန်သည်ဆိုတော့ အနယ်နယ် အရပ်ရပ်ကို သွားလာနေတာပဲသိတယ်'

ဟိုကန်းစုက

'ရှိအော့ဆီက သိရသလောက်ဆိုရင် ကွမ်ဖုဟာ သခင်ကြီး ကျိုးဂိုဏ်းနဲ့ပတ်သက်နေတယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အဆောက်အအုံကို ကျိုးဂိုဏ်းကအသုံးချနေတယ်လို့ ကြားရတယ်'

ချီတန်း အံ့ဩသွားသည်။

'ဟုတ်လား၊ ကျုပ် အဲဒါကို သတိ မထားမိဘူး၊ သူက မြင်းစာတွေသိုလှောင်တဲ့အဆောက်အအုံကို အခိုင်အခံ့ လုပ်တာတော့သိတယ်'

ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အဲဒီ အဆောက်အအုံမှာ ဂိုဏ်းချုပ်ကြီး ကျိုးက သူ့လူတွေကို တွေ့ဆုံနေတဲ့နေရာဆိုတော့ မြင်းကုန်



သည် ကွမ်ဖုဟာ စဉ်းစားစရာဖြစ်လာတယ်၊ သခင် ခွင့်မပြုဘဲနဲ့ သူ့အဆောက်အအုံကို ကျိုးဂိုဏ်းက အသုံးချရဲပါ့မလား၊ သူကိုယ်တိုင်ကရော ကျိုးဂိုဏ်းချုပ်ကြီး မဖြစ်နိုင်ဘူးလား'

ချီတန်း ခေါင်းညိတ်လိုက်သည်။

'ဒါဆိုရင် သူလဲပတ်သက်နိုင်တာပေါ့၊ ကျုပ်တို့ သူ့ကိုပါ စောင့်ကြည့်ဖို့လိုလာပြီ'

ဟိုကန်းစုသည် ချီတန်းနှင့် စကားပြောပြီးသည်နှင့် ကျီမာ ထံသို့ သွားရောက်လိုက်သည်။

သူမသည် မနေ့က ထမင်းအတူ စားခဲ့သော စားပွဲဝိုင်းရှိ ကုလားထိုင်ပေါ်၌ ထိုင်နေသည်ကို တွေ့ရ၏။

ဟိုကန်းစုက အထဲသို့ မဝင်တော့ဘဲ သံတိုင်များ ကာရံထားသည့်တံခါးပေါက်မှ သူမကို လှမ်းကြည့်လိုက်သည်။

ကျီမာက သူ့အနားသို့ လျှောက်လာသည်။

'ဘယ်လိုလဲ ခုထိ သဲလွန်စမရသေးဘူးလား၊ ခေါင်းဆောင်ကြီးကျိုးကို ရှင်တို့ ခပ်မြန်မြန်တွေ့ပါစေလို့ ကျွန်မဆုတောင်းနေတာ'

'ကျုပ်လဲ ကြိုးစားနေပါတယ်၊ ဒါပေမယ့် ခင်ဗျားပြောသလိုပဲ ရှိအော့တို့ကလဲ ကျိုးကို မသိကြတာအမှန်ပဲဗျ'

'ရှင်က မယုံသေးဘဲကိုး၊ ကျိုးကို သိတဲ့လူ တစ်ယောက်မှ မရှိဘူးရှင့်'

ဟိုကန်းစုက

'ဒီမြို့က မြင်းကုန်သည် ကွမ်ဖုကို မင်းသိသလား'

'ကျွန်မ မသိဘူး၊ ဒါပေမယ့် အဲဒီ ဂေဟာထဲကိုတော့ ကျွန်မ ရောက်ဖူးတယ်'

'မင်းတို့ကို စကား ပြောချင်ရင် အဲဒီမှာ ပြောတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ကောင်းပြီလေ၊ မကြာခင် အဖြေပေါ်ပါလိမ့်မယ်၊ ခင်ဗျား အိပ်ပျော်အောင်သာအိပ်ပါ'

'ကျေးဇူးတင်ပါတယ်'

❀

မြို့ပြ အုပ်ချုပ်ရေးရုံးမှ ချီလုယန်းပြန်လာသည့် အချိန်မှာ အတော်ကလေး မှိုးချုပ်နေပြီဖြစ်သည်။

သူသည် မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ရာမှ ဘုကျောင်း သမ်းသွယ်ကလေးတစ်ခုသို့ ချိုးဝင်လိုက်သည်။

လမ်း၏အကျယ်မှာ ငါးပေသာသာ ခြောက်ပေခန့်သာရှိပြီး လူသွားလူလာ ပြတ်လပ်နေသော်လည်း ဟိုကန်းစုက ထိုလမ်းကို သွားနေကျဖြစ်ပေသည်။

သို့သော်

ယခု သူသည် ထိုလမ်းထဲသို့ ဝင်ရောက် လိုက်သည်နှင့် စိတ်ထဲတွင် ရန်သူ၏အငွေ့အသက်ကို ခံစားလိုက်မိသည်ဟုထင်လိုက်သည်။



ဟိုကန်းစုက ယင်းသို့စိတ်ထဲ၌ ထင့်ခနဲ ဖြစ်နေစဉ်မှာပင် သူ၏ ညာဘက်ဆီမှ

'ဝှီး'ခနဲ အသံတစ်ချက်ကြားရသည်နှင့် သူသည် နောက်ဆီသို့ တစ်ပတ်ကျွမ်းပစ်လိုက်သည်။

အရာဝတ္ထုသည် လက်ခနဲလေထဲ၌ ဖြတ်သန်းသွားသည်ကို တွေ့လိုက်ရသည်။

ဓားအတိုတစ်လက်၊ အလွန်တိကျမြန်ဆန်သည့် ဓားပင် ဖြစ်သော်လည်းယခုအချိန်တွင် အမြဲတမ်းသတိထားနေသောကြောင့် ဟိုကန်းစုသည် သီသီကလေး လွတ်သွားခြင်းဖြစ်သည်။

သူသည် နောက်သို့ကျွမ်းပစ်လိုက်သည်နှင့် အရိပ်မည်းတစ်ခုသည် ချက်ချင်း သူ့ထံသို့ ခုန်ဝင်ချဉ်းကပ်လာသည်။

လက်ထဲမှဓားရှည်က မဆိုင်းမတွဘဲ ဟိုကန်းစု ဝမ်းဗိုက်သို့ လျှပ်တစ်ပြက် ထိုးသွင်းလိုက်လေသည်။

ဟိုကန်းစုသာမျက်စိမလျင်ပါမူ ထိုနေရာတွင် ကိစ္စတုံးသွားပြီဖြစ်သည်။

ရန်သူသည် သူ့ကိုရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်နေပြီဖြစ်ကြောင်း သိရှိသည်နှင့် ဟိုကန်းစုလည်း ခပ်ကြမ်းကြမ်းပင် ပြန်၍ ရင်ဆိုင်ရတော့သည်။

အရပ်အမောင်းကောင်းပြီး ဗလခတောင့်တင်းသော ရန်သူ၏ ခန္ဓာကိုယ်ကို ဟိုကန်းစုက သုံးချက်ဆက်တိုက် တိုက်ခိုက်၍ရိုက်ချသော်လည်း မထိလိုက်ပါ။

ဟိုကန်းစုရင်ထဲ၌ ထိတ်သွားရသည်။

တစ်ဘက်လူသည် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။

ရန်သူမှာ မျက်နှာကို ဖုံးအုပ်ထားသောကြောင့် မည်သူမည်ဝါ ဟူ၍ မသိနိုင်ပါ။ ရိအော့ဟု ထင်ပါသည်။

သို့သော် ရိအော့သည် ဤမျှလောက် ခန္ဓာကိုယ် တုတ်ခိုင်ခြင်း မရှိပါ။

ရန်သူ၏ဓားသည် ကျဉ်းမြောင်းသော လမ်းထဲ၌ တဝှီးဝှီး အသံမြည်နေ၏။

ကြောက်စရာပင် ကောင်းလှတော့သည်။

ဟိုကန်းစု၏ ထွက်လမ်းများကိုပင် သူက ဗိတ်ဆို့၍တိုက်ခိုက်နေသည်ကို တွေ့ရသောကြောင့် ရန်သူသည် ဟိုကန်းစုကို အသေတိုက်ခိုက်မည်ဟု ဆုံးဖြတ်ထားဟန်ရှိနေ၏။

'နေပါဦး၊ မင်း ဘယ်သူလဲ'

ဟိုကန်းစုက အချိန်လု၍ မေးသည်။

'မေးမနေနဲ့ ကိုယ့်လူ၊ မသာတစ်ကောင်နဲ့ စကားပြောနေလဲ အပိုပဲ'

'ဟာ မင်းက စာယ်ပိုင်ပါလား'

ရန်သူသည် နောက်ထပ် ပြန်မပြောပါ။ သူ၏ဓားကိုသာဝင့်၍ဆက်တိုက်ဆိုသလို ထိုးသွင်းနေသည်။

တစ်ချက်။

ဟိုကန်းစု ညာသို့တိမ်း၍ ခုန်ရှောင်လိုက်၏။

နောက်တစ်ချက်။

ဟိုကန်းစုသည် ပက်လက်လှန်ချလိုက်သည့် အနေအထားဖြင့်



ရှောင်ရင်းမှ သူ၏ညာခြေကို အားအပြည့်ထည့်ကာ ရင်ဝဆီသို့ တည့်တည့်မတ်မတ် ကန်လိုက်သည်။

'ဝုန်း'

ရန်သူ နောက်သို့ တစ်ချက်ယိုင်သွားသည်။

တစ်ချိန်တည်း၌ ဟိုကန်းစု လက်ထဲတွင် ဓားမြှောင် အတိုတစ်ချောင်း ရောက်လာ၏။

ညာဘာရန် လုံးဝမလိုတော့ဟု ဟိုကန်းစု စိတ်ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ယိုင်သွားသော ရန်သူကို ဟိုကန်းစုက ဆက်တိုက်ပင် တိုက်ခိုက်၍ဝင်ကာ လူချင်းပူးကပ်လိုက်သည်။

ထိုတိုက်ကွက်သည် အန္တရာယ်များသော သူသေ ကိုယ်သေ တိုက်ကွက်တစ်ခုဖြစ်သကဲ့သို့ ပွဲသိမ်းတိုက်ကွက်လည်း ဖြစ်ပေ၏။

သူသေရင်သေ၊ သူမသေရင်ကိုယ်သေ။

ဒါပဲရှိသည်။

ယခု အင့်ခနဲ အသံထွက်ပေါ်လာ၏။

နှစ်ယောက်စလုံး ကိုယ်ချင်းထိကပ်၍ ငြိမ်သက်နေ၏။

ရန်သူ၏လက်ထဲမှ ကိုင်ထားသောဓားရှည် လွတ်ကျသွား၏။

ဟိုကန်းစုက ရန်သူ၏မျက်နှာဖုံးကိုဆွဲချွတ်၍ တဆက်တည်း နောက်သို့ခွာ၍ ဆုတ်လိုက်သည်။

ရန်သူ၏မျက်နှာကို မြင်လိုက်ရပါသည်။

ခေါင်းတုံးနှင့် ပုဂ္ဂိုလ်ကြီးပင်။

ဟိုကန်းစုက သေချာစွာ စူးစိုက်ကြည့်သည်။

ထိုပုဂ္ဂိုလ်ကို သူမသိပါ။

'ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ကို ဘာဖြစ်လို့ လုပ်ကြံတာလဲ'

ခေါင်းတုံးမှာ ကြေးစားလူသတ်သမား ပိုက်မုရှန်းပင် ဖြစ်တော့သည်။

ပိုက်မုရှန်းသည် ဟိုကန်းစုကို မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ပြူး၍ကြည့်နေသည်။

သူ၏ဝမ်းဗိုက်ထဲမှ ဓားမြှောင်မှာ ယခုအချိန်တွင်ဆွဲနုတ်ခြင်း မပြုရသေးပါ။

သူသည် မျက်နှာကို ရှုံ့မဲ့လိုက်သည်။

'မင်းမင်း တော်တယ်၊မင်းသာမန်လူတစ်ယောက်မဟုတ်ဘူး၊ ကြေးစားပိုက်မုရှန်းဘဝမှာ မင်းလိုလူမျိုး မမြင်ဖူးသေးဘူး'

ကြေးစား ပိုက်မုရှန်း။

ထိုစကားကြားရသည်နှင့် ဟိုကန်းစု အံ့သြသွားသည်။

နာမည်ကြီးကြေးစား တစ်ယောက်ပင်ဖြစ်၏။

'ခင်ဗျားကို ဘယ်သူညွှန်ကြားသလဲဆိုတာ'

ဟိုကန်းစုက ကပျာကယာ မေး၏။

သို့သော် ပိုက်မုရှန်း ပြန်ဖြေနိုင်စွမ်း မရှိတော့ပါ။

'ဝုန်း' ခနဲအသံနှင့်အတူ ပြိုလဲကျသွားတော့သည်။

ဟိုကန်းစုကပြေး၍ ကြည့်လိုက်သော်လည်း ပိုက်မုရှန်းမှာ မျက်လုံးအပြူးသားဖြင့် ငြိမ်သက်သွားပြီ ဖြစ်သည်။

ဟိုကန်းစုသည် ချက်ချင်းပင် ချီတန်းထံသို့ အကြောင်းကြားရတော့သည်။

အခန်း ၃၃ ။

## ဘဝ အမှန်

ညဥ့်နက်၍ သန်းခေါင်ချိန်နီးပြီ ဖြစ်သော်လည်း ဂေဟာတစ်ခုလုံး မီးများထိန်လင်းနေ၍ ဟိုကန်းစု အံ့အားသင့်သွားသည်။

ဓါတိုင်းဆိုလျှင် မိမိ၏ ဂေဟာသည် ဤအချိန်၌ မီးရောင်လုံးဝမရှိတော့ပေ။

အားလုံး အိပ်မောကျကုန်ပြီဖြစ်သည်။

ယခု မည်သည့်အတွက်ကြောင့် မအိပ်ကြသေးပါလိမ့်။

စိတ်မောလူမောဖြင့် ပြန်လာသော ဟိုကန်းစုသည် ခြံဝင်းထဲသို့ ခပ်သွက်သွက်ပင် လှမ်းဝင်လိုက်သည်။

အစောင့်အလုပ်သမားနှစ်ယောက်သည် ဟိုကန်းစုကို ပြုံး၍

နှုတ်ဆက်လိုက်သည်ကို တွေ့ရသောအခါ မည်သို့မှ ထူးခြားမှုရှိမည်မဟုတ်ဟု ထင်လိုက်၏။

သို့သော်

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဟိုကန်းစု အံ့ဩတုန်လှုပ်သွားတော့သည်။

မိခင်စွာအန်းနှင့်အတူ ဟိုကျင်းမာတို့ ငိုယိုနေသည်ကိုတွေ့ရပြီး ကွဲဝှားသည်လည်း မျက်နှာမသာမယာနှင့် ထိုင်နေသည်ကိုတွေ့ရ၏။

တစ်စုံတစ်ရာသော ပြဿနာပေါ်ပြီဟု ဟိုကန်းစု တွေးမိလိုက်၏။

မတတ်နိုင်ပါ။

ပေါ်လာသည့်ပြဿနာကို ဖြေရှင်းရန်သာ ရှိတော့၏။

တကယ်တမ်း ဟိုကန်းစုကို မြင်ရသောအခါ ဟိုကျင်းမာသည် မျက်နှာကို တစ်ဘက်သို့ လှည့်နေလိုက်၏။

ဟိုကန်းစုက ကွဲဝှားကို တစ်ချက်ကြည့်လိုက်၏။

ကွဲဝှားက

'ကဲ အစ်ကို၊ အစ်ကို့ ကိစ္စတွေ ရှင်းပြဖို့ အချိန်တန်ပြီ၊ကျူရုံးရောက်လာပြီး အားလုံးဖွင့်ပြောသွားတယ်၊ ကျွန်မတားဆီးတာတောင် လက်မခံဘူး'

ဟိုကန်းစုက ခပ်ပြုံးပြုံးဖြင့် ဝင်ထိုင်လိုက်၏။

'ဘာလို့တားဆီးရမှာလဲ၊ ဒီကိစ္စက အချိန်တန်ရင် ပေါ်လာရမှာပဲ'



စွာအန်းသည် ဟိုကန်းစုကို အသေအချာပင် ကြည့်ကာ ကြေကွဲဝမ်းနည်းနေ၏။

'မင်း မင်းဟာ ငါ့သား ဟိုကန်းစု မဟုတ်ဘူးဆို'

ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော်ဟိုကန်းစု မဟုတ်ပါဘူး'

'ဒါဖြင့်၊ မင်း မင်း ငါတို့ကို လာလှည့်စားနေတာပေါ့၊ ဘာရည်ရွယ်ချက်နဲ့လဲ ပြောစမ်းပါ၊ ငါ့သားဘာလို့ သေရတာလဲ'

စွာအန်းက မေးခွန်းများ ဆက်တိုက်မေးသည်။

ဟိုကန်းစုက သက်ပြင်းတစ်ချက်ချလိုက်သည်။

'စိတ်အေးအေးနဲ့ နားထောင်ပါဗျာ၊ ကျွန်တော်အားလုံးရှင်းပြမှာပေါ့'

'ရှင်အကြံအစည်တစ်ခုခုနဲ့ သက်သက်လာလိမ်နေတာမဟုတ်လား'

ဝင်ပြောလိုက်သူမှာ ဟိုကျင်းမာဖြစ်သည်။

'ဟိုကျင်းမာ၊ ကျုပ်ရှင်းပြပြီးတဲ့အခါမှာ၊ ခင်ဗျားတို့သားအမိနှစ်ယောက်စလုံး ကြိုက်တဲ့အပြစ်ဒဏ် ပေးနိုင်ပါတယ်'

ဟိုကန်းစုက ခါတိုင်းကဲ့သို့ အမေဟု မခေါ်သည့်အပြင် ဟိုကျင်းမာကိုလည်း အစ်မဟု မခေါ်တော့ဘဲ ခပ်စိမ်းစိမ်းပြောလာသဖြင့် သူမတို့၏နားထဲတွင် ဝမ်းနည်းစွာ ခံစားလိုက်ရသည်။

ဟိုကန်းစုက

'ကျွန်တော်ဟာ အစကတည်းက ဒုစရိုက်သမားတစ်ယောက်

မဟုတ်ပါဘူး၊ စုံစမ်းထောက်လှမ်းရေးသမား တစ်ယောက်ပါ၊ ကျွန်တော့် ဘဝအကြောင်းနဲ့ကျွန်တော် တစ်နေရာမှာ စိတ်လေလွင့်နေတုန်း၊ ဟိုကန်းစုကို အဆိပ်အပ်ဒဏ်ရာနဲ့ စပြီး တွေ့ခဲ့ရတာပါ'

ထိုအကြောင်းကို စတင်အခြေခံ၍

နောက်ပိုင်း ဖြစ်ပျက်သမျှများကို ချီလုယန်းက တစ်လုံးချင်း တစ်ပိုဒ်ချင်း အေးဆေးစွာ ပြောပြလိုက်လေတော့သတည်း။

သားအမိနှစ်ယောက်သည် ချီလုယန်း၏ စကားကို နားထောင်နေရာမှ စကားဆုံးသွားသည့်အခါ ကြုံကြုံပါအောင် ငိုရှိုက်နေလေတော့သည်။

ရွာအန်းသည် ငိုရှိုက်နေရာမှ

'မင်း ကူညီတယ်ဆိုရင် ငါ့သားကို ဒီရောက်အောင်ခေါ်ခဲ့ဖို့တော့ ကောင်းတာပေါ့'

'သမားတော်က နှစ်ရက်ပဲ အချိန်ရှိတယ်ဆိုတော့ ကျွန်တော်ဘယ်လိုမှ ကြိုးစားလို့ မဖြစ်နိုင်ဘူး၊ သူ တောင်းဆိုတဲ့ကတိအတိုင်းပဲ ကျွန်တော် ဆောင်ရွက်ရတာပါ၊ သူ့ မိခင်ဟာ သူ့စိတ်နဲ့ ဒုက္ခရောက်မှာမို့ သူ့ မိခင်စိတ်ချမ်းသာအောင် အယောင်ဆောင်ပြီး ကူညီပါဆိုလို့ ကျွန်တော် ကတိပေးခဲ့ရပါတယ်'



'ဒါပေမယ့် ကျွန်တော် အခုလို ကူညီနေတာလဲ တာဝန်အရဆိုပြီး ကူညီတာ မဟုတ်ပါဘူးခင်ဗျာ၊ တကယ့် မိသားစုစိတ်နဲ့ ကူညီခဲ့တာပါ၊ နောက်တစ်ချက်ကလဲ မတရားတဲ့ ဒုစရိုက်သမားတွေကို အပြီးအပြတ် ဖော်ထုတ်ပေးဖို့ပါပဲ၊ အခုဆိုရင် မကြာခင် အဒေါ်တို့လဲ သိရမှာပါ'

'ချိုက်ဆုံနဲ့ ဟိုကန်းစုကို သတ်တဲ့ တရားခံ ဟုတ်လား'

'ဟုတ်ပါတယ်၊ ဟိုကန်းစုကို သတ်တဲ့ ကျီမာ ဆိုတာကိုလဲ အခု အချုပ်ခန်းထဲ ပို့ထားနိုင်ပါပြီ၊ ကျွန်တော့် တာဝန်တွေလဲ မကြာခင် ပြီးဆုံးတော့မှာပါ၊ အဒေါ်တို့ရဲ့ဘဝ ဖူလုံမှုရှိအောင် ကျွန်တော် ကြိုးစား ပမ်းစား ဆောင်ရွက်ပေးခဲ့ပြီးပြီဆိုတော့ ဟိုကန်းစုကို ပေးခဲ့တဲ့ ကတိတာဝန် ကျေပါပြီဗျာ၊ ကျွန်တော် အဒေါ်တို့ မိသားစုအပေါ်မှာ ဘယ်လိုအမှားမျိုးမှ မကျူးလွန်ခဲ့ပါဘူး၊အမှားတစ်စုံတစ်ရာတွေ့ခဲ့ရင်လဲ ခွင့်လွှတ်ပါ'

ချီလုယန်းက ထိုကဲ့သို့ ပြောလိုက်ပြန်တော့လည်း သားအမိနှစ်ယောက်၏ ရင်ထဲဝယ် နင့်ခနဲခံစားသွားကြရသည်။

ချီလုယန်း ကွိဝှားကို လှမ်းကြည့်လိုက်၏။

'ကွိဝှား၊ မင်းဟာ ကျုပ်နဲ့ပတ်သက်နေပါတယ်၊ဒါပေမယ့် ခုနေအခါမှာ မင်းဖခင်နဲ့ တွေ့ရပြီဆိုတော့ မင်း အားငယ်စရာ မရှိတော့ပါဘူး၊ ဟိုကျင်းမာတို့က ကျေနပ်မှုမရှိရင် မင်း ဒီမှာ ဆက်နေဖို့ မသင့်တော့ဘူး'

'ဟုတ်ကဲ့ အစ်ကို'

ကွိဝှားက ထိုသို့ပြောလိုက်ရာ ဟိုကျင်းမာက ရုတ်တရက် ခေါင်းမော့လိုက်၏။

'အို ရှင့်ဘာသာရှင် နေပါ၊ ကုဝိဝွားကို ရှင် ဘာမှပြောစရာ မလိုဘူး၊ သူက ကျွန်မတို့နဲ့ပဲ အတူနေမှာ'

ချီလုယန်းက ကုဝိဝွားကို ပြုံးပြလိုက်သည်။

ထို့နောက် ထိုင်ရာမှ ထလိုက်ပြီး

'ကဲ ကျွန်တော်ဟာ ဟိုကန်းစု မဟုတ်တဲ့ အတွက်ကြောင့် ကျွန်တော့် လုပ်ငန်းဌာနမှာပဲ ခေတ္တနေပါရစေ'

ချီလုယန်းက ထိုသို့ပြောပြီး တစ်ဘက်ခြမ်းတွင် ရှိနေသော စေတနာ အာမခံဌာနသို့ ညဘွင်းချင်းပင် ပြောင်းရွှေ့လာတော့သည်။

ရီအော့။

သူသည် တစ်ညလုံး ကောင်းမွန်စွာ အိပ်စက်၍ရပြီး ဝေဒနာလည်း ပျောက်ကင်းသွားပြဖြင့် ဟိုကန်းစုကို ကျေးဇူးတင်သွားသည်။

သူသည် ဟိုကန်းစုကို ရန်သူတစ်ယောက်ဟု မမြင်တော့ပါ။ ယခုအခါ သူ၏ စိတ်ထဲ၌ ဖြစ်ပေါ်နေသည်မှာ သူ၏ ဘဝရပ်တည်ရေးအတွက်ပင် ဖြစ်သည်။

သူသည် ဒုစရိုက်လောကထဲတွင် ကျင်လည်နေပါက အာမခံချက် မရှိသောဘဝကို ဆက်လက်၍ လျှောက်နေရဦးမည်ဖြစ်သည်ကို နားလည်လိုက်သည်။



ထို့ကြောင့် ရီအော့ စိတ်ကူးမိသည်မှာ သူ့အား သစ္စာဖောက်တစ်ယောက်ဟု ဂိုဏ်းချုပ်က ပြောချင်ပြောပါစေ။ ဂရုမစိုက်ပါ။ ဟိုကန်းစုနှင့် ပူးပေါင်းရန် အကြံပေါ်လာသည်။

သူသည် ဂိုဏ်းချုပ်ကြီး၏ သတင်းကို တစ်ဘက်တစ်လမ်းမှ စုံစမ်းရန် စိတ်ကူးမိပြီးသည်နှင့် တစ်ဖြိုင်နက် သူဌေးကြီး ကွမ်ဖု၏ အဆောက်အအုံဆီသို့ မသိမသာ လျှောက်လာခဲ့လေသည်။

သူသည် ရှေးဦးစွာ သူဌေးကြီး ကွမ်ဖုံကို လုံးဝမသင်္ကာပေ။ ထို့ကြောင့် ကွမ်ဖုကို မသိမသာ စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ရီအော့က ကွမ်ဖုံ၏ ဂေဟာထဲသို့ ဝင်ရောက်သွားသည့် အခါတွင် လူတစ်ယောက်နှင့် စတင်၍ တွေ့လိုက်ရသည်။

ထိုလူက ပြုံးပြုံးရွှင်ရွှင်ဖြင့် ဆီးကြိုကာ

'ကြွပါခင်ဗျာ၊ မြင်းအလိုရှိလို့နဲ့တူတယ်၊ သူဌေးကြီးလဲ အသင့်ရှိနေပါတယ်'

ထိုလူက ဖော်ရွေစွာ ပြောပြီး ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

ဧည့်ခန်းထဲ၌ ကွမ်ဖုကို တွေ့လိုက်ရ၏။

ကွမ်ဖုသည် အသက်အားဖြင့် ငါးဆယ်ခန့်ရှိမည်ဟုထင်ရပြီး အလွန်သန်မာကျစ်လျစ်ပုံရသည်။

'သြော် ရီအော့ပါလား၊ ကျုပ်က ဘယ်သူများလဲလို့'

ရီအော့က ယခင်က ကွမ်ဖုကို သတိမထားခဲ့သော်လည်း

ကွမ်ဖုံက မိမိ၏ အမည်ကိုပါ သိရှိနေသဖြင့် ရိအော့ အံ့ဩသွားသည်။

'ဟုတ်ကဲ့၊ ကျွန်တော် မြင်းကောင်းကောင်း သုံးကောင်လောက် ကြည့်ချင်လို့ ခင်ဗျားဆီလာခဲ့တာပါ'

ကွမ်ဖုက ရယ်မော၍

'အိုး...ခင်ဗျားကလဲဗျာ၊ အပင်ပန်းခံပြီး ကျုပ်ဆီကိုလာနေရသေးတယ်၊ ဟိုမှာ ကျုပ်ရဲ့ပွဲစားတွေရှိပါတယ်၊ သူတို့ဆီမှာ ကြိုက်တဲ့မြင်းကို ခင်ဗျားကြည့်ရှုနိုင်သားပဲ'

'ဪ...ဟုတ်ကဲ့၊ ကျုပ်က သူဌေးကြီးနဲ့ တွေ့ဖို့ လိုသေးတယ်ထင်လို့ပါ'

'ဖြစ်ပါတယ်၊ ကျုပ်မိတ်ဆွေတွေလာရင် သင့်တင့်တဲ့ ဈေးနှုန်းနဲ့ပေးဖို့ ပြောထားပြီးသားပါ၊ ခင်ဗျား စိတ်ကြိုက် သွားကြည့်နိုင်ပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးပဲ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

❀

ရိအော့သည် ခပ်လှမ်းလှမ်းတွင်ရှိနေသောအဆောက်အအုံကြီးဆီသို့ ဦးတည်၍လာခဲ့သည်။

သူ၏စိတ်ထဲ၌ ကွမ်ဖုံကိုကြည့်ရသည်မှာ တစ်မျိုးပဲဟု ထင်နေမိသည်။

သို့သော် မည်ကဲ့သို့ဆိုသည်ကို မစဉ်းစားတတ်ပေ။



သူ၏ စိတ်ထဲ၌

မိမိတို့၏ဂိုဏ်းချုပ်ကြီးသည် ကွမ်ဖုနှင့် ရင်းနှီးသော မိတ်ဆွေလား၊ သို့မဟုတ် ကွမ်ဖုသည် ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ဖြစ်နေမလား။

ရိအော့က ထိုအတွေးများဖြင့် မြင်းစာ သိုလှောင်ထားသောအဆောက်အအုံဆီသို့ ရောက်ရှိလာသည်။

မြင်းများနှင့် မြင်းပွဲစား ရောင်းဝယ် သူများသည် ထိုအဆောက်အအုံကြီးနှင့် မလှမ်းမကမ်းတွင် ရှိနေကြသည်။

ရိအော့သည် ထိုသူများထံသို့ မသွားသေးဘဲ မြင်းစာ သိုလှောင်သည့် အဆောက်အအုံထဲသို့ ချဉ်းကပ် ဝင်ရောက်လိုက်သည်။

သူသည် အဆောက်အအုံ၏ ဖွဲ့စည်းပုံကိုကြည့်၍ စဉ်းစားနေ၏။

မိမိတို့က ဂိုဏ်းချုပ်ကြီး၏ စကားသံကို နားထောင်ရသည့် အခန်းသည် အလယ်ခန်းမကြီးဖြစ်သည်။

ဂိုဏ်းချုပ်ကြီးက မည်သည့်နေရာက စကားပြောသည်ကို သူက သိချင်လာသည်။

ရိအော့သည် ဂိုဏ်းချုပ်ကြီး၏ စကားပြောသည့် အခန်းကို ရှတ်တရက် ဝင်ရောက်လိုက်လေသည်။

ထိုအခန်းထဲသို့ဝင်ရန် တံခါးပေါက်က တစ်ပေါက်တည်း ရှိသည်။

ယင်းတံခါးပေါက်နှင့် တည့်တည့်သည် ကွမ်ဖုံနေထိုင်ရာ ဂေဟာနှင့် တစ်တန်းတည်းကျနေ၏။

မိမိတို့က နားထောင်သည့်အခန်းထဲသို့ ရောက်နေ ချိန်တွင် ဂိုဏ်းချုပ်ကြီးသည် ကွမ်ဖုဒဂဟာထဲမှထွက်လာပြီး ဤတုံခါး ပေါက်မှခင်ကာ မိမိတို့ကို စကားပြောနိုင်သည်။

ရိုအောင့်သည် ထိုသို့တွေးတောပြီးသည်နှင့် တံခါးကို ပြန် ပိတ်ကာ ကိုးဆင့်မျှရှိသည့် အုတ်လှေကားအတိုင်း အပေါ်သို့ တက်လိုက်သည်။

အပေါ်ထပ်သို့ ရောက်သည့်အခါတွင် ကျယ်ဝန်းသော အခန်းတစ်ခုကို တွေ့ရှိရသည်။

သို့သော် မြင်းများကို တပ်ဆင်သည့် ဘန်ဆာပလာများ၊ မြင်းကုန်းနှီးများကို စုပုံထားခြင်း၊ ချိတ်ဆွဲထားခြင်းများတွေ့ ရလေသည်။

ထူးထူးခြားခြားမတွေ့ရပေ။

သို့သော်...

ရိုအောင့်သည် တစ်နေရာ၌ အုတ်နံရံကို မျက်နှာမူ၍ ရပ်တန့် လိုက်သည်နှင့် သူ၏မျက်နှာရှေ့တွင် အပေါက်များတွေ့ရ၏။

ယင်းနေရာမှ ဂိုဏ်းချုပ်ကြီးစကားပြောမှန်း သူ သိလိုက် သည်။

'အင်း...တွေ့ကြသေးတာပေါ့ ဂိုဏ်းချုပ်ကြီးရယ်'

ရိုအောင့်က စိတ်ထဲမှကြိမ်းဝါးပြီး ကိုးဆင့်ရှိသည့်အုတ်လှေ ကားအတိုင်း ပြန်ဆင်းခဲ့သည်။

ရှုတ်တရက်

'ဟိုက်'



သူ့ရှေ့မှ လူတစ်ယောက် မားမားကြီး ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟား....ဟား...ဟား၊ မင်းက အတော်လာတဲ့အကောင်ပဲ'

ရပ်တန့်နေသူသည် ဝတ်ရုံနက်ကြီး ခြုံထား ရုံ တွင် မက မျက်သုံးကလေး နှစ်လုံးသာပေါ်သည့် မျက်နှာဖုံးကို စွပ်၍ ထားသည်။

လှေကားတစ်ဝက်သို့ ရောက် ရှိ နေ သော ရိုအောင့်သည် အပေါ်သို့ တစ်လှမ်းချင်းပြန်၍ နောက်ဆုတ်လိုက်သည်။

မျက်နှာဖုံးနှင့်လူက လိုက်တက်လာသည်။

'ခင်ဗျား ဘယ်သူလဲ'

ရိုအောင့်က သူ၏ခါးကြားမှ ဓားအတိုကိုဆွဲထုတ်၍ ဆုပ် ကိုင်ထားရင်း မေးလိုက်၏။

ထိုမျက်နှာဖုံးနှင့်လူသည် လှေကားထစ် လေးထစ်ကိုကျော်၍ သွားခနဲ ခန်းမပေါ်သို့ ခုန်တက်လိုက်သည်။

'ရိုအောင့် ရိုအောင့်၊ မင်းက ငါထင်တာထက် မိုက်လုံးကြီး နေတဲ့အကောင်ပဲ'

ခေါင်းဆောင်ကြီး၏ အသံ။

ထိုအသံခပ်ဩဩကို ရိုအောင့်မှတ်မိလိုက်သည်။ ယင်းအသံ သည် ပင်ကိုယ်အသံကိုဖျက်၍ ပြောထားမှန်းလည်း ရိပ်စား မိသည်။

'ဂိုဏ်းချုပ်ကြီး ခင်ဗျားက ကျုပ်ကို'

သူ့စကားမဆုံးမီ ဂိုဏ်းချုပ်ကြီးက ခုန်ဝင်၍ လေးကွက် တိတိတိုက်ခိုက်လိုက်၏။

ရိအော့၏လက်ထဲမှ ဓားမှာ မည်သို့မျှအသုံးမဝင်ပါ။

ရိအော့က သူ၏ဓားမြှောင်ဖြင့် ပြန်လည်၍ ခုခံသော်လည်း အချည်းနှီးပင် ဖြစ်လေသည်။

ဂိုဏ်းချုပ်ကြီး၏ တိုက်ကွက်သည် ပြင်းထန်လွန်းသလောက် ထိရောက်လှပေသည်။

ရိအော့မှာ အသက်ဘေးလု၍ ရှောင်တိမ်း နေသော်လည်း

'ဝုန်း'

ခန်အသံနှင့်အတူ ပြင်းထန်သော လက်ဝါးရိုက်ချက်ကို ခံလိုက်ရသည်။

ပါးစပ်မှ သွေးများ ကျဆင်းလာသည်။

'ဟဲ ဟဲ ဟဲ… မင်းဟာ မိုက်မဲတဲ့ နေရာမှာ နှစ်ယောက်မရှိဘူး၊ အေးလေ သစ္စာဖောက်တို့ သွားရမယ့်လမ်းကို မင်းက ရွေးချယ်တာကိုး'

ရိအော့သည် အံကြိတ်၍ ပြန်ထရင်း ဓားမြှောင်ဖြင့်ရှုတ်တရက် ခုန်ပေါက်ထိုးသွင်းလိုက်သည်။

'ဝုန်း

ပြင်းထန်လှသော ရိုက်ချက်က ရိအော့ကို လှေကားကိုးထစ်စလုံးပေါ်မှ ဒလိမ့်ကောက်ကွေး ကျသွားစေတော့သည်။

ဂိုဏ်းချုပ်ကြီးက အပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလိုက်၏။

ထို့နောက် သူ၏ဘယ်ခြေသည်ရိအော့၏ မျက်နှာတည့်တည့်သို့ ရိုက်မိသွားပြန်သည်။

'ဝုန်း'

ရိအော့ သတိလစ်မတတ် ခံစားရလေသည်။



ဂိုဏ်းချုပ်ကြီးသည် ရိအော့လက်ထဲမှ ရရှိလိုက်သည့် ဓားမြှောင်ဖြင့် ရိအော့၏လည်မျိုထဲသို့ မညှာမတာ ထိုးသွင်းလိုက်သောအခါ ရိအော့မှာ မျက်လုံးများပြူးကျယ်သွားပြီး ဂိုဏ်းချုပ်ကြီးကို ကြည့်နေမိသည်။

'မင်းက ငါ့မျက်နှာ သိပ်မြင်ချင်တယ်ဆိုတော့ ကြည့်ပါလေ'

ဂိုဏ်းချုပ်ကြီးသည် မျက်နှာဖုံးကို အသာ ဆွဲချွတ်လိုက်သည်။

ရိအော့ ဂိုဏ်းချုပ်ကြီး၏ မျက်နှာကို မြင်လိုက်ရပါပြီ။

'ခင်ဗျား ခင်ဗျားကိုး'

ဒါပဲပြောနိုင်သည်။ ရိအော့ အရုပ်ကြိုးပြတ်လဲကျသွားလေသတည်း။

ဟိုကျင်းမာ တစ်ညလုံး အိပ်မပျော်ခဲ့ပါ။

ထို့အတူ သူမ၏ မိခင်စွာအန်းသည်လည်း အိပ်ပျော်ဟန်မတူပေ။

နံနက် မိုးလင်းသည်နှင့် ဟိုကျင်းမာနှင့်ကွီဝှာရှိရာအခန်းထဲသို့ ရောက်ရှိလာသည်။

ဟိုကျင်းမာက မိခင်၏ ကျန်းမာရေးအတွက် စိတ်ပူနေမိသော်လည်း စွာအန်းမှာထင်သလောက် မဆိုးဝါးပါ၊ သူမသည် အရာရာကို တရားနှင့် ရှုမြင်တတ်ဟန်တူပါသည်။

'ပြီးခဲ့တာတွေ ပြီးခဲ့ပြီပေါ့သမီးရယ်၊ မေမေညက တစ်ညလုံး စဉ်းစားပါတယ်၊ သားလေးဟာ သူ့အကြောင်းနဲ့သူ ကံဆိုးသွားရရှာတာပါ၊ အကယ်၍သာ ချီလုယန်းနဲ့ မတွေ့ခဲ့ရင် မေမေတို့ဘဝဟာ စဉ်းစားဝံ့စရာတောင် မရှိပါဘူး၊ ချီလုယန်းဟာ မေမေတို့အတွက် သားသက်ဝင်ပြီး အနစ်နာခံနေတဲ့လူဆိုတာ မေမေတို့က သဘောပေါက်ရမှာပေါ့'

ဟိုကျင်းမာက မည်သို့မျှ ပြန်မပြောပေ။

သူမမှာ ချီလုယန်းကို ရင်ဆိုင်ရမှာ မျက်နှာ ပူနေခြင်းသာ ဖြစ်ပေသည်။

သူမ၏ အပြုအမူများသည် သူမအဖို့ ရှက်စရာ အင်မတန်ကောင်းသည်ဟု ထင်နေမိခြင်းပင် ဖြစ်သည်။

ထိုအချက်ကို မိခင်ဖြစ်သူက သဘောပေါက်သည်။

'သမီးအနေနဲ့တော့ ရှက်ချင်လဲ ရှက်မှာပေါ့၊ ဒါပေမယ့် မေမေတို့ဘက်က ပြန်စဉ်းစားကြည့်ပါ၊ သူဟာ သမီးအပေါ်မှာ ဘာအခွင့်အရေးတွေများ ယူခဲ့လို့လဲ၊ သူ့အနေနဲ့ အစ်မကြီးတစ်ယောက်လိုပဲ သဘောထား ဆက်ဆံခဲ့တယ်မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ် အမေ၊ ဒါပေမယ့် သမီး ရှက်တယ်'

'အို ဒါ ရှက်စရာလား'

ကွီဝှားက ဝင်၍

'ဟိုကန်းစုဟာ တကယ်တော့ ကံဆိုးနေတဲ့လူပါ၊ သူနဲ့ လက်ဆက်မယ့်ဆဲဆဲ မိန်းကလေးက အဆိပ်သောက် သေဆုံးသွားလို့ စိတ်လေလွင့်ပြီး ခြေဦးတည့်ရာ လျှောက်သွားနေတဲ့



သူပါ၊ ဒါပေမယ့် သူဟာ လူသားတွေရဲ့ ဒုက္ခကို လျစ်လျူမရှုဘဲ ဝင်ရောက်ကူညီခဲ့တဲ့လူပါရှင်'

စွာအန်းက ကွီဝှား၏စကားကို ခေါင်းညိတ်၍ ထောက်ခံရင်းမှ ...

'ဟုတ်ပါတယ်၊ သူ့ရဲ့ကိုယ်ကျိုးလုံးဝမပါရှာပါဘူး၊ သူ့မှာ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ကလေးမလေးတစ်ယောက်ကလဲ ကလဲ့စားချေဖို့ လိုက်ရှာနေတယ် မဟုတ်လား၊ ဒီတော့ သူ ဟိုကန်းစုအဖြစ်နဲ့ အသွင်ဆောင်တာက ကံကောင်းပါသေးတယ်'

ကွီဝှားက

'သူ့ကိစ္စတွေပြီးပြတ်ရင် သူ ဒီက ထွက်ခွာသွားတော့မှာပါ'

စွာအန်းက

'သမီးကို မေမေ ပြောချင်တာက သူ့ခမြာ ဒီမှာ ရှိနေတဲ့အချိန်မှာ စိတ်မဆင်းရဲပါစေနဲ့ကွယ်၊ မေမေတို့က စိမ်းစိမ်းကားကား နေလိုက်တော့ ခုဆိုရင် သူဟာ လုပ်ငန်းထဲမှာတောင် ရှိပါ့မလား မသိဘူး'

ဟိုကျင်းမာသည် အတန်ကြာကြာကလေး ငေးငိုင်နေပြီးမှ ကွီဝှားကို လှမ်းကြည့်လိုက်သည်။

'ကွီဝှား ကျွန်မတို့ အဲဒီကို ခဏသွားကြရအောင်'

## အခန်း ၃၄။

### အံ့ဩဖွယ်ရာ

ဟိုကန်းစုက စောစောစီးစီး စားသောက်ဆိုင် တစ်ခုသို့ ရောက်ရှိနေသည်။

သူသည် အခြားကိစ္စများကို စိတ်မဝင်စားပါ။

ရိအော့ထံမှ မည်ကဲ့သို့သော အဖြေမျိုးပေးမည် ဆိုသည်ကို သိချင်နေသည်။

ရိအော့သည် မကြာခင် သူ့ထံသို့ လာရောက် တွေ့ဆုံလိမ့်မည်ဟု သူကထင်ထားသည်။

ထို့ကြောင့်လည်း ဟိုကန်းစုသည် စားသောက်ဆိုင်တစ်ခုဒ်ထိုင်ရင်း ရှေ့လုပ်ရမည့် အကြောင်းများကို တွေးနေ၏။

အချိန်က များစွာပင် ကုန်ဆုံးသွားသည်။



သူသည် ရိအော့ဂေဟာသို့ ထပ်မံသွားရန် ဆုံးဖြတ်လိုက်စဉ်မှာပင် လမ်းမပေါ်မှ မြင်းတစ်ကောင်ကို စတင်တွေ့ရသည်။

တစ်ဖန် ထိုမြင်းပေါ်မှ စီးရင်း လာသူကို တွေ့လိုက်ရသောအခါ ဟိုကန်းစု၏မျက်လုံးများ ပြူးကျယ်သွားပြီး ကြက်သီးမွေးညင်းများပင် ထသွားကာ ထိတ်လန့် အံ့ဩသွားလေတော့သည်။

'သူ သူ ကျင်းဖုံး'

သူ့နှုတ်မှ အထစ်ထစ်အငေါ့ငေါ့ဖြင့် ခပ်တိုးတိုး ရေရွက်မိလိုက်လေတော့သည်။

သေသူ။

သေသူသည် အသက်ပြန်ရှင်သည်ဟူ၍ ထုံးစံမရှိပါ။

သရဲတစ္ဆေလည်း ဖြစ်နိုင်စရာ အကြောင်းမရှိ။

ယခု—

ဟိုကန်းစုရှေ့ လာနေသူသည် သူ၏အချစ်ဆုံး ကျင်းဖုံး။

ကျင်းဖုံးမှ ကျင်းဖုံးအစစ်။

သူမသည် မည်သို့မှ ပြောင်းလဲချက် မရှိကြောင်းကို ဟိုကန်းစု သေသေချာချာ သတိပြုမိသည်။

မိမိကိုယ်မိမိ အိပ်မက် မက်နေခြင်းများလားဟု ထင်မိသော်လည်း အိပ်မက် မဟုတ်ပါ။

သို့သော်လည်း—

သေသောသူသည် ပြန်လည်ရှင်သန်လာရိုး မရှိပါ။

လောကကြီးတွင် နာမည်တူမရှား၊ လူတူမရှား မဟုတ်ပါလား။

မည်သို့ပင်ဆိုစေ…

ဟိုကန်းစုသည် သူ၏မြင်းနောက်မှ မယောင်မလည် လိုက်သွားလေတော့သည်။

'စကားဝါ'

စားသောက်ဆိုင် တစ်ဆိုင်၏အမည်။

စကားဝါသည် ပိုကျွန်းမြို့၌ ရှိနေသည်မှာ ကြာပြီဖြစ်သော်လည်း အမျိုးသမီးများသာ ဦးစီးသော ဆိုင်ဖြစ်ပြီး အများအားဖြင့် အမျိုးသမီးများသာ တည်းခို တတ်သောကြောင့် ဟိုကန်းစု အရောက်အပေါက် နည်းလှသည်။

အခု ကျင်းဖုံးနှင့်တူသောမိန်းကလေးသည် စကားဝါသို့ ဝင်ရောက်သွားသည်ကိုတွေ့ရသောအခါ ဟိုကန်းစုသည် ဝင်ရောက်လိုက်သွားလေသည်။

သို့သော် စားသောက်ခန်းမထဲသို့ ရောက်ရှိသွားသည့်အခါတွင် ဟိုကန်းစု ရှက်ကိုးရှက်ကန်း ဖြစ်နေစရာ မလိုတော့ပါ။

အကြောင်းမှာ…



စကားဝါဆိုင်ထဲ၌ သူကဲ့သို့သော ယောကျ်ား များသည် မိန်းကလေးများကိုငေးမောရင်း စားသောက် နေကြသည်မှာ များစွာပင်ဖြစ်သည်။

ကျင်းဖုံးနှင့်တူသော မိန်းကလေးသည် စားပွဲလွတ် တစ်ခု၌ ဝင်၍ထိုင်လိုက်ပြီး စကားဝါဆိုင်မှ မိန်းကလေး များနှင့် စကားပြောနေသည်ကိုတွေ့ရသည်။

ဟိုကန်းစုက တမင်တကာပင် သူမ၏စားပွဲနှင့်ယှဉ်နေသော စားပွဲတွင် ဝင်၍ထိုင်လိုက်သည်။

ထိုစဉ် စကားဝါမှ အမျိုးသမီးက ဟိုကန်းစုကို မြင်သွားသည်၊

'အိုး-ဟိုကန်းစုပါလား၊ မလာစဘူး အလာ ထူးလှချည်လား'

ဟိုကန်းစု ရှတ်တရက် ကြောင်သွား၏။

ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ် သူမကပင် ဆက်၍

'ဘယ့်နှယ်လဲ၊ ကုမာလန်းနဲ့ ရှင်နဲ့က အဆင် မပြေဘူးနဲ့တူတယ်၊ ဒီကို တစ်ခါမှ မလာကြတော့ဘူး'

ယခုမှ ဟိုကန်းစု ရိပ်စားမိသည်။

ဟိုကန်းစုသည် သူ၏ချစ်သူ ကုမာလန်းနှင့် ဤဆိုင်၌ အမြဲတမ်းလာရောက်စားသောက်ခြင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သူမက သိရှိနေခြင်းဖြစ်သည်။

ဟိုကန်းစုက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်ဗျာ၊ သူက ကျွန်တော့်ကို စကားမပြောတော့ဘူးဗျ'

စကားဝါမှ အမျိုးသမီးက ရယ်၍

'ရှင်ပြောတာ ကျွန်မ မယုံပါဘူး၊ ကုမာလန်းကပြောတော့ ရှင်က စေတနာအာမခံဌာနမှူး [ ] ဖြစ်သွားတော့ ဘဝင်မြင့်ပြီး သူ့ကို မေ့သွားတယ်လို့ ပြောနေပါလား'

သူမက ထိုကဲ့သို့ပြောနေစဉ် ဟိုကန်းစု အံ့သြသွားသည်မှာ ကျင်းဖုံးနှင့်တူသောမိန်းကလေးက သူ၏စားပွဲသို့ ကူးပြောင်းထိုင်လိုက်ပြီး ဟိုကန်းစုကို ငေးကြည့်ကာ

'ဪ....ရှင်က စေတနာ အာမခံဌာနက ဟုတ်လား'

စကားဝါဆိုင်မှ အမျိုးသမီးက ကြားဝင်၍

'ဟုတ်တယ်လေ ညီမရဲ့၊ သူဟာ စေတနာ အာမခံဌာနမှူး ဟိုကန်းစု ဆိုတာပေါ့'

'ဪ... ရှင်နဲ့ ခုမှပဲတွေ့ရတယ်၊ ကျွန်မ အလုပ်တစ်ခုလာအပ်ထားတယ်လေ၊ ရှင့်ရဲ့ အစ်မကြီး ပြောမပြဘူးလား'

'ဟိုက်...ဒုက္ခပါပဲ'

ဟိုကန်းစုစိတ်ထဲမှ မြည်တွန်လိုက်သည်။

မိမိကိုတွေ့လျှင် သတ်ချင်ပါသည်ဆိုသည့် မိန်းကလေးမှာ မိမိအင်မတန်ချစ်ရသည့် ကျင်းဖုံးနှင့် တူလွန်းသော မိန်းကလေး ဖြစ်နေပါကလား။

ဟိုကန်းစု အကြီးအကျယ် စိတ်လှုပ်ရှားနေ၏။

ပို၍ အံ့သြတုန်လှုပ်နေသည်မှာ သူမ၏အသံသည် ကျင်းဖုံး အသံနှင့် ခွဲမရအောင် တူလွန်းလှပေတကား။

ကျင်းဖုံးသည် မည်သည့်နည်းနှင့်မျှ မိမိကိုသတ်ဖို့ရှာဖွေမည် မဟုတ်ပေ။



ဟိုကန်းစု စိတ်ထဲ၌ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်နေပြီဟု ထင်လိုက်သည်။

သူမ ဘယ်သူနည်း။

ဘာ့ကြောင့် မိမိကို သတ်လိုသနည်း။

အဖြေရအောင် ရှာရပေတော့မည်။

ဟိုကန်းစုက သူမကို ပြုံးကြည့်လိုက်ရင်း

'အော် သတိရပါပြီ၊ အလုပ်လာအပ်ထားတာ ညီမကိုး'

'ဟုတ်ပါတယ်၊ ကျွန်မသွားတိုင်းသွားတိုင်း ရှင့်ရဲ့အစ်မနဲ့ပဲ တွေ့တယ်'

ထိုစဉ် ဆိုင်မှ အမျိုးသမီးက

'ကဲ ရှင်တို့နှစ်ယောက် စကားပြောရင်းနဲ့ ဘာသုံးဆောင်ကြမလဲ'

ဟိုကန်းစုက

'အော် ဟုတ်ပါရဲ့၊ ဒီကညီမကို ကျုပ်ကပဲ ပြုစုပါရစေ'

'အို မဟုတ်တာရှင်'

ကျင်းဖုံးနှင့်တူသော မိန်းကလေးက ငြင်းပယ်သည်။

ဟိုကန်းစုက

'မငြင်းပါနဲ့ဗျာ၊ ကျုပ်ဌာနကိုလာပြီး အားပေးတဲ့လူတစ်ယောက်ကို ကျုပ်မပြုစုရရင် စိတ်ကောင်းမှာ မဟုတ်ဘူး'

'ကဲ အစ်ကိုကြီးရှဲ့သဘောပါပဲ'

❁

စားပုံ သောက်ပုံ၊ ပြောပုံ ဆိုပုံ။

အားလုံး ကျင်းဖုံးနှင့် တစ်ဆရာတည်းတူနေသောကြောင့် ဟိုကန်းစုစိတ်ထဲတွင် တစ်ချိန်က ချစ်သူနှစ်ယောက် ပျော်ရွှင်စွာ စားသောက်နေရသည်ကို အမှတ်ရမိတော့သည်။

သူ၏ စိတ်ထဲတွင်လည်း အလိုလိုပျော်ရွှင်နေမိသည်။

'ဒါနဲ့ ညီမနာမည်က'

သူမက ခပ်ဆိုင်းဆိုင်းဖြင့်

'ကျင်းယန်း'

ဟိုကန်းစုသည် စိတ်ထဲတွင် စဉ်းစားလိုက်မိသည်။

'ကျင်းဖုံး ကျင်းယန်း သူတို့ညီအစ်မတွေများလား'

'အို မဖြစ်နိုင်ပါဘူး၊ ကျင်းဖုံးတစ်ခါမှ မပြောခဲ့ပါလား'

'ညီမနေတော့ကော'

'နန်ကင်းမှာပါ'

သူတို့သည်ပြောလည်းပြော၊ စားလည်း စားကြနှင့်အတော်ပင် ရင်းနှီးမှု ရရှိသွားတော့သည်။

ဟိုကန်းစုက သူမ၏ မျက်နှာလေးကို ကျင်းဖုံးနှင့်တူလွန်း၍ မကြာခဏ ငေးငေးပြီး ကြည့်နေသကဲ့သို့ ကျင်းယန်းကလည်း ဟိုကန်းစုကို တစ်ခါတစ်ခါ ငေးစိုက်၍ကြည့်နေသည်ကို သတိပြုမိသည်။

'သူ့ငါ့ကို ဘာဖြစ်သို့ တစ်ချက်ဘစ်ချက် ငေးစိုက်ပြီး ကြည့်ပါလိမ့်'

ဟိုကန်းစုက ရင်ထဲမှ တွေးနေမိသည်။



'ညီမကို ကျုပ်မေးတာ စိတ်မရှိနဲ့နော်၊ ချီလုယန်းဆိုတဲ့လူကို တွေ့ရင် ညီမဘာလုပ်မလို့လဲ'

'သတ်ပစ်မှာ၊ သတ်ကို သတ်ပစ်မှာ'

ဟိုကန်းစု သူမကို စိုက်ကြည့်၍ စိတ်ထဲ၌ တစ်မျိုးဖြစ်သွားသည်။

'သူက လူဆိုးတစ်ယောက်မို့လား'

ကျင်းယန်းက

'သူဟာလူဆိုးမဟုတ်ပါဘူး၊ တစ်တိုင်းတစ်ပြည်လုံးရဲ့အပေါ်မှာတော့ သူဟာလူကောင်းတစ်ယောက်ပါပဲ၊ ရှင်တို့ကြားဖူးမှာပါလေ၊ နန်ကင်းက သူ့ရဲ့ကောင်းလေး ချီလုယန်းဆိုတာ'

ဟိုကန်းစုက

'အာ ဟုတ်ပြီ ဟုတ်ပြီ၊ သူက ထောက်လှမ်း စုံစမ်းရေး သမားတစ်ယောက်ပဲ၊ ညီမက ဘယ်လိုအငြိုးတွေများ ရှိလို့လဲဗျာ'

'ဒီမှာရှင့်'

'ဟုတ်ကဲ့'

'တကယ်တော့ ကျွန်မက ရှင့်ကိုငှားတဲ့ ရှင့်အလုပ်ရှင်ပါ၊ ရှင့်အနေနဲ့ လုပ်ပေးနိုင်ရင် လုပ်ပေးပါ၊ ဒါတွေမေးနေဖို့ မလိုဘူးနဲ့တူတယ်'

ဟိုကန်းစုက ပြုံးလိုက်သည်။

သူက တစ်စုံတစ်ရာပြန်ပြောမည်ပြုဆဲ ဆိုင်ထဲသို့ ရေးကြီးသုတ်ပျာနှင့် ဝင်လာသော လူဆိုးထိန်း ချီတန်းကို တွေ့လိုက်ရသဖြင့် စကားပြတ်သွားသည်။

ချိုတန်းသည် ဟိုကန်းစုက မိန်းမလှကလေးနှင့်စကားပြော နေသည်ကို တွေ့ရသဖြင့် သူသည် အားနာသွားဟန်ဖြင့်

'ကျုပ် မင်းကိုလိုက်ရှာနေတာ နှံ့နေတာပဲ'

'ခင်ဗျား အရေးကြီးလို့လား'

လူဆိုးထိန်း ချိုတန်းက ကျင်းယန်းကို တစ်ချက်ကြည့်၍ ပြောသင့် မပြောသင့် စဉ်းစားဟန်ပြုသဖြင့် ဟိုကန်းစုက

'ပြောပါ သူက ကျွန်တော့်မိတ်ဆွေပဲ၊ အရေးမကြီးပါဘူး'

ချိုတန်းက

'ရှီအော့တော့ ကြွသွားပြီ၊ သူ့အလောင်းကို လမ်းမတစ်ခု ပေါ်မှာ တွေ့လိုက်ရတယ်'

ဟိုကန်းစု အံ့ဩသွားသည်။

ရှီအော့တွင် အန္တရာယ်များနေမှန်း ဟိုကန်းစု သိသည်။ သို့သော် ဤမျှ မြန်ဆန်လိမ့်မည်ဟု မထင်မိ။

'သူ့အလောင်းကို ဘယ်နားမှာ တွေ့တာလဲ'

'ခင်ဗျား ပြောတဲ့ မြင်းစာသိုလှောင်တဲ့ အဆောက်အအုံနဲ့ မနီးမဝေးမှာပဲဗျ'

ဟိုကန်းစုက

'အင်း ရန်သူက အတော်နီးကပ်လာပြီဗျ၊ ခု ခင်ဗျား ဘယ် သွားမလို့လဲ'

'ကျုပ် အဲဒီမှာ နည်းနည်းသွားစုံစမ်းချင်တယ်'

ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။



'ကောင်းပါပြီ၊ ကျွန်တော်လဲ မကြာခင် လိုက်ခဲ့ပါမယ်'

ချိုတန်း နှုတ်ဆက်၍ ပြန်ထွက်သွားသည်။

ကျင်းယန်းသည် ဟိုကန်းစုကို မျက်မှောင်ကြုတ်၍ ကြည့် ရင်းမှ အကဲခတ်နေ၏။

'ရှင်က လူဆိုးထိန်းလား'

'မဟုတ်ဘူး၊ လူဆိုးထိန်းက စောစောက ထွက်သွားတဲ့ လူပါ၊ သူ့နာမည် ချိုတန်းတဲ့'

ကျင်းယန်းက

'သူက ဘာဖြစ်လို့ ရှင့်ကိုလာပြီး အစီရင်ခံနေရတာလဲ'

ဟိုကန်းစုက ရယ်လိုက်ပြီး

'အစီရင်ခံတာ မဟုတ်ပါဘူး၊ အခု အသတ်ခံရတဲ့လူက ကျုပ်နဲ့ ပတ်သက်နေလို့ လာအကြောင်းကြားတာပါ'

သူ၏ အဖြေကို ကျင်းယန်းက သိပ်ပြီး ကျေနပ်မှုမရှိသော် လည်း ထပ်၍မမေးတော့ပါ။

ဟိုကန်းစုက စောစောက ပြောလက်စ စကားကို ပြန်၍ ကောက်လိုက်လေသည်။

'ဒြော် ဒါနဲ့ စောစောက ညီမက ပြောတယ်နော်၊ ကျုပ်ကို မဆိုင်တာမမေးဖို့'

'ဟုတ်ပါတယ်'

ဟိုကန်းစုက ရယ်လိုက်သည်။

'ဒီမှာ ညီမကို ကျုပ်ပြောရဦးမယ်'

'ပြောပါရှင်'

'ကျုပ်က အာမခံဌာနမှူးဆိုတော့ နေရာတကာရောက်ခဲ့လို့ သာမန်လူထက်စာရင် ဗဟုသုတပိုပြီး ရှိပါတယ်၊ နောက်တစ်ခုက ကျုပ်ဟာ အဲဒီလို စုံစမ်းထောက်လှမ်းတဲ့ ဝါသနာပါတယ်ဗျ၊ အဲ့ဒါကြောင့် စောစောက လူဆိုးထိန်းဟာ ကျုပ်ကို သူနဲ့လက်တွဲပြီး ကူညီခိုင်းတာပဲ'

'အော် ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ'

ဟိုကန်းစုက

'အဲဒီတော့ ညီမကို ပြောချင်တာက ချီလုယန်း ဘယ်မှာ ရှိတယ်၊ ဘာလုပ်နေတယ်ဆိုတာကို ကျုပ် သိထားတာ ကြာပြီ'

ကျင်းယန်း ဝမ်းသာစွာဖြင့် ခေါင်းမော့လိုက်သည်။

'အို ဟုတ်လား၊ ရှင် အခုမှ ဒီစကားပြောရသလား'

ဟိုကန်းစုက လက်ကာလိုက်သည်။

'ညီမ သိပ်မလောပါနဲ့၊ ကျုပ်ရဲ့ အမြင်က ချီလုယန်းဟာ လူကောင်းတစ်ယောက်ပဲ၊ ဒါကို ညီမက သတ်ဖို့လိုက်ရှာတယ်ဆိုတော့ ညီမ ပေးထားတဲ့ငွေတွေပြန်ယူသွားပါ၊ ကျုပ်ဒီအလုပ်ကို လက်မခံပါဘူး'

ကျင်းယန်းမှာ သူ့စကားနှင့်သူ အကျပ်ရိုက်သွားသည်။

'ကျွန်မမှာ ခိုင်လုံတဲ့အကြောင်း ရှိလို့ပေါ့ရှင်'

'အဲ့ဒါကို ကျုပ်မသိရရင် ကျုပ် အလုပ်လက်မခံနိုင်ပါဘူး။ ကျုပ် ပြောတာ ညီမ သဘောပေါက်ပါတယ်နော်'



ကျင်းယန်းက ဟိုကန်းစုကို ငေးကြည့်ရင်းက

'ရှင်က ကျွန်မကို လိမ်ပြောနေတာဆိုရင်တော့၊ ကျွန်မ ပြောပြတာတွေ အပိုဖြစ်သွားမှာပေါ့'

ဟိုကန်းစုက ခေါင်းယမ်းလိုက်သည်။

'ကျုပ်မလိမ်တတ်ဘူး၊ ခင်ဗျား သူ့ကို ဘာ့ကြောင့်သတ်ချင်တယ် ဆိုတာ ခိုင်လုံတဲ့ အချက်တွေကိုသာ ပြပါ၊ ကျုပ် ကူညီပါ့မယ်'

ကျင်းယန်း ဝမ်းသာနေပုံရသည်။

'ရှင် သူ့ကို တွေ့ထားတယ်ဆိုတာ အမှန်ပဲလား၊ ကျွန်မ ယုံအောင် အရိပ်အမြွက်လောက် ပြောပြပါလား'

ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။

'ဪ ဒီလိုလား၊ ဒါဖြင့် ပြောပြရတာပေါ့'

ကျင်းယန်းက စိတ်ဝင်စားစွာ နားစွင့်နေ၏။

'ညီမ အလုပ်လာအပ်ကတည်းက ကျုပ်ဟာ သူ့သတင်းကို စုံစမ်းခဲ့တယ်၊ ရှာဖွေခဲ့တယ်၊ ငါးရက် မြောက်တဲ့နေ့မှာပဲ တွေ့ရပါတယ်'

'ဪ ရှင်နဲ့တောင် တွေ့ပြီးပြီကိုး'

ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ဒါပေမယ့် ခင်ဗျားက သတ်မယ့်လူ ဆိုတော့ ချီလုယန်းကိုကြည့်ပြီး ကျုပ်စိတ်မကောင်းတာနဲ့ မပြောတာ'

'သူက အခု ဘာဖြစ်နေလို့လဲ'

'ချီလုယန်းရဲ့ ဘဝဟာ ခင်ဗျားကသာ သတ်ချင်တာပါ၊

သူဟာ သူ့ရဲ့ချစ်သူရှိတယ်လို့ပြောတယ်၊ အဲ့ဒီချစ်သူဟာ သူနဲ့ ကင်းကွာရတဲ့အတွက် အဆိပ်သောက်ပြီး သေသွားရတယ်လို့ ပြောတယ်'

ဟိုကန်းစုက ကျင်းယန်းကို ကြည့်လိုက်သည်။

ကျင်းယန်းက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်၊ ဆက်ပြောပါဦး'

'သူဟာ အဲဒီအချိန်ကတည်းက နန်ကင်းမြို့တော်ကို ပစ်ပြီး သူ့ဘဝကို လူသူမနီးတဲ့ တောကြီးထဲမှာ မြှုပ်နှံထားခဲ့ပါ တယ်လို့ ကျုပ်ကို ပြောပြတယ်၊ ဒီတော့သူ့ကို ကျုပ်မသေစေ ချင်ဘူးဗျာ၊ ဒါပေမယ့် ညီမအနေနဲ့ ခိုင်လုံတဲ့အကြောင်း ရှိ မယ်ဆိုရင်တော့ ကျုပ်ရအောင် သွားခေါ်ပေးပါ့မယ်၊ အဲ့ဒီ တော့ ပြောပြပါ'

တွေဝေငေးမောသွားသူမှာ ကျင်းယန်းပင်ဖြစ်တော့သည်။

ဟိုကန်းစုက

'ကဲ အဲ့ဒီလို လူတစ်ယောက်ကို ညီမက ဘာဖြစ်လို့သတ် ချင်ရတာလဲ'

ကျင်းယန်းသည် အချိန်ကြာအောင် စဉ်းစားနေသည်။

သူမ၏မျက်နှာသည် ခက်ထန်ရာမှ အနည်းငယ်ပျော့ပျောင်း လာသည်ဟု ထင်ရ၏။

'ပြောပါ ညီမမှာ မခံမရပ်နိုင်စရာအကြောင်းရှိခဲ့ရင် ချီလု ယန်းကို ကျုပ်ကိုယ်တိုင် ဖမ်းဆီးပေးမယ် ယုံသလား'

'ကျွန်မ ယုံပါတယ်'



'ဒါဖြင့် ဘာကြောင့်သူ့ကို သတ်ချင်တယ်ဆိုတာ ပြောပြ မယ်ပေါ့'

'ဒီလိုပါ၊ ကျွန်မမှာ ဒီညီမလေးတစ်ယောက်ပဲ ညီအစ်မဆို လို့ ရှိခဲ့ပါတယ်'

ဟိုကန်းစုက လက်ကာ၍

'ခဏနေပါဦး၊ ကျုပ် သူ့ရဲ့ဘဝကို သေသေချာချာ မေး ကြည့်ပါတယ်၊ သူ့ချစ်သူမှာ အစ်မတစ်ယောက် ရှိတယ်ဆိုတာ ထည့်မပြောဘူးဗျ'

'ဒါက သူမှမသိပဲကိုး'

'ညီမကကော ချီလုယန်းကို မြင်ဖူးသလား'

ကျင်းယန်းက ခေါင်းခါလိုက်သည်။

'မမြင်ဖူးပါဘူး'

'အဝ်း ပြောပါဦး'

'ကျွန်မ မရှိတုန်းအချိန်မှာ ကျွန်မညီမလေးဟာ အဆိပ် သောက်ပြီး သေသွားရပါတယ်၊ ကျွန်မပြန်လာတော့ သူ့ အလောင်းကိုတောင် မမြင်ရပါဘူး၊ ကျွန်မသိရတာက ချီလု ယန်းဆိုတဲ့ လူနဲ့ကြိုက်တယ်၊ ကျွန်မညီမလေးက တစ်နယ်တစ် ကျေးကို ခေါ်သွားဖို့ ပြောပေမယ့် သူဟာ သတ္တိမရှိဘဲ မခေါ်တဲ့အတွက် မိဘတွေဟာ နှိပ်စက်လို့ အဆိပ်သောက်ရ တယ်ဆိုတော့ ချီလုယန်းဟာ တရားခံပဲပေါ့'

ထိုစကားတစ်လုံးသည် ကြားရသူ ချီလုယန်းအဖို့ စိတ်ထဲ၌ ထိတ်ခနဲ လှုပ်ရှားသွားတော့သည်။

ကျင်းယန်း ပြောသည်မှာမှန်သည်။

ကျင်းဖုံးသည် မိမိကိုတခြားတစ်နေရာသို့ ခေါ်သွားပါရန် ငိုယို၍ တောင်းပန်နေပုံ၊ ထိုအချိန်က သူမကိုလည်း ဂေဟာမှ လူများက အတင်းဆွဲခေါ်နေပုံ၊ မိမိဖခင်ကလည်း ထိုအချိန်၌ ရောက်ရှိလာပြီး မိမိကိုဟန့်တားလိုက်သဖြင့် မိမိမှာဘာမှ ဆက်မလုပ်နိုင်ဘဲ လက်ပိုက်ကြည့်နေခဲ့ရပုံ၊ အစ်ကို အစ်ကိုနှင့် တစာစာခေါ်၍ ပါသွားပုံများကို မြင်ယောင်မိလိုက်သည်။

ဟိုကန်းစုက ဆက်ပြင်းချလိုက်သည်၊

'အင်း ညီမဘက်က ကြည့်တော့လဲ ချီလုယန်းဟာ ဘာမှ သတ္တိမရှိတဲ့အတွက် ကျင်းဖုံးသေရတာလို့ ယူဆနိုင်တာပေါ့လေ'

'ဘယ်လိုလဲ ရှင်ကျွန်မကို ချီလုယန်းရှိတဲ့နေရာ ပြောမလား'

ဟိုကန်းစုက တွေဝေစဉ်းစားနေသဖြင့် သူမက

'ရှင်က ကျွန်မသူ့ကို သတ်မှာစိုးလို့လား'

ဟိုကန်းစုက ခေါင်းယမ်းလိုက်သည်။

'ဒီကိစ္စမှာ ကျုပ်ဝင်ပြီးမဝေဖန်တော့ပါဘူး၊ ညီမအနေနဲ့ သူ့ကို သတ်ရမှ ကျေနပ်မယ်ဆိုရင်လဲ သဘောပါပဲ၊ ကျုပ် သူ့ကို ဒီရောက်အောင် ခေါ်ခဲ့ပေးပါ့မယ်'

ကျင်းယန်း ဝမ်းသာသွားသည်။

'ရှင်တကယ် ပြောတာလား'

'ကျုပ် မညာပါဘူး'

'ကျွန်မ သူနဲ့ဘယ်တော့ တွေ့ရမှာလဲ'

ဟိုကန်းစုက စဉ်းစားလိုက်သည်။



'သိပ်မကြာစေရပါဘူး၊ ညီမဘယ်မှ မသွားပါနဲ့၊ သုံးလေးရက်အတွင်း ကျုပ်ကိုယ်တိုင် ချီလုယန်းကို ခေါ်ပေးပါ့မယ်'

ကျင်းယန်း၏ မျက်နှာတွင် အလွန်ပင် ဝမ်းသာသွားဟန် တွေ့လိုက်ရ၏။

ဆက်ပြင်းချမိသူမှာ ဟိုကန်းစုပင်ဖြစ်သည်။

## အခန်း ၃၅။

## ဒုတိယအလောင်း

ရိအော့၏အလောင်းက မရှိတော့ပေ။

သို့သော်လည်း လူဆိုးထိန်း ချီတန်းသည် ရိအော့ သေဆုံးသည့် နေရာကို ကြည့်ရှုနေရာမှ ခမ်လုမ်းလုမ်းတွင် မြင်တွေ့နေရသော မြင်းစာသိုလှောင်သည့် အဆောက်အအုံကို ငေးကြည့်လိုက်သည်။

ဟိုကန်းစု၏ စကားထဲတွင် မြင်းသူဌေးကွမ်ဖုကို မသင်္ကာစရာအဖြစ် ပြောဆိုထားသဖြင့် ချီတန်းသည် မြင်းသူဌေး ကွမ်ဖု၏ ဂေဟာသို့ ခပ်မှန်မှန် ခြေလှမ်းများဖြင့် လျှောက်လာခဲ့လေ၏။

ကွမ်ဖုက ဂေဟာရှေ့ မျက်နှာစာရှိ အလှစိုက်ပျိုးထားသော ပန်းရုံများ၌ သစ်ပင်များကို လှည့်ပတ် ကြည့်ရှုနေသည်။



သူသည် လူဆိုးထိန်း ချီတန်းကို တွေ့လိုက်သည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။

သို့သော်လည်း ဟန်လုပ်၍ ပြုံးလိုက်သည်။

'အို့ မြို့ပြအုပ်ချုပ်ရေးမှူးကြီးပါလား၊ ဘယ်လိုကိစ္စများ ရှိလို့လဲဗျ'

ချီတန်းက ကွယ်ဝှက်မှု မရှိပါ။

'ဟိုရှေ့နားမှာ ရိအော့ဆိုတဲ့လူ အသတ်ခံထားရတယ်ဆိုတဲ့ သတင်းတော့ ခင်ဗျား ကြားမိမှာပေါ့'

ကွမ်ဖု ခေါင်းညိတ်လိုက်သည်။

'ဪ ဟုတ်တယ်၊ အလုပ်သမား တချို့ပြောလို့ ကျုပ် သိလိုက်ရပါတယ်၊ ဪ ဒါကြောင့် လူဆိုးထိန်းကြီးက လိုက်စုံစမ်းနေတာနဲ့ တူတယ်'

'ဒါပေါ့ဗျာ၊ ပိုကျန်းမြို့ဟာ အေးချမ်းသာယာတဲ့ မြို့တစ်မြို့ပဲ၊ ခုလို လူသတ်မှုတွေဖြစ်ရတာ မကောင်းပါဘူး၊ မနေ့ညကလဲ လူတစ်ယောက် အသတ်ခံရသေးတယ်'

'အို ဟုတ်လား၊ ဘယ်သူများပါလိမ့်'

'ကြေးစားလူသတ်သမား ပိုက်မုရှန်း'

ချီတန်းက ပိုက်မုရှန်းသတင်းကို တမင်တကာ ထည့်ပြော၍ ကွမ်ဖုကို အကဲခတ်လိုက်သည်။

ကွမ်ဖုသည် အလွန်ပင် ဟန်ဆောင်ကောင်းသူဟုပင် ဆိုရမလောက် မျက်နှာပျက်သွားခြင်း မရှိပါ။

'အို ဒီလိုကြေးစားတွေတော့ သေသွားလဲအေးတာပါပဲဗျာ'

ချီတန်းက ပတ်ဝန်းကျင်ကို လှည့်ပတ်၍ ကြည့်နေရာမှ

'ခင်ဗျားရဲ့ ခြံဝန်းကြီးက သိပ်ကျယ်တာပဲနော်'

'ကျုပ်လုပ်ရတဲ့ လုပ်ငန်းကိုလဲ ကြည့်ဦးမှပေါ့၊ မြင်းတွေထားရတာ လွယ်တာမှ မဟုတ်ဘဲ၊ ဒါတောင် မြင်းအကောင်တစ်ရာလောက်ဆိုရင် ကျုပ်နေရာက ကျဉ်းနေသေးတယ်'

'ဟုတ်တာပေါ့၊ ဒါနဲ့ အဆောက်အအုံကြီးက'

'အဲဒါက မြင်းစာ သိုလှောင်ရုံပါ'

'ကျွန်တော့်ကို နည်းနည်းလောက် ကြည့်ရှုခွင့်ပေးပါ'

'သွားနိုင်ပါတယ်၊ ကျုပ်ကတော့ လိုက်မပို့တော့ဘူးနော်'

'ဖြစ်ပါတယ်၊ ကျွန်တော့်ဘာသာပဲ သွားပါ့မယ်'

ချီတန်းသည် ရိအော့ သေဆုံးခဲ့သည့်နေရာကို သေသေချာချာ စစ်ဆေးခဲ့၏။

ထိုနေရာသည် တစ်စုံတစ်ယောက်နှင့် တိုက်ခိုက်ထားသည့် လက္ခဏာကို မတွေ့ရပဲ တခြားနေရာ၌သေဆုံးပြီးမှ လာရောက်ပစ်ချထားသည်ကို သတိပြုမိခဲ့သည်။

ထိုအလောင်းတွေ့ရှိရာနေရာနှင့် အနီးဆုံး မသက်ာစရာနေရာမှာ ဤအဆောက်အအုံနှင့် ဝန်းကျင်သာ ဖြစ်ပေသည်။

ချီတန်းသည် အဆောက်အအုံဆီသို့ မသွားသေးဘဲ မြင်းများကို ထိန်းကျောင်းထားသည့်နေရာသို့ လျှောက်လာခဲ့သည်။

ထိုနေရာတွင် မြင်းပွဲစားနှင့် ဝယ်သူ ခြမ်းသူများမှာ အမြဲတမ်း မပြတ်လာပ်ပေ။



ချီတန်းသည် သူနှင့်သိသော မြင်းပွဲစား တစ်ယောက်ကို တွေ့ရသဖြင့် လူသတ်ခံရသည့်သတင်းကို မေးမြန်းကြည့်လိုက်၏။

'မင်း ရိအော့ အသတ်ခံရတုန်းက ဒီမှာ ရှိသလား'

မြင်းပွဲစားက

'ကျွန်တော် ဒီမှာ ရှိတာပေါ့၊ လူတွေဝိုင်းအုံနေမှ သိရတာပါ၊ ဘယ်အချိန်က တိုက်ခိုက်ကြတယ်ဆိုတာတော့မသိလိုက်ဘူး'

ချီတန်းက မြင်းပွဲစားကို ရင်းနှီးသောလူမို့ ပြောင်ပြောင်တင်းတင်းပင် မေးလိုက်၏။

'တစ်နေရာက သတ်ပြီး ဆွဲထုတ်သွားတာကိုတော့ မင်း မမြင်ပါဘူးနော်'

'ဟာ ခင်ဗျားတို့ လူဆိုးထိန်းတွေနဲ့ တွေ့ရတာ မလွယ်ဘူး၊ ဘယ်လိုမေးခွန်းမျိုးလဲဗျ'

မြင်းပွဲစားသည် ချီတန်းကို ဒေါသဖြစ်သွားသည်။

'ချီတန်းရယ် ကျုပ်တို့ကို တရားခံထဲပါအောင် မဆွဲထည့်ပါနဲ့၊ ဘုရားစူးရပါစေရဲ့၊ ကျုပ် ဘာမှ မသိရပါဘူး'

ချီတန်းက ရယ်၍ မြင်းစာထားသော အဆောက်အအုံကို လက်ညှိုးထိုးပြလိုက်သည်။

'ဟိုအထဲကို လူတွေ အဝင်အထွက်များသလား'

မြင်းပွဲစားက

'အဲဒီထဲကို ဘယ်သူမှ မသွားဘူး၊ မြင်းစာကျွေးတဲ့ အလုပ်သမား တစ်ယောက်ပဲ သွားတယ် ဝင်တယ် ထွက်တယ်၊ ဘာဖြစ်လို့လဲ'

ချီတန်းက ခေါင်းယမ်း၍

'ဘာမှမဖြစ်ပါဘူး၊ ငါအဲ့ဒီကို ခဏလောက် သွားကြည့်ချင်လို့'

'ကြွ…ကြွ မောင်ရင့်ကို ဘယ်သူမှ မကန့်ကွက်ဘူး'

အခန်းထဲ၌ တိတ်ဆိတ်နေ၏။

သူသည် အပေါ်ထပ်ခိုးသို့ တက်သည့် အုတ်လှေကားကို ကြည့်နေ၏။

သူသည် အပေါ်တက်သင့် မတက်သင့် ချင့်ချိန်နေသည်။

ထိုစဉ် ရုတ်တရက်

'ဝုန်း'

ဟူသော လေတိုးသံနှင့်အတူ သူ၏ လည်ပင်းသည် ပူခနဲ ဖြစ်သွားတော့သည်။

ရန်သူရှိသည်ဟု ချီတန်း သိလိုက်သည့်အချိန်မှာ နောက်ကျသွားပေပြီ။

သူသည် ပြင်းထန်သည့်ဝေဒနာကို လည်ချောင်းမှ စတင်၍ ခံစားလိုက်ရသည်။

သူ၏ ရင်ထဲ၌ ပူလောင်ပြီး မျက်လုံးများ ပြာဝေလာတော့သည်။

အဆိပ်။ ပြင်းထန်သော အဆိပ်အပ်သည် သူ၏ လည်မျိုထဲသို့ ရောက်ရှိလာပြီ ဖြစ်တော့၏။



'ဟား ဟား ဟား'

ရယ်မောသံနှင့်အတူ မျက်နှာဖုံးတပ် လူတစ်ယောက် သူ့ရှေ့သို့ ရောက်ရှိလာသည်။

'ခင် ခင်ဗျား'

ချီတန်းသည် ခေါင်းများမူးဝေလာသည်ဖြစ်၍ စကားပြောရာတွင်လည်း အထစ်ထစ်အငေါ့ငေါ့ ဖြစ်လာသည်။

မျက်နှာဖုံးနှင့်လူသည် ချီတန်း၏ ခန္ဓာကိုယ်ကို တစ်ချက်ဆောင့်ဆွဲလိုက်ပြီး အထပ်ခိုးပေါ်မှ ကန်ချလိုက်လေသည်။

'ဝုန်း'

ချီတန်းမှာ ဒလိမ့်ကောက်ကွေး ကျသွား၏။

သူ၏မျက်နှာမှာ ပြင်းထန်သော အဆိပ်ကြောင့် ညိုမည်းလာသည်။

'ဟား…ဟား…ဟား…မအူမလည်နဲ့ လူဆိုးထိန်း လုပ်ရင် ခံရမှာပေါ့ကွာ'

'ခင်ဗျား ခင်ဗျား ဘယ်သူလဲ'

'ဟား ဟား ဟား မင်းက ငါ့ကို သိပ်သိချင်တယ်ပေါ့ ဟုတ်လား၊ မင်းလဲ ရိအော့လိုပဲ ငါ့မျက်နှာကို အရမ်းမြင်ချင်တာ၊ ဟား ဟား ဟား'

ရိအော့ကို သတ်သူမှာ ထိုသူပင်ဖြစ်မှန်း ချီတန်း သိရပေပြီ၊ သို့သော် သူ ဘာတတ်နိုင်တော့မည်နည်း၊ မိမိမှာ မကြာခင် သေဆုံးရတော့မည်ကို သိလိုက်၏။

သူ၏ မျက်လုံးသည် မှုန်ဝါးလာတော့၏။ ရင်ထဲ၌ ပူလောင်သည်မှာ မချိမဆံ့ပင်ဖြစ်၏။

'ဟဲ ဟဲ သိချင်ရင် သိရပါတယ်ကွာ၊ ငါကလဲ မကြာခင် သေမယ့်သူကို အခွင့်အရေး ပေးပါတယ်၊ ကဲ ကြည့်'

မျက်နှာဖုံးနှင့်လူက သူ၏မျက်နှာဖုံးကို ချွတ်ပြလိုက်သည်။

ချီတန်းသည် မှုန်ဝါးပြာစေသော မျက်လုံးအစုံဖြင့် လူသတ်သမားကို ကြည့်လိုက်ပါသည်။

'ဟင် လက်စသတ်တော့ ခင်ဗျားကိုး'

'ဟား ဟား ဟား'

မျက်နှာဖုံးရှင် လူသတ်သမားသည် အခန်းတံခါး တစ်ခုကို ဆတ်ခနဲဆွဲဖွင့်၍ ချီတန်း၏ ရင်ဝကို ကန်ထည့်လိုက်ရာ

'ဝုန်း'ခနဲ အသံနှင့်အတူ

လူဆိုးထိန်း ချီတန်းသည် အလွန်မှောင်သော အခန်းကျဉ်းကလေးထဲ၌ ငြိမ်သက်သွားလေတော့သည်။

လူသတ်သမားသည် တံခါးကို ပြန်ပိတ်၍ အခြားပစ္စည်းများဖြင့် ပုံးလွှမ်းလိုက်သောအခါ ထိုနေရာသည် တံခါးတစ်ချပ် ရှိနေပါသည်ဟူ၍ မည်သူမှ သိနိုင်မည်မဟုတ်တော့ပါ။

ဟိုကန်းစုသည် မြို့ပြအုပ်ချုပ်ရေးရုံးသို့ သွား၏။

ချီတန်းကို မတွေ့ရ၍

ရိအော့ အလောင်း တွေ့ရသော နေရာသို့ သွားကြည့်ပြန်သည်။



ဟိုကန်းစုသည် အချိန်အတန်ကြာအောင် နေရာနှင့်ပတ်ဝန်းကျင်ကို လေ့လာနေမိ၏။

ထို့နောက် မြို့ပြအုပ်ချုပ်ရေးရုံးသို့ ပြန်[illegible]။

ဟိုကန်းစုသည် ကျီမာကို သွားတွေ့လိုက်၏။

'ကျီမာ၊ မင်းဆီကို ဒီနေ့ ချီတန်း လာတွေ့သေးလား'

ကျီမာက ခေါင်းညိတ်လိုက်သည်။

'လာတွေ့ပါတယ်၊ ဒီနေ့ည ညစာကိုတောင် ရှင့်လိုပဲ ကောင်းမွန်စွာ ကျွေးပါမယ်လို့ ပြောသွားသေးတယ်'

'တခြားကော ဘာပြောသေးလဲ'

ကျီမာက စဉ်းစား၍

'အော် ကျွန်မတို့ခေါင်းဆောင်ကြီးနဲ့ တွေ့တဲ့နေရာကိုမေးပါတယ်'

'သူအဲဒီကို သွားမယ်လို့ကော ပြောသလား'

'အဲဒီလိုတော့ တိတိကျကျမပြောဘူးရှင့်၊ ရိအော့ သေဆုံးရတာရယ်၊ နောက်ပြီး ရှင်နဲ့ ပိုက်မှုရှန်း တိုက်ခိုက်လို့ ပိုက်မှုရှန်းသေသွားတဲ့အကြောင်းရယ်၊ ကျွန်မ အင်မတန်ကံကောင်းတယ်ဆိုတဲ့အကြောင်းတွေတော့ ပြောသွားတယ်'

ဟိုကန်းစုက

'မင်း သေသေချာချာ စဉ်းစားစမ်းပါ၊ အဲဒီ မြင်းစာသိုလှောင်တဲ့ အဆောက်အအုံထဲမှာ တခြား လျှို့ဝှက်ခန်းတွေများ ရှိနိုင်မလား'

ကျီမာက စဉ်းစား၍ ခေါင်းယမ်းလိုက်သည်။

'ကျွန်မတို့အဲဒီအဆောက်အအုံကိုသွားတဲ့အခါမှာ ညဘက်

ဖြစ်ပါတယ်၊ နောက်တစ်ကြိမ်ကညနေစောင်းဖြစ်တယ်၊ ကျွန်မတို့ဝင်ရမယ့်အခန်းကို လူတစ်ယောက်က လက်ညှိုးညွှန်ပြတယ်၊ ဒါပဲ ကျွန်မသိရတယ်၊ ကျွန်တို့အခန်းဖွဲ့စည်းပုံကို ကျွန်မမသိပါဘူး’

ဟိုကန်းစု မျက်မှောင်ကြုတ်၍ စဉ်းစားရာမှ သူမကို နှုတ်ဆက်ပြီး အပြင်သို့ ထွက်ခဲ့သည်။

အပြင်တွင် လူဆိုးထိန်း တစ်ဦးဖြစ်သူ ကစ်တီးဝမ် နှင့် အခြားအရာရှိ အာဏာသားများက ဟိုကန်းစုကို စောင့်ကြို နေကြသည်။

ဟိုကန်းစုက

‘ခင်ဗျားတို့ထဲက နောက်ဆုံး ချီတန်းကို ဘယ်သူ တွေ့မိလိုက်သလဲ’

အသက်ငယ်ငယ် တပ်သားလေးတစ်ယောက်က

‘သူ့အလောင်းတွေ့တဲ့နေရာကို သွားဦးမယ်ဆိုပြီး ထွက်သွားတာ သိပ်မကြာသေးပါဘူး’

တစ်ယောက်က

‘ခုချက်ချင်း ပြန်လာမယ်လို့လဲ ကျွန်တော့်ကို ပြောသွားပါတယ်၊ သူပြန်လာရင် ဂျိမ်းအတွက် ညစာကို စီစဉ်ရမယ်လို့တောင် ကျွန်တော့်ကို ပြောသွားသေးတယ်’

ဟိုကန်းစုက တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်လေသည်။

သူသည် လူဆိုးထိန်းတစ်ဦးဖြစ်သည့် ကစ်တီးဝမ်ကို လှမ်းကြည့်လိုက်သည်။



‘ဆရာ ကစ်တီးဝမ်၊ လက်နက်အပြည့်အစုံနဲ့ တပ်သား ဘယ်လောက် ရနိုင်မလဲ’

လူဆိုးထိန်းကစ်တီးဝမ် အံ့ဩသွားသည်။

‘ခင်ဗျားစိတ်ထဲမှာ ချီတန်း တစ်ခုခု ဖြစ်ပြီ ထင်လို့လား’

ဟိုကန်းစုက

‘ကျုပ်ထင်တာ မလွဲဘူးဆိုရင် ခဲရာခဲဆစ် ရင်ဆိုင်ရလိမ့်မယ်ဗျ၊ သူဌေး ကွမ်ဖုဂေဟာကို ဒီည မွှေနှောက်ရမှာပဲ’

လူဆိုးထိန်း ကစ်တီးဝမ်က

‘ဖြစ်ပါ့မလား၊ မဟုတ်ခဲ့ရင် ကွမ်ဖုက’

ဟိုကန်းစုက ဖြတ်၍

‘အို ခင်ဗျား ဒါတွေ တွေးနေလို့ ဘယ်ဖြစ်မလဲ၊ လွဲမှားခဲ့ရင် တောင်းပန်ရုံပဲပေါ့၊ ခင်ဗျား လူအင်အားကို ပြောပါ’

ကစ်တီးဝမ်က

‘လက်ရွေးစင် သုံးဆယ်လောက် ဆိုရင်ကော’

‘လက်ရွေးစင် တပ်သားဆိုရင် မဆိုးပါဘူး၊ အမြန်ဆုံး ပြင်ဆင်ပါ၊ ကျွန်တော်ပြောချင်တာက ဆယ့်ငါးယောက်ကို ခုချိန်ကတည်းက ကွမ်ဖုဂေဟာရဲ့ ပတ်ဝန်းကျင်မှာ ဝိုင်းထားပေးပါ၊ ပိပိရိရိပေါ့ဗျာ၊ ကျန်တဲ့ ဆယ့်ငါးယောက်က ကျွန်တော်နဲ့ အတူဝင်မယ်’

‘ကောင်းပြီလေ’

ကစ်တီးဝမ်က သူ့ငယ်သားများကို အမိန့်ပေးနေ၏။

❀

အချိန် သိပ်မရပါ။

မကြာမီ နေလုံး ပျောက်ကွယ်တော့မည် ဖြစ်သည်။

ထိုအချိန်ကို ဟိုကန်းစုက မလိုလားပေ။

မိုးချုပ်၍ မှောင်မိုက်သွားလျှင် ပိုမို၍ ခက်ခဲသွားလိမ့်မည်ဟု ထင်လိုက်လေသည်။

ထို့ကြောင့် သူသည် လူဆိုးထိန်း ကစ်တီးဝမ် အပါအဝင် လူ ဆယ့်ငါးယောက်ခန့်ကို သူနှင့်အတူ ခေါ်၍ ကွမ်ဖုဂေဟာထဲသို့ ရဲတင်းစွာပင် ဝင်ရောက်လိုက်သည်။

ဟိုကန်းစုသည် ထိုဂေဟာထဲသို့ မဝင်မီ လမ်းပေါ်၌ လူနှစ်ဦးကို တွေ့လိုက်သည်။

ထိုလူနှစ်ဦးအနက် တစ်ဦးကို နှုတ်ဆက်မည်ဟု ကြံမိသေး၏။ သို့သော် ဤကဲ့သို့ အရေးကြီးနေချိန်တွင် ထိုလူကို နှုတ်ဆက်နေ၍ မဖြစ်သောကြောင့် နှုတ်မဆက်ဘဲ ကွမ်ဖုဂေဟာထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်လိုက်သည်။

မြို့ပြအုပ်ချုပ်ရေး တပ်သားများ နှင့်အတူ လူဆိုးထိန်း ကစ်တီးဝမ်ပါ ရောက်ရှိလာသဖြင့် ကွမ်ဖုမှာ မျက်နှာတစ်ခုလုံး နီမြန်း သွားတော့သည်။ နေ့လည်ဘက်ကလည်း လူဆိုးထိန်း ချီတန်း လာရောက်သွားသည်ကို သတိပြုမိလိုက်၏။

'အလို...လူဆိုးထိန်းကြီး ကစ်တီးဝမ် ပါလား၊ တပည့် တပ်သား အစုံအလင်နဲ့ ဘယ်လိုသတင်းများ ရလို့ပါလဲ'

လူဆိုးထိန်းကစ်တီးဝမ်သည် သူဌေးကြီး ကွမ်ဖုကို အားနာနေသည့် အသွင်မျိုး ဖြစ်နေ၏။

ဟိုကန်းစုက



'ကဲ ကစ်တီးဝမ်၊ ခင်ဗျား ကွမ်ဖုကို ထွက်မပြေးနိုင်အောင် ထိန်းထားပါ'

ကစ်တီးဝမ်သည် အားနာသော်လည်း သူ၏ ဓားရှည်ကို ထုတ်၍ ကွမ်ဖုကို အသင့် ချိန်ရွယ်ထားလိုက်သည်။

'ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ'

ဟိုကန်းစုက

'ကျုပ် မကြာခင် အဖြေပေးပါ့မယ်'

သူသည် ပြောပြီး အာဏာသားများကို တစ်အိမ်လုံး ရှာဖွေခိုင်းသည့်အပြင် မြင်းစာ သိုလှောင်ထားသည့် နေရာကိုလည်း အနံ့အပြား ရှာဖွေစေတော့သည်။

အိမ်ထဲ၌ စည်သို့မှ ထူးခြားမှု မတွေ့ရသောအခါ ဟိုကန်းစုသည် မြင်းစာ သိုလှောင်သည့် အဆောက်အအုံတွင် နေရာအနှံ့ ရှာဖွေတော့သည်။

ဟိုကန်းစုသည် အခန်းတံခါးတစ်ခုကို ဖွင့်၍ ဝင်လိုက်သည်။ ရှုးဦးစွာ အုတ်လှေကားကို တွေ့ရ၍ ကပျာကယာ ပြေးကပ်သွားသည်။

ထို့နောက် အပေါက်ကလေးမှ နေ၍ တစ်ဘက်ခန်းသို့ ကြည့်လိုက်သည်။

'အင်း ဂိုဏ်းချုပ်ကြီးဆိုတဲ့သူဟာ ဒီနေရာက အမိန့်ပေးနေတာပဲ ဖြစ်ရမယ်'

'သူ ဘယ်က ဝင်နိုင်သလဲ'

ဟိုကန်းစုသည် အဝင်လမ်းကို သေချာစွာ တွက်ကြည့်လိုက်၏။

အခြားနေရာမရှိပါ။

ကွမ်ဖုဏ်အိမ်ထဲမှလာလျှင်လာ မလာလျှင် အခြားလျှို့ဝှက်ခန်းတစ်ခု ဤနေရာတွင် ရှိနေရမည်။

ဟိုကန်းစုသည် မြေအောက်ခန်းများ ရှိလေမလားဟုချောချောကျနစွာ ရှာသည်။

မတွေ့ရပါ။

အတော်ကလေး စိတ်ဓာတ်ကျသွား၏။

သူသည် အခြား တပ်သားများကို မြေအောက် လျှို့ဝှက်တံခါးများ ရှိမရှိ အသေအချာရှာဖွေခိုင်းပြီး ကွမ်ဖုထံသို့ ပြန်ရောက်လာခဲ့လေသည်။

❁

ကွမ်ဖု မိသားစုများသည် အားလုံး ဒေါသထွက်နေကြသည်။

ကစ်တီးဝမ်လည်း မျက်နှာပျက်နေ၏။

ဟိုကန်းစုက မကျေနပ်ပေ။

ကွမ်ဖုဏ်၊ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

'ခင်ဗျား ရိုအော့ကို သိသလား'

ကွမ်ဖုက

'သိသားပဲ၊ သူဟာ ရတနာကုန်သည်တစ်ယောက်ပဲ၊ ဒါပေမယ့် ဒီနေ့ အသတ်ခံရတယ် မဟုတ်လား'



'ဒီအနီးအနားမှာပဲ သေသွားတယ်ဆိုတာကော ခင်ဗျား သိသလား'

'ဒါတော့ အလုပ်သမားတွေပြောပြလို့ ကျုပ်သိတာပေါ့'

'ခင်ဗျားဆီကို မကြာခင်က လူဆိုးထိန်း ချီတန်းလာသလား၊ မလာဘူးလား ခင်ဗျား မှန်မှန်ပြောပါ'

ကွမ်ဖုသည် သေသေချာချာ စဉ်းစားပြီးမှ ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်၏။

'လာတယ်၊ မင်းတို့လိုပဲ ဟိုဟာမေး ဒီဟာမေးနဲ့ သူပြန်သွားတာပဲ'

ဟိုကန်းစုက ကစ်တီးဝမ်ကို တစ်ချက်ကြည့်လိုက်ပြီး၊ ထို့နောက်ဆက်၍

'ချီတန်း ပြန်သွားပါတယ်လို့ ခင်ဗျား ဘာကြောင့်ပြောနိုင်သလဲ'

ကွမ်ဖုသည် ဟိုကန်းစုကို တစ်ချက်မကျေမနပ်နှင့်မော့ကြည့်လိုက်သည်။

'သူဒီကို လာတယ်၊ နောက်တော့ ကျုပ် မြင်းစောင်းကို ကြည့်ချင်တယ်ဆိုပြီး ဟိုဘက်ကို ကူးသွားတယ်၊ ပြန်တယ် မပြန်ဘူးဆိုတာကတော့ သူက ကျုပ်ကို နှုတ်ဆက်သွားတာမှ မဟုတ်ဘဲ'

ဟိုကန်းစုသည် ကွမ်ဖုကို သေသေချာချာလေ့လာကြည့်၏။

ကွမ်ဖုဏ် ပြောပုံဆိုပုံများအရ မိမိ၏ တွက်ကိန်း လွဲသွားပြီလားဟု စိတ်ထဲမှ သံသယဝင် သွားလေတော့သည်။

သို့သော်လည်း ဟိုကန်းစုသည် တော်ရုံဟန်ရုံနှင့် စိတ်ခတ် ကျသူ တစ်ဦးမဟုတ်ပါ။

သူထင်ထားလျှင် တစ်နည်းနှင့်မဟုတ် တစ်နည်းနှင့် ဆက် နွှယ်နေရမည်ဟု အတတ်သိထားသည်။

'ဒီမှာ ကွမ်ဖုံ၊ ခင်ဗျားမှန်မှန်ပြောရင် သက်သာလိမ့်မယ်၊ ခင်ဗျား တစ်စုံတစ်ယောက်ကို ကြောက်နေတယ် မဟုတ်လား'

ကွမ်ဖုသည် သက်ပြင်းချ၍ ခပ်ငိုင်ငိုင် ဖြစ်သွားသည်။ ထို အမူအရာမျိုးကို ဟိုကန်းစု ကောင်းစွာ အကဲခတ်တတ်သည်။

'ကျုပ်ဘာမှ မသိဘူးလို့ မောင်ရင့်ကို ဘယ်နှစ်ခါ ပြောရ မလဲ'

'ခင်ဗျား အဲဒီလိုမပြောပါနဲ့'

ကွမ်ဖုံသည် ကစ်တီးဝမ်ကို ကြည့်လိုက်သည်။

'သူက ဘယ်သူလဲကွ၊ ငါ့ကို မတရားစွပ်စွဲရင် ငါမှုံတော် ဝန်နဲ့တိုင်မယ်၊ အားလုံး ဒုက္ခရောက်သွားမယ်'

ကစ်တီးဝမ် သိသိသာသာ မျက်နှာပျက်သွားသည်။

သူသည် ကွမ်ဖုကို ယုံကြည်ထားသူ ဖြစ် သော ကြောင့် အကယ်၍ မီမီကမှားယွင်းပြီး ဖမ်းဆီးစစ်ဆေးမိပါက မြို့တော် ဝန်နှင့်တိုင်ကြားလျှင် မိမိ ဒုက္ခရောက်ရမည်ကို စိုးရိမ်နေပေ သည်။

ဟိုကန်းစုက မဲ့ပြုံး ပြုံး၍

'ဒီမှာ ကွမ်ဖု၊ ကျုပ်တို့ကို မခြိမ်းခြောက်နဲ့ မရဘူး၊ ကျုပ် ဟာ နေပြည်တော်က ထောက်လှမ်းရေးသမား ချီလုယန်း ဆို



တာ မှတ်ထားပါ၊ ကျုပ်ဟာ မပိုင်တဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး'

ကွမ်ဖုက ပခုံးနှစ်ဘက်ကို မခန့်လေးစား တွန့်လိုက်သည်။

'ဒီမှာ ကျုပ်မေးမယ်၊ ခင်ဗျားရဲ့ မြင်းစာ သိုလှောင်တဲ့ အဆောက်အအုံကြီးဟာ ဂိုဏ်းတစ်ဂိုဏ်းရဲ့ ညွှန်ကြားတဲ့နေရာ ဖြစ်နေတယ်ဆိုတာကော ခင်ဗျား သိသလား'

ကွမ်ဖုက

'ကျုပ်ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ ကျုပ်က ဒီမှာနေတာ၊ အဆောက်အအုံက ဟိုမှာ၊ အဲဒီတော့ ဟိုမှာ ဘာတွေဖြစ်နေ တယ်ဆိုတာ ကျုပ် လုံးဝ မသိဘူး'

ဟိုကန်းစုက

'ခင်ဗျား ညာနေတာ၊ ဒီဘက်အစွန်ဆုံးအခန်းကနေ ကပ် သွားရင် အုတ်နံရံမှာ တစ်ဘက်အခန်းကို ကြည့်ပြီး စကား ပြောလို့ရအောင် ဘာရည်ရွယ်ချက်နဲ့ ဖောက်ထားတာလဲ၊ အဲဒီ နေရာကပဲ ခင်ဗျား အမိန့်ပေးနေတာပဲ မဟုတ်လား'

ကွမ်ဖုက ရယ်လိုက်သည်။

'မင်းပြောတာတွေ ငါတစ်ခုမှ နားမလည်ဘူး၊ ကျုပ် ဟာ ဘာဂိုဏ်းခေါင်းဆောင်မှလဲ မဟုတ်ဘူး'

'ခင်ဗျား အဆောက်အအုံထဲမှာ တခြား လျှို့ဝှက်ခန်း ရှိ သေးတယ် မဟုတ်လား'

ကွမ်ဖုက ပခုံးနှစ်ဘက်တွန့်၍

'မောင်ရင်တို့ အခုရှာဖွေနေကြတာပဲ၊ ကျုပ်က ဘာပြော ရလိုသေးလို့လဲ'

'ဒီမှာ ကွမ်ဖု၊ ခင်ဗျား ချိတန်းကို သတ်ပစ်တယ်ဆိုတာ ကျုပ်ရဲရဲတင်းတင်းပြောရဲတယ်၊ ဒီတော့ ခင်ဗျားကိုလဲ ကျုပ်က ပြန်သတ်ရမှာပဲ'

ဟိုကန်းစုသည် ပါးစပ်မှပြောရင်း အိတ်ထဲမှ အဆိပ်အပ်ထည့်ထားသော ဘူးကလေးကို ထုတ်ယူလိုက်သည်။

ထို့နောက် သူ၏လက်ကို သားရေလက်အိတ် စွပ်လိုက်သည်။

ဟိုကန်းစု ရည်ရွယ်ချက်မှာ

ဂိုဏ်းချုပ်ကြီးကျိုးသည် မြွေမင်းရာဇာ အဆိပ်ကို သုံးသူဖြစ်သည်။

ထိုမြွေမင်းရာဇာအဆိပ် မိမိလက်ထဲ၌ရှိနေသည်ကိုတွေ့လျှင် မည်သည့်နည်းနှင့်မဆို အံ့သြထိတ်လန့်သည့် အမူအရာပြမည်ဟု သူက သေသေချာချာ တွက်ဆထားသည်။

ထို့ကြောင့် ဟိုကန်းစုသည် လက်အိတ် စွပ် ပြီး သည် နှင့် အဆိပ်အပ်ကလေးကို တဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်လေသည်။

အခန်း ၃၆ ။

## တရားခံ အစစ်အမှန်

ထိုမြွေဆိပ်အပ်ကို သိထားသူတိုင်းသည် ထိုအပ်ကို မြင်ရုံနှင့် ထိတ်လန့်သွားတတ်ကြသည်။

ဟိုကန်းစုက အပ်ကိုတဖြည်းဖြည်းချင်းဆွဲထုတ်၍ ကွမ်ဖုကို ပြသလိုက်သည်။

'ဟင်း ဟင်း ဒါဟာ ခင်ဗျားရဲ့ လက်စွဲတော်ပဲမဟုတ်လား၊ အဲဒီအဆိပ်နဲ့ပဲ ခင်ဗျားကို ပြန်သတ်မယ်'

ကွမ်ဖုသည် သရုပ်ဆောင်ကောင်းသည်ဟုပဲ ဆိုရလေမလား မသိ မည်သို့မှ တုန်လှုပ်ခြင်းမရှိဘဲ အဆိပ်အပ်ကို မမြင်ဘူးသကဲ့သို့ စူးစူးဝါးဝါး ကြည့်နေသည်ကို တွေ့ရသောအခါ ဟိုကန်းစုအဖို့ သိသိသာသာ စိတ်ပျက်သွားရတော့သည်။

သူ၏စိတ်ထဲတွင်

ဂိုဏ်းချုပ်ကြီး ကျိုးဆိုသူသည် ကွမ်ဖု မဖြစ်နိုင်ကြောင်းရိပ်စားမိလာတော့သည်။

အကယ်၍သာ ဂိုဏ်းချုပ်ကြီးကျိုးဖြစ်ခဲ့လျှင် သူ၏ အဆိုပ်အပ်ကို မိမိထံ၌ မြင်လိုက်သည်နှင့် စိတ်လှုပ်ရှားမှုများ ဖြစ်မှာသေချာပေသည်။

ယခု ကွမ်ဖုသည် မည်သို့မှ ထူးခြားဟန်မပြဘဲ မမြင်ဖူးသောပစ္စည်းတစ်ခုကို ကြည့်နေသကဲ့သို့ စူးစိုက်ကြည့်နေသည်ကို တွေ့ရ၏။

'ဒါ မြွေမင်းရာဇာ အဆိပ်ဆိုတာ ခင်ဗျားမသိဘူးလား'

'မြွေမင်းရာဇာ အဆိပ်'

ကွမ်ဖုက သူ၏စကားအတိုင်း ပဲ တင်ထပ်လိုက်သည်။

'ခင်ဗျားအမှန်အတိုင်း မပြောရင်တော့ ဒီအဆိပ်ကိုပဲ သုံးရတော့မှာပဲ'

'မင်းတို့တစ်တွေ ကျုပ်ကိုသက်သက် စော်ကားနေကြတာ၊ ကျုပ်သေသွားသည့်တိုင်အောင် မင်းတို့ကို ခွင့်မလွှတ်ဘူး၊ ဘုရင်မင်းမြတ်နား ပေါက်ကြားအောင် ငါက တိုင်ကြားရလိမ့်မယ်'

ကစ်တီး ဝမ်သည် ဟိုကန်းစုမျက်နှာကိုမော့ကြည့်ကာ စိုးရိမ်စိတ်များ ဖြစ်နေဟန်တူသည်။

ဟိုကန်းစုက အဆိပ်အပ်ကို ဘူးထဲသို့ ပြန်ထည့်လိုက်၏။

သူသည် ကွမ်ဖုကို အကြမ်းနည်းဖြင့် ခြိမ်းခြောက်၍ မရတော့မှန်း သိလာသည်။



သို့သော် ကွမ်ဖုသည် တစ်စုံတစ်ရာကို ဖုံးကွယ်ထားသည်မှာ သေချာသည်ဟု ဟိုကန်းစုက သိရှိထားသည်။

မိုးက ချုပ်စပြုနေပြီ ဖြစ်သည်။

အကယ်၍ မိုးချုပ်၍ အမှောင်ပိုင်းသို့ ရောက်လာပါလျှင် အခြေအနေမှာ ရန်သူဘက်က သာသွားနိုင်သည်ကို ဟိုကန်းစုသိရှိလာသည်။

သူသည် ပရိယာယ်တစ်မျိုး ပြောင်းလိုက်သည်။

'ဒီမှာ ကွမ်ဖု၊ ခင်ဗျားသေသေချာချာ စဉ်းစားပါ၊ အခုဆိုရင် နေပြည်တော်က တပ်မှူးတွေလဲ ရောက်နေတယ်၊ သူတို့လာရတဲ့ကိစ္စက ဘုရင်မင်းမြတ်ကိုယ်တိုင်က ရတနာတွေပျောက်ဆုံးနေမှုနဲ့ပတ်သက်ပြီး အမိန့်ထုတ်လိုက်လို့ပဲ၊ အကယ်၍ အဲ့ဒီတရားခံကို မိတဲ့အခါမှာ ခင်ဗျားဟာ တစ်နည်းနည်းနဲ့ ပတ်သက်နေတယ်ဆိုရင် သိပ်တော့သက်သာမယ် မထင်ဘူး၊ အဲ့ဒီတော့ ခင်ဗျားမှာ သိသင့်သိထိုက်တဲ့အချက်တွေ ရှိနေရင်ပြောပြပါ၊ ခင်ဗျားမပါဝင်မပတ်သက်စေရဘူး'

ကွမ်ဖု မသိမသာ သက်ပြင်းချလိုက်သည်ကို ဟိုကန်းစုသတိပြုမိသည်။

'ကျုပ် ဘာမှ နားမလည်ရပါလား မောင်ရင်'

ဟိုကန်းစုက

'ခင်ဗျားရဲ့ အဆောက်အအုံတွေကို တစ်စုံတစ်ယောက်က အသုံးပြုနေတာကိုတော့ ခင်ဗျားသိရမယ်ဗျာ'

ကွမ်ဖု၏ ဇနီးနှင့် သမီးများဖြစ်ဟန်တူသည့် လူများသည် ကွမ်ဖုကိုသာ ငေးမော၍ ကြည့်နေကြသည်။

သူမတို့သည် အာဏာသားများက ဂေဟာတစ်ခုလုံးကို ဝိုင်းဝန်းထားသဖြင့် ကြောက်လန့်နေကြ၏။

ဟိုကန်းစုသည် သူ၏မိသားစုများကို ကြည့်လိုက်၏။

'ခင်ဗျားသိတာ ရှိရင်တော့ ပြောသင့်တယ်ဗျာ၊ ခင်ဗျား မိသားစုတွေကို ခင်ဗျား မသနားဘူးလား'

'ကျုပ် ဘာမှ မသိဘူး ဘာဆို ဘာမှမသိဘူး'

ဟိုကန်းစုသည် ကွမ်ဖုကို မျက်နှာလွှဲလိုက်ပြန်သည်။

'ကျုပ် ခင်ဗျားအိမ်မှာ ရှာချင်သေးတယ်'

ဟိုကန်းစုသည် ထိုသို့ပြောပြီးသည်နှင့် တစ်ခန်းဝင်တစ်ခန်း ထွက် ပစ္စည်းများကိုရှာသည်။

သူသည် ကြီးမားသော သေတ္တာကြီးများကို တွေ့ရသည့် အခါ ကွမ်ဖု၏ ဇနီးထံမှ သော့ကိုတောင်းယူ၍ ဖွင့်လှစ်ပြီးရှာ ဖွေ၏။

ကွမ်ဖုသည် သူဌေးတစ်ယောက် ဖြစ်သော်လည်း အဖိုးတန် ရွှေငွေ ကျောက်သံပတ္တမြားဟူ၍ များများစားစား မတွေ့ရပါ။

ဟိုကန်းစုသည် ဘုရားခန်းထဲတွင်လည်း နေရာအနှံ့ ရှာဖွေ သည်။

ထိုစဉ်အခိုက် သူသည် ဟောင်းနွမ်း စုတ်ပြဲလုမတတ်ရှိနေ သော စာရွက်တစ်ရွက်ကို တွေ့ရှိရလေသည်။

ပထမ ထိုစာရွက်သည် မည်သို့မှ ထူးခြားမှုမရှိဟု ထင်လိုက် သော်လည်း ထိုစာရွက်ကို အဘယ်ကြောင့် ဘုရားခန်းအတွင်းရှိ ရုပ်ပွားတစ်ခုအောက်၌ ဝှက်ထားရပါသနည်းဟု စဉ်းစားမိ သောအခါ သေသေချာချာ ဖတ်ကြည့်သည်။



တစ်စုံတစ်ယောက်က ကွမ်ဖုထံ ရေးထားသောစာရွက် ဖြစ် နေသည်။

ဟိုကန်းစုသည် ပျက်လုနီးပါးဖြစ်နေသော စာလုံးအချို့ကို မရရအောင် ဆက်စပ်၍ ဖတ်ကြည့်သည်။

ထိုအခါ ကွမ်ဖုအား ခြိမ်းခြောက်ထားသည့် စာတစ်စောင် ဖြစ်နေသည်ကို တွေ့ရှိရ၏။

ဟိုကန်းစုသည် စာရွက်ကို သေချာသည်ထက် သေချာအောင် ဖတ်ရှုပြန်သည်။

ဆက်စပ်၍ ဖတ်ရသည်မှာ ကွမ်ဖုက သူ့စကားကို နားထောင် ပါ၊ နားမထောင်ရင် မိသားစုအားလုံး အသေဆိုးနှင့် သေရ မည်ဟု အတိအလင်း ရေးသားထားသည်ကို တွေ့ရလေသည်။

ထိုစာ၏ အောက်ခြေတွင် လက်မှတ် ရေးထိုးထားသည်မှာ 'စွမ်း' ဟူသော နာမည်တစ်လုံးကိုလည်း တွေ့ရလေသည်။

ဟိုကန်းစုသည် လူဆိုးထိန်း ကစ်တီးဝမ်အား ကွမ်ဖုကို ဘုရားခန်းထဲသို့ ခေါ်လာခဲ့ရန် လှမ်းပြောလိုက်သည်။

ကစ်တီးဝမ်က ကွမ်ဖုကို ဘုရားခန်းထဲသို့ ခေါ်လာသည်။

ဟိုကန်းစုက ရုတ်တရက်...

'စွမ်း... အမျိုးအနွယ်ထဲက လူတစ်ယောက်ကို ခင်ဗျား သိသလား'

ကွမ်ဖုမှာ ရုတ်ခြည်း မျက်နှာပျက်သွားသည်။

ဟိုကန်းစုက ပြုံးလိုက်လေသည်။

'ကွမ်ဖု ခင်ဗျား ကျုပ်ကို လိမ်နေတယ်၊ ခင်ဗျား တစ်စုံ

တစ်ယောက်ရဲ့ ခြိမ်းခြောက်တာ ခံနေရတာ အချိန်အတော်ကြာခဲ့ပါပြီ၊ ဟုတ်တယ် မဟုတ်လား’

ကွမ်ဖု မည်သို့မျှ မဖြေပါ။

‘ဒီမှာ ကွမ်ဖု’

ကွမ်ဖုက မော့ကြည့်လိုက်သည်။

‘ဘာလဲ’

‘ခင်ဗျားဟာ ခင်ဗျားရဲ့ မိသားစုကို အင်မတန် သံယောဇဉ်ကြီးမားပုံရတယ်၊ ဟုတ်တယ်မဟုတ်လား’

ကွမ်ဖုက

‘ကိုယ့်မိသားစုကို သံယောဇဉ်မရှိတဲ့ မိဘအုပ်ထိန်းသူရယ်လို့ လောကမှာ ရှိလို့လားဗျ’

ဟိုကန်းစုက ပြုံးလိုက်ပြီး

‘ထားပါတော့လေ၊ ဒါပေမယ့် ခင်ဗျားအနေနဲ့ ပိုပြီး သံယောဇဉ်ရှိပါတယ်၊ ဒါကြောင့် ‘စွမ်း’ ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ခင်ဗျားကို ခြိမ်းခြောက်ထားတယ်၊ ခင်ဗျားကသူ့ဆန္ဒကို မလိုက်လျောရင် မိသားစုကို သတ်ပစ်မယ်လို့၊ ဟုတ်တယ် မဟုတ်လား’

ကွမ်ဖု ငြိမ်နေသည်။

ဟိုကန်းစုက

‘စွမ်းဆိုတာ ဘယ်သူလဲ’

‘အို ဒါက ဒါက’

‘အေးလေ ခင်ဗျားက ဖွင့်မပြောဘူးဆိုရင် ကျုပ်က ဖွင့်



ပြောတဲ့နည်းကို သုံးရမှာဘဲ၊ ဒါပေမယ့် အဲ့ဒီ ပုဂ္ဂိုလ်ကလဲ ခင်ဗျားကိုတော့ သက်ညှာမှာ မဟုတ်ဘူး’

ကွမ်ဖုမှာ လက်ဝါးနှစ်ဘက်ကိုပွတ်၍ ငြိမ်သက်နေသည်။

‘ခင်ဗျားကသာ ဖွင့်ပြောမယ်ဆိုရင်ကျုပ်တို့အနေနဲ့ချက်ချင်း ကာကွယ်ပေးနိုင်တယ်၊ အဲဒါကို ခင်ဗျား သဘောပေါက်ပါ’

ကွမ်ဖု၏ ဒုတိယအကြိမ် သက်ပြင်းရှည်ကြီး ချသံကို ကြားလိုက်ရလေသည်။

‘ခက်တယ်ဗျာ....ခက်တယ်....သိပ်ခက်နေတယ်’

ကွမ်ဖု စိတ်ညစ်စွာဖြင့် ညည်းတွားလိုက်သည်။

ဟိုကန်းစုက လူဆိုးထိန်း ကစ်တီးဝမ်မျက်နှာကို တစ်ချက်ကြည့်လိုက်လေသည်။

ဟိုကန်းစုက

‘မခက်ပါဘူး၊ ခင်ဗျားသာ ဖွင့်ပြောလိုက်ပါ၊ ခင်ဗျားကို မှဲ့တစ်ပေါက် မစွန်းစေရဘူး၊ ခုဆိုရင် လူဆိုးထိန်း ချီတန်းဟာ ပျောက်နေတယ်၊ စောစောပိုင်းကလဲ ရီအော့ အသတ်ခံလိုက်ရတယ်၊ ရန်သူဟာ ဒီအနီးအနားမှာပဲ ရှိနေတယ်ဆိုတာ ကျုပ်တို့ သိတယ်’

‘အဲဒါကြောင့်မို့ ခက်တယ်လို့ ပြောတာပေါ့၊ ကျုပ်မမြင်ရတဲ့ ရန်သူက ကျုပ်ကိုပါ သတ်နေရင် ဘယ့်နှယ် လုပ်မလဲ’

ဟိုကန်းစု မျက်မှောင်ကြုတ်လိုက်သည်။

‘ခင်ဗျားဆိုလိုတာက စွမ်းဆိုတဲ့လူကို ခင်ဗျား မမြင်ဖူးဘူး လို့ ဆိုလိုတာလား’

ကွမ်ဖုက သက်ပြင်းချ၍ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

ဟိုကန်းစု ပြုံးလိုက်မိတော့သည်။

သူ၏ စစ်ဆင်မှု အခြေအနေသည် အလွန်ပင် အရေးသာလာပြီ ဖြစ်လေသည်။

'ဒီစာဟာ အဲ့ဒီလူက ပေးတာ မဟုတ်လား၊ ခင်ဗျား အမှန်အတိုင်းသာ ပြောပါ၊ ကျုပ် ရအောင် ဖော်ထုတ်မယ်'

ကွမ်ဖုက ခေါင်းညိတ်ပြ၍

'ကဲ၊ ကျုပ်ပြောပါတော့မယ်ဗျာ၊ အဲ ခင်ဗျား သူ့ကို မတွေ့ရင်တော့ ကျုပ်တို့ မိသားစု ဒုက္ခပဲ'

ထိုစဉ် ဟိုကန်းစုက လူဆိုးထိန်း ကစ်တီးဝမ်အား ကွမ်ဖု၏ မိသားစုကို လုံခြုံမှုရအောင် မျက်ရိပ် ပြလိုက်သည်။

ကစ်တီးဝမ်က သူ့လက်အောက်မှ တပ်သားအချို့ကို အမျိုးသမီးများအား စောင့်ရှောက်ရန် အမိန့်ပေးလိုက်၏။

'ဒီလိုပါ၊ ကျုပ်ရဲ့ အဆောက်အအုံကို လွန်ခဲ့တဲ့ ငါးနှစ်လောက် ကတည်းက အဲဒီစွမ်းဆိုတဲ့ လူက အသုံးချဖို့ ပြောတယ်၊ ကျုပ်က သဘောမတူဘူးလို့ ပြောတော့ သူက အဲ့ဒီစာနဲ့ ခြိမ်းခြောက်ပြီး အဆောက်အအုံကို အသုံးပြုနေတာပဲ'

'စွမ်းဆိုတဲ့ လူကို ခင်ဗျား တစ်ခါမှ မမြင်ဖူးဘူးလား'

'ဘုရားပေးပေး၊ ကျမ်းပေးပေး ကျုပ် မမြင်ဖူးပါဘူး၊ သူက အဆောက်အအုံကို သူလာချင်တဲ့အချိန် လာမယ်၊ သွားချင်တဲ့ အချိန် သွားမယ်၊ သူ့လူတွေလဲ လာချင်လာမယ်၊ မေးမြန်းခြင်း၊ စုံစမ်းခြင်း မလုပ်ရဘူးလို့ ပြောထားတဲ့ အတွက် ကျုပ်လဲ လှည့်ကို မကြည့်တော့ဘူး'



'မြင်းစာတွေနဲ့ တခြား ပစ္စည်းတွေကိုတော့ အသုံးပြုခွင့် ပေးထားသလား'

ကွမ်ဖုက ခေါင်းညိတ်လိုက်သည်။

'အဲဒါတွေကိုတော့ သူက အသုံးပြုခွင့် ပေးပါတယ်၊ ကျုပ် အလုပ်သမားတွေက မြင်းစာကို ထုတ်ချင်တဲ့အခါထုတ်၊ သွင်းချင်တဲ့အခါ သွင်း၊ ဘာမှ မလုပ်ဘူး၊ နောက်တစ်ခုက သူတို့ဆိုတာလဲ ကျုပ်ဖြင့် အဲဒီနေရာကို လာနေ သွားနေကြတယ်လို့ တစ်ခါမှ မကြားဖူးဘူး'

ဟိုကန်းစုမှာ ဟုတ်တော့မလိုလိုနှင့် သဲလွန်စက ပြန်လည်၍ ပျောက်ဆုံးသွားရပြန်သည်။

ဟိုကန်းစု အကြီးအကျယ် စိတ်ဓာတ် ကျသွားလေသည်။

'စွမ်း'

ထို စွမ်းအမည်သည် ကျူးအမည်နှင့်ဆက်နွယ်နေပါသလား။

သခင်ကြီး ကျူးဆိုသူမှာ စွမ်း များ ဖြစ်လေမလား။

ဖြစ်သည့်တိုင်အောင်လည်း စွမ်းကျူးကို မိမိက မည်သည့်နေရာမှာ သွားရှာမည်နည်း။

ဟိုကန်းစုသည် ဘုရားခန်းထဲ၌ သုံးပတ်တိတိ လမ်းလျှောက်နေ၏။

သူသည် အလွန်ဉာဏ်ကောင်းသော်လည်း မည်သို့မှဆက်စပ်၍ မရအောင် ဖြစ်နေသည်။

သူသည် ယင်းသို့ လျှောက်လှမ်းနေရာမှ —

ရုတ်တရက် သူ့ခြေလှမ်းကို ရပ်တန့်လိုက်သည်။

သူသည် စကားတစ်ခွန်းမှ မပြောဘဲ လူဆိုးထိန်းကစ်တီးဝမ် ကို ငေး၍ကြည့်နေသည်။

ကစ်တီးဝမ်က သူ ဘာပြောမလဲဟု မျှော်လင့်နေ၏။

'ဟုတ်ပြီ'

ဟိုကန်းစုသည် ပါးစပ်မှပြောရင်း လက်ဖျစ်တစ်ချက်တီး လိုက်သည်။

ကစ်တီးဝမ်ကော ကွမ်ဖူပါ ဟိုကန်းစုကို ငေးကြည့်နေ၏။

'လာဗျာ ကစ်တီးဝမ်၊ ကျွန်တော်တို့ အပြင်ခဏသွားရ အောင်'

ကစ်တီးဝမ်သည် သူ၏ ယောသားများကို သတိနှင့်နေရန် ပြောပြီး ဟိုကန်းစုနောက်သို့ ဘာမသိ ဘာမသိနှင့် လိုက်သွား လေတော့သည်။

အခန်း ၃၇။

# ကျိုး

အချိန်မှာ နေဝင်ရီတရော အချိန်။

မကြာမီ အမှောင်ထု ဖုံးလွှမ်းတော့မည် ဖြစ်သည်။

ဟိုကန်းစုသည် မည်သို့မျှ ဆက်စပ်၍ မရသော စကားများ ကို ကစ်တီးဝမ်အား ပြော၍ တဟားဟား ရယ်မောလာ သည်။

ကစ်တီးဝမ်မှာ ဟိုကန်းစု စိတ်ဖောက်ပြန်နေသည်ဟု ထင် လိုက်မိလေသည်။

သူတို့သည် လမ်းကို မှန်မှန်ကလေး လျှောက်နေသည်။

'မိန်းကလေးက သိပ်လှတာဗျ သိလား၊ ဒါပေမယ့် ကျုပ် ကို မကြိုက်တော့ ခက်နေတာပေါ့ ဟားဟား'

ဟိုကန်းစုသည် သူ့စကားကို သူ ပြောပြီး သဘောကျနေ၏။

ကစ်တီးဝမ်က ရောယောင်၍ ရယ်လိုက်ရသည်။

သို့သော် ဟိုကန်းစုက ထိုစကားများကို ရယ်မောကာ ပြောရင်းမှ

'သတိထားနော် ကစ်တီးဝမ်'

ဟုလည်း ခပ်တိုးတိုး သတိပေးလိုက်ပြန်သည်။

လမ်းပေါ်၌ လမ်းသွား လမ်းလာ အချို့လည်း ရှိနေပေသည်။

သူတို့သည် ဈေးဆိုင်ကလေး တစ်ဆိုင်ရှေ့သို့ ရောက်လာသော်လည်း ဟိုကန်းစုက ရယ်ကာမောကာဖြင့် ပြောလျက်ရှိနေသေး၏။

သို့သော်

ဈေးဆိုင်ကလေး ရှေ့သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဈေးဆိုင်ကလေး၏ ဝဲဘက်ထောင့်တွင် ခပ်ကုတ်ကုတ်ထိုင်နေသော လူတစ်ယောက်ကို ရုတ်တရက်ဝင်၍ ချုပ်ကိုင်လိုက်လေသည်။

ထိုလူကလည်း သတိကြီးစွာဖြင့် ထခုန်လိုက်၏။

လူဆိုးထိန်း ကစ်တီးဝမ် သတိဝင်သွားသည်။ ချက်ချင်းပင် ဟိုကန်းစု ဖမ်းဆီးသော လူကို ဝင်၍ ချုပ်ကိုင်ကာ လျင်မြန်သောနည်းဖြင့် ကြိုးကိုအသုံးပြု၍ ချည်နှောင်လိုက်သည်။

ပြီးသည်နှင့် ထိုလူကို နှစ်ယောက်သား ညှပ်ပြီး ကွမ်ဖုဂေဟာထဲသို့ ဆွဲသွင်းခဲ့လေသည်။



ဈေးဆိုင်မှလူနှင့် လမ်းသွားလမ်းလာ အချို့မှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်နေတော့သည်။

လူဆိုးထိန်း ကစ်တီးဝမ်က ပိုင်နိုင်စွာ ကြိုးနှင့်တုပ်ထားမှုကြောင့် ထိုလူမှာ မလှုပ်သာတော့ပေ။

လက်ပြန်ကြိုးတုပ်ထားသည့်အပြင် လက်မောင်း နှစ်ဘက်ကိုပါ သိမ်းကျုံး၍ တုပ်ထားသောကြောင့် တုတ်တုတ်မျှ မလှုပ်နိုင်တော့ပေ။

ကွမ်ဖု၏ ဂေဟာထဲသို့ ရောက်ရှိလာသည်နှင့် ဟိုကန်းစုက ထိုလူကို သေသေချာချာကြည့်၍ ရယ်မောလိုက်သည်။

'ဟား ဟား ဟား ခင်ဗျား မဆိုးဘူး၊ကျုပ်ကို တော်တော်ဦးနှောက်ခြောက်အောင် လုပ်နိုင်တဲ့လူ'

ကွမ်ဖု မိသားစုနှင့် ကွမ်ဖုသည် လည်းကောင်း၊ လူဆိုးထိန်း ကစ်တီးဝမ်သည် လည်းကောင်း ဟိုကန်းစုကို ကြည့်၍ နားမလည်နိုင်အောင် ဖြစ်နေသည်။

ကွမ်ဖုမှာ တစ်ခါတစ်ရံ စားစရာမရှိ၍ မိမိဂေဟာ၌ပင် တောင်း၍ စားသောက်နေသောသူကို ဟိုကန်းစုက ဖမ်းဆီးခဲ့သဖြင့် မိသားစုများနည်းတူ အံ့အားသင့်နေခြင်း ဖြစ်သည်။

ထိုသူမှာ အခြား မဟုတ်ပေ။

တစ်ချိန်က အာမခံဌာနမှူးကြီးဖြစ်သော ဝမ်းစီထိဆိုသူ ဖြစ်နေသောကြောင့်ပင်။

❀

ဟိုကန်းစုက

'ကဲ ဝမ်းစီထိခေါ် စွမ်းစီထိခေါ် စွမ်းကျိုး၊ အချိန်သိပ် မရှိဘူး၊ လူဆိုးထိန်း ချိုတန်း ဘယ်မှာလဲ၊ ဒါမှမဟုတ် ဘယ် နေရာမှာ သတ်ထားသလဲ ပြော'

ဝမ်းစီထိသည် ဟိုကန်းစုကို ပြုံးကြောင်ကြောင်နှင့် ပြန် ကြည့်သည်။

'မင်း ငါ့ကို ဘာလို့ မတရားလုပ်တာလဲ၊ တစ်ချိန်တုန်းကလဲ ငါ့အာမခံဌာနကို မင်း ဖျက်ဆီးဖြိုးပြီ၊ ခုလဲ'

'ဗုန်း'

ဟိုကန်းစု၏ လက်သီးက ဝမ်းစီထိ၏ မျက်နှာတည့်တည့်သို့ ထိုးသွင်းလိုက်သည်။

မျက်နှာမှ သွေးများ ဖြာကျလာသည်။

'အပိုစကားတွေ မပြောနဲ့၊ တခြားလူကို ခင်ဗျား လှည့်စား လို့ရမယ်၊ ကျုပ်ကို လှည့်စားလို့မရဘူး၊ ချိုတန်းကို ခင်ဗျား ဘယ်မှာ သတ်ထားသလဲ၊ ဒါမှမဟုတ် ဖမ်းထားသလဲ၊ ခပ်မြန် မြန် ပြောပါ'

'ဘာတွေလဲ၊ ငါမသိဘူးကွ'



ကွမ်ဖုနှင့် ကစ်တီးဝမ်တို့သည် ဟိုကန်းစု မှားယွင်းနေပြီဟု ထင်လိုက်ကြသည်။

'ခင်ဗျားက ငြင်းပြန်ပြီလား၊ ကျုပ်ကို သတ်ဖို့ ခင်ဗျား ပိုက်မုရှန်း ကြေးစားကိုလွှတ်တယ်၊ ခင်ဗျား ပိုက်မုရှန်းကို လွှတ် တာ ကျုပ်တစ်ယောက်တည်းမကဘူး၊ ချိုတန်းကော၊ ဖြစ်နိုင် ရင် အချုပ်ခန်းထဲ ရောက်နေတဲ့ ကျီမာကိုပါ သတ်ဖို့ပဲ၊ ဒါပေ မယ့် ပိုက်မုရှန်းက ကျုပ်လက်ချက်နဲ့ ကြွသွားတယ်'

ဝမ်းစီထိ ငြိမ်သက်နေသည်။

'ဒုတိယအချက်၊ ရိအော့ဟာ ခင်ဗျားကို လိုက်ရှာနေတယ်၊ ကျီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို စုံစမ်းနေတယ်၊ ရိအော့နဲ့ ကျုပ်နဲ့ အပေးအယူလုပ်တာကို ဟိုတစ်နေ့က ခင်ဗျား ငွေလာတောင်း ရင်း တွေ့သွားတယ်၊ အဲဒီမှာတင် ခင်ဗျား ရိအော့ကို မသက်သာ တော့ဘူး၊ အဲဒီလိုအချိန်မှာ ရိအော့က နေ့လည်က ဒီမှာလာပြီး စုံစမ်းတယ်၊ ဒါကို ခင်ဗျားပဲသတ်တာ ဖြစ်ရမယ်'

'မင်းစကားတွေက ရယ်စရာပါကွာ'

'ဟင်း ဟင်း ရယ်စရာ ဟုတ်လား၊ ခင်ဗျား မရယ်နိုင်ပါဘူး၊ ခင်ဗျားနဲ့ကျုပ် အမှုဖြစ်တုန်းက တရားသူကြီးက မိဘနာမည် မေးတဲ့အခါမှာ ခင်ဗျား အမှန်ကို ပြောခဲ့တယ်၊ ခင်ဗျားရဲ့ အဖေဟာ စွမ်းယုန်းကုဖြစ်တယ်၊ တရားသူကြီးက ခင်ဗျားကို ပြောခဲ့သေးတယ်၊ ဖအေက စွမ်းအနွယ်ဖြစ်ပြီး ဘာလို့ ဝမ်းစီထိ လို့ ပြောင်းထားတာလဲလို့ မေးတယ်၊ အဲ့ဒီတော့ ခင်ဗျား ဘာပြောသလဲ'

ဝမ်းစီထိ တိတ်ဆိတ်နေသည်။

'ဟဲ ဟဲ အဲဒီတုန်းက ခင်ဗျား ပါးစပ်က လွတ်ခနဲ ထွက်သွားတယ်၊ ကျုပ်ဟာကျုပ် စွမ်းလို့ သုံးချင်သုံးမယ် ကျိုးလို့သုံးချင်သုံးမယ်လို့ မချေမငံ ပြန်ပြောခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားဟာ အမှန်တကယ်လဲ စွမ်းအမည်ကော ကျိုးအမည်ပါ သုံးခဲ့တယ် ဘာငြင်းမလဲ'

'ဟော့ကောင် ဒါတွေက အပိုတွေပဲ၊ ပါးစပ်ကတွေ့ကရာတွေ လျှောက်ပြောမနေနဲ့'

ဟိုကန်းစုံက သူ့ကိုပြောမည်ဟု ကြံစဉ် ဝမ်းစီထိသည် ပါးစပ်မှ ရုတ်တရက် 'ဝူး' ဟု အဆက်အစပ် မရှိပဲ ဆင်တစ်ကောင်လို အော်လိုက်သည်။

တခြားသူက မရိပ်မိသော်လည်း ဟိုကန်းစုကသိလိုက်သည်။ ထို့ကြောင့် ဟိုကန်းစုသည် ဝရံတာသို့ ပြေးထွက်၍

'ဟေး ရန်သူတိုက်ကြ'

ဟု လှမ်းအော်လိုက်လေသည်။

အမှန်ပင် မည်သည့်နေရာက ထွက်လာမှန်းမသိသောအနက်ရောင်ဝတ် ရန်သူ ဆယ်ယောက်ခန့်သည် အာဏာသားများကို တရကြမ်းဝင်၍ တိုက်ခိုက်တော့သည်။

သို့သော် ရန်သူများ တွက်ကိန်းမှားသွား၏။

ဟိုကန်းစုတို့က ကြိုတင်ချထားသော အာဏာသား ဆယ့်ငါးယောက်ကလည်း ချက်ချင်းရောက်ရှိလာကာ အပြင်းအထန် တိုက်ခိုက်တော့သည်။



ကစ်တီးဝမ်နှင့် ဟိုကန်းစုကလည်း ပြိုင်တူပင် တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာ၏။

ကစ်တီးဝမ်က

'ဟိုကန်းစု မင်းနေခဲ့ပါ၊ ဝမ်းစီထိကိုထိန်းထား'

ဟု သတိပေး၍ ဟိုကန်းစု ဝမ်းစီထိထံသို့ ပြန်လာသည်။

တိုက်ပွဲက မကြာပါ။

မကြာသကဲ့သို့ ထူခြားလှသည်မှာ ရန်သူ အားလုံးသည် တစ်ယောက်မှ အညံ့မခံပဲ အသေခံ တိုက်ခိုက်သွားကြခြင်းပင် ဖြစ်သည်။

အားလုံးသေဆုံးရသဖြင့် ဟိုကန်းစု စိတ်မကောင်းဖြစ်သွားရသည်။

သူသည် ဝမ်းစီထိ၏ မျက်နှာကိုသေသေချာကြည့်၍

'ခင်ဗျားလူတွေကို ကျုပ်ချီးကျူးပါတယ်၊ တော်တော်သစ္စာရှိတဲ့ လူတွေပဲ'

ဝမ်းစီထိမှာ အားမတန်၍မာန်လျှော့ရသော်လည်း မျက်နှာက ခပ်ပြုံးပြုံးပင် ဖြစ်နေသည်။

'ကဲ ဝမ်းစီထိ၊ ခင်ဗျားရဲ့ရုပ်လုံးလဲပေါ်သွားပါပြီ၊ ချိုတန်းဘယ်မှာလဲ၊ ခင်ဗျားရဲ့ ရတနာသိုက် ဘယ်မှာလဲ'

'အို ဘာတွေလဲ၊ ကျုပ် ဘာမှ မသိဘူး'

ဟိုကန်းစုက…

'အေးလေ ခင်ဗျားက သေချင်တယ် ဆိုတော့လဲ ကျုပ်က ဘယ်တတ်နိုင်ပါမလဲ၊ ဟောဒီမှာကြည့်၊ ကျီမာဆီက ရထားတဲ့ မြေမင်းရာဇာအဆိပ်အပ်'

ဟိုကန်းစုက လက်အိပ်စွပ်ပြီးသည်နှင့် အဆိပ်အပ်ကို ပြသ လိုက်လေသည်။

ဝမ်းစီထိ သိသိသာသာမျက်နှာပျက်ပြီး ထိတ်လန့်သွား၏။

'ပြောပါ'

'မသိဘူး'

'ကဲ ခင်ဗျား ဒီလောက်တောင် ခေါင်းမာတဲ့ နောက်တော့ ကျုပ်ကလဲ ညှာနေစရာ မလိုတော့ဘူး'

ဟိုကန်းစုသည် အမှန်တကယ်ပင် အဆိပ်အပ်နှင့်ထိုးလိုက်၏။ သို့သော် ဝမ်းစီထိက

'ဟိုး နေပါဦး'

'ပြော'

ဝမ်းစီထိသည် မပြောပေ။

ပေကပ်ကပ် လုပ်နေပြန်သည်။

ဟိုကန်းစုမှာ ဤလူသည် ဝေဒနာခံစားရမှ ပြောမည့်လူစား မျိုး ဖြစ်သည်ဟု သိရှိလိုက်ပြီး အပ်ကို လည်ချောင်းထဲသို့ ထိုး သွင်းလိုက်တော့သည်။

'အား'

'အား ပူတယ်၊ ကျုပ်ရင်တွေ ပူတယ်'



ဝမ်းစီထိသည် အမှန်ပင် မျက်လုံးများ ပြူးကျယ်၍ အသား များ ပြာနှမ်းလာလေတော့သည်။

ဟိုကန်းစုက

'ကျုပ်မှာ ဖြေဆေးရှိတယ်၊ မသေချင်ရင်ပြော'

လူသားတိုင်းသည် ပြင်းထန်သော ဝေဒနာကို မခံစားချင် ကြပါ။

ဝမ်းစီထိသည် ဝေဒနာကို အပြင်းအထန် ခံစားနေရ၏။

ဟိုကန်းစုက ဖြေဆေးရှိသည်ဟု ပြောသော အခါတွင် သူသည် ဟိုကန်းစုကို မျက်လုံးအနိုင်နိုင် ဖွင့်၍ကြည့်ကာ

'ဖြေဆေး ဖြေဆေး ရှိရင်ပေးပါ၊ ကျုပ် ကျုပ်အမှားတွေ ကို မြင်ပါပြီ'

'ချီတန်းဘယ်မှာလဲ'

'ဟို ဟို အစွန်ခန်း မြင်းကုန်းနှီးတွေကို ဖယ်လိုက်ပါ၊ လှျို့ဝှက်တံခါး'

သူ့စကားဆုံးအောင်ပင် မစောင့်တော့ပါ။

ဟိုကန်းစုနှင့် ကစ်တီးဝမ်သည် အဆောက်အအုံကြီးရှိရာသို့ အပြေးအလွှားသွားကြသည်။

တပ်သားအချို့က မီးပုံးများဖြင့်နောက်ကလိုက်လာသည်။

ဟိုကန်းစုနှင့် ကစ်တီးဝမ်သည် နံရံတွင် ချိတ်ဆွဲထားသော မြင်းကုန်းနှီးများကို ဖယ်ရှားလိုက်သည့်အခါ တံခါးပေါက်ကဲ့သို့သော အရာတစ်ခုကို တွေ့ရသည်။

ဟိုကန်းစုက ဆောင့်၍ ဖွင့်လိုက်သည်။

ထိုအခါ တံခါးပွင့်သွားသည်နှင့် ပက်လက်လန် လဲကျနေသော ချီတန်းကို တွေ့ရလေသည်။

ဟိုကန်းစုသည် ချီတန်းကို ပွေ့ဖက်၍ကြည့်၏။

အသားများ ပူနွေးနေသည်ကို တွေ့ရသဖြင့် အဆိပ်အပ်မိထားမှန်း သိလိုက်သည်။

ထို့ကြောင့် လည်ပင်းတစ်ဝိုက်သို့ ရှာဖွေရာ တွင်သည့် အတိုင်းပင် အပ်ကိုတွေ့ရသည်။

ဟိုကန်းစုသည် အဆိပ်အပ်ကို ဆွဲထုတ်ပြီးသည်နှင့် ဖြေဆေးကို ထုတ်ယူသုတ်လိမ်းပေးသည်။

ထို့နောက် ဆေးလုံးအချို့ကို ပါးစပ်ထဲသို့ထည့်ပေး၏။

တပ်သားအချို့သည် မြေအောက်ခန်းထဲသို့ ဆင်းသွားကြသည်ကို တွေ့ရပြီး ဝမ်းသာအားရ အော်ဟစ်သံများ ကြားလိုက်ရလေသည်။

'ဟာ အဖိုးတန် ရတနာတွေဗျို့'



ပိုကျန်းမြို့ တစ်မြို့လုံး ဟိုလေးတစ်ကျော်....။

နှင်ရက်သုံးရက်တိုင်တိုင် ပြောမဆုံးနိုင်သည့် သတင်းများ။

ရတနာများကို ခိုးယူတိုက်ယူ၍ စုဆောင်းနေသော ဥစ္စာရှူးဝမ်းစီထိသည် ကျိုးဂိုဏ်း၏ခေါင်းဆောင်ဖြစ်ကြောင်း။

နေပြည်တော်မှ ထောက်လှမ်းရေးသမား ချီလုယန်းဆိုသူက ဖော်ထုတ်၍ ရန်သူများအားလုံး အသေဖမ်းမိကြောင်း။

အဖိုးထိုက်တန်ပြီး များပြားလှသော ရတနာများကို မြေအောက် လျှို့ဝှက်ခန်း အတွင်းမှရရှိသဖြင့် ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းသွားကြောင်း။

ပိုကျန်းမြို့၏ မြို့စောင့်တပ်သားများအားလုံး ဆုငွေများနှင့်ရာထူးများ ရရှိသည့်အပြင် လူစွမ်းကောင်း ချီလုယန်းကို အထူးပင် ချီးကျူးကြကြောင်း။

ထိုသတင်းများသည် နေရာအနှံ့ ပြောဆိုနေကြသည်။

ဟိုကျင်းမာတို့သားအမိနှင့် ကူဝှားတို့မှာလည်း အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။

သူတို့ မောင်လေးနှင့် ဖခင်ကိုသတ်သော တရားခံများကို မိသည့်အပြင် စေတနာ အာမခံဌာနမှ ကူညီပေးမှုကြောင့် ဒုစရိုက်ဂိုဏ်းသားများမိသည်ဟူ၍ အားလုံးက စေတနာအာမခံဌာနမှ ဟိုကန်းစုကို ချီးကျူးနေကြသည်။

တချို့က ဟိုကန်းစုကို ချီးကျူးစရာမလိုပါ။

ဤကိစ္စမှာ နေပြည်တော်မှ စုံစမ်းထောက်လှမ်းရေးသမား

ချီလုယန်း လာရောက် တိုက်ခိုက်သွားသည်ဟု ပြောဆိုနေကြသည်။

ထိုအကြောင်းကို သေသေချာချာသိသူမှာ ဟိုကျင်းမာတို့မိသားစုနှင့် မြို့ပြအုပ်ချုပ်ရေးရုံးမှ လူဆိုးထိန်းများသာ ဖြစ်ပေသည်။

ချီလုယန်းသည် ဟိုကန်းစု
ဟိုကန်းစုသည် ချီလုယန်း။

နေပြည်တော်မှ မြို့တော်ဝန်မင်းက ချီလုယန်းကို အထူးချီးမြှင့်မြှောက်စားသည်ဟူသော သတင်းများ ထွက်ပေါ်နေသည်။

ထိုသတင်းများ ထွက်ပေါ်နေသော်လည်း နှစ်ရက်လုံးလုံး မိမိတို့၏ဂေဟာသို့ ပြန်မလာသေးသည့် ဟိုကန်းစုကို ဟိုကျင်းမာနှင့် ကွ ိဝှားတို့မှာ စဉ်းစား၍မရဖြစ်နေသည်။

ယနေ့လည်း ဟိုကျင်းမာနှင့် ကွ ိဝှားသည် သူတို့၏ဂေဟာမှနေ၍ စေတနာအာမခံဌာနသို့ ကူးလာကြသည်။

သူမတို့သည် ဟိုကန်းစုကို မမြင်မတွေ့ရပေ။

စားပွဲတစ်လုံး၌ ထိုင်နေသော နေ့ညား တည်ကြည်သည့် ရုပ်ချောချော လူတစ်ယောက်ကိုတွေ့ရသည်။

ထိုလူငယ်သည် အဖြူရောင်သန့်သန့် ဝတ်စုံကို ဝတ်ဆင်၍ သူ၏ခေါင်းစည်းကြိုးကို အနီရောင် ဖဲပြားဖြင့် စည်းနှောင်ထားသည်ကိုတွေ့ရလေသည်။



ကွ ိဝှားနှင့် ဟိုကျင်းမာသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ဘယ်သူပါလိမ့်ဟု အဖြေ ရှာနေကြသည်။

အလုပ်ဌာနတွင် ယုံဝှားတို့ကလည်း ခရီးထွက်ရာမှ ပြန်မရောက်သေးသဖြင့် အလုပ်သမား တစ်ယောက်နှစ်ယောက်သာ ရှိသည်။

သူမတို့စိတ်ထဲတွင် ထိုလူငယ်ကို အလုပ်လာအပ်သည့်လူဟု ထင်နေကြပြီး အနားသို့ရောက်လာသည်။

လူငယ်က သူမတို့ကို မော့ကြည့်စဉ် ကွ ိဝှားက
'ရှင်ဘယ်ကလဲ အလုပ်ကိစ္စနဲ့ လာတာလား'
လူငယ်က ပြုံးလိုက်သည်။
'ကျွန်တော် ချီလုယန်းပါ၊ နေပြည်တော်ကိုပြန်ဖို့ လာနှုတ်ဆက်တာပါ'

'အို'
'ဟင်'
နှစ်ယောက်စလုံး ပါးစပ် ဟသွားတော့သည်။

'ဟိုကန်းစု'ဆိုသည့်လူသည် လောက၌ မရှိတော့ပါလားဟူသောအသိသည် ဟိုကျင်းမာ့စိတ်ကို ချက်ချင်း ချောက်ချားသွားစေတော့သည်။

သူမသည် မျက်ရည်မကျမိအောင် အတန်တန် ထိန်းထားလေသည်။

ကွိဝှားက—

'ဩော်- ဟုတ်ပါတယ်လေ၊ တကယ် တော့ အစ်ကိုက ဟိုကန်းစုမှ ဟုတ်ဘဲ'

'ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ်ရဲ့ ဟိုကန်းစုအယောင်ဆောင်အဝကို ဘယ်သူက လက်ခံမှာမို့ လို့လဲ'

ထိုစဉ် ဟိုကျင်းမာသည် ပျာပျာသလဲဖြင့်

'ရှင်—ဒါဒီလို မပြောပါနဲ့လား၊ ရှုပ်ဟာ ကျွန်မ မောင်လေးထက်ပိုပြီး ကျေးဇူးကြီးမားတဲ့ လူတစ်ယောက်ပါ၊ တစ်သက်လုံးနေမယ်ဆိုလဲ ကျွန်မ ကြည်ဖြူပါတယ်'

ချီလုယန့်က ပြုံးလိုက်သည်။

'ယုံပါတယ် ညီမရယ် ယုံပါတယ်၊ ညီမတို့ မိသားစုတဝကလဲ အေးချမ်းနေပါပြီ၊ ကျုပ်မှာက ဒီနေ့ကျုပ်ကို သတ်ချင်တဲ့ အမျိုးသမီးနဲ့ ချိန်းထားတယ်လေ ဒီတော့မှ စေတနာအာမခံဌာနဟာ တာဝန်ကျေမယ်မဟုတ်လား'

သူမကို ယခုမှ သတိရသွားသည်။

ချီလုယန်းကို လက်တုံ့ပြန်လို၍ ရှာဖွေနေသူ အမျိုးသမီး။

'အို အစ်ကိုရှောင်နေပါ၊ ဒီအမျိုးသမီးကို ကျွန်မတို့ကြည့်ပြီးပြောလိုက်ပါ့မယ်'

ကွိဝှားက စိုးရိမ်စွာဖြင့် ဝင်ပြောသည်။

ဟိုကျင်းမာကလည်း

'ဟုတ်ပါတယ်ရှင်၊ သူ့ငွေကို ကျွန်မပြန်ပေးလိုက်ပါ့မယ်'



ချီလုယန်းက ခေါင်းယမ်းလိုက်သည်။

'ကျွန်တော် သူ့ကို ကတိပေးထားပြီးပြီ၊ ဒီနေ့ ချီလုယန်းကို ဒီနေရာမှာ တွေ့ရမယ်လို့ ချိန်းထားပါတယ်'

ကွိဝှားက

'သူက သူ့ညီမအတွက် အစ်ကို့ကို သတ်မှာ'

'ဘယ်တတ်နိုင်မလဲဗျာ၊ ကျွန်တော့်မှာ အပြစ်ရှိနေတာပဲ၊ လည်စင်းပေးလိုက်ရုံပဲပေါ့'

'မဟုတ်တာရှင်'

ဟိုကျင်းမာ၏ စကားမဆုံးပါ။

ကျင်းယန်းဆိုသော လှပသည့်မိန်းကလေးသည် မြင်းပေါ်မှ ခုန်ဆင်းပြီးသည်နှင့် စေတနာ အာမခံဌာနထဲသို့ ဝင်လာသည်။

သူမကို ချီလုယန်းက စူးစူးစိုက်စိုက် ကြည့်နေသည်။

ကျင်းယန်းသည် ချီလုယန်းကို တွေ့သည်နှင့် ခြေလှမ်းများ ရပ်တန့်သွားပြီး မျက်တောင်မခတ် စိုက်ကြည့်နေ၏။

သူမ၏မျက်လုံးအိမ်မှ မျက်ရည်စများ တွေ့ရ၏။

ကွိဝှားတို့မှာ အသက်ပင် မရှူမိဘဲ ကြောင်၍ ငေးကြည့်နေမိ၏။

ကျင်းယန်းသည်

ချီလုယန်းကို တွေတွေကြီး ကြည့်နေပြီးမှ ရုတ်တရက်သတိရသွားဟန်ဖြင့်

'ကဲ ချီလုယန်း ရှင်သေပေတော့'

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသော်လည်း ချီလုယန်း က ရယ်မောနေ၏။

ကျင်းယန်းသည်

'သေပေတော့'

ဟုသာ ပြောလိုက်သော်လည်း မတိုက်ခိုက်ဘဲ ရပ်တန့်နေသဖြင့်...

ချီလုယန်းကရယ်၍ မတ်တတ်ရပ်လိုက်ပြီး ကျင်းယန်းကို ဝမ်းသာအားရ ပြေးဖက်လိုက်၏။

'အို'

ကျင်းယန်းက ရှန်း၍

'ဘယ်လိုလုပ်တာလဲ'

'မင်း မင်း ကျင်းယန်းဆိုတာ မဟုတ်ဘူး၊ မင်းဟာ ငါ့ အချစ်ဆုံး ကျင်းဖုံးပဲဖြစ်ရမယ်၊ အစ်ကို့ကို ညာလို့ မရပါဘူး ကွာ'

ကျင်းဖုံးက

'လူဆိုးကြီး ကျွန်မ ကျင်းဖုံးမှန်း ဘယ်လိုလုပ်သိသလဲ'

ချီလုယန်းက

'မနေ့က တွေ့တုန်းက ညီမက ကျုပ်ကို မမှတ်မိဘူး၊ကျုပ်က ဟိုကန်းစုဖြစ်နေတာကိုး၊ အဲဒီတုန်းက ညီမကို ချီလုယန်းကို မြင်ဖူးသလားလို့မေးတော့ ညီမက မမြင်ဖူးဘူးဆို၊အခုအစ်ကိုက ချီလုယန်းအသွင်နဲ့ဆိုတော့ ညီမကဘာဖြစ်လို့ ချက်ချင်းသိရ တာလဲ၊ အဲဒီကတည်းက ကျင်းယန်းဆိုတာ ကျင်းဖုံးပဲ ဖြစ်ရ



တော့မှာပေါ့၊ ဒါတွင် ဘယ်ကဦးမလဲ ဒီကိုနေပြည်တော်က လူတွေရောက်နေတယ်မလေ'

'ဩော် အစ်ကိုက စုံစမ်းပြီးပြီပေါ့'

'ဒါပေါ့ စုံစမ်းလိုက်တဲ့အခါမှာ၊ ကျင်းဖုံးဆိုတာ မိသားစု ထဲမှာ တစ်ယောက်ပဲရှိတယ်ဆိုတာရယ် အဆိပ်သောက်ပြီးမေ့ မြောနေတာကို သေတယ်လို့ထင်ပြီး ဈာပနပို့မယ့် သုံးရက် မြောက်နေ့မှာ ပြန်သတိရလာလို့ နန်းကင်းမြို့တော် တစ်ခုလုံး အုံးအုံးကျွက်ကျွက် ဖြစ်သွားတယ်ဆိုတဲ့သတင်း အားလုံး ကြားပြီးပြီ'

ကျင်းဖုံးက မျက်စောင်းထိုး၍

'အဲ့ဒီနေ့မှာ နန်းကင်းမှာ ဘာဖြစ်လို့ မရှိတာလဲ'

ချီလုယန်းက

'ပထမနေ့မှာပဲ သေဆုံးတာကိုမြင်ရကတည်းက စိတ်ထိခိုက် ပြီး နန်းကင်းမြို့တော်ကို ကျောခိုင်းခဲ့တာပါပဲကွယ်'

'ဟင်း သူများကတော့ ရှာလိုက်ရတာ လူဆိုးကြီး'

'ဒါနဲ့ ညီမ မိဘတွေက'

ကျင်းဖုံးက ပြုံး၍

'ညီမကို ဘယ်သူမှ မချုပ်ချယ်ရဲတော့ဘူး'

'ဒါဖြင့် ယောက္ခမကြီးက အစ်ကို့ကို သဘောတူပြီပေါ့ ဟုတ်လား'

ထိုစဉ်

'ဟော့ ဟော့ လက်ထပ်ရင် ငါကိုယ်တိုင် နန်းကင်းကိုလာ
ပြီးလက်ဖွဲ့မယ်နော်'

ဟု ပြောဆိုသံနှင့်အတူ ဝင်ရောက်လာသူမှာ

ချီလုယန်းက အသက်ကယ်လိုက်သည့်

လူဆိုးထိန်း ချီတန်းပင် ဖြစ်ပါတော့သတည်း။

ပြီး၏။

နန္ဒကျော်သူ